www.burmeseclassic.com

# မင်းသိင်္ခ

## သူတော်စင်မလေး ပဋ္ဌာရီက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## သည်နေရာနှင့်သည်အချိန်

BURMESE CLASSIC .com

ရန်ကုန်မြို့မှထွက်၍ မြောက်စူးစူးသို့သွားလျှင် အချိန်များစွာမကြာမီ၌ပင် တိုးကြောင်ကလေးဟူသော ရွာဆီသို့ရောက်၏။ ထို တိုးကြောင်ကလေးရွာဆီသည်မှာ ရန်ကုန်မြို့၏နယ်နိမိတ်ဖြစ်သော ငမိုးရိပ်ချောင်းကိုလွန်သည်နှင့် ရောက်နိုင်၏။

ထို တိုးကြောင်ကလေးရွာမှာ ငမိုးရိပ်ချောင်းအတိုင်းအရှေ့ဘက်သို့ လေးဖာလုံခန့်ဆင်းပါမူ 'သိမ်ချောင်း' ဟူသောစည်ကားသိုက်မြိုက်သည့် ရွာကြီးတစ်ရွာရှိလေ၏၊ ထိုသိမ်ချောင်းရွာသို့မရောက်မီ ကျွန်းဆွယ်တစ်ခုသည်ရှိ၏၊ ထိုကျွန်းဆွယ်နေရာမှ အရှေ့၊ အနောက်၊ တောင်မြောက်ဆီသို့ကြည့်လိုက်ပါမူ ရွာသာကြီး၊ ကြီစု၊ ရေတွင်းချောင်၊ ဘုရားကုန်း၊ မြွေပွေးကုန်း၊ တဲဝိုင်းကြီး စသော လယ်ယာလုပ်ငန်းကိုအားပြုသည့် ကျေးရွာကြီးများရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ငမိုးရိပ်ချောင်းသည် ထိုရွာများ၏အကြားမှ ဖြတ်သန်းစီးဆင်းသွားခြင်းဖြစ်၏၊ ထိုရွာများနှင့် လွန်စွာ မဝေးလှသောနေရာ၌ အေးရွာ ဟူ၍လည်းရှိ၏၊ ထိုရွာသည် အမည်နှင့်လိုက်အောင် အေးချမ်းလှတော့၏၊ အရိပ်ကောင်း လှသောမန်ကျည်းပင်များ၊ ကုက္ကိုပင်များဖြင့် ရွာကြီးသည် စိမ်းလန်းစိုပြည်လျှက်ရှိလေတော့၏။

ထိုအေးရွာမှ အနောက်ဘက်စူးစူးသို့ အတော်အတန်လာမိလျှင် အထက်ကဆိုခဲ့သော ငမိုးရိပ်ချောင်းကိုတွေ့ရမည်ဖြစ်၏၊ ထိုချောင်းကမ်းနဖူး၌ အေးရွာဘုန်းကြီးကျောင်းဟူ၍ရှိ၏၊ အမှန်စင်စစ် အေးရွာဘုန်းကြီးကျောင်းဆိုသော်လည်း အေးရွာနှင့်နီးလှသည်မဟုတ်၊ အတော်အတန်လှမ်း၏၊ သို့ရာတွင် ထိုကျောင်း၏ဆရာတော်သည် ဂေါစဂံရွာသို့ အကြောင်းပြု၍ သူ၏ကျောင်းကိုလည်း အေးရွာကျောင်းဟူ၍ မှည့်ခေါ်ထားခြင်းဖြစ်တန်ရာ၏။

ထိုအေးရွာကျောင်းနှင့်မလှမ်းမကမ်းတွင် အေးရွာဘက်ကမ်းနှင့် ရေတွင်းချောင်ရွာဘက်ကမ်းကို တံတားတစ်ခုသွယ်တန်းထားလေ၏၊ ထိုတံတားအား အေးရွာတံတားဟုခေါ်ကြလေ၏။

လွန်စွာတုတ်ခိုင်သော ကျွန်းတိုင်ကြီးများဖြင့်ဆောက်လုပ်ထား၏၊ အခင်းကိုလည်း ပျဉ်းကတိုးသားများဖြင့်ခင်းထား၏၊ တံတားကြီး၏လက်တန်းမှာမူ တောသစ်များဖြင့်ပြုလုပ်ထား၏၊ တံတားကြီးသည် အတော်အတန်ရှည်လျား၏၊ အတော်အတန်လည်းကျယ်၏။

ရာလေးစက်ဘီးအကောင်းစားကို စီးနိုင်သောရွာသားတစ်ချို့သည် ထိုတံတား၌ စက်ဘီးကိုစီးလျှက်ဖြတ်နိုင်



၏၊ ထိုတံတားကို ကျေးရွာများမှ တတ်ကျွမ်းနားလည်သောဗိသုကာများစုပေါင်း၍ ရှေးရိုးစဉ်လာ မြန်မာတံတားထိုးနည်းအတိုင်း ပြုလုပ်ထားခြင်းဖြစ်၏၊ နေ့စဉ် ရွာပေါင်းစုံမှလူများသည် ထိုတံတားပေါ်မှ ဖြတ်သန်းနေကြကုန်၏၊ အနည်းဆုံး လူတစ်ရာထက်မနည်း ဖြတ်သန်းနေသည်ဟုဆိုနိုင်၏။

အထက်ကဆိုခဲ့သော ကျေးရွာများမှလူများသည်ထိုတံတားကို အရိပ်တကြည့်ကြည့် နေကြကုန်၏၊ ထိုတံတားသည် ထိုရွာများ၏ လမ်းပန်းဆက်သွယ်ရေးအသက်သွေးကြောမကြီးဟု ဆိုနိုင်၏၊ ထိုတံတားသာမရှိပါမူလွန်စွာအခက်အခဲတွေ့နိုင်၏။

ရေကျချိန်များ၌ဆိုပါမူ ထိုတံတားအောက်တွင်ချွန်ထက်မြင့်မားသော သဘာဝကျောက်တောင်၊ ကျောက်စွန်းကြီးများပေါ်နေ၏၊ ထိုအခါမျိုး၌ တံတားသည် ထိုကျောက်တောင်ကျောက်စွန်းကြီးများမှ ပေငါးဆယ်နီးပါးခန့်မြင့်နေ၏၊ ထိုတံတားကို မကြာခဏဖြတ်ဖူးသော လူများသည် ထိုတံတားပေါ်မှလိမ့်ကျသွားသည်ဟူ၍ အိပ်မက်မက်ဖူးကြသည်ချည်းဖြစ်၏။

အဘယ်ကြောင့် ထိုအိပ်မက်ကို လူတိုင်းမက်ဖူးသနည်းဟူမူ ထိုတံတားပေါ်မှ ဖြတ်သန်းသွားဖူးသူတိုင်းတံတားအောက်သို့ငုံ့ကြည့်ကာ. . .

"ကျလိုက်ရင်တော့ မသက်သာဘူး"

ဟူသောအတွေးများ ပေါ်ပေါက်ခဲ့ဖူးသောကြောင့်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ဆိုသည်မှာ အတွေးအာရုံများ၏ တစ်ကျော့အလည်ရောက်ခြင်းမဟုတ်ပါလား။

ထိုတံတားကို ထိုရွာမှ လူတိုင်းလိုလိုက 'အေးတံတား' ဟုခေါ်သကဲ့သို့ 'တံတားကြီး' ဟုလည်း တစ်ခါတစ်ရံ၌ ခေါ်ကြကုန်၏။

အထက်ကဆိုခဲ့သည့်အတိုင်း ထိုသူတို့သည် တံတားကို အရိပ်တကြည့်ကြည့်နေကြကုန်၏၊ တံတားပေါ်မှ သစ်သားကလေးတစ်ချောင်း ကျိုးသွားလျှင်လည်း သူ့တာဝန် ငါ့တာဝန်ဟုမယူဆဘဲ တွေ့သောသူက အသစ်ပြင်လိုက်တတ်၏၊ သံကလေးတစ်ချောင်းကျွတ်နေသည်ကို တွေ့လျှင်လည်း မိမိအိမ်မှ သံခွက်နှင့်တူကို ယူလာပြီးလျှင် အကျအန ပြန်၍ရိုက်လေတော့၏။

ထိုသူတို့သည် ထိုတံတားနှင့်ပတ်သက်၍ လူတိုင်းလိုလို တာဝန်ကျေကြကုန်၏၊ ထို့ကြောင့် တံတားသည် အစဉ်သဖြင့် သစ်လွင်တောက်ပနေ၏၊ အစဉ်သဖြင့် ခိုင်ခံ့နေ၏၊ ထိုတံတားကိုဖြတ်သောအခါ၌ စည်းကမ်းတစ်ခုတော့ ရှိ၏။

ထိုစည်းကမ်းမှာ တံတားပေါ်၌ ဖြတ်နေစဉ်အတွင်း ဆေးလိပ်မသောက်ရခြင်းပင်ဖြစ်၏။

အေးရွာဘုန်းကြီးကျောင်းမှ ထိုင်၍ကြည့်နေလျှင် ထိုတံတားပေါ်၌ လူများ၊ စက်ဘီးများ၊ လက်တွန်းလှည်းများ ဖြတ်နေသည်ကို ကောင်းစွာမြင်နိုင်၏၊ နံနက်နေထွက်စ လိမ္မော်ရောင်မိုးကောင်းကင် နောက်ခံဖြင့်ဖြစ်စေ၊ ညနေ နေဝင်စ ပုဇွန်ဆီရောင်မိုးကောင်းကင် နောက်ခံဖြင့်ဖြစ်စေ နောက်ခံကားသဖွယ် သဘောထား၍ ထိုတံတားကိုမလှမ်းမကမ်းမှ ကြည့်ရှုရပါမူ အထူးသဖြင့် အေးရွာဘုန်းကြီးကျောင်းနေရာလောက်မှ ကြည့်ရှုရပါလျှင် လွန်စွာကြည့်၍ကောင်းသော ရှုမျှော်ခင်းပန်းချီကားတစ်ချပ်နှင့်တူပေတော့၏။

ထိုတံတားပေါ်၌ လူများဖြတ်သန်းနေသည်ကို နံနက်နေထွက်စ၌တစ်ကြိမ်၊ ညနေ နေဝင်စ၌တစ်ကြိမ် ဟစ်စိမ့်စိမ့်ထိုင်၍ကြည့်နေသော လူသားတစ်ဦးက ရှိနေလေ၏။

ထိုလူသားကား အေးရွာဘုန်းကြီးကျောင်းမှ ကိုရင်ကြီး ဦးကျော်နီပင်ဖြစ်လေ၏။

ကိုရင်ကြီး ဦးကျော်နီဆိုသူသည် ဘုန်းကြီးကျောင်းများ၌ တွေ့နေကျမြင်နေကျ အသက်နှစ်ဆယ်မပြည့်၍ ပဉ္စင်းတက်ခွင့်မရသော်လည်း လူပျိုကြီးဖားဖားဖြစ်နေသည့် ကိုရင်ကြီးမျိုးမဟုတ်၊ သူသည် ဆရာတော်နှင့်သိက္ခမ်း၏၊ သူ၌ မိဘဆွေမျိုးဟူ၍လည်းမရှိ၊ ဇနီးသားသမီးဟူ၍လည်း မရှိဟုဆိုသည်၊ သူသည် တစ်ကိုယ်ရေ တကာယသမားဟုဆို၏။

ထို့ကြောင့် အေးရွာကျောင်းဆရာတော်ထံမှီခို၍ ရဟန်းဝတ်ရန်ဆုံးဖြတ်ခဲ့သော်လည်း အစာအိမ်ရောဂါကြောင့် ရဟန်းဝတ်ခွင့်မရရှာဘဲ ဆရာတော်က အစဉ်သနားသည်ကို အကြောင်းပြု၍ ကိုရင်ကြီးအဖြစ်သာ ချီးမြှင့်ထားပြီးလျှင် ရာသက်ပန်ဂိလာနအဖြစ်လည်း သတ်မှတ်ကာ ဝိကာလ ဘောဇနပုဒ်တို့ ခွင့်ပြုထားတော်မူလေ၏။

သူ၏ သာမနေဘွဲ့မှာ 'သုမန' ဖြစ်သော်လည်း 'သုမန' ဟူ၍ တစ်စုံတစ်ယောက်ကမျှ ခေါ်ပေါ်ခြင်းမပြုဘဲ လူအမည် 'ကျော်နီ' ကိုပင် နှုတ်ကျိုးကာ 'ကိုရင်ကြီးဦးကျော်နီ' ဟုသာ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဝေါ်ကြကုန်၏၊ ထို့ကြောင့် ဘုန်းကြီးကျောင်းနှင့်နီးစပ်ခြင်းမရှိသော 'ကျော်နီ' ဆိုသည့်အမည်ဖြင့်ပင် နေရရှာလေတော့၏။

ကိုရင်ကြီးဦးကျော်နီသည် အများသူငါ ကိုရင်ကြီးများကဲ့သို့ မင်္ဂလသုတ်ကိုလည်းကောင်း၊ ရတနာရွှေချိုင့်ကိုလည်းကောင်း သင်ယူခြင်းလည်းမပြု၊ အများသူငါ ဦးပဉ္စင်းများကဲ့သို့ စာဝါလိုက်ခြင်းလည်းမရှိ၊ အများသူငါ ကိုရင်ကြီးများကဲ့သို့ ဆွမ်းခံထွက်ခြင်းလည်းမရှိဘဲ ဆရာတော်၏ ကျေးဇူးကြောင့် ခပ်ချောင်ချောင်တလေး နေခွင့်ရလေ၏။

သို့ရာတွင် ကိုရင်ကြီးကား အရုဏ်မတက်မီထ၏၊ ဘုရားသောက်တော်ရေများလဲ၏၊ ဘုရားမီးများထွန်းညှိပူဇော်၏၊ အရုဏ်တက်လျှင် တုံးခေါက်၏၊ ယာဂုကျို၏၊ ရေနွေးအိုးတည်၏၊ ကျောင်းဝင်းတစ်ဝင်းလုံး ရေဖျန်း၍ တံမြက်စည်းလှည်း၏၊ ဆရာတော်နှင့် ဦးပဉ္စင်းများမျက်နှာသစ်ရန် သတ်မှတ်ထားသော စဉ့်အိုးများ၌ ရေဖြည့်၏၊ ထိုအလုပ်တာဝန်များပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် ကျောင်းရှေ့ရှိ ဝါးခုံတန်းကလေး၌ထိုင်ကာ 'အေးတံတား' ကို လှမ်းမျှော်ကြည့်ရှုရင်း အပန်းဖြေနေလေတော့၏။

ဆွမ်းစားချိန်သို့ရောက်လျှင် ဆွမ်းစား၏၊ ဆွမ်းစားပြီးသည်နှင့်တစ်ပြိုင်နက် ဆေးပေါ့လိပ်တစ်လိပ်ကိုမီးညှိကာ ဝတ္ထုစာအုပ်များကို ဆေးပေါ့လိပ်ဖွာရင်း တုံးလုံးလဲလျက် အနေအထားဖြင့်ဖတ်လေတော့၏။ ဝတ္ထုမဖတ်လျှင်လည်း တဝိမျက်မှန် မဂ္ဂဇင်းအဟောင်းကိုကိုင်လေတော့၏။

ဤသို့လျှင် မဂ္ဂဇင်းများ၊ ဝတ္ထုများဖတ်နေနိုင်ခြင်းမှာ ဤကျောင်းသို့မကြာခဏလာလေ့ရှိသော 'ပြာတာကိုပု' ၏ ကျေးဇူးကြောင့်ဖြစ်၏၊ ပြာတာကိုပုသည် ကိုယ်တိုင်လည်း



ဝတ္ထုဖတ်ဝါသနာပါ၏။ ဝတ္ထုစာအုပ်ရိုက်သော ပုံနှိပ်တိုက်နှစ်ခုသုံးခုနှင့်လည်းသိကျွမ်း၏၊ ထို့ကြောင့် ပုံနှိပ်တိုက်များမှလည်း ၎င်းအား ဝတ္ထုစာအုပ်အဟောင်းများပေး၏၊ ပြာတာကိုပုသည် ၎င်းဖတ်ပြီးသော စာအုပ်များကို ယူလာပြီး ကိုရင်ကြီးဦးကျော်နီအားပေး၏၊ ဦးကျော်နီဖတ်ပြီးသောစာအုပ်များကို ပြန်၍ယူသွားတတ်၏။

ကိုရင်ကြီးသည် တစ်နေကုန်စာဖတ်၏။ တစ်ခါတစ်ရံအိပ်၏၊ ညနေလေးနာရီထိုးသည်နှင့် တစ်ပြိုင်နက် ကျောင်းဝင်းတစ်ခုလုံးကို ရေဖျန်း၍တံမြက်စည်း လှည်း၏၊ ထို့နောက် ဘုရားသောက်တော်ရေများအသစ်လဲ၍ ကပ်ပြန်၏၊ ပြီးလျှင် ကျောင်းရှေ့ဝါးခုံတန်းကလေး၌ထိုင်ကာ တံတားပေါ်မှ လူများ၊ လှည်းများ ဖြတ်သန်းသွားနေသည်ကို ငေးမောကြည့်ရှုပြန်၏။

ဤနိစ္စဓူဝ ဝတ္တရားမှာ တစ်နေ့တစ်လေသာ ပြုလုပ်သည်မဟုတ်၊ ဦးကျော်နီ ကိုရင်ကြီးဝတ်သည့်နေ့မှစ၍ တစ်နေ့မပြတ်ပြုလုပ်ခဲ့သော အရာများဟုဆိုရပေမည်၊ ဦးကျော်နီသည် ဤသို့နှင့်ပင် ဝါကလေး အတော်ရလာလေတော့၏။

တစ်နေ့သ၌. . . ထိုတစ်နေ့သ၌ကို အတိအကျဆိုရပါမူ (၁၉၃၈ ခု ဇူလိုင်လ ၈ ရက်. . . နေ့) ဖြစ်၏၊ ထိုနေ့ ညနေပိုင်းတွင်လည်း ဦးကျော်နီသည် သောက်တော်ရေကပ်ခြင်း၊ တံမြက်စည်းလှည်းခြင်း စသော ဝတ္တရားများကို ပြုလုပ်ပြီးသောအခါ၌ အခါတိုင်းကဲ့သို့ ဝါးခုံတန်းကလေး၌ထိုင်ကာ တံတားကိုလှမ်းမျှော်ကြည့်ရှုလိုက်လေ၏။ ၎င်းကြည့်ရှုသောအချိန်၌ တံတားပေါ်တွင် မည်းညို တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မျှ ဖြတ်သန်းခြင်းမရှိဘဲ လူရှင်း၍ နေလေ၏။ ထိုအချိန်၌ တိမ်တောက်နေသည်ဖြစ်သဖြင့် မိုးကောင်းကင်တစ်ခုလုံးသည် ပုစွန်ဆီသွေးပမာ နီရဲနေ၏။ ထိုနီရဲသော မိုးကောင်းကင်နောက်ခံပေါ်တွင် ဝါးတံတားကြီးသည် ထင်ရှားပေါ်လွင်နေ၏။

ထိုအချိန်၌ ကိုရင်ကြီး ဦးကျော်နီ၏ နံဘေးမှဖြတ်ကာ မိန်းမတစ်ယောက် ကျောင်းပေါ်သို့တက်သွား၏။ ကိုရင်ကြီးသည် ထိုမိန်းမကိုဂရုမစိုက်ဘဲ တံတားကြီးကို ကြည့်မြဲကြည့်နေ၏။

တံတားပေါ်၌ကား ဖြတ်သန်းသူမရှိဘဲ ရှင်းလင်း၍ နေ၏။ ကိုရင်ကြီးသည် တံတားကိုငေးမောကြည့်ရှုနေဆဲဖြစ်၏။ ထိုသို့ကြည့်ရှုနေစဉ်မှာပင် တံတားကြီး၏ အခြားတစ်ဘက်မှ လူသုံးဦးဖြတ်လာလေ၏။ ထိုလူသုံးဦးမှာ ယောကျ်ားနှစ်ဦး မိန်းမတစ်ဦးဖြစ်၏။ ထိုအချိန်၌မှာပင် အခြားသောဘက်မှလည်း လူနှစ်ဦးဖြတ်လာလေ၏။ ထိုနှစ်ဦးမှာ ယောကျ်ားကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးဖြစ်သည်။ ငါးတို့ငါးဦးမှာ တံတား၏အလယ်တည့်တည့်လောက်တွင် ဆုံမိကြကုန်၏။

ထိုသို့ ဆုံမိကြသည့်အချိန်မှာပင် ခိုင်ခံ့လှသော တံတားကြီး၏ အလယ်တိုင်ကြီးနှစ်ချောင်းသည် ရုတ်တရက်မြေကျွံကာ တစ်ဖက်သို့ ဆတ်ခနဲနိမ့်သွားပြီးလျှင် အလေးချိန်ကို မထမ်းဆောင်နိုင်တော့ဘဲ ဖြောင်းခနဲကျိုးကျသွားလေတော့၏။ လူသတ္တဝါငါးဦးမှာလည်း ဖရိုဖရဲလွင့်စဉ်၍ မိုးရိပ်ချောင်းအတွင်းမှ ထိုးထိုးထောင်ထောင်ထွက်နေသော ကျောက်စွန်းများပေါ်သို့ ပြုတ်ကျသွားလေတော့၏။ ထိုလူများ



လွင့်စဉ်ပြုတ်ကျသွားပုံမှာ လက်ပေါ်တွင်တက်နေသော ပုရွက်ဆိတ်အား ယားသဖြင့် လက်ကိုခါချလိုက်သောအခါ၌ ပုရွက်ဆိတ်သည် အကာအကွယ်မဲ့စွာဖြင့် လေထဲတွင် ဝေ့ယမ်း၍ ကျသွားသည်နှင့်တူလေတော့၏။

ကိုရင်ကြီး ဦးကျော်နီသည် တံတားဆီသို့ အူယားဖားယားပြေးသွား၏။ ထို့နောက် ချောင်းကမ်းပါးပေါ်မှ အောက်သို့ငုံ့ကြည့်လိုက်၏။ တံတားမှသစ်သားချောင်းမှာ သစ်သားမီးခြစ်ဘူးကိုဖွင့်၍ သွန်ချလိုက်သော မီးခြစ်ဆံများကဲ့သို့ အောက်သို့ဖရိုဖရဲကျနေ၏။ လူငါးဦးမှာမူ ကျောက်တောင်ကျောက်စွန်းများပေါ်တွင် မရှုမလှသေဆုံး နေကြပြီဖြစ်၏။

ကိုရင်ကြီးသည် ထိုအဖြစ်အပျက်ကိုကြည့်ကာ လွန်စွာတုန်လှုပ်သွား၏။ လွန်စွာမှလည်း ထိတ်လန့်သွားလေ၏။

ထို့နောက် . . .

"ဒီလူငါးယောက် ဆုံကာမှ ဘာဖြစ်လို့ ဒီတံတားကကျိုးရတာတုန်း၊ နှစ်ပေါင်းများစွာ လူပေါင်းများစွာ ဖြတ်နေတုန်းကမကျိုးဘဲ သူတို့ငါးယောက်ကျကာမှ ဘာဖြစ်လို့ ကျိုးရတာတုန်း၊ ဒါဟာ အတော့်ကိုဆန်းတာပဲ၊ သူတို့ငါးယောက်ဆုံမိတာနဲ့တစ်ပြိုင်နက် ဒီတံတားကြီးဟာ ကျိုးရမယ်ဆိုပြီး မည်သည့်အရာက စီမံထားသနည်း၊ ဤသို့လျှင် အကွက်ကျကျ အချက်ပိုင်ပိုင် စီမံချုပ်ကိုင်ထားသောသူရှိသလော၊ ရှိသည်ဆိုလျှင် သူဟာ ဘယ်သူတုန်း၊ လူတွေရဲ့အဖြစ်အပျက်ကအဲ အဆန်းချည်းပါလား၊ စနစ်တကျသေသွားကြတာလား၊ ဒီလိုမဟုတ်ရင် လူဆိုတာ မတော်တဆဖြစ်လာတာလား၊ သေသွားတော့လဲ မတော်တဆပဲသေသွားကြတာလား"

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ စဉ်းစားမိသည့်တစ်ခဏ၌ ကိုရင်ကြီးသည် လွန်စွာဦးနှောက်ခြောက်သွားလေတော့၏။

သို့ရာတွင် ကိုရင်ကြီးဦးဂျော်နီကား ဇွဲမလျှော့၊ ထိုအကြောင်းကို ဆက်လက်၍စဉ်းစားနေ၏။

သူ၏စိတ်၌လည်း. . .

"ဒီကိစ္စဟာ မသိရင်လဲ နေပါစေဆိုပြီး ပေါ့ပေါ့တန်တန် ထားရမယ့်ကိစ္စမျိုးမဟုတ်ဘူး၊ သိကိုသိသင့်တဲ့ကိစ္စပဲ၊ လူဟာ စနစ်တကျဖြစ်လာပြီး စနစ်တကျသေသွားတာလား၊ Here And Now ဒီနေရာနဲ့ဒီအချိန်မှာ လာပြီးဖြစ်တဲ့ကိစ္စဟာ ဒီနေရာနဲ့ဒီအချိန်မှာပဲ တိတိကျကျလာပြီးဖြစ်ရတာလား"

ဟု မေးခွန်းထုတ်လိုက်လေ၏။

ထိုသို့ မေးခွန်းထုတ်လိုက်သည့်တစ်ခဏ၌ မရိတ်ရတာကြာပြီဖြစ်သော ထိုးထိုးထောင်ထောင်ဖြစ်နေသည့် ဆံပင်တိုတိုကလေးများသည် ပြန့်ကား၍သွားလေ၏။ သူ၏ တစ်ကိုယ်လုံးသည် ကြက်သီးမွေးညင်းများထလာလေ၏။

ထို့နောက် သူ၏ရင်၌ သို့မဟုတ် သူ၏နှလုံးသား၌ အောက်ပါစကားများ ပွဲတင်ထပ်၍သွားလေတော့၏။

"လူဟာ စနစ်တကျဖြစ်လာပြီး စနစ်တကျသေဆုံးသွားတာလား၊ မတော်တဆဖြစ်လာပြီး မတော်တဆ သေဆုံးသွားတာလား၊ Here and now ဒီနေရာနဲ့ဒီအချိန်မှာ ဒီလိုဖြစ်ရမယ်ဆိုပြီး တိတိကျကျသတ်မှတ်ထားသလား၊ Here and Now ဒီနေရာနဲ့ဒီအချိန်ဆိုတဲ့အရာဟာ လျှို့ဝှက်ချက် တွေရှိနေသလား"

* * * * * * * * * *

## သီလရှင်မလေး

ဦးဂျော်နီ ထ,မသွားမီ၌ ဦးဂျော်နီအနီးမှ ရိပ်ခနဲ ဖြတ်ဝင်သွားသော တစ်စုံတစ်ယောက်သောအမျိုးသမီးသည် ကျောင်းပေါ်သို့တက်သွား၏။ ထိုအမျိုးသမီးသည် ဦးဂျော်နီကို သတိမပြုမိသကဲ့သို့ ဦးဂျော်နီကလည်း ထိုအမျိုးသမီးကို သတိမပြုမိခဲ့ပေ။ တစ်ဦးက ဘုန်းကြီးတစ်ပါးဟူ၍လောက်သာ အမှတ်ထားသကဲ့သို့ ကျန်တစ်ဦးကလည်း မိန်းမတစ်ယောက်မျှ လောက်သာ အမှတ်ထားခဲ့၏။ တစ်ဦးနှင့်တစ်ဦး သတိထား၍ မကြည့်ဖြစ်ခဲ့ပါ။

ထိုမိန်းမသည် ကျောင်းပေါ်သို့တက်သွား၏။

ထို့နောက် ဆရာတော်ကြီးအား ဦးချ၍လျှောက်ထားအပ် မိမိအား သီလရှင်တစ်ဦးအဖြစ် ချီးမြှင့်ရန် လျှောက်ထား တောင်းပန်၏။

ဝတ္ထုလည်း ဆက်ကပ်လှူဒါန်း၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် အစဉ်သနားသည်ကို အကြောင်းပြု၍ သီလရှင်ဝတ်ပေးရန် စဉ်းစားရလေ၏။

"ကျောင်းပရိဝုဏ်နဲ့ လွတ်ရာနေရာမှာ လောလောဆယ်တော့ ယာယီဇရပ်ကလေးဆောက်ပြီးနေပေါ့၊ နောက်တော့လဲ သင့်တင့်လျှောက်ပတ်ရာကိုပြောင်းတာပေါ့၊ ကဲ. ကဲ သီလယူမယ်"

ဟုဆိုကာ ဆရာတော်က သီလပေးလေ၏။

သီလပေးပြီးသောအခါ၌. . .

"သီလရှင်အဝတ်တွေပါခဲ့တယ်မဟုတ်လား"

ဟုပြောပြီးလျှင် ကိုရင်တစ်ဦးအား ဆံချရန် အမိန့်ပေးလိုက်လေ၏။

ကိုရင်လည်း မသက်ရှည်အား ရေအိုးအနီးသို့ ခေါ်သွားပြီးလျှင် ခေါင်းတုံး တုံးပစ်လိုက်လေ၏။

ခေါင်းတုံးတုံးပြီးလျှင် မသက်ရှည်သည် ပါလာသော အဝတ်အစားများကို ဝတ်လေ၏။

ထို့နောက်တစ်ဖန် သီလရှင်အဝတ်နှင့် ဆရာတော်၏ ရှေ့တွင် ကျုံ့ကျုံ့ကလေးသွား၍ထိုင်လေ၏။ မသက်ရှည်သည် သီလရှင်အဝတ်နှင့် လွန်စွာကြည့်ကောင်း၏။

ဆရာတော်က. . .

"သီလရှင်ကျောင်းမှာ သီလရှင်မဝတ်ဘဲ ဘယ့်နှယ့်ကြောင့် ဘုန်းကြီးကျောင်းမှာ လာဝတ်ရတာတုန်း"

ဟု ညည်းညူသံကြီးဖြင့် ပြောလေ၏။

"တပည့်တော်မ ခြေဦးတည်ရာထွက်လာတာပါ၊ ဒီနားမှာလဲ သီလရှင်ကျောင်းမရှိဘူး၊ တပည့်တော်မကလဲ ဒီနေ့ မဝတ်ရင်မဖြစ်တော့ဘူး၊ ဒါကြောင့် အရှင်ဘုရားရဲ့ မေတ္တာရိပ်ကိုခိုလှုံရတာပါ"



ဟု မသက်ရှည်ကပြောလိုက်လေ၏။

"အင်းလေ. . . တစ်စုံတစ်ခုတော့ အကြောင်းထူးတယ်ဆိုတာ ဘုန်းကြီးလဲရိပ်မိသလိုလိုပါပဲ၊ သီလရှင်ဖြစ်တော့လဲ ဒီလိုမနေနဲ့ကွယ့်၊ သီလရှင်မပီသတော့ မကောင်းဘူး၊ တရားထူးတရားမြတ်တွေ့အောင် ကြိုးစားကွယ့်"

ဟုပြောပြီးလျှင်. . .

"နာမည်က ဘယ့်နှယ့်ခေါ်သတုံး"

ဟု ဆက်၍မေးလိုက်လေ၏။ ထိုအခါ မသက်ရှည်က. .

"တပည့်တော်မနာမည် မသက်ရှည်ပါ ဘုရား"

ဟု ဖြေကြားလိုက်လေရာ ဆရာတော်က သောကြာသမီးဟုထင်မှတ်ကာ သီလရှင်ဘွဲ့ကို သောကြာနံနှင့် ကိုက်စေရန် အောက်ပါအတိုင်း မှည့်ခေါ်လိုက်လေတော့၏။

"သဒ္ဓမ္မ ပုဏ္ဏရိက"

ဆရာတော်သည် သဒ္ဓမ္မ ပုဏ္ဏရိက ဟူသော ဘွဲ့ကို မသက်ရှည်အားပေးလိုက်သည့်အချိန်၌ပင် မလှမ်းမကမ်းနေရာမှ 'ဒုန်း' ဟူသောအသံကြီးသည် ထွက်ပေါ်လာလေ၏။ ထိုအသံကြီးထွက်ပေါ်လာမှု မရှေးမနှောင်း၌ပင် ကျောင်းရှေ့တွင် ထိုင်နေသော ကိုရင်ကြီးသည်. . .

"တံတားကြီး ကျိုးကျသွားပြီ ဘုရား"

ဟုအော်ကာ ထ၍ပြေးသွားလေတော့၏။ ထိုအခါ ဆရာတော်က. . .

"သတ္တဝါတွေ ချမ်းသာပါစေကွယ်၊ အတော်တော့ ထူးနေတာပဲ၊ နှစ်ပေါင်းများစွာ ခိုင်ခိုင်ခံ့ခံ့ဆောက်ထားတဲ့ တံတားကြီး ကျိုးကျလိမ့်မယ်လို့ကို မထင်ရတဲ့တံတားကြီး၊ ဟော. . အခုကြည့်စမ်း၊ ကျိုးကျသွားပြီ၊ ဒီတံတားကြီး

www.burmeseclassic.com

ကျိုးကျခါနီးမှပဲ ဆရာလေးကလဲ သီလရှင်လာဝတ်တယ်၊ ဆရာလေးရဲ့ဘွဲ့ကို သဒ္ဓမ္မ ပုဏ္ဏရိကလို့ ပေးလိုက်ရော ဖြောင်းဆိုတဲ့အသံကြီး တစ်ပြိုင်နက်တည်းထွက်ပေါ် လာတော့တာ လူ့လောက သံယောဇဉ်ကြိုးတွေကို ဖြောင်းခနဲ ဖြတ်ချလိုက်ပြီလို့ ယူရင်လဲ ရသကွဲ့၊ ထူးတာတော့ အလွန်ထူးတဲ့နိမိတ်ပါပဲ၊ ဆရာလေးကတော့ ထူးလိမ့်မယ် ထင်တယ်နော်"

ဟု ပြောလိုက်လေ၏။ မသက်ရှည်သည်. . .

"စင်ကြယ်သောကြာပန်း၊ စင်ကြယ်သောကြာပန်း"

ဟု တိုးတိုးကလေး ရွတ်ဆိုကြည့်မိနေလေတော့သတည်း။

* * * * * * * * * * * *

ကိုရင်ကြီးသည် တံတားကြီးကျိုးကျသွားသောနေရာသို့ ရောက်ရှိလေ၏။ တံတားအောက် ကျောက်စွန်းကျောက်ထစ်များပေါ်၌ မရှုမလှံ့ရုပ်ပျက်ဆင်းပျက်နှင့် သေဆုံးနေသော လူငါးဦး၏အလောင်းကို တွေ့ရလေ၏။ ကိုရင်ကြီးသည် ထိုအရာများကို ငေးစိုက်ကြည့်နေ၏။

ထိုအချိန်၌ပင် ချောင်းကမ်းပါး၏ ဟိုဘက်နှင့် ဒီဘက်တွင် လူများရောက်ရှိလာလေ၏။ တဖြည်းဖြည်းနှင့် လူများ များသည်ထက် များလာလေ၏။



အေးရွာသူကြီးသည် သူ၏ရွာသားများအား သေဆုံးသွားသောအလောင်းများကို ကမ်းပါးပေါ်သို့ တင်ခိုင်းလေ၏။ ဆယ်အိမ်ခေါင်းကိုလည်း သက်နီးကျွန်း ဂါတ်သို့ သွားရောက်တိုင်တန်းရန် ခိုင်းလိုက်၏။ ရွာသား နှစ်ဦးသည် အောက်သို့ဆင်းသွားပြီးလျှင် ကျောက်စွန်းကြီး တစ်ခုနှင့်ဆောင့်မိ၍ သေဆုံးနေသော လူကြီးတစ်ဦး၏ အလောင်းကို ပွေ့၍ ကမ်းပါးပေါ်သို့တက်လာ၏။

ရွာသားများက ဝိုင်းကပ်၍ကြည့်ရှုကြ၏၊ သူကြီးက အော်ဟစ်၍ဘေးဖယ်ခိုင်း၏၊ အလောင်းကို သယ်လာသူတို့သည် ကမ်းပါးပေါ်သို့ရောက်သောအခါ မြေညီညီတွင် ချလိုက်ကြလေ၏။

သူကြီးသည် ထိုအလောင်းကိုသေချာစွာ ကြည့်ပြီးနောက်. . .

"တို့ရွာက မဟုတ်ဘူး"

ဟု အားရဝမ်းသာအော်လိုက်လေ၏။ ထိုအခါ မိန်းမတစ်ဦးက. . .

"ရေတွင်းချောင်ကလဲ မဟုတ်ဘူး"

ဟု ဝင်၍ ပြောလိုက်လေ၏။

"ရေတွင်းချောင်က ဟုတ်တာမဟုတ်တာ အရေးမကြီးဘူး၊ တို့ရွာက မဟုတ်ဖို့အရေးကြီးတယ်"

ဟု သူကြီးက ပြောလိုက်မှပင် အမျိုးသမီးလည်း ငြိမ်သွားလေ၏။

ကမ်းပါးနှစ်ဖက်မှ လူများသည် လှုပ်လှုပ်ရွရွ ဖြစ်နေလေ၏။ အသံဗလံများ ဟိုမှသည်မှ ထွက်နေ၏။ ထိုအထဲတွင် ကလေးငိုသံ၊ မိခင်၏ အော်ဟစ်ခေါ်သံ၊ မကြားဝံ့နာသာ

www.burmeseclassic.com

www.burmeseclassic.com

ကျိန်ဆဲလိုက်သော ကရုဏာဒေါသော ကျိန်ဆဲသံများဖြင့် ထိုနေရာသည် အဝီစိပွက်သည်ဟူသော စကားအတိုင်း ဖြစ်နေလေသတည်း။

* * * * * * * * * * *



ပထမလူသား

ကိုရင်ကြီး ဦးဖျော်နီသည် ကမ်းပါးပေါ်သို့ တင်ပြီး ဖြစ်သော ပထမဆုံးအလောင်းကို အနီးကပ်ကြည့်ရှု လိုက်လေ၏။ ထိုသူသည် တံတားပေါ်မှကျသွားသော လှိုင်းဦးအနက်မှ အလောင်းအဖြစ်ဖြင့် ပထမဦးဆုံး ကမ်းပါးပေါ်သို့ ရောက်လာသူဖြစ်သည်။ အကောင်းစား ထားဝယ်လုံချည်နှင့် ချောကလက်ရောင် သက္ကလတ် တိုက်ပုံ ကိုဝတ်ထား၏။ အသက်မှာ ငါးဆယ်ကျော်ခန့်ရှိပြီဖြစ်၏။

ကိုရင်ကြီးသည် သက္ကလတ်တိုက်ပုံအကျီကို သေချာစွာကြည့်လိုက်လေ၏။ အိပ်ဆောင်နာရီချိတ်သော ငွေကြိုးကလေးကိုတွေ့သဖြင့် ဆွဲလိုက်ရာ နာရီကလေး ထွက်လာ၏။ ထိုနာရီမှာ အန်းပင်တံဆိပ်နာရီဖြစ်၏။ အဖိုးပါသော နာရီမျိုးဖြစ်သဖြင့် ကိုရင်ကြီးသည် နာရီအဖိုး


www.burmeseclassic.com

www.burmeseclassic.com

ခလုတ်ကိုနှိပ်လိုက်ရာ အဖုံးကလေးမှာ ထောက်ကနဲပွင့်သွားလေ၏။ နာရီကလေးသည် စက်ရပ်ခြင်းမရှိဘဲ သွားနေကြောင်းကို အံ့ဩဖွယ်ရာတွေ့ရလေ၏။

ထို့ကြောင့် ဦးကျော်နီ၏စိတ်၌. . . .

"ငါကြားဖူးတာကတော့ လူသေသော်လဲ နာမည်မသေ ဆိုတာပဲကြားဖူးတယ်၊ ဒီလူကတော့ လူသေသော်လဲ နာရီမသေဖြစ်နေပါလား"

ဟု တွေးလိုက်မိလေ၏။

ထို့နောက် ဦးကျော်နီသည် အိတ်အတွင်းသို့ နှိုက်ကြည့်ရာ စာအိတ်တစ်လုံးကို တွေ့ရလေ၏။ စာအိတ်ပေါ်မှ လိပ်စာကိုကြည့်လိုက်ရာ အောက်ပါအတိုင်းတွေ့ရလေ၏။

ဦးသက်တင်
ခေတ္တ–ဆင်ဖြူတော်ကျောင်း
ဗဟန်းကြားတောရ
ရန်ကုန်မြို့

ကိုရင်ကြီးသည် အတွင်းမှစာကို နှိုက်ကြည့်မည်အလုပ်၌ သူကြီးက. . .

"ကိုရင်ကြီး. . . ဘာတွေလျှောက်နှိုက်နေတာလဲ၊ ပုလိပ် ဖက်ကလာရင် ပြောရခက်ဦးမယ်"

ဟု ဆိုသဖြင့် စာကိုမဖတ်ဖြစ်တော့ပဲ ပြန်၍ထည့်ထားလိုက်လေတော့၏။



သို့ရာတွင် ကိုရင်ကြီးသည် အလောင်းဘေးမှမခွဲဘဲ အလောင်း၏မျက်နှာကို သေချာစွာကြည့်လေ၏။ ဥပမိရုပ်ကောင်း၏။ နှုတ်ခမ်းမွှေးပါ၏။ အသားမှာလတ်၏။ ခြေလက်တို့ကိုအကဲခတ်ပြန်ရာ ကြမ်းတမ်းသောအလုပ်ကို တစ်ကြိမ်တစ်ခါမျှ လုပ်ခဲ့ဖူးခြင်းမရှိကြောင်း ဖော်ပြလျှတ်ရှိ၏။

"ဒီလူကြီးရဲ့နာမည်က ဦးသက်တင်ဆိုပါလား၊ လိပ်စာကလဲ ခေတ္တ ဆင်ဖြူတော်ကျောင်းလို့ ဆိုထားတယ်၊ ဒီတော့ ဦးသက်တင်ဟာ နယ်ကဖြစ်ရမယ်၊ ရန်ကုန်မှာလဲ ဆွေမျိုးမိတ်ဆွေမရှိသူဖြစ်ရမယ်၊ ဒါကြောင့် ဘုန်းကြီးကျောင်းမှာ တည်းတာပေါ့၊ ဆွေမျိုးဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖြစ် ရန်ကုန်မှာရှိတယ်ဆိုရင် အဲဒီမှာတည်းမှာပေါ့၊ နောက်ပြီး ဘုန်းကြီးကျောင်းမှာ တည်းတယ်ဆိုပေမယ့် ခဏတစ်ဖြုတ်တည်းတာမျိုးမဟုတ်ဘူး၊ အနည်းဆုံး တစ်လနှစ်လ တည်းခိုတဲ့သဘောရှိတယ်၊ ခဏတစ်ဖြုတ်တည်းတဲ့လိပ်စာကို ဘယ်သူမှ စာထည့်မှာမဟုတ်ဘူး၊ အရေးကြီးရင် သံကြိုးရိုက်ချင်ရိုက်မယ်၊ စာထည့်လို့တော့မဖြစ်နိုင်ဘူး. . .

"အင်း. . . ဒီလိုဆိုရင် ဦးသက်တင်ကြီးဟာ ဘယ်လိုအကြောင်းနဲ့ ရန်ကုန်ဘုန်းကြီးကျောင်းမှာ ရက်ရှည်လများလာပြီးတည်းခိုနေရတာလဲ၊ ဆရာတော်ကို ကြည်ညိုလို့လာပြီးတည်းခိုနေတာတော့ မဖြစ်နိုင်ဘူး၊ ဆရာတော်မကျန်းမမာဖြစ်လို့ လာပြီးပြုစုနေတာကော မဖြစ်နိုင်ဘူးလား၊ ဒါလဲ မဖြစ်နိုင်ဘူး၊ သူ့ရဲ့မျက်နှာနဲ့ သူ့ရဲ့စရိုက်က ဒီလိုလုပ်မယ့်လူစားမျိုးမဟုတ်ကြောင်း ဖော်ပြနေတယ်၊ အင်း. . အင်း. . ဒါတွေထားပါတော့၊ ဦးသက်တင်ကြီးဟာ ဘယ်လို အကုသိုလ်မျိုးကြောင့်များ အခုလို တံတားကြီးကျိုးကျတဲ့အထဲ ပါသွား

www.burmeseclassic.com

www.burmeseclassic.com

ရတာလဲ၊ သူဟာ ဒီနေရာကို ဒီအချိန်မှာ ဘာကိစ္စရောက်လာရတာလဲ၊ ငါနဲ့ယှဉ်နော် ဒီနေရာနဲ့ဒီအချိန်ဆိုတဲ့ ပဟေဠိဟာ တကယ်အသိရ အဖြေရခက်ပါလားနော်”

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့သတည်း။

***********

ဒုတိယလူသား

ကိုရင်ကြီးသည် ဦးသက်တင်၏အလောင်းအနီးမှ ထလိုက်သည့်တစ်ခဏအတွင်းပင် ရွာသားနှစ်ဦးထမ်း၍ တင်လာသော မိန်းမအလောင်းတစ်လောင်းကို တွေ့ရလေ၏။ ထိုအလောင်းမှာ အလောင်းအဖြစ်ဖြင့် ကမ်းပါးပေါ်သို့ ရောက်လာသော ဒုတိယလူသားဖြစ်၏။

ကိုရင်ကြီးသည် ရွာသားများနှင့်အတူ ထိုမိန်းမအလောင်းအနီးသို့ တိုးကပ်ကြည့်လိုက်၏။

ထို့ကြောင့် အေးရွာသူကြီးက. . .

“ဖယ်ကြစမ်းပါဦး၊ ငါကြည့်ပါရစေ”

ဟု ဆိုသဖြင့် သူကြီးအား နေရာဖယ်ပေးကြလေ၏။

သူကြီးသည် ထိုမိန်းမအလောင်းကို ကြည့်ပြီးနောက်. . .

“တော်သေးတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်ရာ ကိုရင်ကြီးက. . .

"ဘယ့်နှယ့်ကြောင့် တော်သေးတာပေါ့ ဖြစ်ရတာလဲ၊ ဟိုမှာဖြင့် သေနေပြီ"

ဟု ပြောလိုက်လျှင် သူကြီးက. . .

"သေတာကို တော်တယ်လို့ပြောတာမဟုတ်ဘူး ကိုရင်ကြီးရေ့၊ ကျုပ်ရွာကလူမဟုတ်တာကို တော်သေးတာ ပေါ့လို့ ပြောတာ"

ဟု ပြန်၍ပြောလိုက်လေ၏။

ကိုရင်ကြီးသည် သူကြီးအား ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ထိုအမျိုးသမီးအလောင်းအား ဆက်လက်ကြည့်ရှု နေလေ၏။ ထိုမိန်းမမှာ အသက်ဆုံးဆယ်ပင် မကျော် သေးကြောင်း ခန့်မှန်းနိုင်လေသည်။ မျက်နှာ၌ မျက်နှာချေများ လိမ်းထား၍ မျက်ခုံးမွေးကို သေးသေးကလေးဖြစ်အောင် နှုတ်ထား၏၊ နှုတ်ခမ်းနှင့် လက်သည်းဆေးများ ဆိုးထား၏။

ထိုမိန်းမ၏ အသားအရောင်မှာ အနည်းငယ်ညို၏။ ထိုမိန်းမ၏လည်ပင်း၌ ဆွဲထားသော အမ်မိုကြိုးနှင့် ရွှေလော့ ကတ်သီးကို တွေ့ရလေ၏။ ကိုရင်ကြီးသည် ထိုမိန်းမ၏ လော့ကတ်သီးကလေးကို ငုံ့၍ကြည့်လိုက်သည့်တစ်ခဏ၌ ထိုမိန်းမဆွတ်ဖျန်းထားသော အကောင်းစားရေမွှေးနံ့ကိုရ၏။

ထိုလော့ကတ်သီးကလေးအပေါ်၌မူ အင်္ဂလိပ်စာလုံး ဖြင့် အောက်ပါအတိုင်း ရေးသွင်းထားသည်ကိုတွေ့ရလေ၏။

Forget Me Not

ထိုစာကိုဖတ်ပြီးနောက် ကိုရင်ကြီးက. . .



"ဖော်ဂက်မီနော့ ဆိုတာ မမေ့ပါနဲ့တဲ့၊ ဒါပေမယ့် သူကတော့ အသက်မရှိတော့ဘူး၊ အားလုံးကို မေ့လျော့သွားပြီး မေ့လျော့ခြင်း အထွတ်အထိပ်ကို ရောက်သွားရှာပြီ"

ဟု ရေရွတ်လိုက်ပြီးနောက် ထိုမိန်းမ၏အလောင်းကို ထပ်မံငုံ့ကြည့်၏။ မျက်နှာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၏။ ကိုရင်ကြီးသည် ခန္ဓာကိုယ်ကို အသေအချာကြည့်၏။ ခေတ်ဆန်ဆန် ဝတ်စားထားသော အဝတ်အစားဖြစ်၏။ အင်္ကျီမှာ အလွန်ပါး၏။ ထိုအင်္ကျီထဲတွင်. . .

"မစ္စစ် မကော့ာလေး
ဘိအိုစီ"

ဟုရေးထားသော စာအိတ်တစ်လုံးကိုတွေ့ရ၏။

ကိုရင်ကြီးသည် ထိုစာကို မှတ်မိအောင်ကျက်နေ၏။ ပြီးလျှင်. . .

"ဒီမိန်းမကလဲ ဘိအိုစီအရာရှိကတော်နဲ့တူပါတယ်၊ ဒီကို ဘယ်လိုဖြစ်ပြီး ရောက်လာရတာလဲ"

ဟု ရေရွတ်လိုက်ပြန်၏။

* * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## တတိယလူသား

ကိုရင်ကြီးသည် အမျိုးသမီးအလောင်းကို ကြည့်နေစဉ်မှာပင်. .

"ဖယ်ကြနော်. . ဖယ်ကြ၊ နောက်တစ်လောင်း လာပြီ"

ဆိုသဖြင့် ရွာသားများလည်း ဘေးသို့ကပ်ပေးလိုက်ရ၏။

ကိုရင်ကြီးလည်း ဘေးသို့ကပ်လိုက်ရာ ယောကျ်ားတစ်ဦးအလောင်းကို ရွာသားလေးဦး မ၍လာသည်ကို တွေ့လိုက်ရလေ၏။

ကိုရင်ကြီးသည် ထိုအလောင်းကို လှမ်းကြည့်လိုက်၏။

ထိုသူသည် နက်ပြာရောင် သက္ကလတ်ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထား၏၊ လည်ပင်း၌လည်း





လည်စီးတစ်ခုစည်းထား၏၊ ထိုသူ၏ အသားအရောင်ကို မြင်ရုံနှင့်ပင် ကုလားတစ်ဦးဖြစ်ကြောင်း သိသာလှ၏။ ကိုရင်ကြီးသည် ထိုအလောင်းနားသို့ ကပ်သွားပြန်လေ၏။ သူကြီး၏အလစ်၌ ကုတ်အင်္ကျီကို နှိုက်ကြည့်၏၊ ဆယ်တန်အချို့နှင့် လိပ်စာကတ်ပြားလေးတစ်စောင်ကို တွေ့ရ၏။

မစ္စတာမာမက်
စိန်ရွှေရတနာ ကုန်သည်ကြီး
ရွှေဘုံသာလမ်း

"အောင်မယ်. . ၊ ဒီကုလားကလဲ ရတနာကုန်သည်ကြီးဆိုပါလား၊ ရတနာကို ကုန်သည်အဖြစ်နဲ့ ရောင်းလောက်အောင် ဘယ်ကရကြမှာတုန်း၊ မဖြစ်နိုင်ပါဘူး၊ အလွန်ဆုံးဖြစ်ရင် ပွဲစားပဲဖြစ်မှာပါ၊ ရတနာပွဲစား ကိုတုလားကလဲ မိုးရိုပ်တံတားမှာ ဘာလို့လာပြီး သေရတာတုန်း၊ ဒီအချိန်ကျမှ ဘာဖြစ်လို့ရောက်လာရတာလဲ၊ သေဖို့ရောက်လာတာလား၊ ဒီနေရာဟာ သူ့သချိုင်းလား၊ ဒီအချိန်ဟာ သူ့သေနေ့စေတဲ့အချိန်လား၊ ဒီနေရာနဲ့ဒီအချိန်ဆိုတာဟာ အတော်ကိုလေးနက်တဲ့ကိစ္စကြီးပါလား"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့၏။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထလူသား

ကိုရင်ကြီးသည် တွေးတောရှဲနေလေ၏။ ထိုအချိန်၌မှာပင် အေးရွာသူကြီး၏. . .

"ဖယ်ကြဟေ့ ဖယ်ကြ"

ဟူသောအသံကြီးနှင့်အတူ လူစုလူဝေးကြီးသည် တစ်ဖက်သို့ကပ်သွား၏။ ထိုအချိန်၌မှာပင် အသက်ငါးဆယ်အရွယ် လုံးကြီးပေါက်လှ မိန်းမကြီးတစ်ဦး၏အလောင်းကို ရွာသားများသည်ထမ်း၍ လာလေ၏။

ကိုရင်ကြီးသည် အလောင်းသယ်သူများနှင့် ကပ်၍ လိုက်ပါသွားရင်း အလောင်းကြီးကို ကြည့်ရှုလေ၏။ မိန်းမကြီးမှာမူ အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီဟု ခန့်မှန်းရ၏။ မျက်နှာမှာ မည်သူမည်ဝါဟုပင် ပြော၍မရတော့ပေ။ စိစိညက်ညက်ကြေနေပြီဖြစ်၏။ ဝတ်စားထားသော အဝတ်အစားများမှာ အဖိုးတန်များဖြစ်၏။ ထို့ပြင် စိန်ရွှေလက်ဝတ်ရတနာများလည်း ဝတ်ဆင်ထား၏။



ထိုမိန်းမကြီးအလောင်းကို မြေပေါ်သို့ချလိုက်သည် နှင့်တစ်ပြိုက်နက် ရွာသားများသည် ပုရွက်ဆိတ်များကဲ့သို့ အုံ၍လာ၏။

အေးရွာသူကြီးလည်း အော်ဟစ်ဆူပူနေ၏။

ကိုရင်ကြီးမှာမူ ထိုမိန်းမကြီးကို အသေးစိတ်ကြည့်၍ မှတ်သားနေ၏။

ထို့နောက်. . .

"သူဌေးမကြီးနဲ့တူပါရဲ့၊ ဒီမိန်းမကြီးကလဲ ဘာဖြစ်လို့ ဒီနေရာကို ဒီအချိန်မှာ ရောက်လာရတာတုန်း။ ကြည့်စမ်း. . စိန်တွေ ရွှေတွေအပြည့်နဲ့ ချမ်းသာပေမယ့် အခုတော့သေပြီ၊ ဒီနေရာ ဒီအချိန်ဟာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ သေခြင်းတရားက သူ့ကို ချမ်းသာခွင့်မပေးတော့ဘူး၊ ဒါကို သူမသိရှာဘဲ ဒီနေရာကို ဒီအချိန်မှာ ရောက်လာရှာတာပဲ၊ အင်း. . အင်း 'ဟီးယားအင်နောင်း' ဒီနေရာနဲ့ ဒီအချိန် ဘယ်လိုဆက်စပ်နေတာတုန်း"

ဟု တွေးတောလိုက်ရာ အဖြေမရသဖြင့် ကိုရင်ကြီး အဖို့ လွန်စွာစိတ်အိုက်သွားပြန်၏။

ထို့ကြောင့် သူ၏ခေါင်းကို သူ့ဘာသာ 'တဗျင်းဗျင်း' ကုတ်လိုက်လေတော့သတည်း။

* * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပဥ္စမ (သို့မဟုတ်) နောက်ဆုံးလူသား

ကိုရင်ကြီးခေါင်းကုတ်နေစဉ်မှာပင် ပဥ္စမလူသား (သို့မဟုတ်) နောက်ဆုံးလူသား ကမ်းပါးပေါ်သို့ရောက်လာ၏။ ထိုအလောင်းမှာ အသက်လေးဆယ်အရွယ်ခန့်ရှိသော ယောကျ်ားတစ်ဦး၏အလောင်းဖြစ်၏။ ချောကလက်ရောင် ရှပ်အင်္ကျီကိုဝတ်ထား၏။ အဖြူအနက် မန်ကျည်းစေ့ အကွက်အဆင် ချည်လုံချည်ချောချောကို ဝတ်ထား၏။

အသားအရောင်မှာ အတော်လတ်၏။ တစ်ကိုယ်လုံး သွေးများခြင်းခြင်းနီနေ၏။ ၎င်း၏ လက်မောင်းလက်ဖျံတို့၌ ဆေးမင်ကြောင်များထိုးထား၏။ ၎င်း၏ ရုပ်ရည်မှာ ရဲရင့်မှုကို ဖော်ပြနေ၏။ တိုက်ဝံ့ခိုင်ဝံ့ သေဝံ့သတ်ဝံ့သော ရုပ်ရည်မျိုး ဖြစ်၏။

ကိုရင်ကြီးသည် ထိုအလောင်းကို ကြည့်ပြီးနောက်. .

"ဂိုက်ကတော့ လက်ဝေ့သမားဂိုက်ပဲ၊ ဒါပေမယ့် သူ့ရဲ့ လက်ကိုကြည့်ရတာတော့ လက်ဝှေ့သမားမဟုတ်တန်ရာဘူး၊



လက်ဝှေ့သမားဆိုရင် လက်ခုံပေါ်မှာ အညိုအမည်း စွဲနေတာ များတယ်၊ သူ့မှာတ ဒီလိုမဟုတ်ဘူး"

ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း ထိုအလောင်း၏ လက်ဖဝါးကို စမ်းကြည့်၏။

လက်ဝါးမှာ ကြမ်းတမ်းခြင်းမရှိကြောင်း တွေ့ရသဖြင့်. . .

"အလုပ်ကြမ်းလုပ်စားတဲ့ လူစားမျိုးထဲကတော့ မဟုတ်ဘူး၊ ပြီးတော့ ခေတ်ပညာတတ်တစ်ယောက်လဲ မဖြစ်နိုင်ဘူး၊ ဒီနေ့ ခေတ်ပညာတတ်တွေဟာ ဆေးမင်ကြောင်တွေ ထိုးလေ့မရှိတော့ဘူး။ ဒီလူ့တစ်ကိုယ်လုံးမှာတော့ အင်းကွက်တွေရော၊ စ,ဓ,ဗ,ဝ တွေရော၊ နငယ် နကင်းပိတ်တွေရော စုံနေတာပဲ၊ ခေတ်ပညာတတ်လဲမဟုတ်ဘူး၊ အလုပ်ကြမ်းလဲ မလုပ်ဖူးဘူး၊ တစ်ကိုယ်လုံးမှာလဲ အင်းတွေ ဆေးတွေထိုးထားတဲ့လူဟာ ဘာဖြစ်နိုင်သတုန်း၊ ဒီလူဟာ ဗိန္ဓောဆရာ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ဗေဒင်ဆရာ ဖြစ်ဖို့ပဲ ရှိတော့တယ်၊ ထားပါတော့ ဒီဗေဒင်ဆရာကလဲ ဒီနေရာကို ဒီအချိန်မှာ ဘာဖြစ်လို့ ရောက်လာရတာတုန်း၊ အတော့်ကို ခက်တဲ့ပြဿနာပဲ၊ ဒီနေရာနဲ့ဒီအချိန်၊ ဒီနေရာနဲ့ဒီအချိန်"

ဟု ရေရွတ်လိုက်လေတော့သတည်း။

* * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ကိုရင်ကြီးတွေးပြီ

ကိုရင်ကြီးသည် ကျောက်တုံးကြီးတစ်တုံးပေါ်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ သူ၏ခေါင်း၌ တင်းတင်းကျပ်ကျပ်ဖြစ်နေသော Here And Now 'သည်နေရာနှင့်သည်အချိန်' ဆိုသော ပြဿနာကို စဉ်းစားလိုက်လေ၏။

"ဒီအချိန်ဆိုတာက (Time) အချိန်ကာလကို ပြောတာ၊ ဒီနေရာဆိုတာက (Space) နေရာဒေသကို ရည်ညွှန်းတာ၊ အတော်ကို စဉ်းစားရကျပ်တဲ့ပြဿနာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလူငါးယောက်ဟာ ဒီအချိန်ကျမှ တစ်ချိန်တည်း ရောက်လာကြပြီး တစ်ပြိုင်တည်း တံတားကြီးကျိုးကျတဲ့အထဲ ပါသွားပြီး သေဆုံးသွားကြတယ်ဆိုတော့ လူတွေဟာ အစီအစဉ်တကျဖြစ်လာကြပြီး သေရမယ့်အချိန်မှာလဲ အစီအစဉ်တကျ သေသွားကြတာလား၊ ဒီလိုမဟုတ်ဘဲ ဖြစ်ချင်သလိုဖြစ်လာပြီး သေတဲ့အခါကျတော့လဲ သေချင်သလို



သေသွားကြတာလား၊ ဒါကို သိဖို့လိုတယ်၊ ဒီကိစ္စဟာ မသိရင်လဲနေပါစေ၊ သိလို့လဲ အရပ်ပိုပြီး မြင့်သွားမှာမဟုတ်ပါဘူးဆိုပြီး ပေ့ါပေ့ါတန်တန်ထားရမယ့် ကိစ္စမဟုတ်ဘူး၊ သိကိုသိရမယ့် ကိစ္စပဲ. . .

"ဒီကိစ္စကိုသိရင် အရာရာကိုသိသွားနိုင်လိမ့်မယ်၊ အစီအစဉ်မဲ့ဖြစ်လာပြီး အစီအစဉ်မဲ့ သေချင်သလို သေသွားတာဆိုရင် လူဖြစ်နေတဲ့အတောအတွင်းမှာ ဘာကိုမှ လေးလေးနက်နက်စောင့်ထိန်းစရာမလိုဘူး၊ နေချင်သလို နေသွားရုံပဲ၊ အစီအစဉ်တကျဖြစ်လာပြီး အစီအစဉ်တကျ သေဆုံးသွားတာဆိုရင်တော့ အဲဒီလိုဖြစ်အောင် ဘယ်သူက လုပ်နေတာလဲဆိုတာ သိဖို့လိုလာပြီ၊ အဲဒီလို သိဖို့ဆိုတာ ဒီလိုထိုင်ပြီးစဉ်းစားလို့တော့ အဖြေရလိမ့်မယ်မဟုတ်ဘူး၊ အခုသေသွားတဲ့ ငါးယောက်ဟာ ဘယ်လိုလူစားမျိုးတွေ ဖြစ်တယ်၊ ဘယ်လိုမကောင်းမှုတွေလုပ်ခဲ့တယ်ဆိုတာ သိဖို့လိုမယ်၊ ဒီငါးယောက်ရဲ့အကြောင်းကို သိပြီးမှဆက်ပြီးစဉ်းစားရမယ်၊ စဉ်းစားတဲ့အခါမှာလဲ ဒီငါးယောက်ရဲ့အကြောင်း အတ္ထုပ္ပတ္တိအပေါ်မှာ အခြေခံပြီးစဉ်းစားရမယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေတော့၏။

သူသည် မည်မျှကြာကြာ ထိုနေရာ၌ ထိုင်နေသည် မသိ၊ သတိရသောအခါ၌ သူ၏အနီး၌ ရွာသားများလည်း မရှိတော့၊ အလောင်းများလည်းမရှိတော့၊ ထိန်ထိန်သာနေသော လရောင်သည်သာ သူ၏အဖော်ဖြစ်နေလေတော့၏။

"အင်း. . ငါထိုင်နေတာ အတော်ကြာသွားပြီပဲ၊ ငါနားက အလောင်းငါးလောင်း သယ်သွားကြပြီ၊ ဒါကိုတောင် ငါသတိမပြုမိဘူးဆိုတော့ ငါဟာ တော်တော့်ကိုနက်နက်နဲနဲ တွေးနေမိတာပဲ၊ အချိန်ဘယ်လောက်များရှိပြီလဲ မသိနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုရင်ကြီးတွေးလိုက်သည့်အချိန်၌မှာပင် ကြက်တွန်သံကိုကြားရလေ၏။

ထို့ကြောင့် ကိုရင်ကြီးသည် ကောင်းကင်ကိုမော့ကြည့်လိုက်၏။ ခုနစ်စဉ်ကြယ်ကြီး အမြီးထောင်နေသည်ကို တွေ့ရ၏။

ထို့ကြောင့်. . .

"အလို. . . စောစောကတွန်တဲ့ကြက်ဟာ သန်းခေါင်ကြက်ပဲ၊ ညနေကတည်းက ငါထိုင်နေခဲ့တာ သန်းခေါင်ရောက်သွားပြီ"

ဟု စဉ်းစားမိသည်။

တစ်ခဏ၌ နံဘေးတွင်ချထားသော ဆေးပေါ့လိပ်တိုကိုကောက်၍ ကိုင်လိုက်ရာ နှင်းများစိုရွှဲနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ၎င်း၏ သင်းပိုင်ကြားတွင် လိပ်၍ ညှပ်ထားသော ဖလေးကြေးမီးခြစ်ကြီးကို 'ထောက်ခနဲ' ခြစ်လိုက်ပြီး ဆေးပေါ့လိပ်ကြီးကို မီးညှိလိုက်လေ၏။ ထို့နောက် ရှဲခနဲရှဲခနဲနေအောင် ဖွာလိုက်လေ၏။

ထိုအချိန်မှာပင် ပုလွေကလေးမှုတ်၍ ပြန်လာသော အေးရွာမှ ကာလသားတစ်ဦးသည် ကျိုးကျသွားသော တံတားကြီးအနီး၌ မီးတရဲရဲနှင့်ထိုင်နေသော ကိုရင်ကြီးကို မြင်လျှင် ၎င်း၏မျက်စိ၌ ကိုရင်ကြီးဟုမမြင်ဘဲ. . .

"အောင်မယ်လေး. . သရဲ သရဲ. ."

ဟုဆိုကာ နောက်ကြောင်းပြန်၍ ပြေးလေတော့၏၊ ထိုအဖြစ်ကိုကြည့်ကာ ကိုရင်ကြီးက. . .

"လောကကြီးမှာ ဒီလိုကောင်စားမျိုးတွေများနေတာပဲ၊ ဘာမှစူးစမ်းမှုမရှိဘဲ ကြောက်စရာရှိရင်အရမ်းကြောက်၊



ရဲစရာရှိရင် အရမ်းရဲ၊ လောကကြီးမှာ အသိဉာဏ်နဲ့မနေဘဲ 'ယုံကြည်မှု' Believe တစ်ခုတည်းနဲ့ အသက်ရှင်နေကြတဲ့ သူတွေများတယ်၊ ဒီလိုလူစားမျိုးတွေကြားမှာ ငါပါလို့မဖြစ်ဘူး၊ စူးစမ်းရမယ်၊ လေ့လာရမယ်၊ ဘယ်တော့ အဲဒီအလုပ်ကို စရမလဲဆိုရင်. . အို. . ရှုပ်ပါတယ်၊ ဟီးယား-ဒီနေရာ၊ အင်-နောင်း၊ ဒီအချိန်က စရမှာပဲ"

ဟုဆိုကာ ကျောင်းသို့ပင်မပြန်တော့ဘဲ ဆေးပေါ့လိပ်ကြီးကိုခဲ၍ ထိုင်ရာမှထကာ ထွက်သွားလေတော့သတည်း။

* * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com



## ခြေသလုံးအိမ်တိုင် ကိုရင်ကြီး

ကိုရင်ကြီး ဦးဂျော်နီသည် ခြေကိုဖြည်းဖြည်းမှန်မှန် လှမ်း၍လျှောက်ရင်း သည်နေရာနှင့်သည်အချိန်ဆိုသော ကြီးမားသည့် ပဟေဠိကြီးကို စဉ်းစား၍လာလေ၏။ သူသည် လှမ်းတစ်လျှောက်လုံး ခွေးများကဟောင်၏။ သူသည် ဂရုမစိုက်ပေ။ နှင်းများ ကျလာ၏။ ကိုရင်ကြီးမှာ အေးရမှန်း ချမ်းရမှန်းမသိပေ။ လျှောက်မြဲဆက်၍လျှောက်လာခဲ့ရာ နံနက်အရုဏ်တက်တွင် ဗဟန်းကြားတောရရှိ ဆင်ဖြူတော် ဘုန်းကြီးကျောင်းသို့ရောက်ရှိလာလေတော့၏။

ထိုကျောင်းမှ ဆရာတော်ကြီးပင် အရုဏ်ဆွမ်း ဘုန်းပေးတော်မူနေပြီဖြစ်၏။ ကိုရင်ကြီးသည် ကျောင်းပေါ်သို့ တက်သွားပြီးလျှင် ဆရာတော်အား ဦးချလိုက်လေ၏။

ထိုအခါ ဆရာတော်က. . .

"ဦးပဥ္စင်း ဘယ်ကကြွလာတာတုန်း"

ဟု မေးလိုက်လေ၏။

"တပည့်တော် ကိုရင်ကြီးပါဘုရား၊ အရှင်ဘုရား ကျောင်းရဲ့လိပ်စာနဲ့ စာအိတ်တစ်အိတ်ပါတဲ့ ဦးသက်တင်ဆိုတဲ့ လူတစ်ယောက်ဟာ မနေ့က တံတားကြီး ကျိုးကျတဲ့အထဲမှာ ပါသွားပြီး သေဆုံးသွားပါပြီ"

ဟု ကိုရင်ကြီးက လျှောက်ထားလိုက်လေ၏။

ထိုအခါ ဆရာတော်က. . .

"မနေ့ကတည်းက ဘုန်းကြီးတို့ကျောင်းကို ပုလိပ်ဖက်က လာပြီးစုံစမ်းသေးတယ်၊ ဒီကျောင်းမှာ ဦးသက်တင်ဆိုတဲ့ နာမည်နဲ့တည်းခိုနေတဲ့သူရှိသလားတဲ့၊ ဘုန်းကြီး သူတို့ကိုလဲ ပြောလိုက်တယ်၊ ဒီကျောင်းမှာ ခုလောလောဆယ် တည်းခို နေတာတစ်ယောက်မှမရှိဘူး၊ ဦးသက်တင်ဆိုတဲ့ ဒကာလဲ မသိဘူး၊ ဘုန်းကြီးသိတဲ့ ဒကာ ဒကာမတွေထဲမှာလဲ ဒီနာမည် မရှိဘူး"

ဟု မိန့်တော်မူလိုက်လေ၏။

"အလောင်းမှာတွေ့ရတဲ့ စာအိတ်မှာ ဦးသက်တင်၊ ခေတ္တ ဆင်ဖြူတော်ကျောင်း၊ ဗဟန်းကြားတောရလို့ တွေ့တယ်ဘုရား"

ဟု ကိုရင်ကြီးက လျှောက်ထားလိုက်ပြန်ရာ ဆရာတော်က. . .

"အင်း. . . ညက ပုလိပ်ကလဲ ဒီအတိုင်းပြောတယ်၊ ရှေးစကားပုံကတော့ ဘုန်းကြီးအမှူရှာပတ်လို့ဆိုတယ်၊ ဘယ့်နှယ့်ကြောင့် ရှာအမှု ဘုန်းကြီးကို လာပတ်နေရတာလဲ၊ ဒါနဲ့ နေစမ်းပါဦး၊ ကိုရင်ကြီးက အဲဒီဒကာကြီး ဦးသက်တင်နဲ့ ဘယ်လိုများပတ်သက်နေရတုန်း"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လေ၏။

"မပတ်သက်ပါဘူးဘုရား၊ တပည့်တော်က အဲဒီ တံတားကြီးနားက ကျောင်းမှာနေတာပါ၊ တံတားကြီး ကျိုးကျ တာမြင်လို့ ပြေးသွားတော့ လှေငါးယောက် သေဆုံးနေတာကို တွေ့ရပါတယ် ဘုရား၊ အဲဒီ လှေငါးယောက်ထဲက ဒကာကြီး တစ်ဦးရဲ့ အိတ်ထဲမှာ စောစောက တပည့်တော်ပြောတဲ့ လိပ်စာ ပါပါတယ်၊ အဲဒါကြောင့် အရှင်ဘုရားကျောင်းကို လာပြီး စုံစမ်းတာပါ"

ဟု ကိုရင်ကြီးက လျှောက်ထားလိုက်လေ၏။

ထိုအခါ ဆရာတော်က. . .

"ကိုရင်ကြီးရယ်. . . .လူ့အလုပ် လူ့ကိစ္စတွေထဲ ဘာဖြစ်လို့ပါချင်ရတာလဲ၊ သူဟာသူ ဦးသက်တင်ပဲဖြစ်ဖြစ်၊ ဦးသက်ရှည်ပဲဖြစ်ဖြစ်၊ ကိုယ်နဲ့လဲ သိတာမဟုတ်၊ ဘာဖြစ်လို့ စုံစမ်းမှာလဲ၊ လုပ်ချင်ရင်တော့ အဲဒီအလောင်းကိုကြည့်ပြီး အသုဘကမ္မဋ္ဌာန်းရှုပေါ့၊ လူ့ကိစ္စမှာ စပ်စပ်စုစုဝင်မလုပ်နဲ့"

ဟု ဆရာတော်က ဆုံးမတော်မူပြန်၏။

ထိုအခါ ကိုရင်ကြီးက. . .

"တပည့်တော် စပ်စုတာမဟုတ်ပါဘူး ဘုရား၊ ဒီလှေငါးယောက်ဟာ ဒီအချိန်မှာ တံတားကြီးမှာလာပြီး ဆုံကြတာ၊ အဲဒီအချိန်ကျမှပဲ တံတားကြီးဟာ ဖြုန်းခနဲ ကျိုးကျသွားတယ်၊ အဲဒီအဖြစ်အပျက်ကိုကြည့်ပြီး တပည့်တော်စိတ်ထဲမှာ အတော့်ကိုထူးဆန်းနေတယ်"

ဟု လျှောက်ထားလိုက်ရာ ဆရာတော်က. . .

"ကံတူအကျိုးပေးဆိုတာ ဒါပေါ့ကိုရင်ကြီးရယ်၊ နောက်နောင်က ပြုထားတဲ့ သင်းတို့ငါးဦးရဲ့ကံက ဒီအချိန်မှာ



သင်းတို့ကို နှိပ်စက်လိုက်တာပေါ့၊ နိပါတ်တော်တွေထဲမှာ ဒါမျိုးတွေအများကြီးပါသားပဲ၊ ဘာများအဆန်းဖြစ်နေတာလဲ"

ဟု မိန့်တော်မူလိုက်၏။

ထိုအခါ ကိုရင်ကြီးက. . .

"မဟုတ်ပါဘူးဘုရား၊ ဒီနေရာ ဒီအချိန်မှာ ဒီလို ဖြစ်အောင် တစ်စုံတစ်ယောက်က ချုပ်ကိုင်ပြီး စီမံထားတဲ့သူ ရှိသလား၊ အဲဒီလိုရှိတယ်ဆိုရင် စီမံချုပ်ကိုင်ပြီး နေရာနဲ့အချိန်နဲ့ အတိအကျ အဲဒီလိုဖြစ်အောင် လုပ်ပေးနေတဲ့သူဟာ ဘယ်သူ လဲဆိုတာ တပည့်တော်သိချင်လို့ပါဘုရား"

ဟု ကိုရင်ကြီးကလျှောက်ထားလိုက်ရာ ဆရာတော် သည် ကိုရင်ကြီး၏မျက်နှာကို အံ့ဩသလိုငေးကြည့်ပြီး နောက်. . .

"ဘယ်သူကစောင့်ပြီး စီရင်ချက်ချနေမှာတုန်း၊ ကိုယ်ပြုခဲ့တဲ့ကံတွေပေါ့၊ ကိုရင်ကြီးကြည့်ရတာ စာပေကျမ်းဂန် မသင်ဖူးတဲ့ တောထွက်ကြီးမှတ်တယ်၊ သွား. . သွား ကိုရင်ကြီး ကျောင်းက ဆရာတော်ကိုမေးကြည့်၊ ဘုန်းကြီးပြောတဲ့အတိုင်း ပြောလိမ့်မယ်"

ဟု ဆရာတော်ကြီးက မိန့်တော်မူလိုက်လေ၏။

"ကံဆိုရင်လဲ အဲဒီကံကို ဘယ်သူကစောင့်ကြည့်ပြီး အပြစ်ပေး စရာရှိရင် ပေး၊ အကျိုးပေးစရာရှိရင် ပေးဖြစ် အောင် လုပ်နေတာ ဘယ်သူလဲ"

ဟု ကိုရင်ကြီးက လျှောက်ထားလိုက်ရာ ဆရာတော် က. . .

"ဟာ. . ကိုရင်ကြီး ဒိဋ္ဌိဖြစ်ပြီ၊ ကျောင်းကိုမြန်မြန်ပြန် ကြာရင် အပြစ်တွေကြီးလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ဆရာတော်ကြီးသည် ကိုရင်ကြီးအား အတင်းပြန်ခိုင်းလိုက်လေ၏။

ကိုရင်ကြီး ဦးဂျော်နီမှာ ကျောင်းပေါ်မှ အုကြောင်ကြောင်နှင့်ဆင်းခဲ့လေ၏။ ထို့နောက် ဆက်၍လျှောက်သွား၏။

ထိုသို့လျှောက်သွားရင်း. . .

"ဒါလေး သိချင်လို့ စုံစမ်းပါတယ်၊ အလိုလိုနေရင်း ငါ့မှာဒိဋ္ဌိစာရင်းဝင်ဖြစ်သွားပြီ၊ အို. . . မတတ်နိုင်ဘူး၊ သိချင်တာကို စုံစမ်းရပေဦးတော့မပေါ့"

ဟုဆိုကာ ဆက်၍လျှောက်သွားလေတော့၏။

ကိုရင်ကြီးသည် ဦးသက်တင်ဆိုသူ၏ စာအိတ်နှင့် ပတ်သက်၍ စဉ်းစား၏။

"ဦးသက်တင်ဆိုတဲ့လူဟာ တစ်စုံတစ်ယောက်နဲ့ လျှို့ဝှက်အဆက်အသွယ်လုပ်ထားမယ်၊ ဒါပေမယ့် စာထည့်တဲ့ အခါမှာ အိမ်လိပ်စာနဲ့မထည့်စေချင်တာ ဖြစ်လိမ့်မယ်၊ အဲဒီတော့ စာပို့သမားနဲ့ပေါင်းထားမယ်၊ 'ဦးသက်တင်၊ ဆင်ဖြူတော်ကျောင်း' လို့ပါရင် ငါ့ဆီကိုလာပေး၊ စာတစ်စောင် ပေးတိုင်း ငွေတစ်ဆယ်ရမယ်လို့ စာပို့သမားကိုမှာထားရင် ဒီအတိုင်းဖြစ်နိုင်တယ်၊ ဆင်ဖြူတော်ကျောင်းက ဦးသက်တင် ကိုမသိဘူး၊ ဒါပေမယ့် ဆင်ဖြူတော်ကျောင်းလိပ်စာပါတဲ့စာဟာ ဦးသက်တင်ဆီကိုရောက်နေနိုင်တယ်"

ဟု၍ တစ်ကိုယ်တည်း တွေးတောရေရွတ်မိလေ၏။

ထို့နောက် ကိုရင်ကြီးသည် အနီးဆုံးစာတိုက်သို့ သွားကာ စာပို့သမားများထံ သွား၍စုံစမ်း၏။ သို့ရာတွင် သဲလွန်စ မရဘဲရှိလေ၏။ ထိုအခါ ကိုရင်ကြီးသည် သုံးလျှင် ဘီအိုစီဘက်သို့သွားရန် ဆုံးဖြတ်ပြန်၏။ အဘယ်ကြောင့်



ဆိုသော် အမှိုးသမီးတစ်ဦး၏ အလောင်းတွင် 'မစ္စတာမကျောလေး၊ ဘီအိုစီ' ဟု လိပ်စာတပ်ထားသော စာတစ်စောင်ကို တွေ့ရသောကြောင့်ဖြစ်သည်။

သူသည် စာတိုက်မှထွက်လာခဲ့ပြီးနောက် လျှောက်လာခဲ့ရာ ကန်တော်ကြီးစောင်းတွင် သပိတ်ပြင် နေသော ဦးပဥ္စင်း တစ်ပါးကို တွေ့ရလေ၏။ ထိုဦးပဥ္စင်းသည် ဆွမ်းခံထွက်ရာ၌ သပိတ်လွယ်ကိုယူလာ၏။ ထို့နောက် သပိတ်လွယ်ကိုဖြုတ်ကာ အကြော်တဲအမိုး၌ ညှပ်ပစ်ခဲ့၏။ ဆွမ်းခံ၍ပြန်လာသောအခါ၌ ထိုသပိတ်လွယ်အား သပိတ်တွင်ပြန်၍စွပ်ရ၏။ သပိတ်လွယ် နှင့် ကျောင်းသို့ပြန်မှသာ အဆင်ပြေမည်ဖြစ်၏။ သို့မဟုတ်ပါက သပိတ်သည် အလွန်လေးနေသည်ဖြစ်ရာ လွန်စွာလက်မောင်း အောင့်လေ၏။

ကိုရင်ကြီးသည် ထိုဦးပဥ္စင်းကို မိတ်ဖွဲ့လိုက်လေ၏။ မိမိသည် ကိုရင်ကြီးမျှသာဖြစ်ကြောင်း၊ ရုတ်တရက် ခရီး ထွက်လာရသောကြောင့် သပိတ်မပါကြောင်း၊ ကျောင်း၌ သပိတ်တစ်လုံးအပိုရှိလျှင် မိမိအား စွန့်ကြဲပါမည့်အကြောင်း လျှောက်ထားလိုက်ရာ ဦးပဥ္စင်းက ကိုရင်ကြီးအား ကျောင်းသို့ ခေါ်သွားလေတော့၏။

ကျောင်းသို့ရောက်လျှင် ဦးပဥ္စင်းက ကိုရင်ကြီးအား ဆွမ်းပါကျွေးလိုက်၏။ သပိတ်ကိုသာမက သပိတ်ချည်နှင့် သပိတ်လွယ်ကိုပါ ချီးမြှင့်လိုက်လေတော့၏။

ထို့နောက် ဦးပဥ္စင်းက ကိုရင်ကြီးအား. . .

"အဘယ်ကြောင့် ရုတ်တရက် ခရီးထွက်လာရ သနည်း"

ဟု မေးမြန်းတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ကြီးလည်း ဇာတ်တားကြီးကျိုးကျသည့်မှအစ မိမိ၏အဖြစ်အပျက်ကိုပြောပြလေ၏။ ထိုအခါ ဦးပဥ္စင်းက. .

"ကိုရင်ကြီး လုပ်ပုံကိုင်ပုံကိုလဲ ဦးပဥ္စင်းက ခပ်ကြိုက်ကြိုက်ပဲ၊ ကိုယ်သိချင်တာ ဘယ်သူ့ဘာပြောပြော မယုံနိုင်ဘူး၊ ကိုယ်တိုင်သိရမှ ကျေနပ်မှာကိုး၊ အဲဒီတော့ အပင်ပန်းခံပေဦးတော့"

ဟုဆိုကာ သက်နှံးဟောင်းဖြင့် ချုပ်ထားသော လွယ်အိတ်ကြီးတစ်လုံးကိုပါ ချီးမြှင့်လိုက်လေတော့၏။

ထို့နောက် ကိုရင်ကြီးသည် ဦးပဥ္စင်းအား ဦးချပြီးလျှင် သန်လျင်ဘက်သို့ သဘောဖြင့်ကူးခဲ့လေ၏။ သန်လျင်သို့ ရောက်လျှင် ဘီအိုစီသို့သွား၏။ ဘီအိုစီတွင် မြန်မာလူမျိုး စာရေးကြီး ကိုသိန်းအောင်ဆိုသူကိုတွေ့ရ၏။ ထိုစာရေးကြီး ထံတွင် မိမိတွေ့လိုသော မစ္စမက္ကောလေး ဆိုသူကိုစုံစမ်း၏။

ထိုအခါ စာရေးကြီးက. . .

"ကိုရင်ကြီးတွေ့ချင်တဲ့ မစ္စမက္ကောလေးဆိုတာကို တပည့်တော်ကြားဖူးတယ်၊ ကြားဖူးတယ်ဆိုတာကလဲ ကြားဖူးရုံကြားဖူးတာ၊ သိကျွမ်းတာမဟုတ်ဘူး၊ သူ့ယောကျ်ားက မစ္စတာ မက္ကောလေးတဲ့၊ ဘီအိုစီ အရာရှိကြီးပဲ၊ အရင်ကတော့ သန်လျင်ကပဲ၊ နောက်တော့ ချောက် ဘီအိုစီကိုပြောင်းသွားပြီ၊ တပည့်တော် ဒီကိုရောက်တော့ မစ္စတာ မက္ကောလေး မရှိတော့ပါဘူး၊ ချောက်ကိုပြောင်းသွားပါပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုရင်ကြီးက. . .

"ဒီလိုဆိုရင်လဲ ကျုပ်က ချောက်ကိုလိုက်ရမှာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ စာရေးကြီးက. . .

"ဘယ်လိုအကြောင်းကိစ္စများကြောင့် ဒီလောက် အရေးကြီးရတာတုန်း ကိုရင်ကြီးရယ်၊ သိပ်ပြီး အရေးကြီးရင်



တော့ ချောက်ကိုသွားမယ့် လူကြုံတပည့်တော်တို့ရုံးမှာ ရှိပါတယ်၊ စာရေးပြီးအကြောင်းကြားပေးမှာပေါ့"

ဟု ပြောရှာလေ၏။ ထိုအခါ ကိုရင်ကြီးက. . .

"ဒီလို ဒကာကြီးရဲ့. ."

ဟု အစချီကာ ငမိုးရိပ်ချောင်းပေါ်မှ ဇာတ်တားကြီး ကျိုးကျပုံ၊ လူငါးဦး သေဆုံးသွားပုံ၊ မိမိသိချင်စိတ်များ ဖြစ်ပေါ် လာပုံတို့ကို စီကာပတ်ကုံး ပြောပြလိုက်လေတော့၏။ စာရေးကြီး ကိုသိန်းအောင်သည် စိတ်ဝင်စားစွာ နားထောင်ခဲ့၏။

ထို့နောက်မှ စာရေးကြီးက. . .

"ကိုရင်ကြီးရယ်. . ဒီအတွက် ဘာများဒုက္ခခံ နေတာလဲ၊ လောကကြီးမှာ ဖြစ်ဖြစ်သမျှ အကြောင်းအရာ တွေဟာ 'ကော့စ်အင်အဖက်(ဖ်)' ဆိုတဲ့ အကြောင်းတရားတွေပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုရင်ကြီးက. . .

"အင်္ဂလိပ်စာလေး နည်းနည်းသင်ဖူးတဲ့လူတိုင်း ဒီစာလုံးလေးနှစ်လုံးကို အမြဲတမ်းသုံးတယ်၊ သေသေချာချာ ဂယနကာ မေးလိုက်ရင် ဘာမှမသိကြဘူး၊ ဒီစာလုံးလေး နှစ်လုံးက ဆိုလိုက်ရင် ပါးစပ်ထဲက လျှောခနဲထွက်သွား တာကိုး၊ အဲဒီတော့ ဘာပဲပြောပြော ကော့စ်အင်အဖက်(ဖ်)၊ ကော့စ်အင်အဖက်(ဖ်)နဲ့ ဘာဖြစ်နေကြတာလဲမသိဘူး၊ ကျုပ်သိချင်တာက ခင်ဗျားပြောတဲ့ ကော့စ်ပဲထားပါတော့၊ အဲဒီကော့စ်ကြီးကို အဖက်(ဖ်) ဖြစ်အောင် ဘယ်သူက စောင့်ကြည့်ပြီး လုပ်ပေးနေတာလဲဆိုတာ သိချင်တာ. .

နောက်ပြီးတော့ အဲဒီကော့စ်ကို ဘယ်လိုစခဲ့တာလဲ ဆိုတာ အရင်းအမြစ်နဲ့တကွ သိချင်တာ၊ အဲဒီကော့စ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုသတ္တိထူးတွေ ပါနေသလဲဆိုတာ သိချင်တာ၊ ခင်ဗျား သိသလောက် ကော့စ်အင်အဖက်(ဖ်)ဆိုတာကတော့ ကျုပ်ဆွမ်းခံနေတဲ့ အေးရွာက 'ငပွေး' ဆိုတဲ့ကောင်တောင် သိတယ်၊ ခင်ဗျားပြောတဲ့-ကော့စ်တိုင်းဟာ အဖက်(ဖ်) ဖြစ်သလား၊ တချို့ကော့စ်တွေဟာ အဖက်(ဖ်) မဖြစ်ဘဲ အပေါ်ယာသီက်ဖြစ်သွားတာတွေ မရှိဘူးလား"

ဟု ကိုရင်ကြီးက ပြောလိုက်လေ၏။

ထိုအခါ စာရေးကြီးသည် ငြိမ်၍သွားလေ၏။ ထို့နောက်မှ. . .

"ကိုရင်ကြီးက ဒါဖြင့်ရင် တံတားပေါ်ကကျပြီးသေတဲ့ လူငါးယောက်အကြောင်း မရမကလိုက်စုံစမ်းပြီး မှတ်တမ်းတင်မယ်ပေါ့၊ ပြီးတော့မှ အဲဒီပေါ်မှာ စဉ်းစားမယ်ပေါ့"

ဟု မေးလိုက်ရာ ကိုရင်ကြီးက. . .

"အမှန်ပဲ"

ဟု ပြောလေ၏။

ထိုအခါ စာရေးကြီးသည် ဘီအိုစီတွင်အသုံးပြုသည့် အချိန်ဇယားမှတ်သည့် ဇယားများပါသော တစ်ဖက်လွတ် စာရွက်များနှင့် ခွေးတံဆိပ်ခဲတံ တစ်ဒါဇင်၊ ခဲတံချွန်ရန် မောင်းချွားတစ်ချောင်းကို ပေးလိုက်လေတော့၏။

ထိုအခါ ကိုရင်ကြီးသည် ဘီအိုစီစာရေးကြီးအား နှုတ်ဆက်၍ ခရီးထွက်လာ၏။

ကိုရင်ကြီးသည် စာရေးကြီးပေးလိုက်သော စက္ကူနှင့် ခဲတံ၊ မောင်းချွားတို့ကို ဗဟန်းမှ ဦးပဥ္စင်း ပေးလိုက် သည့် သက်န်းဟောင်းဖြင့်ချုပ်ထားသော လွယ်အိတ်တွင် ထည့်လွယ် လေတော့၏။



ကိုရင်ကြီးသည် တံတားကြီးပေါ်မှကျ၍ သေဆုံး သွားသောလူငါးဦးတို့၏ သဲလွန်စများကို မနေမနားရှာဖွေခဲ့၏။ မြန်မာပြည် အရပ်ရပ်သို့ရောက်ခဲ့၏။ ဆင်းရဲ ပင်ပန်းစွာ စုံစမ်းခဲ့ရ၏။ ကိုရင်ကြီး၏ သင်္ကန်းများမှာ အရောင်များလွင့်၍ အမွှာမွှာဖြစ်လာ၏။ ကိုရင်ကြီး၏ မျက်နှာမှာ နေလောင်သော ဒဏ်ကြောင့် ညစ်ပုပ်ညှိုးမည်း၍ လာလေတော့၏။ ပင်ပန်းစွာ ခရီးသွားရသောကြောင့် ကိုရင်ကြီး၏ခန္ဓာကိုယ်သည် အရိုးပေါ်တွင် အရေဖုံး၍ ကျန်တော့၏။ သို့ရာတွင် ကိုရင်ကြီး သည် ဇွဲကိုမလျှော့၊ ဒဏ်ရာ ရပြီး ထွက်ပြေးပျောက်ကွယ် သွားသော သားကောင်နောက်သို့ တစိုက်မတ်မတ်လိုက်သည့် မုဆိုးပမာ သဲလွန်စတစ်ခုရလျှင် တရမန်းကြမ်းလိုက်လေ တော့၏။

ဤသို့နှင့်ပင် ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းသွား၏။ နှစ်ပေါင်းအတော်ကြာသွား၏။ သို့ရာတွင် ကိုရင်ကြီးသည် မနေမနားကြိုးပမ်းခဲ့ရာ တံတားပေါ်မှကျ၍ သေဆုံးသွားသော လူငါးဦးတို့၏ အတ္ထုပ္ပတ္တိအပြည့်အစုံကို သိရန် အနည်းငယ်သာ ကျန်တော့၏။ ထိုအနည်းငယ်သည် ရှာဖွေစုံစမ်းမှု တစ်ခုလုံး၏ခလုတ်ဖြစ်၏။ အရေးကြီးသော သော့ချက်လည်းဖြစ်၏။ ထိုသော့ချက်ကိုရလျှင် ကိုရင်ကြီး၏ လုပ်ငန်းတာဝန် ပြီးဆုံး ပေပြီ။

ထိုသော့ချက်မှာ လူတစ်ယောက်နှင့်တွေ့ဆုံရန် ဖြစ်၏။ ထိုလူတစ်ယောက်ဆိုသည်မှာ မိမိစည်းစိမ်ဥစ္စာများ အားလုံး၊ မိမိပိုင် ခြံဝန်းကျယ်ကြီးနှင့် ခန့်ညားထည်ဝါသော တိုက်ကြီး၊ အဖိုးတန် မော်တော်ကားကြီးတို့ကိုထားခဲ့၍ ပျောက်ခြင်းမလှ ပျောက်သွားသော ရတနာကုန်သည်

www.burmeseclassic.com



'သူဌေးမကလေး မမိုးတောင်း' ဆိုသူဖြစ်၏။ ယင်းမမိုးကောင်းကိုတွေ့လျှင် ကိုရင်ကြီး၏လုပ်ငန်းတာဝန်သည် အဆုံးသတ်သွားပြီဖြစ်၏။

ကိုရင်ကြီးသည် ကြိုးစား၏။ ထို့ကြောင့် ထူးဆန်းစွာပျောက်ဆုံးသွားသော ကျောက်မျက်ရတနာ သူဌေးမလေးမမိုးတောင်းနှင့် မမျှော်လင့်ဘဲ သွားရှာတွေ့၏။ ထို့ကြောင့်ကိုရင်ကြီး၏အလုပ်သည် အောင်မြင်စွာပြီးဆုံးသွားလေတော့၏။

ထိုအတူ ကျောက်မျက်ရတနာ သူဌေးမကလေးမမိုးတောင်းနှင့်တွေ့လိုက်ခြင်းသည်ပင်လျှင် ကိုရင်ကြီးသိလိုလှသည့် (ဟီး ယား အင် နောင်း) သည်နေရာနှင့်သည်အချိန်ဟူသော ပဟေဠိကြီးသည်လည်း ဖြေဆိုပြီးဖြစ်လေတော့သတည်း။

* * * * * * * * * * *

## ပွဲစားတန်းမှအပြန်

မသက်ရှည်ဆိုသော မိန်းကလေးသည် ယောင်တိယောင်ကန်းဖြင့် ပွဲဈေးတန်းအနီးသို့ ရောက်လာ၏။ ထိုနေ့ညအဖို့ (၁၀) နာရီအထိ လွတ်လပ်ခွင့်ရသောကြောင့် သူမသည်တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်းမရှိသော ပွဲဈေးတန်းသို့အရဲစွန့်၍ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ပွဲဈေးတန်းမှာရှည်လျားလှပေသည်။ ရှည်လျားလှသည့်အပြင် အောင်ဗလမုန့်နှင့် အာပုံရောင်းသူများ၊ ကောက်ညှင်းကျည်တောက်နှင့်ရေမုန့်ရောင်းသူများ၊ ချင်းသုပ် လက်ဖက်ရောင်းသူများ၊ ကလေးကစားစရာရောင်းသူများ၊ သတ္တဝါ အထူးအဆန်းရှုံ့သွင်းပြသူများ၊ မျက်လှည့်ပြသူများ၊ ကလေးများရောလူကြီးများပါ တပျော်တပါးစီးနေသည့် ချားရဟတ်များစသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်။ မသက်ရှည်သည်အချိန်အနည်းငယ်အတွင်း၌ပင် နံ့စပ်အောင် လည်ပတ်ရမည်ဖြစ်ရာ တစ်ခုပြီးတစ်ခု ခပ်သုတ်သုတ်ကြည့်၍ သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းနှစ်လုံးနဲ့နွားကလေး၊ ခေါင်းပေါ်မှာ ခြေထောက်ပေါက်နေတဲ့ ဘဲကလေးတစ်ကောင်၊ မမြင်ဖူးရင် ကြည့်သွားနော်"

ဟု အော်ဟစ်လိုက်သော အသံကြောင့် မသက်ရှည်သည် အသံလာရာဆီသို့လှမ်း၍ကြည့်လိုက်သည်။ ကျုံဖျားများတာရံထားသော ရုံကလေးတစ်ရုံရှေ့မှာ လူတစ်ယောက် အော်ဟစ်နေကြောင်းတွေ့ရလေသည်။ ထိုရုံကလေး၏ အဝင်ဝ၌ပင် ခေါင်းနှစ်လုံးနှင့်နွားပုံကလေး တစ်ပုံကိုလည်းကောင်း၊ ဦးခေါင်းတွင် ခြေထောက်ပေါက်နေသော ဘဲကလေး၏ပုံကိုလည်းကောင်း ပိတ်ပေါ်၌ရေးဆွဲ၍ ချိတ်ထားသည်ကိုတွေ့ရသည်။ မသက်ရှည်သည် ထူးဆန်းသော ထိုသတ္တဝါနှစ်ကောင်အား ဝင်၍ကြည့်လိုလှသည်။ ထို့ကြောင့် သူမ၏ချွေးခံအိတ်အတွင်းမှ ငွေအကြွေကလေးများကို လက်ဖြင့် စမ်းသပ်လိုက်သည်။ ထိုသို့စမ်းသပ်အပြီးတွင်. . .

"အို. . . မကြည့်တော့ပါဘူးလေ၊ ပိုက်ဆံနှမြောဖို့ကောင်းပါတယ်၊ ခေါင်းနှစ်လုံးနဲ့နွားဆိုတာ ဘာများထူးဆန်းမှာလဲ၊ တစ်ခြားနွားတွေက ခေါင်းတစ်လုံးတည်းရှိတယ်၊ သူက နှစ်လုံးရှိတယ်ပေါ့၊ ခေါင်းပေါ်မှာ ခြေထောက်ပေါက်နေတဲ့ ဘဲကလေးဆိုတာလဲ ဒီလိုနေမှာပဲပေါ့၊ တစ်ခြားဘဲတွေက ခေါင်းပေါ်မှာ ခြေထောက်မရှိဘူး၊ သူကခေါင်းပေါ်မှာ ခြေထောက်ရှိတယ်ပေါ့"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်ပြီး ဆက်၍ လျှောက်သွားလေသည်။ မျက်လှည့်ရုံရှေ့သို့ ရောက်သောအခါ၌လည်း သူငယ်လေးတစ်ဦးသည် ဘင်နှင့်လင်ကွင်းကို 'ဒိန်းချမ်းချမ်း. . ဒိန်းချမ်းချမ်း' ဟု ဆူညံစွာတီး၍ နေလေ





သည်။ လူတစ်ယောက်ကမူ ရေနံဆီမီးတုတ်တစ်ခုအား မီးရှို့၍ မီးများကိုပါးစပ်အတွင်းသို့ ထိုးထည့်ကာ စားပြနေလေ၏။ မသက်ရှည်သည် မျက်လှည့်ကိုဝင်၍ ကြည့်ချင်စိတ်များ ပေါ်ပေါက်လာပြန်သည်။

ထို့နောက်. . .

"အို. . . မကြည့်တော့ပါဘူးလေ၊ မီးစားတာ ဘာများဆန်းလို့လဲ၊ ဆေးလိပ်သောက်တဲ့သူတွေဟာ မီးခိုးစားနေကြတာပဲမဟုတ်လား၊ သူကတော့ မီးခိုးမစားဘဲ မီးစားပြနေတယ်ပေါ့"

ဟု ရေရွတ်ရင်း ရှေ့သို့ဆက်၍ လျှောက်သွားလေ၏။ ထိုသို့လျှောက်သွားလေရာ လှည်းတန်းထိပ်သို့ရောက်လေသောအခါ၌ ဇာတ်ရုံကြီးက ပိတ်၍ထားသဖြင့် ဆက်၍ လျှောက်ရန် မဖြစ်နိုင်တော့သဖြင့် လှည်းတန်းလမ်းအတွင်းသို့ ချိုးဝင်လိုက်လေသည်။ ထိုလမ်းအတွင်းသို့ အတော်အတန် လျှောက်၍သွားလျှင် ပွဲဈေးတန်းကဲ့သို့ လူရှုပ်ခြင်းမရှိဘဲ ချောင်ချောင်ချိချိသွားနိုင်သော နေရာသို့ ရောက်လေ၏။ ထိုနေရာသို့ရောက်လျှင် မသက်ရှည်သည် လမ်း၏တစ်ဖက်တစ်ချက်မှ အိမ်များကို ငေးမောကြည့်ရှုရင်း ဆက်၍ လျှောက်သွားရာ အိမ်တစ်အိမ်၌ အောက်ပါဆိုင်းဘုတ် ချိတ်ဆွဲထားသည်ကို တွေ့ရလေတော့၏။

ဆရာကြီး ဦးထွန်းမြတ်
သုံးတန်ပေါ်နှစ် အနုစိတ်ဟောသည်



www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်သည် ထိုစာကိုဖတ်ပြီးနောက် အဓိပ္ပာယ်မပေါက်ဘဲရှိလေသည်။ ထို့ကြောင့် ထိုစာတန်းကို မှတ်မိစေရန်အတွက် ပါးစပ်မှ တတွတ်တွတ်ရွတ်၍ အလွတ်ကျက်မှတ်ခဲ့လေသည်။ ဤသို့နှင့်ပင် သူသည် လှည်းတန်းမှဖြတ်ကာ အိမ်သို့ပြန်ခဲ့လေသည်။ အိမ်သို့ရောက်လျှင် (၁၀) နာရီသံချောင်းခေါက်သံကိုကြားရလေ၏။ ဦးလေးတော်မိမှာ ခြံတံခါးအနီးတွင်ထိုင်၍ လက်ဆွဲဘာချာဆွဲနေလေ၏။ မသက်ရှည်ကို မြင်လျှင်. . .

"မသက်ရှည်လေး ပြန်လာပြီလား၊ ဟိုဟာမတွေ့မရောက်သေးပါဘူးကွယ့်၊ ဘာပဲဖြစ်ဖြစ်လေ ကိုယ်က အစောကြီးပြန်ရောက်လာတော့ ကောင်းတာပေါ့၊ ဒါနဲ့ နေစမ်းပါဦး၊ ပွဲဈေးတန်းမှာ ဘာတွေဝယ်စားခဲ့သလဲ၊ ဘာတွေ တွေ့ခဲ့သလဲ"

ဟု မေးလိုက်လေ၏။

"ပိုက်ဆံနည်းမြောတာနဲ့ ဘာမှမစားခဲ့ပါဘူး ဦးလေးရယ်၊ တွေ့တာကလည်း အစုံပါပဲ၊ ချားစီးနေတဲ့လူတွေလဲ တွေ့ပါတယ်၊ ပြီးတော့ မီးစားပြနေတဲ့ လူတစ်ယောက်လဲ တွေ့တယ်၊ ခေါင်းနှစ်လုံးပါတဲ့ နွားကလေးတဲ့၊ ခေါင်းပေါ်မှာ ခြေထောက်ပေါက်နေတဲ့ ဘဲကလေးတဲ့၊ မုန့်သည်တွေလဲ အများကြီးပါပဲ၊ ကျွန်မလဲ ပွဲဈေးတန်းဆုံးတဲ့အထိ လျှောက်ပြီး လမ်းတစ်လမ်းထဲကို ချိုးလိုက်တယ်၊ အဲဒီလမ်းက လှည်းတန်းလမ်းသို့စာရေးထားတယ်၊ အဲဒီလမ်းထဲမှာ အိမ်တစ်အိမ်က ဆိုင်းဘုတ်ကိုတော့ ကျွန်မနားမလည်ဘူး"

ဟု မသက်ရှည်က ပြောလိုက်သဖြင့် ဦးလေးတော်မိက. . .





"ဘယ်လိုများ ရေးထားလို့လဲ မသက်ရှည်လေးရယ်"

ဟု မေးလိုက်လေ၏။

"ဆရာကြီး ဦးထွန်းမြတ်၊ သုံးတန်ပေါ်နိစ် အနုစိတ်ဟောသည်တဲ့"

ဟု မသက်ရှည်က ပြန်၍ပြောလေ၏။ ထိုအခါ ဦးလေးတော်မိက. . .

"သြော်. . . ဆရာကြီး ဦးထွန်းမြတ်ဆိုင်းဘုတ်ကိုတွေ့ခဲ့တာကိုး ဗေဒင်ဆရာကြီးကွယ့်၊ အလွန့်ကိုမှန်ပြီး အလွန်ကို ကျော်ကြားတဲ့ ဆရာကြီးပါပဲ၊ နတ်သိကြားကိုယ်တိုင် မိုးပေါ်ကဆင်းပြီး ဟောတာလောက်ကိုမှန်ပါတယ်၊ ဗေဒင်ဟောခလဲ တစ်ကျပ်တစ်ပဲ, ပဲယူတာ၊ ပြီးတော့ ဗေဒင်ကြည့်တဲ့လူဆီက နောက်ထပ်လဲ ဘာမှထပ်ပြီးမညှစ်တော့ဘူး၊ သီလသမာဓိနဲ့လဲ အလွန်ပြည့်စုံတဲ့ ဆရာကြီးကွယ့်"

ဟု ဦးလေးတော်မိက ပြောလိုက်လေ၏။ မသက်ရှည်လေးသည် ဦးလေးတော်မိပြောသည်ကို ငေးမော၍ နားထောင်နေလေ၏။ ထို့နောက်မှ. . .

"အဲဒီဆရာကြီးက ရှေ့ကို ဘာတွေဘာတွေဖြစ်မယ်ဆိုတာ ပြောနိုင်တာပေါ့နော်"

ဟု မေးလိုက်လေ၏။

"ဖြေနိုင်တာပေါ့ကွယ်၊ အရင်က ဘာတွေဖြစ်ခဲ့တယ်၊ အခု ဘာတွေဖြစ်နေတယ်၊ နောက်တို့ ဘာတွေဖြစ်ဦးမယ်ဆိုတာ အသေးစိတ်ပြောပြနိုင်တယ်ကွယ့်၊ မသက်ရှည်လေး မေးကြည့်ချင်လို့လား၊ မနက်ကျရင် ဟိုဟာမတွေ့ သားအမိ အလှူတစ်ခုသွားဖို့ရှိတယ်၊ အဲဒီအလှူက အတော်ကလေးရင်းနှီးတဲ့ အလှူကွယ့်၊ ညနေကျမှ ပြန်လာမှာ၊ အဲဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ အဲဒီဆရာကြီးဆီကို မင်းသွားပြီးမေးကြည့်ပေါ့၊ အဲဒီဆရာကြီးက ဘာတွေဟောလိုက်တယ်ဆိုတာလဲ ဦးလေးကို ပြန်ပြီးပြောပါဦး”

ဟု ပြောလိုက်လေ၏။

“ဟုတ်တယ် ဦးလေး၊ ရှေ့မှာ ကျွန်မဘာတွေ ဖြစ်ဦးမယ်ဆိုတာ အားကြီးသိချင်တယ်၊ အန်တီနဲ့မမတို့ အလှူသွားရင် အဲဒီဆရာကြီးဆီကို ကျွန်မသွားမယ်”

ဟု ပြောလိုက်လေ၏။

“အေး . . အေး သွားပေါ့ကွယ်၊ ဦးလေးပိုက်ဆံပေးလိုက်ပါ့မယ်၊ ကဲ. . ကဲ သွားအိပ်ချေတော့”

ဟု ဦးလေးတော်မိက ပြောလိုက်လေ၏။

ထိုအခါ မသက်ရှည်လည်း ၄င်း၏အခန်းဆီသို့ ခပ်သုတ်သုတ်ကလေး ပြေးဝင်သွားပြီးလျှင် အိပ်ရာသို့ ဝင်လေတော့၏။ သို့ရာတွင် တော်တော်နှင့်အိပ်မပျော်သေးဘဲ ရှိရကား လက်ဆွဲဘာဂျာဆွဲရင်း အသံကွဲကြီးဖြင့် ဆိုနေသည့် ဦးလေးတော်မိ၏အသံကို ကြားနေရလေ၏။ မသက်ရှည်သည် မိမိ၏ ယခုအချိန်ထိ ဖြတ်သန်းခဲ့ရသော ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြန်လည်၍ စဉ်းစားနေမိလေတော့၏။

ထိုသို့စဉ်းစားရာတွင် တစ်ကောင်ကြွက်ဟူသော စကားသည် သူမ၏နား၌ မကြာခဏကြားယောင်နေမိလေ၏။ သူမသည် ယခုအခါ တစ်ကောင်ကြွက်ဖြစ်နေ၏။ ထိုသို့ တစ်ကောင်ကြွက်မဖြစ်မီကလည်း သူမနှင့် သူမမိခင်သည် အိပ်ခန်းကျဉ်းကျဉ်းကလေး၌ ညှိုးငယ်စွာနေခဲ့ရ၏။ မဝရေစာကိုစား၍ သူမ၏ဖခင်သည် မည်သည့်အရပ်ဒေသ ဆီသို့ သွားမှန်းမသိ၊ ရက်ပေါင်းများစွာ လပေါင်းများစွာထွက်၍ သွားတတ်၏။ အိပ်သို့ ပြန်လာလျှင်မူ လူမှန်းမသိအောင် မူးရူး၍ ပြန်လာတတ်၏။ ထို့နောက် သူမ၏မိခင်အား အပြစ်မရှိအပြစ်ရှာ၍ ကျွဲရိုက်နွားရိုက် ရိုက်လေ၏။

ထိုအခါမျိုး၌ သူမသည် မိခင်နှင့်အတူရော၍ ငိုကြွေးခဲ့ရ၏။ မိခင်ကိုယ်ပေါ်မှ အရှိုးရာများ၊ ဒဏ်ရာများကို နှနှင်းသိပ်ပေးခဲ့၏။ ကြပ်ထုပ်ထိုးပေးခဲ့ရ၏။ မသက်ရှည်၏ မိခင်၌ ချောင်းဆိုးသွေးပါရောဂါရှိ၏။ မသက်ရှည် (၁၅) နှစ်သမီးတွင် ချောင်းဆိုးသွေးပါရောဂါ၏ နှိပ်စက်ခြင်းနှင့် လင်ဖြစ်သူ၏ ရိုက်နှက်ထားသော ဒဏ်ရာများပါပို၍ သေဆုံးသွားရရှာ၏။

မသက်ရှည်သည် မိခင်၏အလောင်းကိုကြည့်၍ ငိုကြွေးရပ်နေ၏။ မျက်ရည်မကျဘဲ. . .

“အမေတော့ ဝဋ်ကျွတ်သွားပြီ”

ဟု တိုးတိုးညင်ညင်ကလေး ညည်းလိုက်လေ၏။ မိခင်ကြီး ရက်လည်ပြီးသောအခါ၌ ၄င်း၏ဖခင်သည် မသက်ရှည်၏အဝတ်ထည့်ထားသော ဖာကလေးထဲသို့ အဝတ်အစားလေးများထည့်၍. . .

“လာ”

ဟု ဆိုကာ မသက်ရှည်အား ခေါ်သွားလေ၏။

“ဘယ်ကိုသွားမှာလဲ အဖေ”

ဟု မသက်ရှည်က မဝံ့မရဲမေးလိုက်၏။

“နင့်ကို တစ်ယောက်တည်း ဒီမှာထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ငါကလဲ အိမ်ကပ်နိုင်တာမဟုတ်ဘူး၊ ဒီတော့ စိတ်ချရတဲ့ဆီကို ခေါ်သွားမယ်၊ အဲဒီအိမ်မှာ နင်နေရမယ်၊ သူစိမ်းအိမ်တော့ မဟုတ်ဘူး နင့်အဒေါ် တစ်ဝမ်းပဲ ကွဲသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့နှမ တစ်ဝမ်းကွဲ၊ ဒါပေမယ့် သူတို့ဟာ သူစိမ်းထက် ဆိုးကြလိမ့်မယ်၊ မတတ်နိုင်ဘူးလေ. . .

ဟု ဆိုကာ မသက်ရှည်အား မော်လမြိုင်မှ ရန်ကုန်သို့ ခေါ်လာ၏။ ရန်ကုန်သို့ရောက်လျှင် ကန်တော်ကြီးစောင်း အနီးရှိ ခြံဝင်းကျယ်ကြီးနှင့်အိမ်သို့ ခေါ်သွားလေ၏။ ထိုအိမ်မှာ မသက်ရှည်၏ဖခင် ဦးဂျော်နီ၏ နှမတစ်ဝမ်းကွဲ ဒေါ်အစ္စဘယ်လာ၏ အိမ်ဖြစ်၏။ ဒေါ်အစ္စဘယ်လာသည် မသက်ရှည်တို့သားအဖကို မြင်လျှင်မြင်ချင်း. . .

"အိုး. ဂျော် ငါ့နှယ့်နော် ဘယ်ကမြန်မာ သူတောင်းစား သွားအဖတွေလဲလို့ အောက်မေ့နေတာ၊ လက်စသတ်တော့ ဂျော်နီတို့သားအဖဖြစ်နေတာကိုး၊ ဂျော်နီ. . ဒါနင့်သမီး မဟုတ်လား"

ဟု မေးလိုက်၏၊ ထိုအခါ ဦးဂျော်နီက. . .

"အေး. . ဟုတ်တယ်၊ ငါ့သမီးကို နင့်အိမ်မှာ ထားချင်တယ်၊ နင်ကြိုက်သလိုခိုင်းပါ၊ ငါက ဒီလိုမမှာခဲ့လဲ နင်က သေအောင်ခိုင်းမှာပဲ မဟုတ်လား"

ဟု ရယ်သလို မောသလိုနှင့် စိတ်ထဲတွင်ရှိသည့် အတိုင်း ပြောချလိုက်လေ၏။

"နေစမ်းပါဦး၊ နင့်မိန်းမက သဘောတူရဲ့လား"

ဟု ဒေါ်အစ္စဘယ်လာက မေးလိုက်လေ၏။

"ငါ့မိန်းမသေပြီ၊ မနေ့ကပဲ ရက်လည်တယ်၊ အဲဒါကြောင့် ငါ့သမီးလေးမှာ အားကိုးစရာမရှိလို့ နင့်ဆီလာပို့တာပဲ"

ဟု ဦးဂျော်နီက ပြောလိုက်လေ၏။

"ဒါနဲ့နေစမ်းပါဦး၊ နင့်သမီးလေးနာမည်က ဘယ်သူ တဲ့တုန်း"



ဟု မေးလိုက်၏။

"သက်ရှည်လို့ခေါ်တယ်၊ သူ့အမေ အသက်တိုပေမယ့် သူ့ကိုတော့ အသက်ရှည်စေချင်တယ်ဟေ့"

ဟု ဦးဂျော်နီက ပြောလိုက်၏။

"နင့်သမီးနာမည်ကလဲ မြန်မာဆန်လှချည်လား"

ဟု ဒေါ်အစ္စဘယ်လာက မကျေမနပ်လေသံဖြင့် ပြောလိုက်လေ၏။

"မြန်မာပဲဟဲ့၊ မြန်မာဆန်ရမှာပေါ့၊ ငါ့နာမည်ကို ဂျော်နီလို့ပေးခဲ့တဲ့ ငါ့အဖေကို ငါဟာ အမြဲပဲမကျေမနပ်ဖြစ်နေတယ်၊ ငါ့ရုပ်က မြန်မာရုပ်၊ နာမည်က ဂျော်နီ"

ဟု ဦးဂျော်နီက ပြောလိုက်လေ၏။

ထိုအခါ ဒေါ်အစ္စဘယ်လာက. . .

"နင့်သမီး အလုပ်အကိုင်တော်ရဲ့လား"

ဟု မေးလိုက်လေ၏။

"အိမ်မှာတော့ သူပဲလုပ်ရတာပဲ၊ ဒါပေမယ့် တို့အိမ်ဆိုတာကလဲ မည်မည်ရရ ဘာများလုပ်စရာရှိလို့တုန်း၊ နင်တို့လို အိမ်ကြီးအိမ်ကောင်းမှ မဟုတ်ဘဲဟာယ်၊ မတတ်တာရှိရင်လဲ သင်ပြပေါ့၊ ကဲ. . ငါသွားမယ်"

ဟု ဦးဂျော်နီက ပြောလိုက်လေ၏။ ထို့နောက် ဦးဂျော်နီသည် မသက်ရှည်အား စိတ်မချမ်းမြေ့သော အကြည့်မျိုးဖြင့် လှမ်း၍ကြည့်လိုက်ပြီးလျှင်. . .

"အဖေသွားမယ်၊ ဝဋ်ရှိသရွေ့တော့ ခံလိုက်ဦးပေါ့၊ တို့မိသားစုဟာ လူမဟုတ်ဘူး၊ ဝဋ်ကောင်တွေ၊ နင့်အမေကတော့ ဝဋ်ကျွတ်သွားပြီ၊ ငါရိုက်နှက်ထားတဲ့ ဒဏ်ရာတွေရော သူ့ရောဂါက နှိပ်စက်သွားတာပဲ၊ သနားစရာကောင်းတဲ့မိန်းမ၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ ကဲ. . ကဲ. . အဖေသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ မသက်ရှည်သည် ၎င်း၏ဖခင်အား ထိုင်၍ကန်တော့ရှာ၏။ ဦးကျော်နီထွက်သွားပြီး သူခြံဝသို့ မရောက်မီ၌ပင် ဒေါ်အစ္စဘယ်လာ၏ တစ်ဦးတည်းသောသမီး မာဂရက် ရောက်ရှိလာ၏။ မာဂရက်မှာ မသက်ရှည်ထက် နှစ်နှစ်ခန့်ကြီး၏။ အရွယ်နှင့်မလိုက်အောင် ထွားကြိုင်း၏၊ ကိုယ်လုံးတုတ်၏။ ခါးပိုင်းက ပို၍တုတ်၏။ ခေါင်းသေး၏၊ သို့သော် နှာခေါင်းကြီး၏။ လည်ပင်းတုတ်၏၊ တို၏၊ သို့သော် အသံတိုး၏။ မာဂရက်သည် မသက်ရှည်အားမြင်လျှင် ၎င်း၏မိခင် ဒေါ်အစ္စဘယ်လာအား. . .

"မာမိ. . သူဘယ်သူတုန်း"

ဟု မေးလိုက်လေ၏။

"ဦးကျော်နီလာပို့ထားတာ၊ သူ့သမီးတဲ့၊ တို့အိမ်မှာခိုင်းဖို့ သူနာမည် မသက်ရှည်တဲ့"

ဟု ဒေါ်အစ္စဘယ်လာက ပြောလိုက်သည့်တစ်ခဏ၌ မာဂရက်အသံက ကြောင်စီစီလေးဖြင့်. . .

"လာခဲ့. . ."

ဟုဆိုကာ မသက်ရှည်အား ခေါ်သွားလေ၏။ မသက်ရှည်သည် သူ၏ထန်းခေါက်ဖာကလေးကိုပိုက်၍ လိုက်သွားရလေ၏။ ထိုအိမ်ကြီး၏ အနောက်ဘက်တွင်ရှိသော ပစ္စည်းအဟောင်းအမြင်းများထားသည့် အခန်းဆီသို့ ရောက်လျှင် မသက်ရှည်အား ရှင်းခိုင်း၏။ ထို့နောက် ဖျာစုတ်ကလေးတစ်ချပ်ကို ပေးလိုက်ပြီးလျှင်. . .

"နင် အဲဒီမှာအိပ်ရမယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် မာဂရက်က. . .

"လာခဲ့ဦး"



ဟုဆိုကာ အိမ်သာသို့ခေါ်သွား၏။ အိမ်သာကို တိုက်ရန် ဘရပ်ချ်နှင့် အိမ်သာတွင်သုံးသော ရေခွက်ကိုပြ၍ 'တစ်နေ့နှစ်ခါ တိုက်ရမယ်' ဟု ဆိုလေ၏။ ထို့နောက် ၎င်း၏ဖိနပ်များထားရာ စင်သို့ခေါ်သွားပြန်၍ ဖိနပ်များနှင့် ဖိနပ်တိုက်သော ဘရပ်ချ်ကိုပြကာ. . .

"ဒီဖိနပ်တွေလဲ ဖုန်မတက်ရအောင် တိုက်ရမယ်"

ဟု ပြောပြန်၏။ ပြီးလျှင် ထမင်းစားခန်းသို့ ခေါ်သွား၏။

"စားပြီးသား ပန်းကန်တွေ ဟောဒီ ရေဘုံဘိုင်မှာ ဆေးရမယ်"

ဟု ပြောပြန်၏။ ထို့နောက် ၎င်း၏အခန်းသို့ ခေါ်သွား၍ အဝတ်ဟောင်းထည့်သော ခြင်းကိုပြကာ. . .

"ဒီခြင်းထဲမှာ ငါ့အဝတ်အစားအဟောင်းတွေ ထည့်ထားမယ်၊ အဲဒါတွေကို လျှော်ရမယ်"

ဟု ပြောပြန်၏။ မာဂရက်သည် မြောက်မြားစွာသော အလုပ်များကို လျှောက်ပြလေ၏။ မသက်ရှည်သည် လိုက်လံ၍ မှတ်သားနေရ၏။ ထိုနေ့မှစ၍ မသက်ရှည်သည် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်ပေါင်းတစ်စည်းတည်း ကျခံရသော အကျဉ်းသားကဲ့သို့ ဒေါ်အစ္စဘယ်လာတို့အိမ်၌ စိတ်ရောကိုယ်ပါ ဆင်းရဲခြင်းကြီးစွာဖြင့် နေထိုင်ရလေတော့၏။ ဒေါ်အစ္စဘယ်လာကြီးသည် မသက်ရှည်အား စကားချိုချိုသာသာပြော၍ ရက်ရက်စက်စက် ခိုင်းလေ့ရှိ၏။ ၎င်း၏သမီး မာဂရက်မှာမူ ရိုင်းရိုင်းစိုင်းစိုင်းပြော၍ ရက်ရက်စက်စက် ခိုင်း၏။ ဤအိမ်ကြီးသို့ လာရောက်ကြကုန်သော ယောကျ်ား မိန်းမ ဧည့်သည်များသည် ကြုံသလို မသက်ရှည်အား ခိုင်းစေကြလေ၏။

 www.burmeseclassic.com

မသက်ရှည်အဖို့ ဤအိမ်ကြီးသို့ ရောက်လာကတည်းက ရက်ရက်စက်စက် မခိုင်းသူဟူ၍ တစ်ဦးသာရှိ၏။ ထိုတစ်ဦးမှာ ဒေါ်အစ္စဘယ်လာ၏ ယောကျ်ား ဦးလေးတော်မိဖြစ်၏။ ဦးလေးတော်မိသည် မသက်ရှည်အား သနား၏။ မသက်ရှည်အား ညှာတာ၏။ သားချင်း သမီးချင်း စာနာ၏။ သို့ရာတွင် ဦးလေးတော်မိကိုယ်တိုင် အိမ်ကြီး၌ ဩဇာရှိသူမဟုတ်။ သူသည် မကြာခဏ ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့၏ အော်ငေါက်ခြင်းကို ခံနေရ၏။ ထိုအဖြစ်အပျက်များကို မသက်ရှည်က ပြန်လည်၍ စဉ်းစားရင်း သက်ပြင်းရှည်ကြီးကို ချလိုက်၏။ ထို့နောက် ခြံဝတွင် လက်ဆွဲဘာဂျာဖြင့် သီချင်းဆိုနေသော ဦးလေးတော်မိ၏ အသံဆီသို့ စိတ်အာရုံရောက်သွားလေ၏။ ဦးလေးတော်မိသည် ခမ်းနားသော ယိုးဒယားသီချင်းကြီးတစ်ပုဒ်ကို အသံကွဲကြီးဖြင့် ဆွေးဆွေးမြွေမြွေ သီဆိုနေလေ၏။

မသက်ရှည်လည်း မကြာမီ အိပ်မောကျ၍ သွားရှာလေတော့၏။

* * * * * * * * * * * *



ဆရာကြီး ဦးထွန်းမြတ်နှင့်တွေ့ဆုံခြင်း

မသက်ရှည်သည် အိပ်မောကျ၍ သွားလေ၏။ နိုးစက်မြည်သောအခါ၌ ကပျာကယာထလိုက်လေ၏။ ငါးနာရီပင်ရှိသေးသောကြောင့် အရုဏ်မတက်သေးပေ။ သို့ရာတွင် နေ့စဉ်ဤအချိန်၌ ထရမြဲဖြစ်၏။ ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့သောက်ရန် ကော်ဖီနှပ်ရလေ၏။ ထိုသားအမိ သန့်ပြန့်စွာအိမ်သာတက်နိုင်ရန်အတွက် အိမ်သာကြွေအိုးများ တိုက်ရလေ၏။

တစ်အိမ်လုံး ဖုန်သုတ်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ပြုရလေ၏။ ပေါင်မုန့်များကို မီးမကျွမ်းစေရန် သတိထား၍ မီးကင်ရလေ၏။ ထို့နောက် စားပွဲပေါ်တွင် အဆင်သင့်ပြင်ဆင်ပေးလေ၏။

ဒေါ်အစ္စဘယ်လာတို့သားအမိသည် အိပ်ရာမှ ထကြ၏။ ညဝတ်အင်္ကျီရှည် ဖိုသီဖတ်သီများဖြင့် အိမ်သာသို့ တက်ကြ၏။ ကြွေခွက်များ၌ မျက်နှာသစ်ကြလေ၏။ ပြီးလျှင် စားပွဲထိုင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုနောက် မှန်တင်ခုံရှေ့များဆီသို့ သွားရောက်ကာ အလှပြင်ကြလေ၏။ ထိုနှစ်ယောက်၏ အလှပြင်မှုတွင် မသက်ရှည်ကလေးသည် ယက်ကန်းလွန်းပမာ ကူးလိုက် သန်းလိုက် ကူညီပေးနေရလေ၏။

"ဟဲ့.. မသက်ရှည်၊ ငါ့ခြေသည်းတစ်ခြမ်း ပွဲ့နေတယ်၊ လာပြီး ညှပ်ပေးစမ်း"

ဟူ၍ ဒေါ်အစ္စဘယ်လာကခေါ်၍ မသက်ရှည်ကလေးသည် ခြေသည်းညှပ်ပေးရန် သွားမည်အလုပ်၌ မာဂရက်က. . .

"ဟဲ့. . . သက်ရှည်၊ ငါ့ ဘော့တစ်အင်္ကျီကြိုး ချောင်နေတယ်၊ အမြန်ဆုံး ထုတ်လိုက်စမ်း"

ဟု ဆိုသဖြင့် မသက်ရှည်သည် မာဂရက်ထံသို့ အမြန်ဆုံးပြေးသွားရလေ၏။ ထိုအခါ ဒေါ်အစ္စဘယ်လာက.

"သက်ရှည်. . . ငါခေါ်နေတာ မကြားဘူးလား၊ ငါ့ခြေသည်းတစ်ခြမ်း ပွဲ့နေပါတယ်လို့ ဒီလောက် အော်ပြောနေတာ မကြားဘူးလား"

ဟု အော်လိုက်သဖြင့် မသက်ရှည်ကလေးသည်. . .

"မာမီကြီး. . . လာပါပြီ၊ မမက ခိုင်းထားလို့ပါ"

ဆိုကာ ဒေါ်အစ္စဘယ်လာထံသို့ ပြေးလာလေ၏။ ထိုအချိန်၌မှာပင် မာဂရက်က. . .

"ဟဲ့. . . သက်ရှည်၊ ငါလုပ်ခိုင်းတာ ခုထက်ထိ မလုပ်သေးဘူးလား၊ ငါက ရင်ဘတ်ဟောင်းလောင်းကြီးနဲ့ ဘယ်နှစ်နာရီကြာအောင် နေရမှာလဲ"

ဟု အော်ပြန်လေ၏။ မသက်ရှည်ကလေးသည် ဒေါ်အစ္စဘယ်လာတို့သားအမိကြားထဲတွင် တောင်ကူး မြောက်ပြေး ရွာဆော်ကြီးခွေးကဲ့သို့ ဖြစ်၍နေရရှာလေ၏။

ဒေါ်အစ္စဘယ်လာတို့သားအမိသည် နှစ်နာရီခန့် ကြိုးစား၍ အလှပြင်ပြီးနောက် ၎င်းတို့၏မိတ်ဆွေ ဒေါ်လ်ဆင် ဆိုသူ ဘိုမကျ၊ ကုလားမကျ လူတစ်ယောက်ရောက်လာပြီးလျှင် ၎င်းတို့သားအမိအား 'ဖွတ်' ကားဟု အများသူငါ ခေါ်ကြသည့် ဖို့ဒ်ကမ္ပဏီမှထုတ်သော အစိမ်းရင့်ရောင် ကားကလေးဖြင့် ၎င်းတို့သားအမိအား ခေါ်သွားလေတော့၏။

၎င်းတို့သားအမိထွက်သွားချိန်၌ မသက်ရှည်သည် တိုင်ကပ်နာရီကြီးကို လှမ်း၍ကြည့်လိုက်ရာ ရှစ်နာရီတိတိ ထိုးနေသည်ကို တွေ့ရလေတော့၏။ ထိုအချိန်၌မှာပင်. . .

"ကဲ. . . မသက်ရှည်၊ ဟိုဟာမနှစ်ယောက်တော့ သွားကြပြီမဟုတ်လား၊ ရော့. . ငွေသုံးကျပ်၊ လှည်းတန်းက ဆရာကြီး ဦးထွန်းမြတ်ဆီကို သွားမေးဆို"

ဟု ဦးလေးတော်မီက မသက်ရှည်၏နောက်မှ ရောက်လာပြီး ပြောလိုက်သဖြင့် မသက်ရှည်သည် နောက်သို့ လှည့်ကြည့်ပြီး. . .

"ကျွန်မလဲ အဲဒါပဲ စဉ်းစားနေတာ"

ဟုပြော၍ ဦးလေးတော်မီထံမှ ငွေသုံးကျပ်ကိုယူ၍ ယမန်နေ့ညက ၎င်းတွေ့ခဲ့သည်ဆိုသော 'သုံးတန်ပေါ်နိစ် အနုစိတ်ဟောသည်' ဆိုသည့် ဆရာကြီး ဦးထွန်းမြတ်အိမ်သို့ သွားရောက်ခဲ့လေ၏။ ထိုအိမ်ပေါ်သို့ရောက်လျှင် မသက်ရှည်သည် ဖိနပ်ချွတ်၌ ဖိနပ်ကို ကောင်းစွာချွတ်ပြီး ရိုသေသော အမူအရာဖြင့် အိမ်ပေါ်သို့တက်သွားပြီးလျှင်. . .

"ကျွန်မဗေဒင်မေးချင်လို့ပါရှင်"

ဟု ရိုသေစွာပြောလိုက်ရာ ခေါင်းရင်းဘက်တွင် ပိတ်ဖျာစင်ကြယ်နှင့် ထိုင်နေသော ဆရာကြီး ဦးထွန်းမြတ် ဆိုသူက. . .



www.burmeseclassic.com

www.burmeseclassic.com

"လာလာ. . ကလေးမ၊ စားပွဲရှေ့ကိုလာခဲ့"

ဟု ခေါ်လိုက်ရာ မသက်ရှည်သည် ဆရာကြီး၏ စားပွဲရှေ့ လက်ဝဲဘက် ခပ်ကျကျနေရာတွင် ဝင်၍ထိုင်ပြီးနောက် ဆရာကြီး၏ နောက်ဘက်တွင်ရှိသော ဘုရားစင်ကို ရှိခိုးဦးချလေ၏။ ပြီးလျှင် ဆရာကြီးအား ရှိခိုးဦးချလေ၏၊ ထို့နောက် ၎င်းဦးပါလာသော ပိုက်ဆံသုံးကျပ်ကို ဆရာကြီး၏ စားပွဲပေါ်သို့ လက်နှစ်ဖက်ဖြင့် ရိုသေစွာတင်လိုက်ရာ ဆရာကြီးက. . .

"တစ်ကျပ် တစ်ပဲ့, ပဲ တင်ရတယ် ကလေးမရဲ့"

ဟု ဆိုလိုက်သဖြင့် ငွေနှစ်ကျပ်ကို ပြန်ယူပြီးနောက် အကြွေတစ်ပဲကို တင်လိုက်လေ၏။ ထိုအခါ ဆရာကြီးသည် ထိုအကြွေ တစ်ပဲကိုယူ၍ ၎င်း၏နံဘေးတွင်ရှိသော ဝါးကျည်တောက်အတွင်းသို့ ထည့်လိုက်လေ၏။ ထို့နောက် ကျောက်သင်ပုန်းနှင့် ကျောက်တံကို အဆင်သင့်ပြုလုပ်၍. . .

"ကလေးမနာမည် ဘယ်နှယ့်ခေါ်သတုန်း"

ဟု မေးလိုက်ရာ. . . .

"မသက်ရှည်လို့ ခေါ်ပါတယ် ဆရာကြီး"

ဟု မသက်ရှည်က ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ဆရာကြီးက. . .

"မင်းသိပ်ပြီးတော်တယ် မိန်းကလေး၊ တချို့မိန်းကလေးတွေက နာမည်ကိုမေးရင်တောင် ကောင်းကောင်းမဖြေတတ်ဘူး၊ ဥပမာကွယ်. . မခင်စန်းရီဆိုတဲ့ မိန်းကလေး တစ်ယောက်ဟာ ဆရာက နာမည်ဘယ်လိုခေါ်သလဲလို့ မေးလိုက်ရင် ရှေ့က မ, ကိုဖြုတ်ပြီး ခင်စန်းရီလို့ ဖြေတတ်ကြတယ်၊ မ, တို့ မောင်, တို့ကိုဖြုတ်ပြီး အဖြေပေးရင် ဆရာတို့အနေနဲ့က



လိုင်ခွဲခြားပြီးမပြောတဲ့အတွက် အနိဋ္ဌမျိုး မကောင်း သောသဘောကိုဦးစားပေးပြီး ဟောရတယ်ကွဲ့၊ အခုတော့ မင်းက မ, ကိုထည့်ပြီး 'ကျွန်မနာမည် မသက်ရှည်ပါ' လို့ ပြည့်ပြည့်စုံစုံ ဖြေတဲ့အတွက် ကောင်းသောသဘောကို ဆောင်ပြီး ဟောရမယ်၊ မင်းအနေနဲ့ အသက်လဲရှည်လိမ့်မယ်၊ နေပုံထိုင်ပုံလဲ ဌာန်ကရိုဏ်းကျတယ်၊ ပြောပုံဆိုပုံလဲ ဂရု လဟု မှန်တယ်၊ ဥပဓိရုပ်လဲ သန့်တယ်၊ ရတနာသုံးပါးကိုလဲ ကိုင်းရှိုင်းတယ်၊ တစ်ခုပဲ မေးဖို့ကျန်တော့တယ်၊ မသက်ရှည် အမဲသားစားပါသလား"

ဟု ဆရာကြီး ဦးထွန်းမြတ်ဆိုသူက မေးလိုက်ရာ မသက်ရှည်က. . .

"အမဲသား မစားပါဘူး ဆရာကြီး"

ဟု ဖြေလိုက်လေ၏။ ထိုအခါ ဆရာကြီးက. . .

"သာဓုကွယ်. . သာဓု. . သာဓု၊ မင်း ဆရာ့ကိုပူဇော်တဲ့ ငွေတစ်ကျပ်တစ်မဲထဲက ငွေတစ်ပဲကို ဘူးတောင်းထဲ ထည့်လိုက်တာ မြင်ရဲ့မဟုတ်လား"

ဟု မေးလိုက်ရာ မသက်ရှည်က. . .

"မြင်ပါတယ် ဆရာကြီး"

ဟု ဖြေလိုက်လေ၏။

"အေး. . . လာကြည့်တဲ့ လူတွေဆီက ငွေတစ်ပဲ တစ်ပဲကို ဘူးတောင်းကလေးနဲ့စုထားပြီး နှစ်ဆန်းတစ်ရက်နေ့တိုင်း နွားဝယ်ပြီး ဘေးမဲ့လွှတ်တယ်ကွယ့်၊ ဆရာကြီးတို့ပညာက အမဲသားမစားရဘူး၊ နွားကို တစ်နှစ်တစ်ခါ ဘေးမဲ့လွှတ်ရတယ်၊ အဲဒီ ဇီဝိတဒါန ကုသိုလ်ထဲမှာ မသက်ရှည်ရဲ့ ကောင်းမှုလဲ ပါသွားပြီ၊ ကဲ. . မွေးသက္ကရာဇ်၊ ခု-လ-ရက် အပြည့်အစုံ ပြောပေတော့"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလိုက်ရာ မသက်ရှည်က. . .

"၁၂၇၄ ခု၊ ပြာသိုလဆုတ် ၅ ရက်၊ သောကြာနေ့ပါ ဆရာကြီး၊ နံနက် ခြောက်နာရီခွဲမှာ မွေးပါတယ်ဆရာကြီး"

ဟု ဖြေလိုက်ရာ ဆရာကြီးက. . .

"ပြာသိုလဆုတ်လို့ မပြောရဘူးကွယ့်၊ ပြာသိုလပြည့်ကျော်လို့ ပြောရတယ်၊ ဆုတ်တယ်ဆိုတာရယ် ပြည့်ပြီးကျော်တာရယ် ဘယ်ဟာကောင်းသလဲ ကလေးမရဲ့"

ဟု မေးလိုက်ရာ မသက်ရှည်က. . .

"ပြည့်ပြီးကျော်တာ ကောင်းပါတယ် ဆရာကြီး"

ဟု မသက်ရှည်က ပြန်၍ဖြေလိုက်လေ၏။

"အေး. . . နောက်နောင်ကို မွေးသက္ကရာဇ်ကို ပြောတဲ့အခါမှာ လ, ကိုပြောရင် လပြည့်ကျော်ကိုပြောရမယ်၊ မှတ်ထားကွယ့်၊ ကလေးမဟာ အတော့်ကိုကံဆိုးနေတာပဲ၊ မိခင် ဖခင်လဲမရှိရှာဘူး၊ မိခင်ကတော့ ဆုံးရှာပြီပဲ၊ ဖခင်ကတော့ ရပ်ဝေးရောက်နေတယ်၊ အခု ကိုယ့်အိုးကိုယ့်အိမ်ကထွက်ပြီး သူတစ်ပါးဆီရောက်နေတဲ့ကိန်းပဲ၊ အတော့်ကိုဆိုးရွားနေတဲ့နေရာကို ရောက်နေတာပဲ၊ အိပ်ရတာတောင်မီးဖိုနားမှာ အိပ်ရရှာတာပဲ၊ မင်း အခုရောက်နေတဲ့အိမ်ကလဲ မိန်းမကြီးစိုးတဲ့အိမ်ပဲ၊ အိမ်နားမှာ ရေကန်ရှိတယ်မဟုတ်လား၊ သူများအိမ်ပဲ၊ အိမ်ရှင်ဟာ ကိုးရိုးကားရားနိုင်တဲ့ လူစားမျိုးတွေ၊ ဒါမှမဟုတ် ကပြားတွေဖြစ်ရမယ်၊ အခုအခါမှာတော့ မိန်းကလေးဟာ အတော့်ကိုဆင်းရဲနွမ်းပါးပြီး အားငယ်နေရှာတယ်၊ ဘာမှမပူနဲ့ဟေ့၊ နောက်ဆုံးတစ်နေ့မှာ မင်းချမ်းသာလိမ့်မယ်၊ အိမ်ထောင်ကလဲ စိတ်တိုင်းကျ အိမ်ထောင်ဖက်ဖြစ်လိမ့်မယ်၊ အိမ်ထောင်ပြုတဲ့အခါ တနင်္ဂနွေသား စနေသား



မဖြစ်ဖို့ဘဲ အရေးကြီးတယ်၊ ဒါလဲ မဖြစ်နိုင်ပါဘူး၊ မင်းရတဲ့အိမ်ထောင်ရှင်ဟာ အသားညိုညိုကွ၊ ညီအစ်ကိုမောင်နှမများတယ်၊ မင်းတို့နှစ်ယောက် ပေါင်းတဲ့အခါမှာတော့ ကျိုကျိုတက်ချမ်းသာလိမ့်မယ်. . .

"ဒါပေမယ့် အိမ်ထောင်ကျရင်တော့ မင်္ဂလာမဆောင်ဘဲ အိမ်ထောင်ပြုရလိမ့်မယ်၊ ချမ်းသာဖို့ရက်ဟာနီးပြီကွယ့်၊ တစ်ခုပဲ မင်းကိုမှာချင်တယ်၊ မင်းဟာ မိန်းမသိဟတာဟုပဲ၊ ဖခင်ကို စိတ်ထဲကငြိုငြင်နေတယ်၊ အဲဒီတော့ ဘုရားရှေ့က ခြသေ့်ကိုသွားပြီး မီးတိုင် (၈) တိုင်ထွန်းပေတော့၊ အသင်ခြသေ့်မင်းအား မီး (၈) တိုင်လှူပါသည်။ ကံဇာတာအည့်များလွတ်ပါစေလို့ ဆုတောင်းကွယ့်၊ အေး. . အေး. . ဒီလောက်ဆို ပြည့်စုံပါပြီကွယ်"

ဟု ပြောလိုက်ရာ မသက်ရှည်သည် ထိုဆရာကြီးအား ဦးချကန်တော့လေ၏။ ထိုအချိန်၌မှာပင် အသက် (၂၀) ကျော်အရွယ်ခန့်ရှိ၊ အသားညိုညို၊ မျက်လုံးပြူးပြူး၊ ဆံပင်ကိုအကျအနဖြီးထားသော လူငယ်တစ်ဦးတက်လာလေ၏။ ထိုလူငယ်နှင့်ဆရာကြီးသည် ယခင်ကပင် ရင်းနှီးသိကျွမ်းဖူးသူများ ဖြစ်ဟန်တူ၏။ ထို့ကြောင့် ဆရာကြီးက ထိုလူငယ်အား. . .

"ဟေ့. . မောင်စိန်၊ ဗေဒင်မေးမလို့ လာတာလား၊ ထိုင်လေကွာ"

ဟု ဆိုလိုက်သဖြင့် ထိုလူငယ်လည်း ဆရာကြီး၏ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်၍ ဆရာကြီးအား ကန်တော့လေ၏။

ဆရာကြီးသည် ထိုလူငယ်၏မွေးသက္ကရာဇ်ကို အလွတ်ရထားဟန်တူ၏။ ထို့ကြောင့် မေးမျှပင်မမေးဘဲ

www.burmeseclassic.com

www.burmeseclassic.com

ကျောက်သင်ပုန်းပေါ်တွင် တဒေါက်ဒေါက်ဖြင့် တွက်ချက်ပြီးနောက်. . .

"အလို. . . မောင်စိန်၊ ငါဆီလာတာ မိန်းမခိုးဖို့ သင့်မသင့်မေးဖို့လာတာကိုး"

ဟု ပြောလိုက်ရာ ထိုမောင်စိန်ဆိုသော လူငယ်က. .

"မှန်ပါတယ် ဆရာကြီး"

ဟု မဝံ့မရဲနှင့် ဖြေလိုက်ရာ ဆရာကြီးက. . .

"မင်းခိုးမယ့်မိန်းမကလဲ ဘယ့်နှယ့်ဟာတုန်းကွယ်၊ အဲဒီအိမ်မှာကလဲ ယောကျ်ားဆိုလို့ တစ်ယောက်မှမရှိဘဲ၊ မိန်းမတွေချည်းပါပဲလား၊ ပြီးတော့လဲ နေတဲ့အိမ်က ဘုန်းကြီးကျောင်းနဲ့နီးလှချည်လား"

ဟု ပြောလိုက်ရာ မောင်စိန်ဆိုသော သူငယ်က. . .

"မှန်ပါတယ် ဆရာကြီး၊ အဲဒီအိမ်မှာ ယောကျ်ားဆိုလို့ မရှိပါဘူး၊ မိန်းမတွေချည်းပါပဲ၊ နေတာကလဲ ဘုန်းကြီးကျောင်းအနီးမှာပါ"

ဟု ပြောလိုက်ရာ ဆရာကြီးက. . .

"အေး. . အေး ခိုးယူသင့်မြတ်ဖို့ရှိတယ်၊ ခိုးပေတော့"

ဟု ပြောဆိုလိုက်လေ၏။

မသက်ရှည်သည် ထိုဆရာကြီး ဦးထွန်းမြတ်ဆိုသူ၏ ဗေဒင်ဟောပြောပုံ မှန်ကန်ပုံကို အံ့ဩ၍ပြန်ခဲ့လေ၏။

မောင်စိန်ဆိုသော သူငယ်မှာမူ ထိုဆရာကြီးနှင့် အခြားသောစကားများပြောရင်း ထိုအိမ်ပေါ်၌ ကျန်ခဲ့လေ၏။

ဆရာကြီး ဦးထွန်းမြတ်ဆိုသူမှာ လွန်စွာမှ သီလသမာဓိနှင့်ပြည့်စုံပြီး၊ လွန်စွာမှလည်း မှန်ကန်သည်ဟု ကျော်ကြားလှသည့် ဗေဒင်ဆရာကြီးတစ်ဦးဖြစ်ပါသည်။





ထိုဆရာကြီးအား အပြင်လူများမဆိုထားဘိ၊ ဗေဒင်ဆရာအတော်များများ တွေ့မြင်ဖူးခြင်းမရှိရကား ပညာရှင်ဆရာကြီးအား မြင်တွေ့ဖူးစေလိုသော စေတနာဖြင့် ဖော်ပြလိုက်ပါသည်။ ထိုဆရာကြီးက မသက်ရှည်အား ဟောပြောလိုက်သော ဗေဒင်နည်းမှာ ဆန်းဗေဒင်နည်းဖြစ်သည်ဟု အဆိုရှိပါသည်။ ဆရာကြီး၏ တွက်ချက်ပုံနှင့် ဟောပြောပုံ အယူအဆကို ကျွန်ုပ်အနေနှင့် ဉာဏ်မမီပါ။ သို့ရာတွင် ထိုပညာရပ်ကို လိုက်စားခါစ ဆန်းပညာသင်စ, သူတို့ သဲလွန်စ ရစိမ့်သောငှာ တိုင်ထူပုံ၊ ခွင်လွှဲပုံ၊ ဆန်းကိုက်, မကိုက် ညှိပုံတို့ကို ရှာဖွေစုဆောင်း၍ တင်ပြလိုက်ပါသည်။ သို့ရာတွင် ဆရာကြီး ကောက်ယူပုံ၊ စဉ်းစားပုံနှင့် တစ်ထေရာတည်းဖြစ်မည်ဟု ကျွန်ုပ်မဆိုလိုပါ၊ ကျွန်ုပ်အနေနှင့်လည်း ဆရာကြီး၏ စဉ်းစားပုံကို မီအောင်စဉ်းစားနိုင်သည်ဟု မယူဆပါ။ ဆန်းပညာ လိုက်စားခါစလူတို့ သဲလွန်စရစေခြင်းအလို့ငှာ ရည်ရွယ်ပါသည်။ ပညာရှင်တို့ ပိုလျှင်ဖြုတ်၍ လိုလျှင်ဖြည့်စွက်နိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်. . . .

၁၂၇၄ ခု၊ ပြာသိုလပြည့်ကျော် (၅) ရက်၊ သောကြာနေ့၊ နံနက် (၆) နာရီ (၃၀) မိနစ်။

| | | |
|---|---|---|
| | ၉ | |
| ၆ | ၂ | ၅ |
| ၃ | ၇ | ၁ |

၆

| | |
|---|---|
| ၅ | ၉ |
| ၃ | ၂ |
| ၁ | ၇ |

| | | |
|---|---|---|
| ၆ | ၃၉ | ၇ |
| ၂ | ၂၃ | ၃ |
| ၅ | ၁၂ | ၆ |
| ၁ | ၇၁ | ၂ |
| ၉ | ၆၇ | ၅ |
| ၇ | ၅၆ | ၁ |
| ၃ | ၉၅ | ၉ |





မသက်ရှည် ထိုင်သောနေရာမှာ ဆရာကြီး၏ လက်ဝဲဘက် ခပ်ကျကျနေရာတွင် ထိုင်သောကြောင့် ကရိုဏ်း မှန်၏။ ထိုင်နည်း (၅) မျိုးတွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်သည် ဆိုသောကြောင့် ကောင်းသောထိုင်နည်းဖြစ်၏။ အနေရော အထိုင်ပါ မှန်သည်ဟုဆိုလိုသည်။

ဆရာကြီးက 'နာမည်ဘယ့်နှယ့်ခေါ်သတုန်း' ဟု မေးရာတွင် မသက်ရှည်က 'သက်ရှည်' ဟု တုံးတိတိမဖြေဘဲ 'ကျွန်မနာမည် မသက်ရှည်ပါ' ဟု နာမည်ရှေ့တွင် (မ) ကို တပ်၍ ကောင်းစွာဖြေဆိုခြင်းကြောင့် ဆရာကြီးသည် 'ဣဋ္ဌ' မျိုးဟု ယူဆ၏။ အကယ်၍များ (မ) ကို မထည့်ဘဲ 'သက်ရှည်' ဟု တုံးတိတိဖြေဆိုခဲ့ပါမူ ဆရာကြီးသည် 'သက်' ဟူသော စာလုံးကိုဖြုတ်၍ 'ရှည်' ဟူသော ရာဟုကိုသာ ယူပြီးလျှင် 'အနိဋ္ဌ' မျိုး၌ သွတ်သွင်းပေလိမ့်မည်။ ထို့ပြင် မသက်ရှည်၏ မူလဝဲယာတိုင်တွင် မိခင်ဂြိုဟ်ဖြစ်သော တနင်္လာသည် လက်ယာသို့ရောက်၍ ဆန့်ကျင်နေသောကြောင့် မိဘနှစ်ပါး ရှိသည့်အနက် သေဆုံးစရာရှိလျှင် အမိက အရင်သေဖွယ်ရာ ရှိသည်ဟု ဆုံးဖြတ်သည့်အပြင် ယခုလာကြည့်သော သက်ရောက်တိုင်၌လည်း တနင်္လာ 'ပြ' မိနေ၍ (၃) ကပ်သော ကြောင့် ထိုတနင်္လာသည် သက်မဲ့ဟု ယူဆဖွယ်ရာရှိနေပြန်ရာ မသက်ရှည်၌ မိခင်မရှိတော့ဟု ဆုံးဖြတ်ခဲ့ဟန်တူပေသည်။

ထို့ပြင် ဖခင်ဂြိုဟ်ဖြစ်သော တနင်္ဂနွေသည် မူလတိုင်၌ အညံ့ကြီးကြုံ၍ အောက်ခြေတွင်ရှိနေပြီး၊ သက်ရောက်တိုင်၌ တန်းစီးဖြစ်ကာ တနင်္လာကပ်၍ သဟဇာတ ဥဒါသိန် ဖြစ်သောကြောင့် ထိုဂြိုဟ်ကို အမျိုးသမီးများ လာကြည့်လျှင် 'သက်ရှိ' ဟု ယူဆဟောပြောရသော ထုံးတမ်းရှိသည်ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဖခင်မှာ သေဆုံးသည်မဟုတ်၊ အညံ့ကြီးဖြစ်သောကြောင့် ဝေးကွာသောအရပ်သို့သာ ရောက်မည်ဟု ဆရာကြီးအနေနှင့် ဟောပြောခဲ့ဟန် တူပေသည်။

ထို့ပြင် မသက်ရှည် ယခုရောက်ရှိနေသော အိမ်နေရာမှာ ရေကန်တစ်ခုနှင့်နီးသည်ဟု ပြောဆိုခြင်းမှာ ထိုတနင်္ဂနွေကို တနင်္လာကပ်နေခြင်း၊ ၎င်းအထက် တနင်္လာဂြိုဟ် အင်္ဂါကပ်၍ သက်မဲ့ဖြစ်နေခြင်းကို ယူဆဟန်တူ၏။ မသက်ရှည်ရောက်နေသောအိမ်၌ မိန်းမများသြဇာရှိ၍ ယောကျ်ားသြဇာမရှိပုံကို ဟောပြောရာ၌လည်း တိုင်ထိပ်ရှိ (၃/၄) သည် (မ) အဖွဲ့ 'သက်ရှိ' ဖြစ်ပြီး (ကျား) အဖွဲ့ 'သတ်မဲ့' ဖြစ်သည်ကိုလည်း ယူဆဟန်ရှိ၏။

မသက်ရှည် ယခုရောက်နေသည့် အိမ်ရှင်မှာ ကပြား များဖြစ်သည်ဟု ဆရာကြီး ဟောပြောခြင်းမှာလည်း 'အိမ်' မည်သော တနင်္ဂနွေနှင့် ၎င်းကိုကပ်နေသော တနင်္လာ တို့သည် ကာရကသဘောကိုကြည့်လျှင် 'ကတ္တုကာရက' ဖြစ်နေပြီး တန်းနှင့်ကပ်နေခြင်း၊ တနင်္လာဂြိုဟ်သည် တန်း၏အထက်နှင့် အောက်တွင် ခွ၍ရှိနေခြင်းတို့ကို ထောက်၍ 'ကပြား' ဖြစ်သည်ဟု ဟောပြောလိုက်ခြင်းဖြစ်တန်ရာသည်။

ထို့ပြင် မသက်ရှည်၏ သက်ရောက်တိုင် တနင်္ဂနွေ တန်းစီးအင်္ဂါတိုင်ထိပ်သည် မူလတိုင်၌ ဝဘက် အညံ့ကြီး ဆန်းဝင်နေသောကြောင့် ယခုညံ့သော်လည်း ဆန်းဝင်သော သဘောကိုထောက်၍လည်းကောင်း၊ အမဲသား မစားခြင်းကို ထောက်၍လည်းကောင်း၊ အနေအထိုင်မှန်ခြင်းကို ထောက်၍ လည်းကောင်း၊ မသက်ရှည်၏ ရုပ်ရည်သန့်ပြန့်ခြင်းကို ထောက်၍လည်းကောင်း၊ နာမည်အရင်းလုံးရော အဖျားလုံးပါ



မူလဝဲယာတိုင်၌ အကောင်းနေရာ၌ ရှိခြင်းကိုထောက်၍ လည်းကောင်း နောင်တွင် ချမ်းသာကြွယ်ဝလိမ့် မည်ဟု ဆရာကြီးအနေနှင့် ဆုံးဖြတ်ခဲ့ဟန်တူ၏။

ထို့ပြင် မသက်ရှည်ပြုရမည့် အိမ်ထောင်ဖက် အသားညိုမည်ဟု ဟောဆိုရခြင်းမှာ နာမည်၏နောက်လုံးမှာ အိမ်ထောင်ဖက်ကို ရည်ညွှန်းပြဆိုသည်ဖြစ်ရာ 'ရှည်' ဟူသော ရာဟုဂြိုဟ်အမှောင်ဂြိုဟ်ကိုကြည့်၍ အသားညိုမည်းဟူ၍ လည်းကောင်း၊ ထို 'ရှည်' ဟူသော စာလုံး၌ 'ရှည်' ဟူသော အသံထွက်စေရန်အတွက် ရကောက်အပြင် တထိုး၊ ညအသတ် စသော ဗျည်း သရ ကရစပ်များ ပါခြင်းကြောင့် အိမ်ထောင် ဖက်၌ ညီအစ်ကို မောင်နှမ များမည်ဟု ဆုံးဖြတ်ပုံရ၏။

ထို့ပြင် မသက်ရှည် အိမ်ထောင်ပြုသောအခါ၌ မင်္ဂလာမဆောင်ဘဲ အိမ်ထောင်ပြုဖြစ်လိမ့်မည်ဟု ပြောဆို ခဲ့ခြင်းမှာလည်း 'သက်' ဟူသော သောမဂြိုဟ်သည် အသံတို နေခြင်း၊ 'ရှည်' ဟူသော ပါပဂြိုဟ်သည် အသံရှည်နေခြင်း စသည့်ဆန်းမကိုက်ခြင်းတို့ကြောင့် ဟောပြောလိုဟန်တူ၏။

ထို့ကြောင့် ဆန်းပညာလိုက်စားသော ဝါသနာရှင်တို့ ဆက်လက်၍ ကြံဆနိုင်ကြပါစေ။

* * * * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com



## စပါယ်ရှယ်ဒင်နာအတွက် ပြင်ဆင်ရခြင်း

မသက်ရှည်သည် ဆရာကြီး ဦးထွန်းမြတ်ထံမှ ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် ဦးလေးတော်မိက. . .

"မသက်ရှည်လေး၊ ဆရာကြီးက ဘာတွေများ ဟောလိုက်သလဲကွယ်"

ဟု မေးလိုက်ရာ မသက်ရှည်က. . .

"ကျွန်မကို ချမ်းသာမယ်လို့ ဟောလိုက်ပါတယ်၊ အမဲသားမစားတဲ့အတွက် အဲဒီလို ဟောတယ်လို့လဲ ပြောတာပါပဲ၊ ကျွန်မ ထိုင်ပုံထိုင်နည်းလဲ မှန်တယ်လို့ ပြောတယ်၊ ဘာတွေမှန်းလဲ မသိပါဘူး ဦးလေးတော်မိရယ်၊ ကျွန်မ မှတ်မိတာကတော့ ကျွန်မနဲ့ရမယ့် ယောကျ်ားက အသားညိုတယ်တဲ့၊ အဲဒါပါပဲ ဦးလေးတော်မိရယ်"

ဟု ပြောလိုက်လေ၏။

"ဒါဆိုရင်တော့ စိတ်ချနေပေတော့၊ ဒီဆရာကြီး ပြောရင် လွဲတယ်လို့မရှိဘူး၊ အတော့်ကို သေချာတယ်ကွယ့်"

ဟု ဦးလေး တော်မိက ပြောလေ၏။

ထို့နောက်တွင်ကား မသက်ရှည်သည် အိမ်တွင် လုပ်စရာရှိသောအလုပ်များကို စိတ်ပါလက်ပါ တက်တက်ကြွကြွကြီးလုပ်နေလေ၏။ သူ၏စိတ်၌လည်း ယခုအခါ၌ ဆင်းရဲ ပင်ပန်းနေသည်မှာ အကြောင်းမဟုတ်၊ နောင်တွင် ချမ်းသာမည်မှာ ဧကန်ဖြစ်သည်ဟု တွေးမိတိုင်း ရွှေ့ရေး အတွက် အားတက်မိလေတော့၏။

ညနေပိုင်းသို့ရောက်လျှင် ဒေါ်အစ္စဘယ်လာတို့ သားအမိ အိမ်သို့ပြန်လာကြလေ၏။ ၎င်းတို့၏ ကားရပ်သံ ကြားသည်နှင့် တစ်ပြိုင်နက် မသက်ရှည်သည် ကားရှေ့သို့ ပြေးသွားလေ၏။ ထိုအခါ ဒေါ်လ်ဆင်က မသက်ရှည်အား. .

"ဒီကောင်မလေး တစ်နေ့တစ်ခြား တသွေးတမွေး ဖြစ်လာတယ်"

ဟု ပြောလိုက်ရာ မသက်ရှည်၏ မျက်နှာသည် ရှက်စိတ်ကြောင့် နီမြန်းသွားလေ၏။ ထိုအခါ မာဂရက်က. . .

"ဟဲ့. . သက်ရှည်၊ ဒါဟာ ရှက်စရာမဟုတ်ဘူး၊ သိုင်းကျူးလို့ ပြန်ပြောလိုက်စမ်း"

ဟု ပြောလေ၏။ သို့ရာတွင် မသက်ရှည်က. . .

"အို. . မမ မာဂရက်ရယ်၊ ရှက်စရာကြီး"

ဟု ပြောလိုက်ရာ ဒေါ်လ်ဆင်က ရယ်လေ၏။ ဤသည်ကိုပင် ဒေါ်အစ္စဘယ်လာကြီးက ဒေါ်လ်ဆင့်ကို အားနာ၍ သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်လ်ဆင်ရေ ဒီလိုပဲကွယ်၊ တောက မိန်းကလေး ဆိုတော့ မပြောတတ်ရှာဘူး၊ လူနဲ့သူနဲ့လဲ မနေခဲ့ကြရဘူး မဟုတ်လား"

ဟု ဒေါ်အစ္စဘယ်လာကြီးက တောင်းပန်စကား ပြောလိုက်လေ၏။ မသက်ရှည်၏စိတ်၌ မိမိသည် သူစိမ်း တစ်ရံဆံ ယောကျ်ားတစ်ယောက်အား 'သိုင်းကျူး' ဟူသော စကားကို မပြောမိသည့်အတွက် မိမိမှာအပြစ်ရှိသလား၊ ဤသို့မဖြစ်နိုင်။ ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့သည် မကြာခဏ 'သိုင်းကျူး' ဟူသော စကားကို ပြောနေကြလေ၏။ ၎င်းတို့ထံလာသော ဧည့်သည်များသည်လည်း မည်သည့် အတွက်ကြောင့် ထိုစကားကို ပြောနေကြသည်လည်းမသိ။ ထို့ပြင် ၎င်းတို့မကြာခဏ သုံးစွဲနေသော စကားလည်း ရှိသေး၏။ ထိုစကားမှာ 'ဆောရီး' ဟူ၍ဖြစ်၏။

သူတို့သည် မကြာခဏ 'ဆောရီး' နေကြ၏။ စိတ်မကောင်းလျှင်လည်း 'ဆောရီး' ၏။ လေချဉ်တက်လျှင်လည်း 'ဆောရီး' ၏။ ကိစ္စကလေး တစ်ခုခုဖြစ်သည်နှင့် 'ဆောရီး' ကြ၏။

ဤသို့ မပြောမိလျှင် အပါယ်ငရဲသို့ကျမည်ဟု ထင်မှတ်ကာ ပြောနေကြခြင်းပင်လော။ ထိုသူတို့သည် အပယ်ငရဲသို့ ကျသည့်တိုင်အောင် အပါယ်ငရဲ၌ပင် 'ဆောရီး' နေကြဦးမည်လော ဆိုသည်ကို မသက်ရှည်လေး စဉ်းစား နေမိလေ၏။

ထိုအချိန်၌မှာပင် မာဂရက်က. . .

"ဟဲ့. . . သက်ရှည်၊ လာခဲ့၊ နင့်ကို သေသေချာချာ မှာရဦးမယ်၊ သန်ဘက်ခါကို တို့အိမ်မှာ စပါယ်ရှယ်ဒင်နာ ရှိတယ်"

ဟု ပြောလိုက်လေ၏။

"မမပြောတဲ့ စပါယ်ရှယ်ဒင်နာ ဆိုတာက ဘာလဲမမ"

ဟု မသက်ရှည်က မေးရာ မာဂရက်က. . .

"အထူးဖိတ်ထားတဲ့ ဧည့်သည်တစ်ယောက်ကို ထမင်းကျွေးမယ်လို့ပြောတာ၊ သူက သိပ်ပြီး ဘိုဆန်တယ်"

ဟု ပြောလိုက်လေ၏။

"သူက ဘာဖြစ်လို့ ဘိုဆန်ရတာလဲ မမ"

ဟု မသက်ရှည်က ပြန်၍မေးလိုက်လေ၏။

"ဒါ နင့်အလုပ်မဟုတ်ပါဘူး၊ အဆင့်အတန်းမြင့်တဲ့ လူဆိုတာ ဘိုဆန်တာပေါ့ဟဲ့"

ဟု မာဂရက်က စကားတို ခပ်မာမာပြောလိုက် လေ၏။ မသက်ရှည်ကမူ ထပ်၍မမေးတော့ဘဲ ငြိမ်၍ နားထောင်နေလေ၏။ ထိုအခါ မာဂရက်က. . . .

"အဲဒီည ထမင်းစားပွဲမှာ နင်ပဲစားပွဲထိုးရမှာ၊ အဲဒီတော့ နင့်ကို 'ဆပ်' လုပ်ပုံလုပ်နည်းတွေ၊ ဇွန်းခက်ရင်း ချပုံချနည်းတွေ သင်ပေးထားရမယ်၊ နင် အဲဒီမှာ တစ်ချက် ကလေး မှားပြီးလုပ်မိတာနဲ့ တို့တော့အရှက်ကွဲပြီ၊ အဲဒီတော့ ဒီနေ့ညရယ်၊ မနက်ဖြန် တစ်နေ့လုံးရယ် နင့်ကို အဲဒါတွေ သင်ပေးရမှာပဲ"

ဟု ပြောလေ၏။ ထို့နောက် မာဂရက်သည် စားပွဲ ပေါ်၌ ပန်းကန်များ ထားပုံ၊ ဇွန်းနှင့်ခက်ရင်းများထားပုံ၊ ဖန်ခွက်များထားပုံတို့ကို သင်ပြလေ၏။

ထို့နောက် စားသောက်ဖွယ်ရာများ သယ်လာရမည့် ပုံစံတို့ကို ဇာတ်တိုက်လေတော့၏။ ထို့ပြင် ခေါ်လိုက်သည့်အခါ၌ ပြန်လည်၍ထူးရမည့်စကားများကိုပါ သင်ပြပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ပန်းကန်များ၌ ထမင်းဟင်းများ လိုက်၍ထည့်ပေးပုံတို့ကို သင်ပြပေးလေ၏။ မာဂရက်က သင်ပြပေးနေသည့် အချိန်တွင် ဒေါ်အစ္စဘယ်လာကြီးကပါ ကူညီ၍သင်ပြပေးလေ၏။

မသက်ရှည်သည် ညအခါ၌ အိမ်သားများအိပ်ချိန်၌လည်း ဇွန်းများ၊ ခက်ရင်းများ၊ ပန်းကန်ပြားများနှင့် စားပွဲခုံပေါ်တွင် လေ့ကျင့်နေရလေ၏။ နာရီပေါင်းများစွာ လေ့ကျင့်ပြီးနောက် မသက်ရှည်အဖို့ ထိုလုပ်ငန်းကို အတော်အတန်ကလေး ကျွမ်းကျင်သွားလေတော့၏။ မသက်ရှည်သည် ထိုလေ့ကျင့်ခန်းကို လေ့ကျင့်နေစဉ်၌ပင် ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့ ခိုင်းစေသည့် အခြားလုပ်ငန်းများကိုလည်း လုပ်ရသေး၏။ တစ်အိမ်လုံးကို ဆေးကြောရ၏။ ဖုန်များသုတ်ရ၏။ ထမင်းစားခန်းကို 'ဝေါလ်ရှို' ခေါ် နံရံကပ်စက္ကူများ ကပ်ရ၏။ ပန်းချီကားများ ချိတ်ဆွဲရ၏။ ကြွေပန်းအိုးများ ရွှေ့ရ၏။ နံရံကပ်ပန်းအိုးများ ရေဖြည့်ခြင်း၊ ရွက်နွမ်းရွက်ခြောက်များ ခြွေချခြင်းကို ပြုလုပ်ရ၏။ ပြီးလျှင် ကြွေပန်းကန်များကို ကြွေရောင်တင်သော ပေါင်ဒါမှုန့်နှင့်ပွတ်တိုက်ရ၏။ ဇွန်းခက်ရင်းများကိုလည်း အရောင်တင်မှုန့်များနှင့် ပွတ်တိုက်အရောင်တင်ရ၏။ မသက်ရှည်အဖို့ နားရသည်ဟုပင်မရှိပေ။ မသက်ရှည်၏ စိတ်၌လည်း ထိုအလုပ်များကိုလုပ်ရင်း. . .

"ဘယ်လောက်များ ခန်းနားကြီးကျယ်တဲ့ ဧည့်သည် လာမှာမို့လဲ မဆိုနိုင်ဘူးနော်"

ဟု ရေရွတ်မိလေတော့၏။





ထိုနေ့က ဒေါ်အစ္စဘယ်လာရော၊ မာဂရက်ပါ လှပ်စွာတောက်ပြောင်၍ လှပ်စွာခမ်းနားသော အဝတ်အစားများနှင့် လက်ဝတ်ရတနာများကို ဝတ်ဆင်ထားကြ၏။ မသက်ရှည်ကို သရက်ထည်လုံချည် အသစ်ကလေးနှင့် ပိတ်ဖြူအကျႌကို ဝတ်ခွင့်ပေးထား၏။ ဆံပင်ကိုမူ ဆီထည့်၍ သပ်သပ်ရပ်ရပ် နောက်တွဲထုံးရန် မာဂရက်ကအမိန့်ပေးထား၏။ ညနေ (၆) နာရီထိုးသည်နှင့် တစ်ပြိုင်နက် တစ်အိမ်လုံး အဆင်သင့်ဖြစ်နေကြ၏။ (၇) နာရီလောက်တွင် ခြံတွင်းသို့ လှပ်စွာသစ်လွင်သော မော်တော်ကားကြီးတစ်စီး ဝင်လာပြီး ဆင်ဝင်အောက်တွင် သွား၍ရပ်လေ၏။ ထိုအခါ မာဂရက်က ကားတံခါးကို ဆင်း၍ဖွင့်ပေးလိုက်သည်ကို မသက်ရှည်က အိမ်ခန်းအတွင်းမှနေ၍ မြင်လိုက်ရ၏။

မာဂရက်သည် ကားတံခါးကိုဖွင့်၍ ကားပေါ်မှလူအား လှပ်စွာပြုံးချိုသော မျက်နှာထားဖြင့် နှုတ်ဆက်နေ၏။ ကားပေါ်မှ အသက်အစိတ်ခန့် လူငယ်တစ်ဦးသည် မာဂရက်ကိုရော ဒေါ်အစ္စဘယ်လာကိုပါ လှမ်း၍နှုတ်ဆက်လိုက်လေ၏။ ထိုလူငယ်သည် အရပ်မြင့်၏။ အသားအနည်းငယ်ညို၏။ သို့ရာတွင် နက်ပြာရောင်သက္ကလတ်ဖြင့်ချုပ်ထားသော ဥရောပတိုက်အဝတ်အစားကို ဝတ်ဆင်ထား၏။ မာဂရက်နှင့် ဒေါ်အစ္စဘယ်လာတို့သည် ထိုလူငယ်အား ဧည့်ခန်းဆီသို့ ခေါ်ယူသွားကြလေ၏။ ထိုလူငယ်သည် ဧည့်အခန်းအတွင်း ဆိုဖာ၌ထိုင်လိုက်ပြီး ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ပန်းချီကားများကို စိတ်ပါဝင်စားစွာ လှမ်းမျှော်ကြည့်ရှုလိုက်လေ၏။ မာဂရက်က ထိုလူငယ်အား အင်္ဂလိပ်စကားဖြင့် ပြောသော်လည်း လူငယ်က မြန်မာစကားနှင့်ပင် ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

တအောင့်မျှကြာလျှင် မသက်ရှည်သည် မာဂရက်သင်ပေးထားသည့်အတိုင်း မာဂရက်ထံသို့သွားပြီးလျှင် ခါးကိုညွတ်၍. . .

"မမ ထမင်းစားဖို့ရနိုင်ပါပြီ၊ အားလုံး အဆင်သင့်ဖြစ်နေပါပြီ"

ဟု ပြောရလေ၏။ ထိုအခါ လူငယ်သည် မသက်ရှည်အားလှမ်း၍ကြည့်လိုက်၏။ ထိုသို့ကြည့်ပြီးနောက်. . .

"ဒီမှာ မိန်းကလေး၊ ငါးပိရည်နဲ့တို့စရာတော့ ပါရဲ့နော်"

ဟု မေးလိုက်ရာ ထိုကိစ္စအတွက် မာဂရက်တို့သားအမိက မသက်ရှည်အား သင်ကြားထားသည့်အထဲတွင် မပါသောကြောင့် မသက်ရှည်သည် မည်သို့မည်ပုံ ပြန်၍ဖြေရမည်ကို မသိသဖြင့် မာဂရက်၏မျက်နှာသို့ လှမ်း၍ကြည့်လိုက်၏။ ထိုအခါ မာဂရက်က. . .

"လူကြီးမင်း အမှန်တကယ်စားချင်တယ်ဆိုရင်တော့ အဆင်သင့်ရှိပါတယ်လို့ ပြောလိုက်လေ"

ဟု သင်ပေးလိုက်ရာ မသက်ရှည်က ဧည့်သည်ဘက်သို့လှည့်ပြီး. . .

"လူကြီးမင်း တကယ်စားချင်တယ်ဆိုရင်တော့ အဆင်သင့်ရှိပါတယ်"

ဟု ပြောလိုက်ရာ ဧည့်သည်လူငယ်က ပြုံးလိုက်လေ၏။ ထို့နောက်. . .

"ဝိုင်းနော့. . . ဘာဖြစ်လို့ တကယ်မစားချင်ရမှာလဲ၊ အစ်ကိုဟာ မြန်မာပဲမိန်းကလေးရဲ့၊ သုံးဦးစပ်ငါးပိမပါရင် ထမင်းစားလို့မရဘူး၊ အဲဒါလေးတော့ ပါအောင်စီမံပေးပါညီမရယ်"



ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ဟုတ်ကဲ့"

ဟု ပြောဆိုကာ အရိုအသေပြု၍ ထွက်သွားလေ၏။ ထိုအခါ မာဂရက်သည် မသက်ရှည်၏နောက်သို့ လိုက်သွားလေ၏။

"ဘယ့်နှယ့်လုပ်မလဲ သက်ရှည်၊ တို့အိမ်မှာလဲ ငါးပိမရှိဘူး၊ စပါယ်ရှယ်ဒင်နာမှာ ငါးပိထည့်ရတယ်လို့ ငါဖြင့်တစ်ခါမှမကြားမိဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ ညည်း စဉ်းစားစမ်းပါဦး"

ဟု မာဂရက်သည် လွန်စွာစိတ်ရှုပ်သောလေသံဖြင့် ပြောလိုက်လေ၏။ မသက်ရှည်က. . .

"နေဦး မမ၊ ကျွန်မ ရှာကြည့်ပါဦးမယ်"

ဟုဆိုကာ ဦးလေးတော်မိ၏အခန်းသို့ ပြေးသွားပြီး အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်လေ၏။ ထိုအခါ ဦးလေးတော်မိက တံခါးကိုဖွင့်ပေးလိုက်ရာ မသက်ရှည်က. . .

"ဦးလေးတော်မိရေ. . . ခက်ကုန်ပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးလေးတော်မိက. . .

"ဘာတွေခက်ကုန်တာလဲ မသက်ရှည်လေးရယ်၊ အစ္စဘယ်လာတို့သားအမိရဲ့ ရွှေဧည့်သည်က မလာတော့ဘူးလို့များ တယ်လီဖုန်းဆက်လို့လား"

ဟု ပြောလိုက်လေ၏။

"မဟုတ်ပါဘူး၊ အဲဒီဧည့်သည်ရောက်နေပါပြီ၊ သူက ငါးပိရည်နဲ့ တို့စရာ စားချင်တယ်လို့ပြောနေတယ်၊ ဒီအိမ်မှာကလဲ ငါးပိရည်နဲ့တို့စရာမှ မရှိဘဲ၊ အဲဒီဧည့်သည်ကြီးကလဲ ဘာနဲ့ကျွေးကျွေး ကျေနပ်မယ့်ပုံမပေါ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု မသက်ရှည်ကပြောလိုက်လေ၏။ ထိုအခါ ဦးလေးတော်မိက. . .

"သူတို့ပြောတော့ သူတို့ဧည့်သည်က သိမ်မြီးဘိုဆန်တယ်ဆို"

ဟု မသက်ရှည်အား ပြန်၍မေးလိုက်လေ၏။

"ဝတ်စားတာတော့ ဘိုလိုပဲ၊ မမ မာဂရက်တို့နဲ့ စကားပြောတာလဲ ဘိုလိုပဲပြောတယ်၊ ဒါပေမယ့် သုံးဦးစပ်ငါးပိမပါရင် ထမင်းမစားတတ်ဘူးလို့ ပြောနေတယ်"

ဟု မသက်ရှည်က ပြန်၍ပြောလိုက်ရာ ဦးလေးတော်မိက တခစ်ခစ်ရယ်လေ၏။ ထို့နောက်. . .

"ဒီကောင် အရူးပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မသက်ရှည်က. . .

"ဘာဖြစ်လို့ အရူးလို့ပြောနိုင်ရတာလဲ"

ဟု ပြန်၍မေးလိုက်လေ၏။

"ဒီအိမ်မျိုးကိုလာပြီး ငါးပိရည်စားချင်တယ်လို့ ပြောတာဟာ ရူးလို့ပြောတာပေါ့၊ ဒါမှမဟုတ်ရင်လဲ သက်သက်ညစ်တာဖြစ်မယ်၊ နေစမ်းပါဦး မသက်ရှည်ရယ်၊ ဒီကောင် အဝတ်အစားဘယ်လိုဝတ်လာသလဲ"

ဟု ဦးလေးတော်မိက မေးလိုက်လေ၏။

"သူဝတ်လာတာကတော့ နက်ပြာရောင် ဘောင်းဘီ၊ နက်ပြာရောင် ကုတ်အကျႌနဲ့ နက်ပြာရောင်ပေါ်မှာ အဖြူပြောက်ပါတဲ့ လည်စည်းကလေး စည်းထားတယ်"

ဟု မသက်ရှည်က ပြန်၍ဖြေလိုက်ရာ ဦးလေးတော်မိက. . .

"ဟုတ်ပါပြီ. . ဟုတ်ပါပြီ၊ လာတုန်းကတော့ ရိုးရိုးတန်းတန်း ဒင်နာကို ဘိုလိုစားမလို့လာတာပဲ၊ ဒီရောက်မှ ညစ်ချင်တဲ့စိတ်ပေါက်သွားပြီး သုံးဦးစပ်ငါးပိဖြစ်သွားတာပေါ့၊ မဟုတ်မှလွဲရော သူတို့ပြောသလို သူဌေးသားမဟုတ်ပါဘူး၊ သူကိုယ်တိုင်က သူဌေးဖြစ်ပါလိမ့်မယ်၊ သူဌေးဆိုရင်တောင် မျိုးရိုးနဲ့ဖြစ်တဲ့ သူဌေးမဟုတ်ဘူး၊ ဆင်းရဲသားကနေ လုပ်ရင်းကိုင်ရင်း ကြီးပွားလာတာမျိုး ဖြစ်လိမ့်မယ်၊ အဲဒီလို လူမျိုးဟာ မူလစိတ်ပြန်ပေါ်ပြီး ကြီးကြီးကျယ်ကျယ် လူမျိုးတွေနဲ့တွေ့ရင် ထော်လော်ကန့်လန့် လုပ်တတ်တယ်၊ သူဟာသူနေရင် သူဌေးစိတ် ဘိုစိတ်ပေါက်ပေမယ့် သူဌေးဂိုက် ဘိုဂိုက်ဖမ်းတဲ့လူနဲ့တွေ့ရင်တော့ သူ့စိတ်ထဲမှာ မခံချင်သလို ဖြစ်လာပြီး ဆင်းရဲသားပြန်လုပ်ပြတတ်တယ်၊ သူပြောတဲ့ သုံးဦးစပ်ငါးပိနဲ့တို့စရာများ မရရင်တော့ ပြဿနာရှာသွားမယ့် အကောင်မျိုးပဲ၊ ကဲ. . ကဲ ဟောဟို တစ်ခြံကျော်လောက်မှာ ပန်းစိုက်နေတဲ့ ကိုချစ်ကောင်းဆိုတဲ့ လူကြီးတစ်ယောက် ရှိတယ်၊ သူ့ဆီမှာ အကျိုးအကြောင်းပြောပြီး ငါးပိရည်နဲ့ တို့စရာရှာပေတော့၊ ဦးလေးတော်မိက လွှတ်လိုက်တာလို့ ပြောလိုက်"

ဟု ဆိုသဖြင့်. . .

မသက်ရှည်သည် ဦးလေးတော်မိ၏အခန်းမှ ထွက်လာပြီးလျှင် မီးဖိုချောင်သို့ဝင်ကာ ကြွေပန်းကန် တစ်လုံးကိုယူ၍ ထိုခြံသို့သုတ်ခြေတင်တော့၏။ ခြံအတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဝါးဘိုးဝါးမောင်းတက်ကြီးကို အသုံးပြု၍ ရေခပ်နေသော အသက် (၄၀) ကျော်အရွယ်ရှိ လူကြီးတစ်ဦးကိုတွေ့ရလေ၏။ မသက်ရှည်သည် ထိုလူကြီး ထံသို့သွားပြီးလျှင် အကျိုးအကြောင်းပြောပြရာ ထိုလူကြီးက ပြုံး၍. . .


www.burmeseclassic.com

www.burmeseclassic.com

“မိန်းကလေးရယ်၊ မင်းတို့အိမ်လာတဲ့ သကောင့်သား ကလဲ ဘယ်လိုကောင်းစားမျိုးလဲကွယ်၊ စကြဝဠာမင်းအိမ်မှာ ထမင်းကြမ်းခဲလာတောင်းတဲ့ ကောင်စားမျိုးနဲ့တူပါတယ်၊ အင်းလေ.. ဒီလောကကြီးမှာ ဒီလို ကိုးရိုးကားရား ကောင်စားမျိုးလဲ လိုအပ်တာပဲ၊ ဒီလိုကောင်စားမျိုးမရှိရင်လဲ လောကကြီးဟာ တစ်ဖက်စောင်းနင်းဖြစ်ပြီး ပျက်သွားနိုင်တယ်၊ ကဲ.. ကဲ လာခဲ့”

ဟု ဆိုကာ ၎င်း၏တဲနောက်ဘက်ရှိ မီးဖိုချောင်သို့ ခေါ်သွားလေ၏။ ထိုမီးဖိုဌာ၌ကား ငါးပိရည်အိုး အဆင်သင့် တည်ထားသည်ကို တွေ့ရ၏။ ရေတ်သီးတောင့်များကိုလည်း သိတ်နှင့်ထိုး၍ ကင်ထားသည်ကိုတွေ့ရ၏။ ငါးကျည်းကလေး နှစ်ကောင်မှာလည်း ဝါးညှပ်ကလေးဖြင့်ညှပ်၍ ဖိုဘေးတွင် ထောင်ထားသည်ကိုလည်း မသက်ရှည်တွေ့ရပြန်၏။

“ကဲ.. ကဲ မိန်းတလေး၊ အဲဒီရေတ်သီးတွေဖြုတ်ပြီး ဆုံထဲမှာ ညက်ညက်ကလေး ထောင်းပေတော့၊ ငါးမီးဖုတ် ကလေးတွေ ထည့်လိုက်ဦး”

ဟုဆိုကာ ထိုလူကြီးသည် ငါးကိုအသားနွှင်၍ ငါးပိရည်ကို အိုး၌ထည့်လိုက်လေ၏။ ပြီးလျှင် ကြွေပန်းကန်၏ အဝ၌ သပွတ်သီးခြောက်အူတိုင်ကို တင်ကာ ငါးပိရည်အိုးကို ငှဲချလိုက်လေ၏။ ငါးပိရည်များသည် အောက်သို့ကျသွား ပြီးလျှင် ငါးပိရိုးများနှင့် ငါးဖတ်များက သပွတ်အူအပေါ်၌ တင်ကျန်ရစ်ခဲ့၏။ ထိုအခါကျမှ မသက်ရှည်၏ ရေတ်ဆုံ အတွင်းမှ ရေတ်သီးမှုန့်များကို ထည့်၍မွှေလိုက်လေ၏၊ ပြီးလျှင် အနီးရှိ နံနံပင်နှင့် ရေတ်သီးစိမ်း သုံးလေးတောင့် ကိုချိုးကာ ပန်းကန်တွင်းသို့ ထည့်လိုက်လေ၏။ ထို့နောက်





အနီးရှိ စဉ့်အိုးတစ်လုံးအတွင်းမှ တညင်းသီးဆားစိမ်နှင့် မရန်းသီးဆားစိမ် အချို့တို့ကိုပါ နှိုက်၍ပေးလိုက်၏။

“ကဲ.. ယူသွားတော့ မိန်းကလေး၊ ငါရဲ့ငါးပိကို စားပြီးရင် အင်္ဂလိပ်မကျ မြန်မာမကျကောင် လျှာလည် သွားလိမ့်မယ်”

ဟု ပြောလိုက်ရာ မသက်ရှည်သည် ထိုလူကြီးအား နှုတ်ဆက်၍ ကပျာကယာ ပြန်ပြေးခဲ့လေတော့၏။ အထူး ညစာ ထမင်းစားပွဲကား မကြာမီ၌ပင် စလေတော့၏။ ငွန်း၊ ခက်ရင်း၊ ဓားများ ချပေးထားသော်လည်း ဧည့်သည်လူငယ်က လက်ဖြင့်စားချင်သည်ဟုဆိုကာ လက်ဆေးလေ၏၊ ထို့ကြောင့် မာဂရက်တို့ သားအမိလည်း ဇွန်းကိုင်ရနိုးနိုး၊ ခက်ရင်း ကိုင်ရနိုးနိုး၊ လက်ဆေးရကောင်းနိုးနိုး ဖြစ်နေလေတော့၏။ ဧည့်သည်လူငယ်လည်း ငါးပိနှင့်တို့စရာကိုသာ မဲ၍စားလေ၏။ ထိုသို့စားရင်း...

“မာဂရက်တို့အိမ်က ငါးပိရည်က တယ်ပြီး ကောင်းတာကိုး”

ဟု ပြောလိုက်ရာ မာဂရက်က...

“အိုင်တို့လဲ ငါးပိကို ကောင်းတောင်းစားပါတယ်၊ ဒယ်ဒီ ဘိုကလေးဘက်ကိုသွားတုန်း သုံးပိဿာ ယူလာတဲ့ အထဲက ကျိုပေးတာ”

ဟု ပြောလိုက်ရာ လူငယ်က...

“ငါးပိကျိုပုံက အတော့်ကိုအဆင့်အတန်း မြင့်တယ် နော်၊ ငါးမီးဖုတ်အနံ့ရနေတယ်၊ ဒါပေမယ့် ငါးဖတ်ကိုရှာလို့ မတွေ့ဘူး၊ ငါးပိရည်ချိုစားတဲ့ လူတော်တော်များများဟာ ငါးမီးဖုတ်ကို အဖတ်လိုက်ထည့်တတ်ကြတယ်၊ ဒီမှာက


www.burmeseclassic.com

www.burmeseclassic.com


ဒီလိုမဟုတ်ဘူး၊ အဖတ်မတွေ့ရဘူး၊ အချိုမါတ်နဲ့အနံ့ပဲ ထည့်ထားတယ်၊ ဒါကြောင့် ဒီငါးပိရည်ချိုဟာ အတော့်ကို အဆင့်အတန်းမြင့်မြင့် ကျိုထားတာပါ၊ အဲဒီကျိုပုံကျိုနည်းမျိုး ကျွန်တော့်အဖေတော့ ကျိုတတ်တယ်"

ဟု ပြောလိုက်ရာ ဒေါ်အစ္စဘယ်လာ၏မျက်နှာသည် လုံးခြေထားသောစက္ကူကို ဖြန့်လိုက်ဘိသကဲ့သို့ တွန့်ခေါက်ရှုံ့တွ၍နေလေ၏၊ မာဂရက်၏မျက်နှာမှာမူ ဝမ်းနှုတ်ဆေးသောက်ပြီး အိမ်သာရှာ၍မတွေ့သူ၏ မျက်နှာမျိုးနှင့် အီလည်လည်ကြီး ဖြစ်နေလေ၏၊ မသက်ရှည်လေး၏ မျက်နှာမှာမူ လပြည့်ဝန်းကဲ့သို့ ရွှန်းပနေလေ၏။

ထမင်းစားပွဲပြီးသောအခါ၌ အဖျော်ယမကာမျိုးစုံ ပိုလဆင်ကော်ဖီမှုန့်ဖြင့် ဖျော်ထားသော ကော်ဖီ၊ ကိတ်မုန့်မျိုးစုံချထားသော်လည်း ဧည့်သည်က ထန်းလျက်ခဲနှင့် ရေနွေးကြမ်းကို တောင်းဆိုနေ၏။ ထိုအခါ၌ မာဂရက်နှင့် ဒေါ်အစ္စဘယ်လာတို့သည် ခေါင်းရှုပ်ကြရပြန်၏။ မသက်ရှည်အား အကူအညီတောင်းကြရပြန်လေ၏။ မသက်ရှည်လည်း ဦးချစ်ကောင်းကြီးထံသို့ ပြေးရပြန်လေ၏။ ဦးချစ်ကောင်းမှာ ထမင်းစားပြီးဖြစ်၍ တဲရှေ့ ကွပ်ပျစ်တွင် မြေရေနွေးအိုးတစ်လုံး၊ ထန်းလျက်တစ်ပန်းကန်နှင့် မြန်မာလူမျိုး ဆင်းရဲသားတို့၏စည်းစိမ်ကို အကျအနခံစားနေလေ၏။ ထိုအခါ မသက်ရှည်က ရေနွေးကြမ်းနှင့် ထန်းလျက်တောင်းရာ ဦးချစ်ကောင်းက. . .

"မင်းတို့အိမ်ရောက်နေတဲ့ အကောင်ဟာ အတော့်ကို ကတ်သီးကတ်သတ်လုပ်မယ့် ကောင်စားမျိုးပဲ၊ အင်မတန်ဘိုဆန်တဲ့သားအမိအိမ်ကို ဧည့်သည်လာလုပ်ပြီး အင်မတန် မြန်မာဆန်တဲ့ပစ္စည်းတွေကို တောင်းနေပါလား၊ ဒီကောင် လူကတ်သတ်ပဲ၊ လူကတ်သတ်တွေဟာ တစ်နေရာမှာ တော်တတ်တယ်၊ ကဲ. . ကဲ ယူသွား၊ အိုးပါယူသွား၊ ဟောဒီမှာ ထန်းလျက်ပန်းကန်"

ဟု ပြောဆိုကာ ပေးလိုက်လေ၏။ ထိုအခါ မသက်ရှည်က ထန်းလျက်ပန်းကန်ကိုကြည့်ပြီး. . .

"ဟင်. . ဦးလေးချစ်ကောင်း ထန်းလျက်ကလဲ အမှုန့်တွေပါလား"

ဟု ပြောလိုက်လေ၏။

"ထန်းလျက်က အခဲလိုက်စားလျှင် မကောင်းဘူး၊ အမှုန့်ထောင်းပြီးစားမှ ကောင်းတယ်၊ ငါကတော့ အဲဒီအမှုန့်ပေါ်မှာ နှမ်းကလေးတောင် ဖြူးထားသေးတယ်၊ ကဲ. . ကဲ ယူသွားပေတော့"

ဟု ဦးချစ်ကောင်းကပြောလိုက်လျှင် မသက်ရှည်လည်း ရေနွေးအိုးနှင့် ထန်းလျက်မှုန့်ပန်းကန်ကို ယူခဲ့လေတော့၏၊ ဧည့်သည်လူငယ်သည် ရေနွေးကြမ်းကို မော့လိုက်၊ ထန်းလျက်မှုန့်ကိုမြုံ့လိုက်နှင့် နေလေ၏။ ထို့နောက် လူငယ်က. . .

"ဟောဒီအိမ်ကြီးမှာ အလွန်အင်မတန်ကောင်းတဲ့ ငါးပိဖျော်ရည်ရယ်၊ အလွန်အင်မတန်ကောင်းတဲ့ ရေနွေးကြမ်းရယ်၊ ပြီးတော့ အလွန်အင်မတန် မြန်မာ ဆန်ဆန်ချောတဲ့ ဒေါ်ညီမလေးရယ်ဟာ ကျက်သရေအရှိဆုံးပါ၊ အဲဒီလို မြန်မာဆန်ဆန် ဧည့်ခံတဲ့ အန်တီ ဒေါ်အစ္စဘယ်လာနဲ့ မာဂရက်တို့ကို ကျေးဇူးတင်ပါတယ်"

ဟု နှုတ်ဆက်ကာ နေရာမှထလေ၏။ ထို့နောက်တွင်ကား ထိုဧည့်သည်သည် မသက်ရှည်အနီးသို့ ရောက်လာပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com

"နာမည် ဘယ့်နှယ့်ခေါ်သလဲ မိန်းကလေး"

ဟု မေးလိုက်လေ၏။

"ကျွန်မနာမည် မသက်ရှည်ပါ"

ဟု မသက်ရှည်က ခေါင်းကိုညွှတ်၍ ပြန်ပြောလေ၏။

"နာမည်က တယ်ပြီးကောင်းတာပဲ၊ တယ်ပြီးလဲ မြန်မာဆန်ပါလား"

ဟု ပြောဆိုနှုတ်ဆက်ပြီးလျှင် ပြန်သွားလေ၏။ ထိုဧည့်သည်၏ကား ခြံအပြင်သို့မရောက်မီ၌ပင် မာဂရက်က...

"ဖူးလ်.. ဘယ်လိုအရူးမှန်းမသိဘူး၊ ဒီအိမ်မှာလာပြီး ငါးပိရည်ချို့ စားချင်ရတာနဲ့၊ ထန်းလျက်ခဲနဲ့ ရေနွေးကြမ်း သောက်ချင်ရတာနဲ့၊ မတတ်သာလို့သာ သည်းခံလိုက်ရတာ"

ဟု မဲ့ရွဲ၍ အပြစ်တင်လေတော့၏။ ဒေါ်အစွဘယ်လာကြီးကမူ..

"အိုင်သင့်.. လိုးဖား"

ဟု ဘိုသံပါပါ ညည်းညူလိုက်လေ၏။

၎င်း၏ အခိပ္ပာယ်မှာ အုတ်ကြားမြက်ပေါက်၊ ကလေကဝ ကြမ်းပိုးတေလေဟူ၍ မကောင်းသောအဓိပ္ပာယ် ထောင်သောင်းမက ထွက်လေတော့၏။

* * * * * * * * * *



## မသက်ရှည် လက်စွပ်ပျောက်မှု ဖြစ်ခြင်း

အထက်ကဆိုခဲ့သော လူငယ်သည် ဤအိမ်သို့ မကြာခဏလာရောက်လည်ပတ်၏။ ထိုသူငယ်၏အမည်မှာ မောင်ညိုယဉ်ဟူ၍ဖြစ်၏။ မသက်ရှည်သည် ၎င်းအား ရှားရှားပါးပါး အရေးပေးဆက်ဆံသော မာဂရက်တို့၏ ဧည့်သည်ဖြစ်သောကြောင့်လည်းကောင်း၊ မောင်ညိုယဉ်၏ ယောကျ်ားပီသသော ဥပမိရုပ်ကြောင့်လည်းကောင်း၊ မောင်ညိုယဉ်၏ ထောက်ထားညှာတာတတ်သော စိတ်သဘောထားကြောင့်လည်းကောင်း ၎င်း၏စိတ်ထဲ၌ ကျိတ်၍ မြတ်နိုးခဲ့လေ၏။ မောင်ညိုယဉ်ကိုလည်း ရင်းရင်းနှီးနှီးပင် အစ်ကိုညိုယဉ်ဟုပင်ခေါ်၏။

မောင်ညိုယဉ်မှာ ထိုခေတ် မျက်နှာဖြူအရာရှိကတော်များ၏ နှုတ်ဖျားတွင် ရေပန်းစားနေသော ရတနာကုန်သည် တစ်ဦးဟု သိရ၏။ သူကိုယ်တိုင် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံများတွင် ကျောက်မျက်ရတနာအတတ်ကို သင်ယူခဲ့သည်ဟု သတင်းပြေးလျက်ရှိ၏။ ထိုခေတ် ထိုအချိန်က မျက်နှာဖြူ အရာရှိတစ်ဦးနှင့်သိလိုပါမူ အရာရှိကတော်နှင့် ရှေးဦးစွာ ဆက်သွယ်ရ၏။ အရာရှိကတော်နှင့် ဆက်သွယ်လိုပါမူ ထိုကတော်လောကတွင် ရေပန်းစားနေသော ခေါင်ညိုယဉ်နှင့်ဆက်သွယ်ရ၏။

မာဂရက်တို့ သားအမိသည် ဘိအိုစီ မျက်နှာဖြူ အရာရှိစည်းဝိုင်းသို့ ဝင်လို၏။ ထို့ကြောင့် ၎င်းတို့သည် မောင်ညိုယဉ်အား ချဉ်းကပ်ရခြင်းဖြစ်၏။ မောင်ညိုယဉ် သည် ဤအိမ်သို့လာသောအခါတိုင်း မသက်ရှည်ကိုမေး၏။ မသက်ရှည်ကို အရေးပေး၏။ ကြာသောအခါ၌ မာဂရက်တို့ မိသားစုသည် မသက်ရှည်အား မနာလိုသောစိတ်များ ပေါ်ပေါက်လာလေ၏။ အထူးသဖြင့် မာဂရက်သည် ပို၍ မနာလိုဖြစ်လေ၏။

ထိုအချက်ကြောင့်ပင် မသက်ရှည်မှားမည့် အကွက်ကို မာဂရက်က ချောင်းနေ၏။ တစ်နေ့တွင် မာဂရက်သည် ဒေါ်လ်ဆင်ဟူသော ကပြားတစ်ကောင်နှင့် အပြင်မှပြန်လာ၏။ အိမ်သို့ရောက်လျှင်ရောက်ချင်း လက်ဝတ်လက်စားများ ချွတ်၍ ဗီရိုပေါ်၌တင်၏။ အဝတ်အစားများကို ချွတ်၏။ ပြီးလျှင် ရေချိုးခန်းသို့ဝင်လေ၏။

ထိုအချိန်၌ပင် ဒေါ်လ်ဆင်သည် အပေါ့သွားရန်အတွက် အိမ်တွင်းသို့ဝင်သွား၏။ ထိုသို့ဝင်သွားရာ မာဂရက်၏ အခန်းတံခါး ဖွင့်ထားသည်ကိုတွေ့သွား၏။ လက်ဝတ်လက်စားများချွတ်၍ မှန်ဗီရိုပေါ်တွင် တင်ထားသည်ကိုလည်း တွေ့၏။ ဒေါ်လ်ဆင်သည် ယခုတလောတွင် အလုပ်မှငွေများကို ဖဲရှုံးပစ်ထားသည်ဖြစ်ရာ အချိန်မီပြန်သွင်းရန်လိုနေ၏။





ထို့ကြောင့် 'လွယ်လျှင် သူကြွယ်လက်ဆော့' ဟူသော စကားအတိုင်း အိမ်သာမှပြန်၍အလာတွင် မာဂရက်၏ အခန်းထဲသို့ဝင်ကာ စိန်လက်စွပ်တစ်ကွင်းကိုယူ၍ ဘောင်းဘီအိတ်ထဲသို့ထည့်လိုက်လေ၏။ ပြီးလျှင် ဧည့်ခန်းတွင် ကုန္နြေရရထိုင်နေလိုက်၏။

မာဂရက် ရေချိုးခန်းမှထွက်လာသောအခါတွင် ဘိုကပြား ဒေါ်လ်ဆင်က ပင်ပန်းနေပြီဖြစ်၍ မိမိပြန်တော့မည်ဖြစ်ကြောင်း နှုတ်ဆက်၍ ပြန်သွားလေတော့၏။ ဒေါ်လ်ဆင် ပြန်သွားပြီး များမကြာမီ၌ပင် စိန်လက်စွပ်ပျောက်ဆုံးကြောင်း မာဂရက်သိရလေ၏။ ထိုအခါ ဒေါ်အစ္စဘယ်လာအား မာဂရက်က ပြောလိုက်လေ၏။

ဒေါ်အစ္စဘယ်လာကလည်း. . .

"ဒီကောင်မပဲဖြစ်မှာပဲ၊ ဒီကောင်မ အပြင်ကအသိတွေ တော်တော်များနေပြီ၊ ဒီတော့ ဒီစိန်လက်စွပ်ခိုးပြီး ထွက်ပြေးမှာပေါ့၊ နေ. . နေ. . ငါလုပ်မယ်"

ဟုဆိုကာ မသက်ရှည်အား ခေါ်ယူလိုက်လေ၏။

မသက်ရှည် အနီးသို့ရောက်လျှင် ကြမ်းပြင်ပေါ်၌ ထိုင်ခိုင်း၏။ ပြီးလျှင် မာဂရက်တို့သားအမိသည် အုန်းဆံကြိုးဖြင့် မသက်ရှည်အား လက်ပြန်ကြိုးတုပ်ကြလေတော့၏။

ထိုအခါ မသက်ရှည် လွန်စွာကြောက်လန့်နေရှာ၏။

ထို့ကြောင့်. . .

"ကျွန်မကို ဘာလုပ်ကြမလို့လဲ၊ ကျွန်မကို သနားကြပါ"

ဟု မသက်ရှည်က ငိုယို၍တောင်းပန်၏။

ထိုအခါ မာဂရက်က သူ၏အကျီကိုယူကာ မသက်ရှည်၏ပါးစပ်အတွင်းသို့ ထိုးထည့်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်မှာ အသံမျှပင် မထွက်နိုင်ရှာတော့ပေ။

ထိုအခါ၌ မာဂရက်နှင့် ဒေါ်အစ္စဘယ်လာတို့သည်. .

"စိန်လက်စွပ်ဘယ်မှာလဲ၊ နင်ယူထားတယ် မဟုတ်လား"

ဟု မေးကာ ရိုက်နှက်ကြလေတော့၏။

မသက်ရှည်သည် မည်သို့မျှပြန်လည်၍ မပြောနိုင်ရှာပေ။ ပါးစပ်ထဲသို့ အဝတ်ဖြင့် ဆို့ထားသောကြောင့် ရှင်းပြခွင့်မရရှာ။ မျက်ရည်များသာ တပေါက်ပေါက်ကျနေ လေ၏။

ထို့နောက် မာဂရက်နှင့် ဒေါ်အစ္စဘယ်လာတို့သည် စီးကရက် တစ်လိပ်စီဖွာရှိုက်ကာ စီးကရက်မီးဖြင့် မသက်ရှည်၏ တစ်ကိုယ်လုံးကို ဝိုင်း၍ထိုးကြလေ၏။

ထိုအခါ မသက်ရှည်သည် သတိလစ်မေ့မြော သွားလေတော့၏။

ထိုသို့သတိလစ်သွားသောအခါတွင် ဒေါ်အစ္စဘယ်လာတို့သားအမိက ခေတ္တရပ်နား၏။ မသက်ရှည် သတိရလာသောအခါ မီးဖြင့်ထပ်၍ထိုးကြပြန်၏။

အတော်အတန် နှိပ်စက်ပြီးသောအခါ ဒေါ်အစ္စဘယ်လာက. . .

"မာဂရက်ရေ၊ ဒီအတိုင်းနှိပ်စက်နေလို့တော့ အမှုပေါ်မှာမဟုတ်ဘူး၊ သေသွားလိမ့်မယ်၊ သူသေသွားတာ အကြောင်းမဟုတ်ဘူး၊ တို့နှစ်ယောက် အမှုဖြစ်လိမ့်မယ်၊ အဲဒီတော့ ဂါတ်ကိုပို့မှ"

ဟု ပြောဆိုကာ ဂါတ်သို့ တယ်လီဖုန်းဆက်လိုက်လေတော့၏။ ဂါတ်မှ ပုလိပ်နှစ်ဦးနှင့် ရာဇဝတ်အုပ် တစ်ဦးသည် မသက်ရှည်အား လာ၍ခေါ်သွားကြလေတော့၏။ မသက်ရှည်အား ဂါတ်တွင်တစ်ညလုံးချုပ်ထား၏။



ထို့နောက် အနုနည်းနှင့် ညှင်းပန်း၍မေးမြန်း၏၊ ညနာရီပြန် နှစ်ချက်ထိုးသောအခါ၌ ထိုဂါတ်တွင် မဟုတ်မခံ ပြောဆိုလုပ်ကိုင်တတ်သော ဆားပုလင်းတစ်ဦး သည် တရားခံဖမ်းရာမှပြန်လာပြီး မသက်ရှည်၏အဖြစ်ကို မြင်သောအခါ ရာဇဝတ်အုပ်အား. . .

"ခင်ဗျားတို့ ဒီလိုမတရားမလုပ်နဲ့၊ အိမ်ရှင်က နှိပ်စက်ထားတာတင်ကြည့်ဦး၊ တစ်ကိုယ်လုံး အရှိုးတွေချည်းပဲ၊ မီးလောင်ဖုတွေလဲ ထနေတယ်၊ ဒီကောင်မလေး တစ်ခုခုဖြစ်ရင် ကျုပ်မခံဘူး၊ ခင်ဗျားတို့ကို တိုင်ရမှာပဲ၊ မျက်နှာရှိတဲ့လူကတိုင်တာနဲ့ မျက်နှာမရှိတဲ့လူကို မနှိပ်စက်ရဘူး၊ ဒီကောင်မလေးနေတဲ့ အိမ်ရှင်ဆိုတာကို ကျုပ်ကောင်းကောင်း သိတယ်၊ မြန်မာမတွေ ဘိုဂိုက်ဖမ်းနေတာ၊ အဲဒီအိမ်မှာ ဒေါ်လ်ဆင်ဆိုတဲ့ ကပြားတစ်ယောက် အဝင်အထွက် လုပ်နေတယ်၊ ဒီကောင်ဟာ အရာရှိတစ်ဦးရဲ့သားပဲ၊ ဒါပေမယ့် ခိုးတတ်တယ်၊ သစ်တောမင်းကြီးအိမ်ကို အလည်သွားရင်း ရွှေနာရီခိုးတဲ့အမှုနဲ့ ကျုပ်ကိုယ်တိုင် ဖမ်းဖူးတယ်၊ ဒေါ်လ်ဆင် အခုတလော ဖဲရှုံးနေတယ်လို့ ကျုပ်သတင်းရထားတယ်၊ နှစ်သောင်းကျော်သွားပြီတဲ့၊ အဲဒါ သူ့ရှုံးက ပိုက်ဆံတွေ သူခိုးတာကော မဖြစ်နိုင်ဘူးလား"

ဟု ဝင်၍ ဟန့်တားကန့်ကွက်လိုက်လေ၏။

ထိုအခါမှပင် မသက်ရှည်အား ညှင်းပန်းနှိပ်စက်မှုများ ရပ်တန့်သွားလေတော့၏။ နံနက်မိုးလင်းအခါ၌ မသက်ရှည်အား ဂါတ်မှလွှတ်လိုက်လေတော့၏။

* * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com



## ဂါတ်မှအပြန်

မသက်ရှည်သည် ဂါတ်တဲမှလွှတ်လိုက်သောအခါ၌ ပြန်လာခဲ့သော်လည်း ဒေါ်အစ္စဘယ်လာတို့၏အိမ်သို့ မသွားဝံ့သဖြင့် ဦးချစ်ကောင်း၏တဲသို့ ဝင်လေ၏၊ မျက်နှာအပါအဝင် ၄င်း၏တစ်ကိုယ်လုံး၌လည်း အရှိုးရာများ ထင်နေ၏၊ လက်ဖျံ၌မူ မီးလောင်ဖုကြီးများ ထနေ၏။ ဦးချစ်ကောင်းကိုမြင်လျှင် မသက်ရှည်သည်. . .

"ကယ်ပါဦး ဦးလေး"

ဟု ဆိုကာ ရှိုက်ကြီးတငင် ငိုကြွေး၍ လဲကျသွားလေတော့၏။

ဦးချစ်ကောင်းသည် မသက်ရှည်ကို ကြည့်လိုက်၏။ ထို့နောက် လွန်စွာစိတ်မကောင်းဖြစ်သွားလေ၏။

"ဘာမှအားမငယ်နဲ့မိန်းကလေးရယ်၊ တယ်ပြီး နှိုင်ရာစား လုပ်ကြတာကိုး၊ ကဲ. . ကဲ ရှေ့ရေးကို ဘာမှမပူနဲ့၊ ဦးလေးတာဝန်အကုန်ယူတယ်"



ဟု ဆိုကာ ထမင်းခူး၍ မသက်ရှည်ကိုကျွေးလေ၏၊ မသက်ရှည်မှာ ဝမ်းဗိုက်ကဆာသော်လည်း မစားနိုင်ရှာဘဲ ဆို့၍နေလေ၏၊ ဦးချစ်ကောင်းက ချော့၍ကျွေး၏၊ ထမင်းစားပြီးသောအခါ၌. . .

"တစ်ရေးအိပ်လိုက်ဦး မိန်းကလေး"

ဟု ဆိုကာ ဝါးဘိုးခြမ်းကလေးကို ခေါင်းအုံး၍ အိပ်စေ၏၊

မသက်ရှည်သည် ငိုရင်းရှိုက်ရင်းနှင့်ပင် အိပ်ပျော်သွားလေတော့၏။ ဦးချစ်ကောင်းသည် မသက်ရှည်အား အညာစောင်ပိုင်းကလေး ခြုံပေးလိုက်ရင်း သနားစဖွယ်ကောင်းသည့် မသက်ရှည်၏မျက်နှာကိုကြည့်ကာ. . . .

"အင်း. . . အတော့်ကို သနားစရာကောင်းတဲ့မိန်းကလေးပဲ၊ ဒါပေမယ့် သူ့ကိုကယ်ဆယ်ဖို့ နည်းလမ်းအတွက်တော့ အများကြီးစဉ်းစားရလိမ့်မယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

မသက်ရှည်သည် တစ်နာရီခန့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီးနောက် ပြန်၍နိုးလာလေ၏။ ထိုအခါ မသက်ရှည်သည် မျက်နှာသစ်၍ ခပ်ငိုင်ငိုင်ကလေး ထိုင်နေလေ၏။ ဦးချစ်ကောင်းမှာမူ အပြင်သို့ထွက်သွားပြီး ဖြစ်သဖြင့် တဲကလေးအတွင်း၌ ၄င်းတစ်ယောက်တည်း ကျန်ခဲ့သည် ဖြစ်ရာ ပို၍အားငယ်နေလေ၏။ မျှားမကြာမီ၌ပင် ဦးချစ်ကောင်းပြန်၍ရောက်လာလေ၏။

"ဩော်. . . မိန်းကလေး နိုးလာပြီလား၊ ကျုပ် အခုပဲ ဒေါ်အစ္စဘယ်လာတို့အိမ်ကို အကြောင်းမရှိအကြောင်းရှာပြီး ရောက်ခဲ့သေးတယ်၊ သူတို့သားအမိကတော့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မကျေနပ်သေးဘူး၊ ရာဇဝတ်ဝန်ဆီ တယ်လီဖုန်းဆက်ပြီး ဂါတ်ကိုပြန်ဖမ်းခိုင်းပြီး အနှိပ်စက်ခိုင်းဦးမတဲ့"

ဟု စကားစလိုက်ရာ မသက်ရှည်က. . .

"လုပ်ပါဦး ဦးလေးရယ်၊ ကျွန်မကို ပြန်ဖမ်းကြဦးမယ်၊ ကျွန်မကို နှိပ်စက်ကြဦးမယ်၊ ကျွန်မ သေရပါလိမ့်မယ်၊ ကျွန်မကြောက်တယ်. . . ကြောက်တယ်"

ဟု ဆိုကာ ဦးချစ်ကောင်း၏ ခြေသလုံးကိုဖက်၍ ငိုလေတော့၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"အေး. . . ဒါနဲ့ပြောရဦးမယ်၊ အသားညိုညို အရပ်မြင့်မြင့်နဲ့ ကောင်တစ်ကောင်လဲရောက်နေတယ်၊ အသက်တတော့ အစိတ်လောက်ပဲ ရှိဦးမယ်ထင်တယ်"

ဟု ပြောလိုက်လျှင် မသက်ရှည်၏မျက်နှာသည် ဝင်းထိန်၍သွားတော့၏။

ထို့နောက်. . . .

"အစ်ကို ညိုယဉ်ပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"ဒီကောင်လား ညိုယဉ်၊ ညိုတာမဟုတ်ဘူး မည်းတာ၊ ယဉ်တာမဟုတ်ဘူး ရိုင်းတာ၊ ဒီငမည်းကောင်ဟာ အတော့်ကို ရိုင်းတဲ့ကောင်၊ ဦးလေးရောက်သွားတော့ မာဂရက်က ဒီငမည်းကောင်ကို ပန်းခြံထဲခေါ်သွားတယ်၊ ပန်းခြံထဲက ထိုင်ခုံမှာ အတူထိုင်ကြတယ်၊ ဦးလေးကလဲ ပန်းမျိုးတွေကြည့်သလိုလိုနဲ့ မယောင်မလည် သူတို့နဲ့ မလှမ်းမကမ်းနေရာကို သွားတယ်၊ အဲဒီအခါမှာ ငမည်းကောင်ကို မာဂရက်က ပြောတော့တာပဲ၊ ဘိုလိုတစ်ခွန်း မြန်မာလို





တစ်ခွန်းနဲ့ နားမျက်စိလည်စရာကောင်းလောက်အောင် ပြောတော့တာပဲဟေ့၊ ဘာတွေပြောသလဲဆိုတော့ မိန်းကလေးဟာ သူ့ရဲ့စိန်လက်စွပ်ကို ခိုးယူကြောင်း၊ အဲဒါကြောင့် ဂါတ်ကိုပို့လိုက်ရကြောင်း၊ ဂါတ်ကို ရိုက်နှက်နှိပ်စက်ပြီး မေးတာတောင် မဖော်ကြောင်း စုံနေအောင် ပြောနေတော့တာပဲ. . .

"အဲဒီအခါမှာ ငမည်းတောင်က တျှပ်လဲ ဒီမိန်းကလေးကို အကဲခတ်နေတာ၊ အင်းလေ. . စောစောစီးစီး ဒီလိုမှန်းသိရတော့ ကောင်းတာပေါ့လို့ပြောပြီး မာဂရက်ရဲ့လက်ဖျားကလေးကို ငမည်းကောင်က လှမ်းပြီးကိုင်လိုက်တယ်. . .

"အဲဒီအခါမှာ မာဂရက်က ဘာထပ်ပြီးပြောသလဲဆိုတော့ ဒီကောင်မဟာ အိုင်တို့အိမ်လာတဲ့ 'ဒေါ်လ်ဆင်ဆိုတဲ့ကောင်နဲ့လဲ တိတ်တိတ်ကျိတ်ပြီးဖြစ်နေတာ၊ ဒေါ်လ်ဆင်က သူ့ကိုလုံးလုံးစိတ်မဝင်စားဘူး၊ သူက ဒေါ်လ်ဆင်ကို တစ်ဖက်သတ်ကြိုက်ပြီး ဓါတ်ပုံတွေပေးလားပေးရဲ့၊ အဲဒါတို့ ဒေါ်လ်ဆင်က မာမီ့ကိုရော အိုင့်ကိုပါတိုင်ပြီး သူပေးတဲ့ဓါတ်ပုံကို အိုင့်လက်ထဲပြန်ပေးလိုက်တယ်၊ ဟောဒီမှာကြည့်လို့ဆိုပြီး မိန်းကလေးရဲ့ဓါတ်ပုံကို ငမည်းတောင်လက်ထဲထည့်လိုက်တယ်၊ အဲဒီအခါမှာ ငမည်းကောင်က မခိုးမခန့်ရယ်ပြီး ကျုပ်သိပါတယ်၊ ဒီမိန်းကလေးဟာ အဆင့်အတန်းမရှိပါဘူး၊ ဒါတွေထားလိုက်ပါတော့ မာဂရက်ရယ်၊ တန်ဖိုးမရှိတဲ့ ရေမျောကမ်းတင် အုတ်ကြားမြက်ပေါက်၊ ကလေကဝ မိန်းကလေးတစ်ယောက်ရဲ့အကြောင်းကိုပြောပြီး ငါတို့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေမဖြုန်းပါနဲ့ကွယ်လို့ဆိုပြီး မာဂရက်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်တယ်၊ အဲဒီအခါမှာ



www.burmeseclassic.com

မာဂရက်က 'သက်ရိုက်' လို့ဆိုပြီး မေညီးကောင်ရဲ့လည်ပင်းကို သူလက်နဲ့သိုင်းပြီးဖက်လိုက်တယ်"

ဟု ရှည်လျားစွာပြော၍ စကားကို အဆုံးသတ်လိုက်သည်နှင့် တစ်ပြိုင်နက် မသက်ရှည်သည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ မခံချင်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း ဝေဒနာများကို တစ်ပြိုင်နက်တည်း စုပေါင်းခံစားရပြီးလျှင်. . .

"တောက်. . . အကြံပက်စက်လိုက်တာ မာဂရက်ရယ်"

ဟု ဆိုကာ ဝါးခင်းကို လက်သီးဖြင့်ထုချလိုက်ရာ အခင်းမှ ဝါးခြမ်းတစ်ခုသည် 'ဖြောင်းခနဲ' ကျိုးသွားလေတော့၏။ ထိုအဖြစ်ကိုကြည့်ကာ ဦးချစ်ကောင်းသည် တစ်ဖက်သို့လှည့်၍ ပြုံးလိုက်လေ၏။

မသက်ရှည်၏စိတ်သည် ကြောက်စိတ်မှ ဒေါသစိတ်သို့ ပြောင်းသွားပြီးဖြစ်၏။ ဤသို့ဖြစ်အောင်လည်း ဦးချစ်ကောင်းက ဆွ၍ပေးလိုက်ခြင်းဖြစ်၏။

ဦးချစ်ကောင်းသည် မသက်ရှည်အိပ်နေစဉ်၌ ဒေါ်အစ္စဘယ်လာတို့အိမ်သို့သွားကာ ဦးလေးတော်မီနှင့် တိတ်တဆိတ်တွေ့ဆုံခဲ့ပြီးဖြစ်၏။ ဦးလေးတော်မီထံမှ တစ်အိမ်လုံး၏သတင်းကိုယူခဲ့ပြီးဖြစ်၏။ ထိုသတင်းပေါ်မှ အခြေခံကာ မသက်ရှည်၏စိတ်ကို မဆိုး, ဆိုးအောင် ပြုလုပ်လိုက်ခြင်းဖြစ်၏။ မသက်ရှည်သည် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း မျက်ရည်များ တတွေတွေကျလာလေ၏။

"ဒါလောက် ယုတ်မာတဲ့လူစု၊ ဒီလောကကြီးမှာ မရှိအောင်ရှင်းပစ်ရမယ်"



ဟု မသက်ရှည်က ကြုံးဝါးလိုက်လေ၏။ ၎င်း၏ ကြုံးဝါးသံသည် ရင်၌လှုပ်ခါ၍သွားလေတော့၏။ ၎င်း၏ နား၌လည်း. . .

"ရှင်းပစ်ရမယ်. . . ရှင်းပစ်ရမယ်"

ဟူသော အသံများလည်း ပဲ့တင်ထပ်၍သွားလေတော့၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"ဟုတ်တယ် မိန်းကလေး၊ ဒီကောင်မတွေ၊ ဒီကောင်တွေကို ရှင်းပစ်တာအကောင်းဆုံးပဲ၊ လူပဲကွယ်. . . တကယ်ကြံရင် ဘာခံနိုင်မတုန်း၊ မဖြစ်, ဖြစ်အောင်ကို ကြံသင့်တယ်ကွယ်၊ တချို့တော့လဲ စိတ်ဆိုးတုန်း စိတ်လိုက်မာန်ပါ ကြိမ်းဝါးပေမယ့် နောက်တော့ တဖြည်းဖြည်းစိတ်က လျော့လျော့သွားတယ်၊ နောက်ဆုံးကျတော့ ရန်သူခြေထောက်အောက် ပြန်ရောက်သွားတာပဲ၊ အဲဒါကြောင့် အဲဒီလိုတော့ မဖြစ်စေချင်ဘူးကွယ့်"

ဟု မြှောက်ထိုးပင့်ကော် စကားပြောလိုက်ရာ မသက်ရှည်က. . .

"ကျွန်မကတော့ သင်းတို့ကို ဒီအတိုင်းမထားဘူး၊ ဘယ်တော့မှလဲ မကျေဘူး၊ ကောင်းကောင်းကြီး လက်တုံ့ပြန်မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"ဘာပဲဖြစ်ဖြစ် မိန်းကလေးကိုတော့ ကျုပ်ကောင်းကောင်း ကူညီလိုက်မယ်၊ တော်တော်ကြာ ကျုရင်သာ လုပ်မယ်ဆိုတဲ့အလုပ်ကို မလုပ်ဖြစ်ဘဲ မရှိစေနဲ့၊ မိန်းကလေးရဲ့အဖြစ်ကလဲ လူသာဆိုရတယ်၊ လူနဲ့တောင်မတူဘဲ ဒုက္ခရောက်လှချည်လားကွယ်"

www.burmeseclassic.com



ဟု ပြောလိုက်သည့်တစ်ခဏ၌ မသက်ရှည်၏ မျက်လုံးအိမ်မှ မျက်ရည်များသည် တပေါက်ပေါက်ကျဆင်းလာလေတော့၏။

ထို့နောက် အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်၍ မျက်လုံးမှာမူ တစ်နေရာတည်းသို့ စိုက်ကြည့်နေ၏။ ပြီးလျှင်. . .

"ဒီနေရာ ဒီအချိန်မျိုးမှာပဲ သင်းတို့ကိုနှိပ်စက်မယ်၊ သင်းတို့ ချစ်သူတွေနဲ့ကွဲစေရမယ်၊ သင်းတို့ကို ခိုးမှုနဲ့ဖမ်းပြီး ဆေးလိပ်မီးနဲ့ထိုးမယ်၊ သိကြရောပေါ့ အစ္စဘယ်လာနဲ့ မာဂရက်တို့ရေ. . ."

ဟု ကြိမ်းဝါးလိုက်လေ၏။

မသက်ရှည်သည် ဖြူဖြူနွဲ့နွဲ့ မိန်းကလေးဖြစ်၏။ သို့ရာတွင် သူ၏စိတ်သည် ဖြူနွဲ့ခြင်းမရှိတော့၊ ကြမ်းတမ်းခက်ထန်သွားပြီးဖြစ်၏။ သူ၏နှလုံးသားမှာလည်း နူးညံ့ခြင်းမရှိတော့၊ ခိုင်မာသော ပြဋ္ဌာန်းချက်ကြောင့် မာကျောသွားပြီဖြစ်၏။ ထို့နောက် မသက်ရှည်သည် ဦးချစ်ကောင်း၏ တဲကလေးရှိရာ ဘုရားစင်သို့သွားရောက်ကာ ဖယောင်းတိုင်တစ်တိုင် ထွန်းညှိ၍ ဘုရားမီးပူဇော်လိုက်ပြီးနောက် ဘုရားရှိခိုးကို လေးလေးနက်နက် ရွတ်ဆို၍ရှိခိုးလေ၏။ ထို့နောက် အမိအဖတို့အား ရှိခိုးလေ၏။ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာတို့အားလည်း ရှိခိုးလေ၏။ ပြီးလျှင် ဦးချစ်ကောင်းအားလည်း ကန်တော့၏။ အလုံးစုံပြုလုပ်ပြီးသောအခါ၌ ဘုရား၌အောက်ပါအတိုင်း သစ္စာဆိုလေတော့၏။

"အရှင်မြတ်စွာဘုရား. . .

တပည့်တော်မ သစ္စာပြုပါသည်၊ တပည့်တော်မသည် မာဂရက်၏ စိန်လက်စွပ်ကိုလဲ ခိုးယူခြင်းမပြုခဲ့ပါ၊ ဒေါ်လ်ဆင်ဆိုသည့်ကောင်ကိုလဲ တပည့်တော်မ၏ဓါတ်ပုံ မပေးခဲ့ပါ၊ ယနေ့ကအထိ ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့အပေါ်၌ ပြစ်မှားခြင်းမရှိခဲ့ပါ၊ သို့ပါလျက် သူတို့သည် တပည့်တော်မအား ပစ္စည်းခိုးသည်ဆို၍ ဂါတ်တဲသို့ပို့ပြီး နှိပ်စက်ခဲ့ကြပါသည်၊ တပည့်တော်မ၏ချစ်သူကိုလဲ တပည့်တော်မအပေါ် အထင်သေးအောင် လိဆယ်ပြောဆိုခဲ့ကြပါသည်၊ ထို့ကြောင့် ဒေါ်အစ္စဘယ်လာတို့ သားအမိနှစ်ယောက်နှင့် တပည့်တော်မသည် နိဗ္ဗာန်မရမီစပ်ကြား ရန်သူကြီးများသဖွယ် ငြိုးသူရန်ဘက် ဖြစ်ရပါလို၏၊ ဘဝအဆက်ဆက် လက်တုံ့ပြန်ရပါလို၏၊ မစေ့စပ်စတမ်း ရန်ပြုရပါလို၏၊ ယခုယနေ့မှ ရှစ်နှစ်အတွင်း တပည့်တော်မ ဉာဏ်စွမ်းရှိသရွေ့၊ ကိုယ်စွမ်းရှိသရွေ့ အသက်အရှက်မငဲ့ဘဲ လူလောကအလယ်မှာ ထည်ထည်ဝါဝါကြီး နေနိုင်အောင် ကြိုးစားပါမည်၊ ထို့နောက် ဒေါ်အစ္စဘယ်လာတို့ သားအမိနှစ်ဦးကို ငွေနှင့်ဝယ်ပါမည်၊ ငွေကြေးဥစ္စာဓနနှင့် အနိုင်ယူပါမည်၊ ဒီနေရာ ဒီလိုတန်ဆောင်မုန်းလအချိန်မှာပဲ သားအမိနှစ်ဦးစလုံးအား တပည့်တော်မ စိန်လက်စွပ်ပျောက်မှုနှင့် စွပ်စွဲကာ ဆေးလိပ်မီးနှင့်ထိုးရပါလို၏၊ ထိုးခွင့်ကြုံပါလျက် မထိုးဘဲရှိသော် တပည့်တော်မသည် ဆေးလိပ်လိုတို၍ ဘဝချုပ်ငြိမ်းရပါလို၏၊ သေလွန်ပြီးနောက် ငရဲကြီးရှစ်ထပ်တွင် ဆိုးသည်ထက်ဆိုးသော ငရဲသို့ တစ်ဆင့်ပြီးတစ်ဆင့်ကျရောက်၍ အနှစ်နှစ်သောင်းခံရပါလို၏ အရှင်ဘုရား"

ဟု ရွတ်ဆိုလိုက်ရာ ဦးချစ်ကောင်းက. . . . .

"အတော်ကောင်းတယ်ဟေ့၊ ဦးလေးတို့က ဒါမျိုးမှ ကြိုက်တာ၊ ဒီကောင်မနှစ်ယောက်ကို ဆေးလိပ်မီးနဲ့ကို ထိုးရမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု မြှောက်ထိုးပင့်ကော် ဝင်၍လုပ်ပြန်လေ၏။ ထို့နောက် ဦးချစ်ကောင်းက အောက်ပါအတိုင်း ပြောလေ၏။

"လောကမှာ ပေဖြစ်တန်းတ ခံထားရတဲ့သူဟာ တူဖြစ်တဲ့အခါ ထုကိုထုရမယ်၊ မိန်းကလေး တစ်ခုစဉ်းစား ကြည့်စမ်း၊ နံနက်ကို နေထွက်တယ်၊ ညဆိုရင် လသာတယ်၊ နေ့တစ်လှည့် ညတစ်လှည့် မဟုတ်လားကွယ်၊ ပြီးတော့လဲ ရာသီဥတုကိုကြည့်ဦး၊ နွေပြီးတော့ မိုး၊ မိုးပြီးတော့ ဆောင်း၊ ဆောင်းပြီးတော့ နွေ အလှည့်ကျပြန်လာတယ်၊ လောက နိယာမ တရားကိုက သူ့အလှည့်နဲ့သူရှိနေပါလျက် ဒေါ်အစ္စဘယ်လာ တို့သားအမိကျမှ အလှည့်မပေးဘဲ မသက်ရှည်ဆိုတဲ့ မိန်းကလေးကို တစ်သက်လုံး အနိုင်ယူလို့ ရမလားကွယ့်၊ သင်းတို့နေဝင်တဲ့နေ့ မသက်ရှည် လ,သာရမှာပေါ့၊ ကိုယ်အသာရတဲ့ အလှည့်ကျတော့လဲ လှလှပပ ထိန်ထိန်ကြီး ကို သာပစ်လိုက်ပေါ့၊ မသက်ရှည် လသာတဲ့ အခါမှာ ထန်းလျက်ဖြူဆုပ်ကလေးနဲ့ ရေနွေးကြမ်းခါးခါး သောက်ပြီး လရောင်အောက်မှာ အရသာခံပြီး ကြည့်လိုက် စမ်းချင်ပါဘိ ကွယ်"

ဟု ထပ်မံ၍ သွေးကြွစေသော စကားများကို ပြောပြန် လေ၏။ ထိုအခါ မသက်ရှည်က. . .

"စိတ်ချဦးလေး၊ နောက်အကျဆုံး ရှစ်နှစ်ပဲ၊ ဒီအတွင်း မှာ မသက်ရှည်ရဲ့အလှည့်ရောက်လာမယ်"

ဟု မသက်ရှည်က ပြောလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"အောင်မာ. . နေစမ်းပါဦး၊ ဦးလေးက လက္ခဏာ ကောင်းကောင်းတတ်တယ်၊ ကျုပ်တူမကြီးမှာ တစ်လှည့် တစ်ပတ် ချမ်းသာခွင့် ရမရ ကြည့်ပေးလိုက်ဦးမယ်၊ မှန်းစမ်း"





ဟု ဆိုကာ မသက်ရှည်လက်ကိုဆွဲကိုင်၍ လက်ဝါးကို ကြည့်လိုက်လေ၏။ ထို့နောက် ဦးချစ်ကောင်းက. . .

"အလို. . . ဟောဒါ ထီးရိုးကွယ့်၊ သီလလေခနဲ့ ဟဒယလေခကိုဖောက်ပြီး တက်နေလိုက်တာကွယ်၊ နည်းနည်း နောနော ကောင်းတဲ့ဟာကြီးမဟုတ်ဘူး၊ အလို. . . ဒီဘက်လဲ ဓေယျလေခလို့ခေါ်တဲ့ လမ်းကြောင်းကြီးက တယ်လဲ အားရှိပါလား၊ သေချာပါတယ်၊ ကျုပ်တူမကြီး ကောင်းစား မှာပါ၊ ကျုပ်တို့ကတော့ ကောင်းစားတာမြင်ချင်ပါ့ဗျာ၊ အမယ်. . ပြီးတော့လဲ လက်သည်းတွေကလဲ မဆိုးပဲ နီနေပါလား၊ ကျမ်းမှာက အတယ် အတင့် ရင့်ရင့်နီမှည့် ချိပ်ရည်အပြေး၊ နီထွေးထွေးသို့ ခြေရေး လက်သည်း အုပ်စီးတည်၊ ဖျိုးချည်ညွှန့်နု၊ မုဒုစာရဏ ဟတ္ထဝါဒါ လို့ လက်သည်းနီတဲ့လူများ ကောင်းစားမယ်လို့ ဆိုထားတယ်ဗျ၊ ဟောဒီလမ်းကြောင်းနှစ်ခုဟာ ကျုပ်တူမကြီး မုချဧကန် သူဌေးဖြစ်မယ်လို့ဟောတာပဲ၊ စိတ်ချလက်ချသာနေပေတော့၊ မုချ ချမ်းသာလိမ့်မယ်"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ကျွန်မကို ဆရာကြီး ဦးထွန်းမြတ်ကလဲ အဲဒီလို ဟောဖူးတယ်"

ဟု ပြန်၍ပြောလေ၏။

"ဟာ. . ဒီဆရာကြီးဟောရင် မလွဲဘူးဟဲ့၊ စိုက်လိုက် မတ်တတ်သာ ကြိုးစားပေတော့၊ ဦးလေးရဲ့ လက္ခဏာပညာမှာ ငါ့တူမကြီး ချမ်းသာမှာကို သိတယ်၊ အစ္စဘယ်လာတို့ သားအမိတော့ ငါ့တူမကြီးရဲ့ခြေဖဝါးအောက်ကို အလျားလိုက် ရောက်မှာ သေချာပါတယ် ငါ့တူမကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။ မသက်ရှည်သည် ဦးချစ်ကောင် စကားကို လွန်စွာယုံကြည်သွားလေ၏။ အမှန် စင်စ ဦးချစ်ကောင်းသည် လက္ခဏာပညာ လုံးဝမှောတ်ချေ မသက်ရှည် စိတ်အားတက်ကြွစေရန် လီဆယ်၍ပြောခြင်းသာ ဖြစ်လေ၏။ လက္ခဏာပညာအရ တွေ့၍ပြောသည်ဟူသော စကားကို အလွယ်ပြောသော စကားထက် မသက်ရှည်က ပို၍ယုံကြည်သွားလေ၏။

မှတ်ချက်။ ။ ဤအချက်ကို ဗေဒင်လက္ခဏာဆရာတို့ သတိပြုသင့်ပေသည်။ ကျွန်ုပ်သည် လူတစ်ဦး၏ အသက်နှင့် လူတစ်ဦး၏ဘဝကို ဤသဘောမျိုးဖြင့် ကယ်ဆယ်ခဲ့ဖူး၏။ ဗေဒင် လက္ခဏာဆရာတို့ သတိ ပြုသင့်သည်ဟု ဆိုခြင်းမှာ ကျွန်ုပ်ထက် ပညာအရ အသက်အရ ကြီးသူတို့ကို ဆိုလိုခြင်းမဟုတ်၊ ကျွန်ုပ် ထက် ပညာအရ၊ အသက်အရ ငယ်သောဆရာတို့ကို ဆိုလိုခြင်းဖြစ်၏။ မိမိ၏စကားတစ်ခွန်းသည် ဗေဒ လက္ခဏာ ကြည့်သူ၏စိတ်ကို ပြောင်းလဲပစ်နိုင်ကြောင်း သတိပြုစေလိုသော စေတနာသက်သက်ဖြစ်ပါသည်။
(စာရေးသူ)

ထို့နောက် ဦးချစ်ကောင်းက. . . .

"ကြီးပွားချမ်းသာဖို့ အချိန်ရှိသရွေ့လုပ်ရမှာပေါ့ သူတစ်ပါးအိမ်မှာ ကိုယ်နေတုန်းက သူတို့ခိုင်းသမျှ လုပ် ရတယ် မဟုတ်လား၊ ခုလဲ ကိုယ့်ကိုယ်ကိုယ် ခိုင်းရတော့မယ် ကိုယ့်ကိုယ်ကိုယ်မညှာနဲ့၊ ရက်ရက်စက်စက် ခိုင်းပေါ့တော့"

ဟု ပြောလိုက်လေ၏။



"ဒါပေမယ့် ဦးလေးရယ်၊ မိန်းမဆိုတော့ ယောကျ်ားတွေလို ဘုန်းကံမရှိဘူးမဟုတ်လား၊ အဲဒါ တစ်ခုပဲ အားငယ်တယ်"

ဟု မသက်ရှည်ပြောလေ၏။ ထိုအခါ ဦးချစ်ကောင်းက ကပျာကယာလက်ကာ၍. . .

"ရယ်စရာတွေ မပြောပါနဲ့မိန်းကလေးရယ်၊ အဲဒီ ဘုန်းကံရှိတဲ့ယောကျ်ားတွေကို နင်တို့မိန်းမတွေက မွေးထုတ်မှ လူဖြစ်ရတာဟဲ့၊ အဲဒီလို လူဖြစ်လာတော့မှ ယောကျ်ားသာလျှင် ဘုန်းရှိတယ်၊ မိန်းမဆိုတာ ဘုန်းမရှိဘူးလို့ သူကပြောတာ၊ မိန်းမတွေကို ဘုန်းမရှိဘူးလို့ စွပ်စွဲတဲ့အချက်တွေကို ဦးလေး သေသေချာချာစဉ်းစားကြည့်တော့ တော်တော့်ကို ရယ်စရာ ဖြစ်နေတယ်၊ ကိုယ်ဝန်ဆောင်ရတာကြောင့် ဘုန်းမရှိဘူး ပြောရင် ဖြစ်ပါ့မလားမိန်းကလေးရယ်၊ သဘာဝရဲ့ တာဝန် ဝတ္တရားကို ဆောင်ရွက်တာမဟုတ်လား၊ အဲဒါဟာ သဘာဝ ကိစ္စပဲ၊ သဘာဝတရားဟာ သဘာဝတရားပဲဖြစ်တယ်၊ သူမှာ ကောင်း/ဆိုး မရှိဘူး၊ လူတွေက ကောင်း/ဆိုးထည့်ပြီး ကြည့်နေကြတာ"

ဟု ဦးချစ်ကောင်းသည် ဇွတ်မှိတ်၍ မသက်ရှည် ကလေးအားမတက် တက်စေရန် ပြောလေတော့၏။

မှတ်ချက်။ ။ ဦးချစ်ကောင်း၏ အယူအဆသည် စာရေးသူ၏အယူအဆနှင့် လုံးဝမတူပါ၊ ဦးချစ်ကောင်းသည် ဦးချစ်ကောင်းသာလျှင်ဖြစ်သည်။ ကျွန်ုပ်နှင့် လုံးဝ မပတ်သက်ပါ။ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ စာရေးမေးမြန်းခြင်း၊ စုံစမ်းခြင်းမပြုလုပ်ရန် မေတ္တာ ရပ်ခံပါသည်။
(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်သည် ဦးချစ်ကောင်း၏ မြှောက်ထိုးပင့်ကော်လုပ်မှုကြောင့် သွေးနားထင်ရောက်လျက်ရှိလေ၏။ ထို့နောက် ဦးချစ်ကောင်းသည် မသက်ရှည်အား. . .

"ကြီးပွားချမ်းသာအောင် လုပ်မယ်ဆိုရင် ဦးလေးနည်းကောင်းတစ်ခုပေးလိုက်မယ်၊ အဲဒါကတော့ ဘာလဲဆိုရင် ဘာကိုပဲလုပ်လုပ် မိမိစိတ်ကူးမထည့်နဲ့၊ ဖျတ်ခနဲ ပေါ်လာတာကို ဆတ်ခနဲလုပ်ဖို့ပဲ၊ အတိုမှတ်ဖို့ကတော့ ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ် ဒါပဲ၊ ပြီးတော့ ကိုယ်လျှောက်သွားမယ့် တစ်သက်တာခရီးမှာ မလွဲမရှောင်သာ ဒုက္ခဆိုတာတွေ့ရမယ်၊ ဒုက္ခဆိုတာကိုလဲ ဟောဒီလို သဘောပေါက်ထားစမ်းပါ၊ ဒုက္ခဆိုတာ သုခဆိုတဲ့အရာနဲ့ စာရွက်တစ်ရွက်ရဲ့ ဟိုဘက်မျက်နှာ ဒီဘက်မျက်နှာပဲပေါ့၊ အဲဒီတော့ သုခဆိုတဲ့စာရွက်ချည်း သတ်သတ်ဝယ်လို့မရဘူး၊ သူ့နောက်ကျောမှာ ဒုက္ခဆိုတာ ပါနေမှာပဲ၊ ပြီးတော့ ဒုက္ခဆိုတဲ့စာရွက်ချည်း သတ်သတ်လဲ ဝယ်လို့မရပြန်ဘူးကွယ့်၊ သူ့နောက်ကျောမှာ သုခဆိုတဲ့အရာ ပါနေမှာပဲ၊ အဲဒီတော့ သုခနဲ့ဒုက္ခဆိုတာ အမြွှာညီအစ်ကို ထက်တောင် ရင်းနှီးကြသေးတယ်၊ ဒါကြောင့် ဒုက္ခတွေ့တာနဲ့ ဒုက္ခကိုမကြောက်နဲ့ကွယ့်၊ အဲဒီ ဒုက္ခစာမျက်နှာကို လှန်လိုက်တာနဲ့ သုခဆိုတဲ့စာမျက်နှာကို ရောက်တော့တာပဲလို့ ပိုင်ပိုင်နိုင်နိုင်ကြီးကိုယုံကြည်ထားကွယ့်"

ဟု ပြောဆိုကာ ဦးချစ်ကောင်းသည် ရေနွေးကြမ်းတစ်ခွက်ကို ငုံ့၍သောက်လိုက်လေ၏။ မသက်ရှည်မှာ ဦးချစ်ကောင်း၏စကားကို တစ်လုံးချင်းမှတ်သား၍နေ၏။

ထို့နောက် ဦးချစ်ကောင်းက. . .



"နောက်တစ်ခုလဲ ပြောရဦးမယ်ကွယ့်၊ လူ့လောကကြီးမှာနေသရွေ့ ကဲ့ရဲ့ခြင်းဆိုတာနဲ့ ဘယ်တော့မှမလွတ်ဘူး၊ ကဲ့ရဲ့ခြင်းဆိုတဲ့အရာဟာလဲ ချီးမွမ်းခြင်းဆိုတဲ့အရာနဲ့ ဟိုဘက်မျက်နှာ ဒီဘက်မျက်နှာပဲကွယ့်၊ သူဟာ စာရွက်တစ်ရွက်ရဲ့ ဟိုဘက်ဒီဘက်မှာရေးထားတဲ့ သဘောမျိုးပဲ၊ ချီးမွမ်းခြင်းဆိုတဲ့ စာရွက်ချည်းပဲ ဝယ်လို့မရဘူး၊ နောက်ကျောမှာ ကဲ့ရဲ့ခြင်းတွေ ပါနေတယ်၊ ကဲ့ရဲ့ခံရတာဟာကလဲ ချီးမွမ်းခြင်းလောက်လဲ အရေးကြီးတယ်၊ 'မိုက်ခရိုစကုပ်' ခေါ်တဲ့ မှန်ဘီလူးမပေါ်ခင်က ရေထဲမှာ ပိုးတွေပါတယ်လို့ပြောတဲ့ လူတစ်ယောက်ကို ဝိုင်းပြီး ကဲ့ရဲ့လိုက်ကြတာကွယ်၊ အဲဒီပိုးတွေကြည့်နိုင်တဲ့ မှန်ဘီလူးပေါ်လာရော သူ့ကိုချီးမွမ်းကြပြန်ရော၊ ဒီသဘောပဲ၊ ဒီလောကကြီးကို ကုလားတွေက 'ဒွန္ဒယာ' ကြီးလို့ ခေါ်တာဟာ နှစ်ခုနှစ်စုံဖြစ်နေလို့ ခေါ်တာကွယ့်"

ဟု ပြောလိုက်ပြန်လေ၏။

ထိုအခါ မသက်ရှည်က. . .

"ဒါဖြင့် ဦးလေးရယ်၊ ကျွန်မတို့က ဘယ်ဟာကို ဆုပ်ကိုင်ထားရမှာလဲ၊ ဒုက္ခကို ဆုပ်ကိုင်ထားရမလား၊ ဒါမှမဟုတ် သုခကိုလား၊ ချီးမွမ်းခြင်းကို ဆုပ်ကိုင်ထားရမလား၊ ကဲ့ရဲ့ခြင်းကို ဆုပ်ကိုင်ထားရမလား"

ဟု မေးလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက. . .

"ဘယ်ဟာကိုပဲ ဆုပ်ဆုပ် အတူတူပဲလေကွယ်၊ တခြားစီမှမဟုတ်ဘဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ အသက်ရှည်က . . .

"ကဲ့ရဲ့ခြင်းနဲ့ ချီးမွမ်းခြင်းဟာ ဘယ်လိုလုပ် တူမှာတုန်း ဦးလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ပြန်လေ၏။ ထိုအခါ ဦးချစ်ကောင်းက . .

" ဒီလိုဆိုရင် ဦးလေးတစ်ခုမေးမယ်၊ ကဲ့ရဲ့ခြင်းဟာ ဒုက္ခလား၊ သုခလား"

ဟု မေးလိုက်လေ၏။ မသက်ရှည်သည် ဦးချစ်ကောင်း အတွက် ရေနွေးငွဲ့ပေးရင်း . . .

" ကဲ့ရဲ့ခြင်းဟာ ဒုက္ခပေါ့ ဦးလေးရဲ့ "

ဟု ပြန်၍ ဖြေလိုက်လေ၏။

" ကဲ . . . ဒီလိုဆိုရင် မိန်းကလေးကို ဦးလေးမေးမယ်၊ ကဲ့ရဲ့ခံရမှာကို မိန်းကလေးကြိုက်မလား၊ မကြိုက်ဘူးလား "

ဟု မေးလိုက်လေ၏။

" ကဲ့ရဲ့ခံရမှာကိုတော့ မကြိုက်ဘူး ဦးလေး "

ဟု မသက်ရှည်က ပြန်၍ ဖြေလိုက်လေ၏။

" ကဲကွယ် . . . အဲဒီကဲ့ရဲ့ခြင်းဆိုတာရော မြဲသလား မိန်းကလေး မင်းကိုအမြဲ ကဲ့ရဲ့နေနိုင်သလား"

ဟု ဦးချစ်ကောင်းက မေးလိုက်လေ၏။

" မမြဲပါဘူး ဦးလေး၊ အမြဲတမ်းလဲ ဘယ်သူကမှ မကဲ့ရဲ့နိုင်ပါဘူး "

ဟု မသက်ရှည်က ပြန်၍ ပြောလိုက်လေ၏။

" ကဲကွယ် . . . ကိုယ်မကြိုက်တဲ့ ကဲ့ရဲ့ခြင်းဟာ မမြဲဘူးဆိုတော့ ကောင်းသလား မကောင်းဘူးလား"

ဟု ဦးချစ်ကောင်းက မေးပြန်လေ၏။

" ကိုယ်မကြိုက်တာချည်းက မမြဲဘူးဆိုတော့ ကောင်းတာပေါ့ ဦးလေးရဲ့ "

" အေး . . . ကောင်းရင် သုခလို့ မှတ်လိုက်"

ဟု ဦးချစ်ကောင်းက ပြောလိုက်လျှင် မသက်ရှည်က .



" ကဲ့ရဲ့ခြင်းဟာ ဘယ်လိုကနေဘယ်လို သုခဖြစ်သွား ရတာတုန်း"

ဟုပြောရင်း ပြုံးလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်း က . . .

" မိန်းကလေး၊ ချီးမွမ်းခြင်းဆိုတာ သုခလား၊ ဒုက္ခလား"

ဟု မေးပြန်လေ၏။ ထိုအခါ မသက်ရှည်က . . .

" ချီးမွမ်းခြင်းဆိုတာ သုခပေါ့ "

ဟု ပြန်၍ ဖြေလိုက်လေ၏။

" ကဲ . . . အဲဒီ ချီးမွမ်းခြင်းဟာ မြဲသလား၊ မင်းကို အစဉ်မပြတ် ချီးမွမ်းနေနိုင်ကြမလား"

ဟု မေးလိုက်လေ၏။ ထိုအခါ မသက်ရှည်က . . .

" ဒီလိုတော့ မဖြစ်နိုင်ဘူး ဦးလေး၊ ဘယ်သူမှ အစဉ် မပြတ် မချီးမွမ်းနိုင်ဘူး၊ အဲဒါကြောင့် မမြဲဘူး "

ဟု ပြန်၍ ပြောလိုက်လေ၏။

" ကိုယ်ကြိုက်တဲ့ ကိုယ်အလိုရှိတဲ့ ချီးမွမ်းခံရခြင်းဟာ မမြဲဘူးဆိုတာကို မိန်းကလေးသဘောကျသလား၊ သဘော မကျဘူးလား"

ဟု ဦးချစ်ကောင်းက မေးလိုက်လေ၏။

" သဘောမကျဘူး "

ဟု မသက်ရှည်က ပြန်၍ ဖြေလေ၏။

" သဘောမကျရင် ဒုက္ခပေါ့ မိန်းကလေးရဲ့ "

ဟု ဦးချစ်ကောင်းက ပြန်၍ ပြောပြန်လေ၏။ ထိုအခါ မသက်ရှည်က . . .

" ချီးမွမ်းခံရခြင်းဟာ ဘယ်လိုကနေ ဘယ်လို သုခကနေ ဒုက္ခကို ပြောင်းသွားရတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရင်း ငေးငိုင်၍ သွားလေတော့၏။

" အဲဒါတွေဟာ ပြောင်းလဲသွားတာပေါ့ကွယ်၊ တကယ်ရှိတဲ့ အရာတွေမှမဟုတ်ဘဲ၊ နောက်တော့ မိန်းကလေးသဘောပေါက် လာပါလိမ့်မယ် "

ဟု ဦးချစ်ကောင်းက ပြောလိုက်လေ၏။ မသက်ရှည်သည် ဦးချစ်ကောင်းပြောသော စကားများကို လေးလေးနက်နက် နားထောင်လေ၏။ ရွှံ့ပျော့ပျော့တွင် လောက်လေးခွဖြင့် တစ်အားပစ်သွင်းလိုက်သော လောက်စလုံးများကဲ့သို့ ဦးချစ်ကောင်း၏ စကားများသည် မသက်ရှည်၏ နုနယ်သော နှလုံးသားအတွင်းသို့ 'စွပ်ခနဲ' 'စွပ်ခနဲ' ဝင်သွားလေတော့၏။

* * * * * * * * * * *

ဒီနေရာမှထွက်ပြီ

ညနေပိုင်းသို့ရောက်လျှင် ဦးချစ်ကောင်းကြီးသည် ထမင်း ဟင်းကို တောင်းစွဲချက်လေ၏။ ထို့နောက် မသက်ရှည်နှင့် နှစ်ယောက်သား မြိန်ရှက်စွာ စားကြလေ၏။ ပြီးလျှင် မသက်ရှည်အား ဇရပ်၏တဲ၌ ထားခဲ့ပြီးလျှင် ဇရပ်က အပြင်သို့ ထွက်သွားလေတော့၏။ အချိန်အတန်ကြာသော အခါ၌ ပြန်၍ရောက်လာလေ၏။ ထိုသို့ ပြန်ရောက်လာပြီးနောက် ရေနွေးကြမ်း ခါးခါးနှင့် ထန်းလျက်ဖြူမှုန့်များကို မြည်းရင်း နှစ်ယောက်သား စကားပြောနေကြလေ၏။ ဦးချစ်ကောင်းပြောသော စကားတိုင်းသည် မသက်ရှည်အား အားပေးသော စကားများပင် ဖြစ်လေ၏။ ညဉ့်နက်လာသော အခါ၌ ဦးချစ်ကောင်းက မသက်ရှည်အား အိပ်ခိုင်းလေ၏။ မသက်ရှည်သည် ခေါင်းချသည်နှင့် အိပ်ပျော်သွားလေတော့၏။ အိပ်မောကျနေစဉ်၌ပင် ဦးချစ်ကောင်းက . . .

" မိန်းကလေး . . . မိန်းကလေး၊ ထတော့"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ နှိုးလေတော့၏။ မသက်ရှည်သည် အိပ်ယာမှကပျာကယာ ထရလေ၏။ ဦးချစ်ကောင်းက မသက်ရှည်အားမျက်နှာသစ်ခြင်း၊ အပေါ့အပါးသွားခြင်း အမှုတို့ကို ပြုခိုင်းလေ၏။ မသက်ရှည်လည်း ဦးချစ်ကောင်း ခိုင်းသည့်အရာများကို လုပ်ပြီးနောက် ချစ်ကောင်းရှိရာသို့ လာလျှင် အငွေ့တထောင်းထောင်းထနေသော ကောင်းညှင်း ပေါင်းနှင့် ရေနွေးကရားကို တွေ့ရလေ၏။

" ကဲ . . . မိန်းကလေး၊ မြန်မြန်စားပေတော့၊ မင်းခရီးထွက်ရမယ် "

ဟု ပြောလိုက်လျှင် မသက်ရှည်က . . .

" ကျွန်မ ဘယ်ကို ခရီးထွက်ရမှာလဲ "

ဟု ပြန်၍ မေးလိုက်လေ၏။

" အစ္စဘယ်လာတို့ သားအမိကို နင့်ကျွန်ဖြစ်အောင်လုပ်ချင်တယ်ဆို၊ နင် စီးပွားရှာရမှာပေါ့၊ ရှမ်းပြည်နယ်ကိုထွက်မယ့် ကုန်ကားတစ်စီးကို မနေ့ညကတည်းက ငါသွားပြောထားပြီးပြီ၊ နင် အဲဒီကားနဲ့ လိုက်သွားရုံပဲ၊ ဟောဒီမှာ စာတစ်စောင်လဲ ရေးထားတယ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရောက်ရင် ရှမ်းလူမျိုး လက်ဖက်ခြောက်ကုန်သည်ကြီး ဦးတီးကြောင် ဆိုတာရှိတယ်၊ ဈေးနားမှာပဲ၊ နင် ဒီစာကိုပြလိုပ်ရင် နင့်ကို သူ့အိမ်မှာ သမီးအမှတ်နဲ့ ခေါ်ထားလိမ့်မယ်၊ နင် အဲဒီမှာ အလုပ်လုပ်ပေတော့၊ ကြိုးစားပေတော့၊ ဘာပဲလုပ်လုပ် ငါမှာတာကို မမေ့နဲ့၊ ဘာကိုမှ ကြိုပြီးတွေးမထားနဲ့၊ ဖျတ်ခနဲပေါ်တာကို ဆတ်ခနဲ လုပ်လိုက်ရုံပဲ၊ မိန်းကလေးဆိုတော့ သူတစ်ပါး စော်ကားချင် စော်ကားမယ်၊ ဟောဒီဓားမြှောင်ယူသွား၊ အကြောင်းကြောင်းလုပ်တဲ့ကောင်ပေါ်လာရင် ဆတ်ခနဲသာ ထိုးထည့်လိုက်ပေတော့"



ဟု ဆိုကာ ဓားအိမ်ပါသော ဓားမြှောင်ကလေးတစ်လက်ကို ပေးလိုက်လေ၏။ ထိုဓားမြှောင်၏ ဓားအိမ်ပေါ်တွင် 'ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်' ဟူသော စာတမ်းကို မီးဖြင့် ထွင်းထားသည်ကိုလည်း တွေ့ရလေ၏။

မသက်ရှည်သည်ထိုဓားမြှောင်ကလေးကို ဦးချစ်ကောင်း၏ လက်မှဆတ်ခနဲ ယူလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက မသက်ရှည်၏ လက်ကိုပြန်လည်ဆုပ်ကိုင်ထားလိုက်ရင်း . . .

" သမီး . . . လုပ်ရဲတဲ့လူတွေအတွက် အခက်ဆိုတာဘာမှမရှိဘူး၊ လောကကြီးကို ရဲရဲရင်ဆိုင်လိုက်၊ ပယ်ပယ်နယ်နယ် ဒုက္ခခံဖူးတဲ့ လူမှလဲ ချမ်းသာသုခကို ခံစားရတဲ့အခါမှာ ပြည့်ပြည့်ဝဝ ခံစားရတယ်ကွယ် "

ဟု ဦးချစ်ကောင်းက တစ်လုံးချင်း ပြောလိုက်လေ၏။ မသက်ရှည်ကလည်း . . .

" စိတ်ချ ဦးလေး၊ ဘယ်လိုဒုက္ခမျိုးပဲဖြစ်ဖြစ် ရင်ဆိုင်မယ် ဟိုသားအမိကို လက်တုံ့ပြန်ရရင် ကျွန်မကျေနပ်ပြီ"

ဟု ပြောလိုက်လျှင် ဦးချစ်ကောင်းက . . .

" လက်တုံ့ပြန်ခြင်းဟာ ချိုမြိန်တဲ့ အရသာရှိတယ်မိန်းကလေးရဲ့၊ ဒီအရသာဟာ ကျကျနနခံဖူးပြီး ကျကျနနလက်တုံ့ပြန် တတ်တဲ့လူမှ ရတဲ့ အရသာမျိုးပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မသက်ရှည်က . . .

" ကျွန်မ သွားရတော့မလား"

ဟု မေးလိုက်လေ၏။

" သွားတော့ မိန်းကလေး၊ ဘယ်လိုအကြောင်းနဲ့မှ ဒီကိုပြန်လှည့်မလာနဲ့၊ ဒီကိုပြန်ရောက်တဲ့အခါမှာ ချမ်းသာတဲ့အချိန်ဖြစ်နေရမယ်၊ ဒါကြောင့် ဘယ်လိုအကြောင်းနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com

ဒီကိုပြန်မလှည့်ရဘူး၊ မလှည့်ပါဘူးလို့လဲ ဘုရားမှာသစ္စာဆိုသွား၊ ဝါးတန်းဆိပ်မှာ ချစ်တီးဆိုတဲ့ကောင် မောင်းတဲ့ကားကို ဦးလေးသေသေချာချာ ပြောပြီးပြီ၊ လိုက်သွားရုံပဲ"

ဟု ဆိုကာ လွယ်အိတ်ကလေး တစ်လုံးကို ပေးလိုက်လေ၏။ လွယ်အိတ်အတွင်း၌မူ ချုပ်ပြီးသား သရက်ထည် လုံချည်ကလေး တစ်ထည်နှင့် ဈေးချုပ်အင်္ကျီနှင့် ဘော်လီ တစ်ထည်လည်းပါ၏။

"မိန်းကလေးအတွက် လဲဖို့ဖယ်ဖို့ လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည် ထည့်ပေးလိုက်တယ်၊ ပိုက်ဆံတော့ တစ်ပြားမှ မပါဘူး၊ ဦးလေးအနေနဲ့လဲ မပေးလိုက်နိုင်ဘူး၊ လမ်းမှာ အဆင်ပြေအောင်တော့ ဦးလေး ချစ်တီးကို ပြောခဲ့ပါတယ်၊ ချစ်တီးက လမ်းမှာထမင်းချိန်မှာ ထမင်းကျွေးမယ်၊ လက်ဖက်ရည်ချိန်မှာ လက်ဖက်ရည်တိုက်မယ်၊ သွားပေတော့၊ ဒီကနေ ကီလိုသွားဖို့တော့ ဦးလေးလိုက်ပို့မယ်"

ဟု ဆိုကာ မသက်ရှည်အားခေါ်၍ ဦးချစ်ကောင်းက လမ်းထိပ်သို့ထွက်လာလေတော့၏။ လမ်းထိပ်ရောက်လျှင် ဈေးကြို ကားတစ်စီးကို တားလိုက်လေ၏။ ကားက ရပ်ပေးလျှင် မသက်ရှည် တက်လိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက စပယ်ယာအား . . .

"ဟေ့သူငယ်၊ အဲဒီမိန်းကလေးကို ပိုက်ဆံမတောင်းပါနဲ့ကွာ၊ သူ့မှာ တစ်ပြားမှ မပါဘူး"

ဟု ပြောလိုက်ရာ စပယ်ယာက . . .

"ခက်တော့ဆိ အလကားမရဘူးဗျ"

ဟု ပြန်၍ ဘောက်ဆတ်ဆတ် ပြောလိုက်လေ၏။ ထိုအခါ ဦးချစ်ကောင်းက . . .



"မင်းတို့ကားကို ဒီလမ်းက စိတ်ချမ်းသာ လက်ချမ်းသာ နေ့တိုင်းမောင်းချင်ရင် ငါပြောတဲ့အတိုင်းလုပ် "

ဟု ပြောလိုက်ရာ ဒရိုင်ဘာက သဘောပေါက်သွားလေ၏။

" ရပါတယ် ဦးလေး၊ ရပါတယ် "

ဟု ဆိုကာ ကားကို ဝူးခနဲ မောင်းထွက်သွားလေတော့၏။

ဤသို့နှင့် မသက်ရှည်၏ခရီးစဉ်သည် မော်တော်ကား အလကားစီးခြင်းဖြင့် စတင်ခဲ့ရလေတော့၏။ ကုန်စိမ်းကားသည် ဝါးတန်းဆိပ်သို့ ရောက်သွားလေ၏။ ထိုအခါ မသက်ရှည်သည် ရှမ်းပြည်နယ်သို့သွားမည့် ကုန်ကားများကို စုံစမ်းလေ၏။ လက်ဖက်ရည်ဆိုင် အတွင်း၌ လက်ဖက်ရည် သောက်နေသော ကားသမားများထံသို့ သွား၍ . . .

" ရှမ်းပြည်နယ်ကို တက်မယ့်ကားထဲမှာ ကိုချစ်တီးရဲ့ ကား ဘယ်ကားလဲရှင့် "

ဟု မေးလိုက်ရာ ကားသမားများသည် အားမနာ ပါးမနာ ဝါးခနဲ ဝိုင်း၍ရယ်ကြလေ၏။ ထို့ကြောင့် မသက်ရှည် အတော်ကလေး ရှက်သွားလေ၏။ ထိုသို့ ရယ်ပြီးနောက် ကားသမားများထံမှ . . .

" ချစ်တီးတော့ မရှိဘူး၊ အပွနားဆိုတာတော့ ငါပဲ "

ဟု ပြောင်စပ်စပ် မျက်နှာနှင့် ပြောလေ၏။

" ဘယ်နှယ့်ကြောင့် ချစ်တီးမရှိရမှာလဲ၊ ကျွန်မဦးလေး က သေသေချာချာ ပြောလိုက်တာရှင့် "

ဟု မသက်ရှည်က ပြန်၍ပြောလိုက်ရာ ကားသမားများထဲမှာ အသက်ကြီးကြီး ကားသမား တစ်ဦးက . . .

www.burmeseclassic.com

www.burmeseclassic.com

" မဟုတ်ဘူး မိန်းကလေး၊ ရှမ်းပြည်နယ်ကိုထွက်မယ့် ကားလေးစီးရှိတယ်၊ တစ်စီးက ကျုပ်ရဲ့ကား၊ ကျုပ်နာမည်က ထွန်းမောင်၊ ကျုပ်နောက်မှ ထွက်မှာက အပွနားတဲ့၊ အပွနား နောက်မှ ခြောက်စောင်းတဲ့၊ ခြောက်စောင်းနောက်က ငွေရတဲ့၊ ဒီဂိတ်မှာလဲ ချစ်တီးဆိုတာ တစ်ယောက်မှမရှိဘူး "

ဟု ပြောလိုက်ရာ မသက်ရှည်လည်း ငိုင်၍ သွားလေ၏။ ထို့ကြောင့် ဦးချစ်ကောင်းထံ ပြန်၍ပြောလျှင် ကောင်းမည်လားဟု စဉ်းစားလိုက်လေ၏။ ထိုသို့ စဉ်းစားသည့် တစ်ခဏ၌ မည်သည့်အကြောင်းနှင့်မျှ ထိုနေရာသို့ ပြန်မလာပါဘူးဟု ပြောခဲ့သော ကတိစကားကို အမှတ်ရလိုက်လေ၏။ ထိုအခါ၌ အပွနားက . . .

" ထားပါတော့ ညီမလေးရယ်၊ အစ်ကိုကြီးကိုပဲ မင်းရှာတဲ့ ကိုချစ်တီးလို့ပဲ သဘောထားလိုက်ပါ၊ ကဲ . . . အစ်ကိုကြီး ဘာလုပ်ပေးရမလဲ "

ဟု ပြောလိုက်လေ၏။

ထိုအခါ မသက်ရှည်က . . .

" ဦးချစ်တီးနဲ့တွေ့ရင် ရှမ်းပြည်နယ်ကို အလကား လိုက်ရမယ်၊ ကျွန်မ ဦးလေးက ပြောထားပြီးသား "

ဟု ပြောလိုက်လေ၏။ ထိုအခါ အပွနား၏ မျက်နှာ သည် ကောက်ရသောထီလက်မှတ်မှ သိန်းဆုဝင်သွားသော သူ၏ မျက်နှာမျိုးကဲ့သို့ ရွှန်းလဲ့တောက်ပ၍ သွားလေတော့၏။ ထို့နောက် အပွနားက . . .

" ဒါများကွယ် . . . စောစောကပြောရင် ပြီးတာပဲ၊ အစ်ကိုကြီးကားနဲ့လိုက်ခဲ့၊ အစ်ကိုကြီးကားက အခု ထွက်တော့ မှာ၊ ကျန်တဲ့သုံးစီးက ပျက်နေဦးမှာ "





ဟု ပြောပြီးလျှင် ထိုင်ရာမှ ထလေတော့၏။ လက်ဖက် ရည်ဖိုး ငွေရှင်းဖို့ကိုပင် မေ့သွားသဖြင့် ဆိုင်ရှင်က . . .

" ဟော့ . . . အပွနား၊ ဒါလောက်တောင်ပဲ မွန်ရ သလား၊ လက်ဖက်ရည်ဖိုး ရှင်းခဲ့ဦးလေ "

ဟု ပြောလိုက်ရာ အပွနားက . . .

" ဘယ်က မွန်ရမှာလဲ၊ စားရကံကြုံလို့ မုတ်ဆိတ်တို ဖျားလာစွဲတာလေ "

ဟု ပြောလိုက်လေ၏၊ အပွနားလည်း လက်ဖက်ရည် ဖိုးရှင်း၍ ဆိုင်တွင်းမှ ထွက်လာလေတော့၏။ မသက်ရှည်သည် အပွနားနောက်မှ လိုက်ပါသွားလေ၏။ အပွနား၏တပည့် စပယ်ယာ ဂွတိုမှာ ကြမ်းတုံးများကို ဖြုတ်၍ . . .

" ဆွဲ . . . ဆရာရေ "

ဟု အော်လိုက်[illegible] အပွနားသည် ကားကို ကျွမ်းကျင်စွာ မောင်းထွက်သွားလေတော့၏။ မသက်ရှည်မှာ အပွနား၏ဘေးတွင် ထိုင်ရ၏။ ဂွတိုသည် မသက်ရှည်၏ ဘေးတွင်လာကပ်၍ ကျပ်ကျပ်တည်းတည်းဝင်ထိုင်၏။ အပွနားသည် ကားမောင်းရင်း မသက်ရှည်အား . . .

" နာမည် ဘယ်လိုခေါ်သလဲ၊ ရှမ်းပြည်နယ်မှာ အမျိုးရှိသလား "

စသော မေးခွန်းများကို မေးလေ၏၊ ထိုသို့မေးရင်း အပွနားသည် ဂီယာချိန်းသည့်အခါ၌ မသက်ရှည်၏ပေါင်ကို လက်ဖြင့် မတော်မဆလိုလိုနှင့် တမင်တကာသွား၍ ထိလေ ၏။

ပဲခူးသို့ဝင်သည့်အခါ၌ အပွနားသည် သိသိသာသာ ကြီး မသက်ရှည်၏ပေါင်ကို စမ်းကိုင်လေတော့၏။ ထိုအခါ မသက်ရှည်သည် လွယ်အိတ်အတွင်းမှ ဓားမြှောင်ကို ချွတ်၍ . .



www.burmeseclassic.com

www.burmeseclassic.com

" ခွေးကုလား "

ဟုဆိုကာ နံကြားအတွင်းသို့ စိုက်၍ သွင်းလိုက်လေတော့၏။ အပွနားသည် 'အင့်' ခနဲ အော်၍ ကားကို ဘရိတ်နင်းရင်း အသက်ထွက်သွားလေတော့၏။ ထိုအခါ ဂွတိုက "နင် . . . နင် " ဟု တစ်စုံတစ်ရာ ပြောမည်ပြုရာ မသက်ရှည်က . . .

" နင်လဲ ရိုသဲ့သဲ့နဲ့ လုပ်တာပဲ၊ လူကို ထိလားကိုင်လားနဲ့ "

ဟု ဆိုကာ ဂွတိုရင်ဝကို ဓားမြှောင်ဖြင့်ထိုးလိုက်ရာ ရင်ဝတည့်တည့်သို့ ဝင်သွားလေတော့၏။

မကြာမီ၌မှာပင် လူအများဝိုင်းအုံလာခြင်း၊ ပုလိပ်များ ရောက်ရှိလာခြင်းတို့ ဆူဆူညံညံဖြစ်ပေါ်လာပြီးလျှင် မသက်ရှည်အား ဂါတ်သို့ ဖမ်းဆီးခေါ်ဆောင် သွားကြလေတော့၏။

မသက်ရှည်၏ ဓားမြှောင်ကို သက်သေခံပစ္စည်းအဖြစ် ပုလိပ်များက သိမ်းယူ၍ ရုံးတော်သို့ အမှုတွဲနှင့်အတူတွဲ၍ တင်လိုက် လေတော့၏။

မသက်ရှည်သည် အချုပ်ခန်းသံတိုင်ကို ကိုင်၍ အပြင်သို့ငေးမောကြည့်ရှုရင်း . . .

" ဒီ အပွနားဆိုတဲ့ အကောင်လဲ ဒီနေ့ သေနေ့စေတာပဲ၊ သူ သေနေ့စေတဲ့နေ့မှာပဲ ငါကလဲ သူ့ကားကိုစီးမိတာပဲ၊ အဲဒီတော့ ငါက သူ့ကိုဓားနဲ့ထိုးလိုက်တာပေါ့၊ မတတ်နိုင်ပါဘူးလေ၊ ဖျတ်ခနဲဆို ဆတ်ခနဲထိုးရမှာပေါ့၊ အချုပ်ကို ရောက်တော့လဲ အချုပ်အကြောင်းသိရတာပေါ့လေ"



ဟု တစ်ကိုယ်တည်း တွေးတောနေလေ၏။ ထိုအချိန်မှာပင် ကုလားပုလိပ်တစ်ဦးရောက်လာပြီး မသက်ရှည်အား. . .

"ကောင်မလေး ဘာစားမလဲ"

ဟု မေးလေ၏။ ထိုအခါ မသက်ရှည်က. . .

"ဒီကုလား သေချင်ပြန်ပြီလား"

ဟု မေးလိုက်ရာ ကုလားပုလိပ်က. . .

"မသေချင်ပါဘူး. . . မသေချင်ပါဘူး"

ဟု ပြောဆိုကာ ထွက်ပြေးသွားလေတော့၏။

မျှားမကြာမီ၌ပင် ပင်နီတိုက်ပုံနှင့်ယောလုံချည်ကို ဝတ်ဆင်ထားသော လူကြီးတစ်ဦးဂါတ်သို့ရောက်လာပြီးလျှင် ရာဇဝတ်အုပ်နှင့် စကားပြောလေ၏။ ထိုသို့စကားပြောသည့်အခါ၌ မသက်ရှည်ကိုပါ အချုပ်ခန်းမှထုတ်၍ ၎င်း၏အနီးတွင် ထိုင်ခိုင်းထားလေ၏။ ထိုလူကြီးသည် မသက်ရှည်အား မသိပါဘဲလျက် မသက်ရှည်အတွက် အာမခံလာရောက်လျှောက်ထားသော လူကြီးဖြစ်၏။ ရာဇဝတ်အုပ်က အာမခံ မပေးနိုင်ကြောင်း အမျိုးမျိုးအဖုံဖုံ ပြောဆိုငြင်းဆိုနေ၏။ ထိုအခါ လူကြီးက မသက်ရှည်အား. . .

"ဘာမှအားမငယ်နဲ့ မိန်းကလေး၊ မင်းအတွက် ဦးတို့ရှေ့နေရှေ့ရပ်တွေ ငှားထားတယ်၊ သတင်းကြားရကတည်းက ဦးဖြင့်ငါ့သမီးလေးများသာဖြစ်လိုက်စမ်းပါလို့ အားရနေတာ၊ အချုပ်ခန်းမှာလဲ မင်းကိုနှိပ်စက်ညှင်းပန်း မလုပ်စေရဘူး၊ လုပ်ရင် ဦးတို့တရားစွဲမယ်၊ ပြီးတော့ အချုပ်ထမင်းမစားနဲ့၊ ဦးတို့ ထမင်းလာပို့မယ်၊ အဝတ်အစားအတွက် မပူနဲ့၊ မြန်မာအမျိုးသမီးဆိုတာ ဒါမျိုးမှကြိုက်တယ်၊ ကုလားက

www.burmeseclassic.com

ရိုသဲ့သဲ့လုပ်တာကို မျက်နှာချိုသွေးစရာမလိုဘူး၊ မားနဲ့ကို ထိုးဝံ့ရမယ်၊ ဦးနှာမည်ကိုလဲ မှတ်ထား၊ ဝံသာနု ဦးဖျိုင်းတဲ့"

ဟု ဆိုကာ ပြန်သွားလေတော့၏။

ထိုအချိန်မှစ၍ ဦးဖျိုင်း၏သမီးများသည် မသက်ရှည်၏အချုပ်ခန်းသို့ လာရောက်၍ထမင်းပို့၏။ အဝတ်အစားများတို လာပေး၏။ မသက်ရှည်အား အားပေးစကားပြော၏၊ ရုံးထုတ်သောအခါ၌လည်း ဦးဖျိုင်းအပါအဝင် ဝံသာနု လူကြီးများ လာရောက် နားထောင်ကြလေ၏။ ဝံသာနု ရှေ့နေတစ်ဦးက မသက်ရှည်အတွက် ရှေ့နေခမယူဘဲ အမှုကို အလကားလိုက်ပေး၏။ လူသတ်မှုမှာ မိမိအရှက်ကို ကာကွယ်ခြင်းဟူသော ကာကွယ်ပိုင်ခွင့်အပေါ်မှ ရပ်တည်၍ လျှောက်လဲသည်ဖြစ်ရာ မသက်ရှည်၏ အမှုသည် ကွင်းလုံးကျွတ် လွတ်မြောက်သွားလေတော့၏။ ထိုအခါ ဝံသာနု ဦးဖျိုင်းက မသက်ရှည်အား . . .

"တဲ . . . မိန်းကလေး၊ အမှုကတော့ လွတ်ပြီ"

ဟု ပြောလိုက်ရာ မသက်ရှည်က . . .

"ကျွန်မ မားမြောင်ကလေး ပြန်လိုချင်တယ်"

ဟု ပြောလိုက်ရာ ဦးဖျိုင်းက ဝံသာနုရှေ့နေကြီးဘက်သို့လှည့်ကာ . . .

"ကဲ . . ရှေ့နေကြီး၊ ဒီမိန်းကလေးရဲ့ ပစ္စည်းကို ရအောင်ဆောင်ရွက်ပေးပေတော့"

ဟု ဆိုလိုက်သဖြင့်ရှေ့နေကြီးသည် သက်သေခံပစ္စည်း ပြန်လည်ရယူလိုကြောင်း လျှောက်လွှာတင်လိုက်ရလေတော့၏။ ထိုအချိန်၌ မသက်ရှည်သည် ဝံသာနု ဦးဖျိုင်းအိမ်၌ နေထိုင်ရလေ၏။ ရက်အတန်ကြာသောအခါ၌





သက်သေခံပစ္စည်းအဖြစ် ရုံးမှသိမ်းယူထားသော မသက်ရှည်၏ မားမြောင်ကလေး ပြန်လည်ရရှိလေတော့၏။ ထိုအခါ ဝံသာနုဦးဖျိုင်းက . . .

"နေစမ်းပါဦး မိန်းကလေးရယ်၊ ဒီပစ္စည်းလေးကို မင်းကတခုတ်တရ ပြန်လိုချင်တယ်ဆိုတော့ ဘယ်လိုဟာမျိုး မို့လဲကွယ်"

ဟုဆို၍ တောင်းယူကြည့်ရှုလိုက်ရာ မားမြောင်လေးပေါ်တွင် မီးဖြင့်ထွင်းထားသော တစ်ဖက်ပါ စာထမ်းကို တွေ့ရသဖြင့် ဝံသာနုဦးဖျိုင်းသည် လွန်စွာသဘောကျသွားလေတော့၏။

## "ဖျတ်ခနဲပေါ် – ဆတ်ခနဲလုပ်"

"မင်းမှာ ဆရာရှိရမယ်ကွယ့်"

ဟု ဝံသာနုဦးဖျိုင်းက မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ ကျွန်မ ဆရာက ဦးချစ်ကောင်းလို့ ခေါ်ပါတယ်"

ဟု ပြောဆိုကာ ၎င်း၏ အကြောင်းကို ပြောပြပြီး တောင်ကြီးသို့သွားရန် ခွင့်ပန်လေ၏။ ဝံသာနုဦးဖျိုင်းသည် မသက်ရှည် ပြောပြသည်ကို နားထောင်ပြီးနောက် . . .

"အတော့်ကို စိတ်ဝင်စားဖို့ကောင်းတာပဲ၊ မိန်းကလေး အောင်မြင်အောင်လုပ်ပါ၊ အောင်မြင်တဲ့အခါ အစ္စဘယ်လာတို့သားအမိကို ဆေးလိပ်မီးနဲ့ပြန်ပြီးထိုးစမ်းပါ၊ ဒီစိတ်ဓါတ်မျိုးဘဲ ဦးလေးအားကြီးသဘောကျတယ်၊ ဦးလေးတို့ကို လူကလေးလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့ အင်္ဂလိပ်တွေကို ဦးလေးတို့ကလဲ လူကလေးလို့ ပြန်ပြီးခေါ်နိုင်အောင် ကြိုးစားနေရတယ်"

ဟု ပြောလေ၏။

ထို့နောက် မသက်ရှည်တ တောင်ကြီးသို့သွားမည်ဆိုသဖြင့် ဝံသာနုဦးဖျိုင်းကပင် လမ်းစရိတ်လုံလောက်စွာ ထောက်ပံ့လိုက်လေတော့၏။

မသက်ရှည်သည် ဒုက္ခကြီးစွာရောက်မည့်အချိန်ကို ဆိုက်ရောက်လာခဲ့၏။ သို့ရာတွင် ထိုဒုက္ခကိုကယ်တင်မည့် ဝံသာနုဦးဖျိုင်းကို တွေ့ခဲ့ရ၏။ သည်နေရာ သည်အချိန်၌ မသက်ရှည်သည် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခမှ ကယ်ဆယ်သူကိုလည်းကောင်း တွေ့ခဲ့ရလေ၏။ ထို့ကြောင့် မသက်ရှည်သည် နှစ်ပြားတန် ကော်ပီစာအုပ်ကလေး တစ်အုပ်နှင့် ခွေးတံဆိပ်ခဲတံတစ်ချောင်းကို ဝယ်ယူကာ အောက်ပါအတိုင်း ရေးမှတ်လိုက်လေတော့၏။

> ဒုက္ခရှိသောနေရာတွင် ထိုဒုက္ခမှ လွတ်မြောက်ရန် နည်းလမ်းရှိသကဲ့သို့ ကယ်တင်မည့်သူလည်း အကြောင်းအားလျော်စွာ ပေါ်ပေါက်တတ်ပေသည်။
>
> မသက်ရှည်

* * * * * * * * * * *

## ဦးတီးကြောင်ဆိုသူမှာ တခြားသူမဟုတ်

မသက်ရှည်သည် တောင်ကြီးမြို့သို့ရောက်လျှင် ဦးချစ်ကောင်းရေးပေးလိုက်သော စာအတိုင်း ဦးတီးကြောင်ကို ရှာလေ၏၊ တွေ့သမျှလူကိုမေးလေ၏။ တွေ့သမျှလူတိုင်းကလည်း မရှိကြောင်း၊ မကြားမိကြောင်းကို ရှမ်းသံဝဲဝဲဖြင့်လည်းကောင်း၊ မြန်မာသံဖြင့်လည်းကောင်း ဖြေဆိုကြလေ၏။ တစ်နေရာသို့အရောက်တွင် မသက်ရှည်သည်. . .

"ဒီနားမှာ ဦးတီးကြောင်ဆိုတာ ရှိပါသလား"

ဟုမေးလေရာ ကလေးအမေတစ်ဦးက. . .

"မကြားမိပါလား မိန်းကလေး"

ဟု ပြန်၍ ဖြေလေ၏။

သို့ရာတွင် ရှစ်နှစ် ကိုးနှစ်အရွယ်ခန့်ရှိ သူ၏ကလေးက

"ဦးတီးကြောင်ဆိုတာ ဦးတောင်ကြီးပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်မှပင် မသက်ရှည်သည် အဖြစ်မှန်ကို သိသွားလေတော့၏။ ဦးချစ်ကောင်းသည် လိမ်လည်လှည့်ဖြား၍ လွှတ်လိုက်ကြောင်းကို ကောင်းစွာရိပ်မိသွားလေ၏၊ သို့ရာတွင် နောက်သို့ပြန်လှည့်၍လည်း မရတော့ပေ။ ထိုအခါ ကလေးအမေက. . .

"မိန်းတလေးက ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ"

ဟု မေးလိုက်ရာ. . .

"ကျွန်မက မိတ်ဆွေတစ်ယောက်လွှတ်လိုက်လို့ လာခဲ့တာပါ၊ ဦးတီးကြောင်က အလုပ်ပေးမယ်ဆိုလို့ အလုပ်ရှာရအောင်ထွက်လာခဲ့တာ၊ ဒီကျတော့လဲ ဦးတီးကြောင် ဆိုတာ ဘယ်မှာမှရှာလို့မရဘူး၊ အခုတော့ ဟိုကလေးပြောလို့ သဘောပေါက်ပါပြီ၊ ဦးတီးကြောင်ဆိုတာ ဦးတောင်ကြီးကို ရှာခိုင်းတာပါ၊ တောင်ကြီးမြို့မှာ ဦးတောင်ကြီးဆိုတာ ရှာဖို့ မလွယ်ပါဘူး၊ ကျွန်မကို သက်သက်လိမ်ပြီးလွှတ်လိုက်တာပါ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။ ထိုအခါ ကလေးအမေက. . .

"အဲဒီလိုဆိုတော့လဲ ညည်းကပြန်ဖို့စရိတ်မရှိတော့ဘူးပေါ့"

ဟု မေးလိုက်လေ၏။

"ပြန်ဖို့စရိတ်မရှိတာမဟုတ်ဘူး၊ ပြန်ဖို့နေရာလဲ မရှိတော့ဘူး"

ဟု မသက်ရှည်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ကလေးအမေက. . .

"အဲဒီလိုဆို ညည်း ဘယ်နှယ့်လုပ်မလဲ မိန်းကလေးရဲ့"

ဟု မေးလိုက်လေ၏။



"ကျွန်မကတော့ ဖျတ်ခနဲပေါ်တာကို ဆတ်ခနဲ လုပ်မယ်"

ဟု မသက်ရှည်က ပြန်၍ဖြေလိုက်လျှင် ကလေး အမေက. . .

"ငါလဲ အဲဒီအလုပ် လုပ်စားနေတာကြာပြီ၊ ကလေး အဖေဆုံးသွားကတည်းက ငါလဲတစ်ယောက်တည်း ညည်း ပြောသလိုပဲ ဖျတ်ခနဲပေါ်တာကို ဆတ်ခနဲလုပ်တာပဲ"

ဟု ပြန်၍ပြောလေ၏။

ထိုအခါ မသက်ရှည်က. . .

"အစ်မက ဘယ်လိုလုပ်တာတုန်း"

ဟု မေးလိုက်လေ၏။

"အို. . ဘာများခက်လို့လဲအေ. . . မနေ့ကပဲ မြန်မာပြည်ဘက်က ဖရဲသီးတွေ ပွဲရုံကိုရောက်လာတာ၊ ငါက ဖရဲသီးတစ်လုံးသွားဝယ်ပြီး ဓားနဲ့စိတ်တာပဲ၊ ပြီးတော့ ဗန်းနဲ့ထည့်ပြီး လျှောက်အော်ရောင်းတယ်၊ နေမဝင်ခင်မှာပဲ ဖရဲသီးငါးလုံး ကုန်သွားတယ်၊ စားဖို့သောက်ဖို့ရတဲ့အပြင် ကလေးအတွက် ဘောင်းဘီကလေးတစ်ထည်တောင် ဝယ်ပေး လိုက်နိုင်သေးတယ်"

ဟု ပြောလိုက်လေ၏။

"ကောင်းသားပဲ"

ဟု မသက်ရှည်က ပြန်ပြောလိုက်လေ၏။

"ညည်းလဲ အဲဒီအလုပ် လုပ်မယ်ဆိုရင် ဖြစ်နိုင် ပါတယ်၊ ငါ့အိမ်မှာလိုက်နေပါ"

ဟု ကလေးအမေက ဖိတ်ခေါ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကလေးအမေ၏အမည်မှာ မဝင်းဖြစ်၏။ မသက်ရှည်သည် မဝင်းနှင့်အတူ သွားရောက်နေထိုင်လေ၏။ မဝင်းနေသော ရပ်ကွက်မှာ တောင်ကြီးမြို့တွင် အဆင်းရဲဆုံးရပ်ကွက်ဖြစ်၏။ မဝင်း၏အိမ်မှာ ထိုအဆင်းရဲဆုံးရပ်ကွက်မှ အစုတ်နုတ်ဆုံးအိမ်ဖြစ်၏။ လူရှုပ်လူပွေများလည်းပေါ၏။ ထိုလူရှုပ်လူပွေများသည် မသက်ရှည်ရောက်လာသည့်နေ့မှစ၍ အံတကြိတ်ကြိတ်၊ တောက်တစ်ခေါက်ခေါက် လုပ်ကြလေတော့၏။

မသက်ရှည်သည် ပထမနေ့တွင် မဝင်း၏ကလေးကို ထိန်းပေးရင်း အိမ်၌ကျန်ခဲ့လေ၏။ နောက်တစ်နေ့တွင် မဝင်းက ၎င်းအား အရင်းအနှီးအဖြစ် ခြောက်မူးထုတ်ပေးလေ၏။ ထိုခြောက်မူးထဲမှ မသက်ရှည်က ဆန်ကော်တစ်ချပ်ဝယ်၏။ ထိုနေ့၌ပင် ပွဲရုံသို့သွားကာ ဩဇာသီးများဝယ်ပြီး လှည့်လည်၍ရောင်းချလေ၏။ တစ်ခါမျှ ဈေးမရောင်းဘူးသောကြောင့် အစတွင် အမ်းတမ်းတမ်းဖြစ်နေသော်လည်း လမ်းတစ်လမ်းနှစ်လမ်းသို့ဝင်၍ ဈေးဦးပေါက်သွားသည်နှင့် တစ်ပြိုင်နက် အားရှိ၍သွားလေတော့၏။ ထိုနေ့တွင် သုံးမူးခန့်မြတ်လေ၏။ ထို့နောက် မသက်ရှည်သည် တစ်မျိုးပြီးတစ်မျိုး လှည့်လည်ဈေးရောင်းရင်း လမ်းများကို မှတ်မိလာလေ၏။

ထို့နောက် အတော်အတန် ရောင်းမိသောအခါ၌ အိမ်အတော်များများနှင့်လည်း မျက်မှန်းတန်းမိသွားလေတော့၏။ ၎င်းရောင်းသော ပစ္စည်းကို နောက်ဆုံး၌ တစ်ဗန်းလုံးကုန်အောင် ဝယ်လိုက်သောအိမ်သို့ရောက်လျှင် မပြန်သေးဘဲ တံမြက်စည်းကူ၍ လှည်းပေးခြင်း၊ အဝတ်ကူ၍ လျှော်ပေးခြင်းစသောတောက်တိုမယ်ရ အလုပ်ကလေးများကို ကူ၍





လုပ်ပေးလေ့ရှိသည်ဖြစ်ရာ မသက်ရှည်ရောင်းသော မုန့်ပဲသရေစာများကို လက်ကျန်ဖြတ်၍ ဝယ်မည့်အိမ်များမှာ မရှားတော့ပေ။ မိန်းမများချည်းနေထိုင်သည့် သိုးမွေးထိုးသောလုပ်ငန်းလုပ်သော အိမ်တစ်အိမ်ကိုမူ မသက်ရှည်သည် မရောက်သောနေ့ဟူ၍မရှိ၊ ၎င်းရောင်းသော မုန့်ပဲသရေစာများကိုလည်း ထိုအိမ်မှ မိန်းမများက ပုတ်ပြတ်ဝယ်လိုက်လေ့ရှိသည်။ မသက်ရှည်သည် ထိုအိမ်၌ တောက်တိုမယ်ရများကို ဝိုင်းကူလုပ်ပေးရင်း သိုးမွေးထိုးခြင်းအတတ်ကို သင်ယူလိုက်ရာ ကောင်းစွာတတ်ကျွမ်းသွားလေတော့၏။ ထို့ကြောင့် ထိုအိမ်မှ မသက်ရှည်အား သိုးမွေးထိုးသောအလုပ်များ ခွဲဝေပေးလေ၏။ မသက်ရှည်သည် ဈေးရောင်းမှအပြန်တွင် အလုပ်များ လက်ခံခဲ့ပြီးနောက် အိမ်သို့ရောက်လျှင် ထမင်းစားပြီးသည်နှင့် လုံးဝနားနေခြင်းမရှိဘဲ သိုးမွေးထည်များကို ထိုးလေတော့၏။ ထိုးပါများသောအခါ၌ ပို၍သပ်ရပ်ကာ လက်ရာများလည်း ကောင်းလာ၏။ ပို၍လည်း ကျွမ်းကျင်လာ၏။

ထို့ကြောင့် မသက်ရှည်သည် ဈေးရောင်းရန် အချိန်ပင်မရတော့ဘဲ သိုးမွေးထိုးခြင်းလုပ်ငန်းကိုသာ ဇောက်ချ၍ လုပ်ကိုင်ရသော အခြေအနေသို့ ရောက်သွားလေတော့၏။ ထို့နောက် မသက်ရှည်သည် မိန်းမအကျီချုပ်လုပ်သော အဒေါ်ကြီးတစ်ဦးနှင့် သိကျွမ်းရပြန်လေ၏။ ထိုအဒေါ်ကြီးသည် မသက်ရှည်ထံ၌ ယောကျ်ားဝတ်ဆွယ်တာတစ်ထည်အပ်၏။ အတိုင်းမှာလည်း အတိအကျမရှိ ခန့်မှန်း၍ပေးသော အတိုင်းဖြစ်၏။ မသက်ရှည်သည် ထိုခန့်မှန်း၍ပေးသောအတိုင်းနှင့်ပင် ဆွယ်တာတစ်ထည်



www.burmeseclassic.com

www.burmeseclassic.com



ထိုးလေ၏။ ထိုအခါ အဒေါ်ကြီးသည် လွန်စွာသဘောကျ၏၊ ထိုအချိန်မှစ၍ မသက်ရှည်သည် ထိုအဒေါ်ကြီးနှင့် ခင်မင်သွားပြန်၏၊ ထိုအဒေါ်ကြီးထံမှ မိန်းမအင်္ကျီချုပ်သော ပညာကို ကောင်းစွာသင်ယူလေ၏။ ဆွယ်တာလည်း ထိုး၏။ မိန်းမအင်္ကျီများကိုလည်း လက်ခံ၍ချုပ်ပေး၏။ ဤသို့နှင့်ပင် မသက်ရှည်၏ အခြေအနေသည် တစ်စထက်တစ်စ တိုးတက်၍ လာလေတော့၏။ မဝင်းမှာလဲ ဈေးမရောင်းရတော့ပေ။ အိမ်မှာပင် ထမင်းဟင်းချက်ခြင်း အဝတ်လျှော်ဖွတ်ခြင်း အလုပ်ကိုသာ လုပ်ရလေတော့၏။

မသက်ရှည်သည် ငွေကလေးစုဆောင်း၍ အိမ်ကလေးတိုပင် ပြုပြင်ပေးလိုက်လေ၏၊ ထို့အပြင် ဆင်းကားစက်တစ်ပတ်ရစ်တစ်လုံးကို ဝယ်ယူကာ မဝင်းကိုလည်း အချုပ်အလုပ်ပညာကို သင်ပေးလေ၏၊ မဝင်းမှာလည်း မသက်ရှည်တို ကူညီရင်းနှင့်ပင် အချုပ်အလုပ် ကောင်းစွာတတ်သွားလေတော့၏။ မဝင်းမှာ ဝမ်းရေးအတွက် မပူပင်ရသောကြောင့် မသက်ရှည်အား လွန်စွာကျေးဇူး တင်လျက်ရှိ၏။

"မသက်ရှည် နင်ရောက်လာတာ ငါ့အတွက်တော့ သိကြားမတာပဲ"

ဟု ပြောလေ၏။

"ဒီလိုမဝင်းရဲ့ ကျွန်မတို့ မိန်းကလေးတွေ ဒုက္ခမရောက်သင့်ဘဲ ရောက်သွားကြတာဟာ လက်မှုပညာမတတ်လို့ ဒုက္ခရောက်သွားတာတွေလဲ အများကြီးရှိကြတယ်၊ လက်မှုပညာလေးတစ်ခု တတ်ထားရင် အဲဒါလေးအားကိုးနဲ့ လုပ်ကိုင်စားသောက်လို့ ရတာပေါ့၊ ကိုးရိုးကားရားအဖြစ်ကို မရောက်တော့ဘူးပေါ့၊ ဒါကြောင့် မဝင်းကိုပြောချင်တာ





ကတော့ ကိုယ်နဲ့နီးစပ်တဲ့ မိန်းကလေးတွေကို ဖြစ်တဲ့နည်းနဲ့ လက်မှုပညာ တတ်ကျွမ်းအောင် သင်ထားပါလို့ တိုက်တွန်းပါ"

ဟု မသက်ရှည်က ပြောလေ၏။

"ဒါနဲ့ မသက်ရှည်ကို မေးရဦးမယ်၊ ညည်းကတို့သားအမိနဲ့ ဘယ်တော့ခွဲသွားမှာလဲ"

ဟု မဝင်းက မေးလိုက်လေ၏။

"ဒီလို မဝင်းရဲ့၊ ခွဲတော့ခွဲရမှာပဲ၊ အနေးနဲ့အမြန်ပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"ဒီမှာလဲ ညည်းအလုပ်အကိုင်တွေ တောင်းနေတာပဲ၊ အိမ်ထောင်ပြုချင်ရင်လဲ သင့်တော်တာတွေ့တော့ ပြုလိုက်ပေါ့"

ဟု မဝင်းက စိတ်မကောင်းသောလေသံဖြင့် ပြောလေ၏။

"မဟုတ်ဘူး မဝင်း၊ ကျွန်မက အဝတ်အစားလေး ကောင်းကောင်းဝတ်၊ ရွှေတွဲလွဲ ငွေတွဲလွဲလေးဖြစ်၊ ယောကျ်ားယူချင်တော့လဲယူ ဆိုတာလောက်နဲ့ တင်းတိမ်လို့မရဘူး၊ ကျွန်မက ချမ်းသာမှုဖြစ်မယ်၊ ချမ်းသာဖို့ဆိုတာလဲ ပိုက်ဆံရှိတဲ့ လူတစ်ယောက်ကိုယူပြီး ချမ်းသာတာမျိုး မလိုချင်သေးဘူး၊ ကျွန်မကိုယ်တိုင်ရဲ့ အစွမ်းအစနဲ့ ချမ်းသာချင်တာ၊ အဲဒီအတွက် ခွဲရမှာပဲ၊ လက်မှုပညာနဲ့ လုပ်ကိုင်စားနေလို့ကတော့ ချမ်းသာဖို့ မရှိဘူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ထိုအခါ မဝင်းသည် စိတ်မကောင်းစွာ ဖြစ်သွားလေတော့၏။ ထိုညက မသက်ရှည်သည် မဝင်းတို့သားအမိနှင့် ခွဲရမည့်ကိစ္စကို စဉ်းစားလိုက်သောအခါ၌ ယူကျုံးမရဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိလေ၏။ ထို့ကြောင့် အိပ်မပျော်ဘဲ အမျိုးမျိုးအဖုံဖုံ တွေးတောလျက်ရှိနေ၏။ ညနာရီပြန် (၂) ချက် ထိုးသော အခါ၌ ဆုံးဖြတ်ချက်ကို ချလိုက်လေ၏။ ထိုသို့ချလိုက် ပြီးနောက် ၎င်း၏မှတ်စုစာအုပ်တွင် ခွေးတံဆိပ်ခံတဲဖြင့် အောက်ပါအတိုင်း ရေးမှတ်လိုက်လေတော့၏။

> ကြီးပွားချမ်းသာရေးအတွက် လိုအပ်သော အချိန်တွင် မည်သူနှင့်မဆို ခွဲခွာရဲရမည်၊ ထိုသို့ မပြုလုပ်လျှင် ကြီးပွားချမ်းသာရန် ခက်ခဲပေလိမ့်မည်။
>
> မသက်ရှည်

* * * * * * * * * * *



ဍုံမဏိ ပဒ် မေဟုံ

မသက်ရှည်သည် ရန်ကုန်သို့ရောက်လာပြီးနောက် မည်သည့်အလုပ်ကိစ္စ လုပ်ရမှန်းမသိဘဲ အကျပ်ဆိုက်လျက်ရှိလေတော့၏။ ထို့ကြောင့် သီလရှင် ဒေါ်ခေမာ၏ ဇရပ်တွင် ခေတ္တတည်းခိုနေထိုင်ရင်း တစ်စုံတစ်ခုကို လုပ်ရန်အကြံထုတ်လျက်ရှိလေ၏။ ထိုသို့ အကြံထုတ်ရင်း မသက်ရှည်၏ စိတ်၌. . . .

"အို. . . တွေးပြီး ကြံပြီးလုပ်တဲ့ အလုပ်တွေဟာ အမြတ်မလွဲချော်တာချည်းပဲ၊ ဦးလေးချစ်ကောင်းပြောသလို ဖျတ်ခနဲပေါ်တာ ဆတ်ခနဲလုပ်တာပဲကောင်းတယ်၊ ဒီနေ့ ရွှေတိဂုံဘုရားကို သွားဖူးမယ်၊ အဲဒီမှာပေါ်တဲ့ အကြံအတိုင်း ထလုပ်မယ်"

ဟု တစ်ကိုယ်တည်း တွေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မသက်ရှည်သည် ရွှေတိဂုံဘုရားသို့ သွားလေ၏။ ဘုရားဖူးလေ၏။ ပြီးလျှင် အရိပ်အာဝါသတစ်ခု၌ ထိုင်၍ ပုတီးစိပ်လေ၏။ အတော်အတန် အချိန်ကုန်သည် အထိ ပြုလုပ်ပြီးနောက် မြောက်ဘက်မုခ်မှဆင်းခဲ့လေ၏။ ထိုမှဆင်းပြီး ထမင်းဆိုင်တစ်ဆိုင်၌ ထမင်းဝယ်စားမည်ဟု စိတ်ကူးလာခဲ့၏။ သို့ရာတွင် ထမင်းဆိုင်ဆို၍ တစ်ဆိုင် တစ်လေမျှပင် မတွေ့ရသောကြောင့် မစားဖြစ်ဘဲရှိလေ၏။ ထိုအခါ မသက်ရှည်၏စိတ်၌ သည်နေရာမှာ ထမင်းရောင်းရရင် ကောင်းမှာပဲဟူ၍ ဖျတ်ခနဲပေါ်လာလေ၏။ ထို့ကြောင့် ဇရပ်သို့ ခပ်သုတ်သုတ်ပြန်လာပြီး ဒေါ်ခေမာအား ထမင်းဆိုင် ဖွင့်မည်အကြောင်း ပြောရာ ဒေါ်ခေမာက. . .

"ဘာမှမပူနဲ့ မသက်ရှည်၊ ဆရာလေး အိုးခွက် ပန်းကန်တွေအတွက် စီမံပေးမယ်"

ဟု ဆိုကာ အိုးခွက်ပန်းကန်များ ထုတ်ပေးလိုက်၏။

ထို့ကြောင့် မသက်ရှည်က. . .

"အိုးတွေ ခွက်တွေ ပန်းကန်တွေကလဲ စုံလှချည်လား"

ဟု မေးလိုက်လေ၏။ ထိုအခါ ဒေါ်ခေမာက. . .

"ဒီလို မသက်ရှည်ရဲ့၊ ဆရာလေးရဲ့မိတ်ဆွေထဲမှာ လင်မယားနှစ်ယောက်ရှိတယ်၊ ယောကျ်ားကလဲ ကိုသန်းမြင့်၊ မိန်းမကလဲ မသန်းမြင့်တဲ့၊ ယောကျ်ားက ဖဲသမား၊ မိန်းမက ထီသမား၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်မှာ သန်း ထမင်းဆိုင် ဆိုပြီး ဖွင့်ကြတယ်၊ ရောင်းကောင်းတာတော့ မပြောနဲ့တော့၊ အလုပ်လုပ်နေသလား အောက်မေ့ရတယ်၊ လူတွေဝင်ပြီး စားတဲ့ဥစ္စာ နောက်ဆုံးကျတော့ ယောကျ်ားကလဲ ဖဲရှုံး၊ မိန်းမကလဲ ထီရှုံးပြီး လင်မယားကွဲတဲ့အထိ ဖြစ်တော့တာပဲ"

ဟု ပြောလေ၏။



ထိုအခါ မသက်ရှည်က. . .

"အဲဒီမိန်းမကလဲ ထီနဲ့ရှုံးရအောင် ဘယ်လောက် တောင် ထိုးနေလို့လဲ"

ဟု မေးလိုက်ရာ. .

"သူက ထီကို ကံစမ်းသဘောမျိုးနဲ့ထိုးတာမဟုတ်ဘူး၊ စီးပွားပျက်လောက်အောင်ကို ထိုးတာ၊ တစ်လတစ်လ ထီဖိုးရှင်းရတာက မနည်းဘူး၊ အဲဒါ လင်မယားကွဲတော့ အိုးခွက်ပန်းကန်တွေ ရောင်းစားမယ်လုပ်လို့ ဆရာလေးက တောင်းပန်ပြီး ဒီမှာ သိမ်းထားခဲ့တာပဲ၊ အခု မသက်ရှည်ကို ထုတ်ပေးတာ သူတို့ပစ္စည်းတွေပေါ့၊ အများကြီးရှိသေးတယ်၊ ထမင်းဆိုင် အကြီးကြီးဖွင့်နိုင်တယ်၊ ဟင်းလိုတ်တဲ့ ဟင်းစောက်ပန်းကန်ချည်းပဲ အလုံး(၂၀) ကျော်ရှိတယ်၊ ထမင်းစားတဲ့ တိုက်ပန်းကန်ချည်းပဲ အချပ် တစ်ရာကျော် ရှိတယ်၊ အခု ညည်းကို ဆယ်ချပ်ထုတ်ပေးထားတယ်"

ဟု ဒေါ်ခေမာက ပြောလိုက်လေ၏။ ထို့နောက် မသက်ရှည်သည် ဝါးခနီဆိုင်သို့သွား၍ ဝါးခနီဝယ်ရန် စုံစမ်းရင်း ထမင်းရောင်းရန်အတွက် တစ်ဖက်ယပ်တဲကလေး လုပ်ပေးနိုင်သည့်လက်သမားကို ခေါ်ယူခဲ့ပြီးလျှင် ရွှေတိဂုံ ဘုရား၏ မြောက်ဘက်မုခ်အဆင်း လမ်းထိပ်တွင် တစ်ဖက်ယပ်တဲကလေးထိုးလေ၏။ နောက်တစ်နေ့မှစ၍ ထမင်းဆိုင်ဖွင့်လေတော့၏။ ပထမနေ့ ဒုတိယနေ့တို့တွင် ဟင်းရော ထမင်းပါ ကျန်လေ၏။ ထို့ကြောင့် ထိုထမင်းကြမ်း များကိုကြော်ကာ နောက်တစ်နေ့နံနက်တွင် ထမင်းကြော် ဆိုင်ပါ ဖွင့်ရလေ၏။ သို့ရာတွင် သုံးရက်မြောက်သောနေ့၌ အတော်အတန် ရောင်းကောင်းလေ၏။ ထိုနေ့ ထမင်းစား

www.burmeseclassic.com

www.burmeseclassic.com

သူထဲတွင် ပိတ်ဖြူစင်ကြယ်ဝတ်ထားသော ဆံရှတ်ကပြား သူတော်စင်အဘိုးကြီး တစ်ဦးလည်း ပါလေ၏။ ထိုအဘိုးကြီး သည် လွန်စွာရှည်လျား၍ ဆွတ်ဆွတ်ဖြူသော မုတ်ဆိတ်များ ရှိသောကြောင့် မြင်လိုက်သည်နှင့်ပင် တစ်မျိုးတစ်ဖုံ ထူးခြားမှု ရှိနေ၏။ ထိုအဘိုးကြီးက ထမင်းဆိုင်သို့ဝင်သည်နှင့် တစ်ပြိုင်နက် မသက်ရှည်အား. . .

"ကလေးမ. . . အဘမှာ ထမင်းဖိုးတော့ တစ်ပြားမှ မပါဘူး၊ ကျွေးနိုင်ရင်ကျွေးစမ်းပါ"

ဟု ပြောလိုက်ရာ မသက်ရှည်က ထမင်းထည့်ပေး ပြီးလျှင်. . .

"ဘာဟင်းနဲ့စားမှာလဲ"

ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူအဘိုးကြီးက. . .

"အသားမှာဝက်တဲ့၊ အဲဒီတော့ ဝက်သားဟင်းနဲ့ စားရရင် အကောင်းဆုံးပေါ့"

ဟု ပြောလိုက်ရာ မသက်ရှည်လည်း ဝက်သားဟင်း တစ်ပန်းကန် ထည့်ပေးလေ၏။ မုတ်ဆိတ်ဖြူအဘိုးကြီးသည် ထမင်းကို မြိန်ရှက်စွာစားပြီးနောက် ဆိုင်ထဲမှထွက်ခါနီးတွင် ၎င်း၏လွယ်အိတ်ထဲမှ မြေဖြူခဲထုတ်ကာ မသက်ရှည် ဟင်းအိုး များတင်ထားသော စင်ကလေးတွင် လွန်စွာဝိုင်းစက်သော လက်ရေးဖြင့်. . . .

"ဥ မဏိပဒ် မေဟုံ"

ဟူသော စာတမ်းကိုရေးခဲ့လေ၏။

ထို့နောက် မုတ်ဆိတ်ဖြူအဘိုးကြီးသည် မသက်ရှည် အား. . .

"ကြာပန်းကဲ့သို့ ဖြူစင်သန့်ရှင်းသော မြတ်စွာဘုရား အား ရှိခိုးပါ၏လို့ အဓိပ္ပာယ်ရတယ်ကွယ့်"





ဟု ဆိုကာ ထွက်သွားလေတော့၏။

မသက်ရှည်သည် ထမင်းဆိုင်ကို ကြိုးစား၍ ရောင်းချ လေ၏။ အချက်အပြုတ် အကြော်အလှော်များကို ကောင်းသည် ထက်ကောင်းအောင် ကြိုးစားလေ၏။ မသက်ရှည်၏ ထမင်းဆိုင်တွင် စားဖူးသူတိုင်း စွဲသွားလေ၏။ ထိုအချက်မှာ တို့စရာများကို ဖောဖောသီသီ ထည့်ပေးခြင်း ဖြစ်လေ၏။ တို့စရာလည်း စုံနိုင်သမျှစုံအောင် စီမံလေ၏။ ငါးပိရည် ခွက်မှာလည်း သန့်ပြန့်လှ၏။ ငါးပိကောင်းကောင်း ဝယ်ကျို ၏။ ကြက်သွန်ဖြူများကို ထောင်း၍ထည့်၏။ ပူစွန်ခြောက် မှုန့်များကို ထည့်၏။ ထမင်းလာရောက် စားသူတို့က ငါးပိရည်တို့စရာနှင့်တင် ထမင်းတစ်နပ် ကောင်းကောင်းစားလို့ ဝပါပေတယ်ဟု ထင်မှတ်ကြကုန်၏။ ထို့ပြင် ထမင်းစားပြီး ရေနွေးကြမ်းသောက်နိုင်ရန်အတွက် လက်ဖက်ခြောက် ကျကျနှင့် ရေနွေးကြမ်းတစ်အိုး ပေးလေ၏။ ရေနွေးကြမ်းချည်း သောက်ရသည်မဟုတ်ဘဲ ပုလင်းကလေး တစ်လုံး၌ ထန်းလျက်ဖြူဖြူကလေးများ ထည့်ပေးထားလေ၏။ မသက်ရှည်ဆိုင်၌ ထမင်းစားသူများသည် မစားမီလည်း စိတ်ချမ်းသာ၏။ စားစဉ်အတွင်း အရသာရှိရှိ စားရ၍ စိတ်ချမ်းသာ၏။ စားပြီးကလည်း ချေးသက်သာပြီး ရေနွေးကြမ်း၊ ထန်းလျက် စသည်တို့ပါရ၍ ကျေနပ်၏။ ထို့ကြောင့် မသက်ရှည်၏ဆိုင်သည် လူသိများပြီး တစ်စတစ်စ လူသိများလာကာ တိုးချဲ့ရသောအခြေသို့ရောက်လာ၏။ အိုးခွက်ပန်းကန်များပါ မလောက်တော့သဖြင့် ဒေါ်ခေမာ၏ ထံ၌ မသန်းမြင့်တို့အပ်ထားသော အိုးခွက်များအားလုံး ယူ


www.burmeseclassic.com

www.burmeseclassic.com



လိုကြောင်းပြောလေ၏။ ထို့ကြောင့် ဒေါ်ခေမာက မသန်းမြင့်အား သွားရောက်ရှာဖွေခဲ့ပြီး မသက်ရှည်နှင့်တွေ့ပေးလေ၏။ မသက်ရှည်သည် မသန်းမြင့်၏ပစ္စည်းအားလုံးကို တန်ဖိုးသင့်ငွေချေပေးလေ၏။ ထိုအခါ မသန်းမြင့်သည် ငွေများကို ရေတွက်ကြည့်ရင်း. . .

"ဒီအပတ် ၅၆ ထိပ်စီးနဲ့ထိုးရမယ်၊ ဒီအပတ် သုံးက မလာနိုင်ဘူး၊ လေးက ပယ်ဂဏန်း"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"သုံးနဲ့လေးက ဒီအပတ် အောင်ဘာလေဖွင့်တဲ့ထဲ မပါဘူးလား"

ဟု မေးလိုက်ရာ. . .

"မပါနိုင်ဘူး မသက်ရှည်ရဲ့၊ သုံးနဲ့လေးက တစ်ပတ်ကျော်က သိန်းဆုတွေမှာ ပါသွားပြီးပြီ"

ဟု မသန်းမြင့်က ပြန်ပြောလေ၏။

"အဲလိုပါသွားပြီးရင် နောက်ထပ်မပါတော့ဘူးလို့ ဘယ်သူကပြောတာတုန်း၊ ကံစမ်း ဂေါ်လီနှိုက်ပြီး ဖွင့်တာဆိုပေါက်ပြီးသားဂဏန်းလဲ ပြန်ကျနိုင်တာပဲမဟုတ်လား မသန်းမြင့်ရဲ့"

ဟု မသက်ရှည်က ပြောလေ၏။

"ဒါတွေ မသက်ရှည် နားမလည်ဘူး၊ ဒါမျိုးက တို့လို ထီသမားချင်းမှ ပြောလို့ကောင်းတဲ့စကားတွေ၊ ထီသမားချင်းမှ နားလည်တာ"

ဟု မသန်းမြင့်က ပြောလေ၏။

"မဟုတ်ဘူး မသန်းမြင့်၊ ထီအကြောင်းပြောလို့ကောင်းတာနဲ့ ထီပေါက်တာနဲ့ တစ်ခြားစီဖြစ်လိမ့်မယ်"

ဟု မသက်ရှည်ကပြောရာ အနီးတွင်ထိုင်နေသော ဒေါ်ခေမာက. . .

"ဆရာတော်ကြီး ဟောတဲ့တရားမှာတော့ ဥပါဒ်၊ ထီဘင်လို့ဟောတာပဲ၊ ထီပြီးရင် ဘင်ထဲတိုရောက်လိမ့်မယ်၊ ဘင်ဆိုတာ ဗျက်တာပဲ၊ ဒါကြောင့်လဲ မသန်းမြင့် အိမ်ထောင်ဗျက်၊ စီးပွားပျက်ဖြစ်တာဖြစ်မယ်"

ဟု ဝင်ပြောလိုက်မှ မသန်းမြင့်လည်း ရပ်သွားလေ၏။ မသန်းမြင့်သည် မသက်ရှည်အား အိုးခွက်ပန်းကန်များ ရောင်းရသည့်ငွေအားလုံးကို ထိုအပတ်တွင် ထွက်မည့် ထီလက်မှတ်များကို ဝယ်ယူလိုက်လေ၏။ သို့ရာတွင် ထီဖွင့်သောအခါ၌ လုံးဝမပေါက်သဖြင့် တက်တက်ပြောင်သောအဖြစ်သို့ ရောက်သွားလေတော့၏။ ထိုအခါမှစ၍ မသန်းမြင့်သည် မသက်ရှည်၏ဆိုင်၌ ဝိုင်းလုပ်ဝိုင်းစားအဖြစ်လာရောက်လုပ်ကိုင်နေရလေတော့၏။ မသန်းမြင့်ကိုယ်တိုင်က ထမင်းဆိုင်ဖွင့်ခဲ့သောကြောင့် ဆိုင်လုပ်ငန်း ကျွမ်းကျင်သည်ဖြစ်ရာ မသက်ရှည်အတွက် လွန်စွာအားထားရလေတော့၏။ မသက်ရှည်၏ဆိုင်သည် အရှိန်ရ၍ ရောင်းကောင်းလာသောအခါ၌ ထိုနေရာတွင် ဆိုင်ဖွင့်ခွင့်မရှိသောကြောင့် မြူနီစီပယ်က နို့တစ်ပေးလေ၏။ ထိုအခါ မသက်ရှည်သည် စုဆောင်းမိသမျှ ငွေကလေးနှင့် မြေကွက်တစ်ကွက်ကိုငှားရမ်းကာ တဲကြီးထိုးပြီး ဆက်လက်၍ဆိုင်ဖွင့်ခဲ့လေ၏။ ဤသို့နှင့်ပင် မသက်ရှည်၏ဆိုင်သည် ဆိုင်ကလေးမှ ဆိုင်ကြီးအဖြစ်သို့ ရောက်သွားသည်မှာ တစ်နှစ်ကျော်ကျော်ခန့်ပင် ရှိခဲ့ပြီဖြစ်၏။ မသန်းမြင့်မှာလဲ ယခင်ကတဲ့သို့ ငါးရာဖိုးတစ်ထောင်ဖိုး ထီမထိုးနိုင်ရှာမှုမက ထီလက်မှတ်ကလေးတစ်စောင်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ဖြစ်ခဲ့ခြင်းမရှိတော့ပါ။ တစ်နည်းအားဖြင့်ဆိုသော် မသန်းမြင့်သည် ထိုအကြောပြတ်သွားလေတော့၏။ ထို့ကြောင့် မသက်ရှည်က. . .

"မသန်းမြင့်၊ ကျွန်မဆီရောက်ကတည်းက ထီမထိုးဖြစ်တော့တာနော်၊ မသန်းမြင့်နဲ့ထီနဲ့ အိုးစားကွဲသွားပြီမှတ်တယ်"

ဟု ပြောလိုက်ရာ မသန်းမြင့်က ပြုံးလျက်. . .

"မထိုးဖြစ်တာတော့ ကြာပါပြီဟယ်၊ ဒါပေမယ့် မနက်ငါတို့စရာတွေသွားဝယ်ရင်း ထီလက်မှတ်တလေးတစ်စောင်တော့ နံပါတ်ကြိုက်တာနဲ့ ဝယ်လာခဲ့တယ်"

ဟု ဆိုကာ သူ၏ချွေးခံအကျႌအတွင်းမှ ထီလက်မှတ်ကလေးတစ်စောင်ကို ထုတ်ပြလိုက်လေ၏။ ထို့ကြောင့် မသက်ရှည်က ထီလက်မှတ်ကလေးကိုယူ၍ ကြည့်လိုက်ရာ အောက်ပါဂဏန်းများကို တွေ့ရလေ၏။

၁၅၇၁၅၆

မသက်ရှည်သည် ထိုထီလက်မှတ်ကိုကြည့်ပြီးနောက် မသန်းမြင့်အား. . .

"ဘာလို့ ဒီနံပါတ်ကိုကြိုက်ရတာလဲ"

ဟု မေးရာ မသန်းမြင့်က ခါးပန်းတွင်ရေးထားသော "ဥုံမဏိပဒ်မေဟုံ" ဟူသော စာတမ်းကို လက်ညှိုးထိုးပြလေ၏။



ထိုသို့ ထိုးပြပြီးနောက်. . .

"အဲဒီစာလုံးအားလုံးကို ဂဏန်းနဲ့ပြန်လိုက်ရင် ဒီဂဏန်းအားလုံးရတယ်ဟဲ့၊ အဲဒါနဲ့ ငါ ဒီဂဏန်းထိုးခဲ့တာ"

ဟု မသန်းမြင့်က ပြောလိုက်လေ၏၊ တိုက်ဆိုင်၍ လောမဆိုနိုင်ပေ။ ထိုအပတ် ထီဖွင့်သောအခါ မသန်းမြင့်သည် သိန်းဆုပေါက်သွားလေတော့၏၊ သိန်းဆုပေါက်သည်နှင့် တစ်ပြိုင်နက် မသန်းမြင့်သည် ၎င်း၏ယောကျ်ား ဖဲသမားကိုသန်းမြင့်ကို ပြန်၍ရှာလေ၏၊ ထို့နောက် အရှေ့ဘက်မုခ်တွင် သန်းထမင်းဆိုင်ကြီး ပြန်လည်၍ဖွင့်လိုက်ခဲ့တော့၏၊ မသက်ရှည်မှာမူ အလုပ်သမားများ ငှားရမ်းကာ ထမင်းဆိုင်ကို ဆက်လက်ဖွင့်နေလေတော့သတည်း. . .။

* * * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## မမိုးကောင်းလော၊ မသက်ရှည်လော

မသက်ရှည်၏ထမင်းဆိုင်တွင် အစဉ်သဖြင့် လာရောက်ထမင်းစားသော လူကြီးတစ်ဦးရှိ၏။ သူ၏ အမည်မှာ ဦးထွန်းတူ၍ဖြစ်ပေ၏ ထိုသူသည် မုဆိုးဖိုကြီး တစ်ဦးဖြစ်၏။ ကန်ထရိုက်လုပ်ငန်းများကို လုပ်လေ၏။ မသက်ရှည်နှင့် လွန်စွာရင်းနှီး၏။ ၎င်း ဦးထွန်းသည် မည်သည့် နေရာ၌ ကန်ထရိုက်လုပ်ငန်းများ လက်ခံခဲ့ကြောင်း၊ ထိုနေရာ၌ မည်မျှကြာမည်ဖြစ်ကြောင်း စကားစမိတိုင်း မသက်ရှည်အား ပြောလေ၏။ ထိုအခါ မသက်ရှည်က. . .

"ကျွန်မဖြင့် ဦးလေးရဲ့လုပ်ငန်းကို သိပ်စိတ်ဝင်စား တာပဲ"

ဟု ပြောရာ ဦးထွန်းက. . .



"တူမကြီးရယ်. . . တူမကြီးမို့ စိတ်ဝင်စားတယ်၊ ကျုပ်ဖြင့် ဒီလုပ်ငန်းကို စိတ်ကုန်နေပြီ၊ ဒီပြင်လုပ်ငန်းက လှုပင်ပန်းရင် စိတ်သက်သာတယ်၊ စိတ်သက်သာရင် လူပင်ပန်း တယ်၊ ဦးလေးတို့ ကန်ထရိုက်လုပ်ငန်းကတော့ လူလဲပင်ပန်း တယ်၊ ငွေလဲစိုက်ထားရသေးတယ်၊ ဒါပေမယ့် ကိုယ်ကလဲ တစ်သက်လုံး ဒါပဲလုပ်တာဆိုတော့ မတတ်နိုင်ဘူးလေ၊ ဒါပဲ ဆက်လုပ်နေရတော့တာပေါ့"

ဟု ပြောလေ၏။

"ဒါပေမယ့် ဦးလေးတို့လုပ်ငန်းက မြတ်စရာရှိရင် သေသေချာချာမြတ်တယ်မဟုတ်လား"

ဟု မသက်ရှည်က မေးလိုက်ရာ ဦးထွန်းက. . .

"ရှုံးစရာရှိလဲ သေသေချာချာရှုံးတယ် တူမကြီးရဲ့၊ ဒါပေမယ့် ရှုံးတဲ့အလှည့်ကနည်းပြီး မြတ်တဲ့အလှည့်ကများလို့ ကန်ထရိုက်တာဆိုတာ ရှိတာပေါ့ကွယ်၊ ဗိုလ်တထောင်မှာ ကုန်ရုံတွေဆောက်ဖို့ ကန်ထရိုက်လုပ်ငန်းတွေ ပေါ်တယ်ကွယ့်၊ ဦးလေးမှာ ငွေရင်းကလဲ မလုံမလောက်၊ အသက်ကလဲ ကြီးလာတော့ ငွေရှာချင်ဖွေချင်စိတ် သိပ်မရှိတော့တာကြောင့် အဲဒီလုပ်ငန်းတွေ ဦးမလိုက်ခဲ့တာပေါ့"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ဘာပဲဖြစ်ဖြစ် အဲဒီလုပ်ငန်းကို ရအောင်လိုက်စမ်းပါ ဦးလေးရဲ့၊ ကျွန်မလဲ ပါနိုင်သလောက်ပါပါ့မယ်"

ဟု ပြောလေ၏။ ထိုအခါ ဦးထွန်းက. . .

"အဲဒီ ကုန်ရုံတွေဆောက်ဖို့ ပို့ကောမရှင်နာရေး ဝန်ရုံးက အနည်းဆုံးတန်ဖိုးနဲ့ လုပ်ပေးနိုင်မယ့်လူကို တင်ဒါခေါ်တယ်ကွယ့်၊ ချိတ်ပိတ်တင်ဒါဆိုတော့ ဘယ်သူက

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ သိရတာမဟုတ်ဘူး၊ အဲဒီထဲမှာ အနည်းဆုံးလူကို ချပေးမှာပဲ၊ အဲဒီလို ချပေးတော့မှ ဒီပိုဆစ်မန်းနီးခေါ်တဲ့ ငွေသုံးသောင်း တင်ထားရဦးမယ်၊ ပြီးတော့မှ လုပ်ငန်းရဲ့ အရစ်ကျနဲ့ သူတို့ဆီက ငွေတွေ ပြန်ထုတ်ယူရမှာ၊ ဒီကြားထဲက အင်ဂျင်နီယာတွေ၊ လက်သမားတွေ၊ ပန်းရန်တွေ၊ အလုပ်သမားတွေ အများကြီးကို အုပ်ချုပ်ပြီးမှ အလုပ်လုပ်ရမှာ၊ တူမကြီး စိတ်ဝင်စားရင် ကျုပ်နဲ့အတူ လုပ်ကြတာပေါ့၊ တူမကြီးနဲ့ကျုပ် တစ်ဝက်စီပေါ့"

ဟု ပြောလေ၏။ ထိုအခါ မသက်ရှည်သည် ဦးထွန်းအား ငွေတစ်သောင်းခွဲကို ယုံယုံကြည်ကြည် ထုတ်ပေးလိုက်လေတော့၏။ ထိုအခါ ဦးထွန်းလည်း မသက်ရှည်ထံသို့ တင်ဒါပုံစံများ ယူလာပြီးလျှင် ဖြည့်သွင်းပုံ ဖြည့်သွင်းနည်းကို ပြလေ၏။ မသက်ရှည်သည် ထိုပုံစံများကို ထမင်းဆိုင်ပိတ်သောအခါ၌ ဖတ်ရှု၍ ဖြည့်တတ်သလောက် ဖြည့်စွက်ထားလေ၏။ နံနက်မိုးလင်း၍ ဦးထွန်းလာသောအခါ မသက်ရှည် ဖြည့်စွက်ထားသည်ကိုမြင်လျှင်. . .

"ဟဲ့. . တူမကြီး၊ ဒီစာတွေ နင်ဖတ်တတ်သလား"

ဟု မေးလေ၏။

"ကျွန်မ ရှမ်းပြည်နယ်မှာနေတုန်းက အလွတ်ပညာသင်ဆရာကြီး တစ်ယောက်ဆီမှာ တစ်နှစ်လောက်သင်ယူဖူးပါတယ်၊ အဲဒါကြောင့် ဖတ်တတ် ရေးတတ်ပါတယ်၊ ကျွန်မသိတဲ့ အင်္ဂလိပ်စာလုံးတွေ အဓိပ္ပာယ်ရှာဖို့တော့ မနေ့ညကပဲ အဘိဓာန်စာအုပ်တစ်အုပ် ဝယ်ထားပါတယ်၊ ကျွန်မတို့ သင်ပေးတဲ့ ဆရာကြီးကလဲ ဦးလေးနဲ့နာမည်တူပါပဲ၊ ဆရာကြီး ဦးထွန်းတဲ့"





ဟု မသက်ရှည်က ပြောလိုက်လေ၏။ ကန်ထရိုက်တာ ဦးထွန်းသည် မသက်ရှည်ဖြည့်သွင်းထားသော ပုံစံကိုကြည့်၍ မသက်ရှည်၏ လက်ရေးလက်သား ကောင်းပုံ သပ်ရပ်ပုံကို မြင်လျှင်. . .

"မသက်ရှည်. . . ငါ့တူမကြီးကတော့ နောင်ဆိုရင် ကန်ထရိုက်လုပ်ငန်းမှာ ဦးတို့ထက်တောင် သာသွားဦးမယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးထွန်းကပင်. . .

"ဒီလို တူမကြီးရဲ့၊ တို့လုပ်ငန်းကို နာမည်ပေးရဦးမယ်၊ တူမကြီးက ဦးလေးကို ဘယ်လောက်ပဲယုံယုံ လုပ်ငန်းသဘောအရ စာချုပ်စာတမ်းနဲ့ အလုပ်လုပ်မှ ကောင်းမယ်၊ အဲဒီတော့မှ လုပ်ငန်းမှာ ထပ်တိုးသင့်တိုးရမယ်၊ ခွဲသင့်ခွဲရမယ် မဟုတ်လား"

ဟု ပြောဆို၍ ၎င်းတို့နှစ်ဦးပေါင်း ကန်ထရိုက်လုပ်ငန်းသစ်အတွက် နာမည်ကိုစဉ်းစားကြလေ၏။ ထိုသို့စဉ်းစားနေစဉ်၌ပင် မိုးသည် ရုတ်တရက် သဲသဲမဲမဲကြီး ရွာချ၏။ ထိုအချိန်မှာပင် တစ်ခါက ထမင်းအလကားစားသွားဖူးသော မုတ်ဆိတ်ဖြူကြီးသည် မိုးရေများ စိုရွှဲလျက် ရောက်ရှိလာလေတော့၏။ ရောက်လျှင်ရောက်ချင်း. . .

"မိုးကလဲ တယ်ကောင်းပါလား"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ကန်ထရိုက်လုပ်ငန်းကို မိုးကောင်းလို့ နာမည်ပေးမယ်"

ဟု ပြောလိုက်ရာ ကန်ထရိုက် ဦးထွန်းသည်. . .

"ဟဲ့. . . တူမကြီး၊ နင်စဉ်းစားပုံက တယ်လဲမြန်ပါလား၊ အဲဒီ နာမည်ကလဲ ကောင်းတာပဲ"

ဟု ပြောလေ၏။ ထိုအခါ မသက်ရှည်က. . .


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက မစဉ်းစားဘူး ဦးလေးရဲ့၊ ဖျတ်ခနဲ ပေါ်တာကို ဆတ်ခနဲလုပ်လိုက်တာ"

ဟု ပြောလိုက်ရာ ကန်ထရိုက်တာ ဦးထွန်းကြီးက..

"အဲဒါလဲကောင်းတာပဲ"

ဟု ပြောပြီးလျှင် ၎င်းတို့၏ကန်ထရိုက်လုပ်ငန်း စာရွက်စာတမ်းများကို အောက်ပါအတိုင်း ရိုက်နှိပ်လေတော့၏။

## ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်တဲ့ မိုးကောင်း အထွေထွေ ကန်ထရိုက်လုပ်ငန်း

ထို့နောက် ကန်ထရိုက်တာဦးထွန်းနှင့် မသက်ရှည်သည် ကုန်ရုံများ ဆောက်လုပ်ရေးလုပ်ငန်းကို စတင်၍ လိုက်ကြလေတော့၏။ ထိုလုပ်ငန်းကိုလည်း ရကြလေ၏။ မသက်ရှည်သည် ကန်ထရိုက်လုပ်ငန်းစသည့် အချိန်မှစ၍ ထမင်းဆိုင်ကို ယုံကြည်စိတ်ချရသော အလုပ်သမား မိန်းကလေးတစ်ဦးနှင့် လွှဲထားရ၏။ ဒေါ်ခေမာကြီးကလည်း လာရောက်၍ဆိုင်၌ စီမံအုပ်ချုပ်ပေးလေ၏။

ကုန်ရုံဆောက်သော လုပ်ငန်းကြီး အပ်နှံလိုက်သော အခါ၌ မသက်ရှည်တို့သည် ပြောပလောက်အောင် မြတ်စွန်းခြင်းမရှိကြောင်း တွေ့ရလေ၏။ သို့ရာတွင် မသက်ရှည်သည် စိတ်ပျက်ခြင်းမရှိဘဲ ကန်ထရိုက်လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်ခဲ့လေ၏။ လုပ်ငန်းသုံးခု တစ်ပြိုင်နက်တည်း





လက်ခံ၍လုပ်ခြင်းကြောင့် ထမင်းဆိုင်ကိုမူ သွား၍မျှပင် မကြည့်နိုင်တော့ပေ။ လုပ်ငန်းသုံးလေးခုတွင် အသီးသီး ပြီးသော လုပ်ငန်းများကပြီး၍ ကျန်သေးသောလုပ်ငန်းများ ကလည်း ထား၍ရနေ၏။ ဤသို့နှင့်ပင် မသက်ရှည်၏ လုပ်ငန်းသည် လည်ပတ်၍သွားလေတော့၏။ ထိုသို့ အလုပ်များလုပ်ကိုင်နေစဉ်၌ပင် ဦးထွန်းကြီးသည် နှလုံး ရောဂါနှင့် ကွယ်လွန်အနိစ္စရောက်သွားလေတော့၏။ ယင်း ဦးထွန်းကြီးမှာ ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်သောကြောင့် ၎င်းတို့၏ထုံးတမ်းနှင့်အညီ စည်ကားသိုက်မြိုက်စွာ လုပ်ပေး ခဲ့လေ၏။

မသက်ရှည်သည် ဦးထွန်းနှင့် လက်ခံထားသော ကန်ထရိုက်လုပ်ငန်းကို စိတ်မပျက်ဘဲ ဆက်လက်လုပ်ကိုင် ခဲ့လေ၏။ ထို့ကြောင့် မိုးကောင်းကန်ထရိုက်လုပ်ငန်းသည် ကြီးသည်ထက်ကြီး၍ လာလေတော့သည်။ မသိသောသူများ က မသက်ရှည်အား မမိုးကောင်းဟုပင် ခေါ်ကြကုန်၏။ ရုံးအသီးသီးသို့လည်း ဝင်ရောက်သွားရသည်ဖြစ်ရာ ရုံးသမား များကလည်း မသက်ရှည်အား အသက်ပင်ငယ်သော်လည်း လုပ်ငန်းသဘောအရ အရိုအသေပေး၍ ဒေါ်မိုးကောင်းဟုပင် ခေါ်ကြကုန်၏။ ထမင်းဆိုင်မှာလည်း အခြေအနေ ကောင်းလျက်ပင် ရှိလေ၏။ မသက်ရှည်မှာမူ ထမင်းဆိုင်ကို လှည့်၍မျှပင်မကြည့်နိုင်တော့ပေ။ ထို့ကြောင့် သီလရှင် ဒေါ်ခေမာသည် လူဝတ်လဲကာ မခင်မေဟူသောအမည်ဖြင့် ထိုဆိုင်၌ထိုင်လေတော့၏။ ဆံပင်ကလေး အတော်အတန် ရှည်လာသောအခါ၌ မခင်မေသည် ထမင်းလာ၍စားသော စာရေးကြီးတစ်ဦးနှင့် မေတ္တာမျှလေတော့၏။ ထိုစာရေးကြီးမှာ


www.burmeseclassic.com

www.burmeseclassic.com

လည်း အင်္ကျီနံ့စင်စင် ဘုန်းကြီးလူထွက်သာလျှင်ဖြစ်ပေ၏၊ မသက်ရှည်သည် ၄င်းတို့လင်မယားအား ဆိုင်၌ပင် ထားလေ၏၊ ၄င်းကမူ တစ်ပတ်ရစ် အော်စတင်ကားလေး တစ်စီးဝယ်ကာ ဟိုရုံးသွားလိုက်၊ ဒီရုံးသွားလိုက်၊ သည်ရုံးထွက်လိုက်နှင့် အဆောက်အအုံပုံစံစာရွက် တစ်ပွေ့တစ်ပိုက်ကြီး ပွေ့ပိုက်ကာ အလုပ်ရှုပ်နေလေတော့သတည်း။

* * * * * * * * * * * *

BURMESE CLASSIC .com

## မိုးချုပ်သွားသော မိုးကောင်း

မသက်ရှည်၏ မိုးကောင်းကန်ထရိုက်လုပ်ငန်းများသည် အထက်ကဆိုခဲ့သည့်အတိုင်း တစ်စတစ်စကြီးပွားလာပေ၏။ ထို့ကြောင့် ရန်ကုန်မြို့ထဲ၌ တိုက်ခန်းတစ်ခန်းငှားရမ်းကာ ၄င်းလုပ်ငန်းအတွက် ရုံးခန်းဖွင့်ရလေတော့၏၊ ထိုခေတ်က ဘုန်းကံကြီး၍ နာမည်ကြီးသောရသေ့ကြီးတစ်ပါးသည် မြန်မာပြည်အရပ်ရပ်ရှိ ဘုရားဟောင်းများ၊ ကျောင်းပြဿဒ်များ၊ တန်ဆောင်းအဟောင်းများကို အခိုင်အခံ့ပြုပြင်ခြင်းများ ပြုသည်ဖြစ်ရာ ထိုရသေ့ကြီး၏လုပ်ငန်းများကို မသက်ရှည်၏ မိုးကောင်းကုမ္ပဏီက များစွာရလေ၏။ ထိုရသေ့ကြီးအား မနေသိဒ္ဓိပေါက်နေသည် ဟုပင်ပြောကြလေ၏။ မသက်ရှည်တို့သည် ထိုရသေ့ကြီးထံမှ သံလှေကား၊ သံတန်ဆောင်း ကန်ထရိုက်များ များစွာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည် ငှားရမ်းထားသော အင်ဂျင်နီယာများသည် သံဟင်ဂလန် မည်ရွေ့မည်မျှ၊ သံဆန်ခါ မည်ရွေ့မည်မျှ သံတိုင်မည်ရွေ့မည်မျှ စာရင်းတွက်ပြီး မသက်ရှည်ရလျှင် ရသေ့ကြီးထံ တင်ပြလေ၏။ ရသေ့ကြီးသည် ထိုပစ္စည်းမျာ အလိုရှိသည်နှင့်တစ်ပြိုင်နက် မျက်နှာဖြူများ၏ ကလပ်အင်န ဂရိတ်ကုမ္ပဏီသို့ အကြောင်းကြားလိုက်လေ၏။ ထိုကုမ္ပဏီ သည် ရသေ့ကြီးအား လွန်စွာယုံကြည်လေးစားသည်ဖြစ်၍ အင်္ဂလန်သို့ ချက်ချင်းမှာယူပေးလေ၏။

မသက်ရှည်သည် ဤသို့လျှင် အလုပ်အကိုင်ကြီးမျာ တိုလက်ခံ၍ လုပ်ကိုင်ခဲ့ရာ လုပ်ငန်းတစ်ခုလုံးကိုအကြောင် ပြု၍ ကြီးစွာသောဘေးဒုက္ခကို ရင်ဆိုင်ရလေတော့၏။ ထိုလုပ်ငန်းမှာ မြို့ကြီးတစ်မြို့တွင်ရှိသော ဈေးကြီးတစ်ဈေ ဆောက်လုပ်ရန်ကိစ္စပင် ဖြစ်သည်။ ထိုလုပ်ငန်းကိုလက်ခံပြီ နောက် လုပ်ကိုင်ခဲ့ရာ ခန့်ထားသော စူပါပိုင်စာများမှာလည် အလုပ်သမားစာရင်းများ လိမ်၍ပြ၏။ ခန့်ရမည့် အလုပ်သမာ အရေအတွက်ကိုမူ လျှော့၍ခန့်၏။ အလုပ်ကိုလည် ကောင်းစွာမလုပ်ကြ၊ ထို့ကြောင့် ပြီးရမည့်ရက်၌ မပြီးဘဲဖြစ်၍ တရားစွဲခံရလေ၏။ ထို့ပြင် ဆောက်လုပ်ထားသော ဈေးကိုလည်း မကျေနပ်၍ တစ်ဖက်မှ အင်ဂျင်နီယာများဖြင့် စစ်ဆေးသည်ဖြစ်ရာ ထည့်ရမည့်ပစ္စည်းများမထည့်ဘ ခို၍ထားသည်ဖြစ်ရာ မသက်ရှည်အား တရားစွဲဆိုကာ လျော်ကြေးတောင်းလေတော့၏။

မသက်ရှည်သည် ထိုကိစ္စအတွက် ငွေကုန်ကြေးကျ ခံကာ အမှုလိုက်ရ၏။ လျော်ကြေးများဆပ်လိုက်ရ၏ ထို့ကြောင့် မိုးကောင်းကန်ထရိုက်လုပ်ငန်းသည် တက်မည်ဟု





အရှိန်ယူထားသော သစ်ပင်ကလေးအား အညွန့်ချိုး၍ ရေနွေးပူလောင်းလိုက်သကဲ့သို့ အညွန့်အညောက် မထွက်နိုင် တော့ဘဲ လုံးဝဇာတ်သိမ်းသွားတော့၏။ ထိုသို့ဇာတ်သိမ်း သွားသည့်အခါ၌ ငှင်းတည်ထောင်ခဲ့သည့် ထမင်းဆိုင်မှာလည်း ယခင်ကဲ့သို့ စည်ကားခြင်းမရှိဘဲ အရောင်းပါးသော ဆိုင်ကြီး တစ်ဆိုင်အဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ မသက်ရှည်သည် ဘေးဒုက္ခများ တစ်ခုပြီးတစ်ခု ရင်ဆိုင်လာရပြန်၏။ ဆုံးရှုံးမှုများ တစ်ခုပြီးတစ်ခု တွေ့လာရလေတော့၏။ ထို့ကြောင့် စိတ်ပျက် အားငယ်ခြင်းအဖြစ်သို့ ရောက်၏။ ဈေးလုပ်ငန်းကြီး တစ်ခုလုံး အတွက် လျော်လိုက်ရသောငွေများမှာ မနည်းလှပေ။ စီးနေသောကားလေးကို ရောင်းလိုက်ရ၏။ လက်ဝတ်လက်စား များကိုလည်း ရောင်းပစ်ရ၏။ နောက်ထပ်လုပ်စားရန် ငွေလည်းလုံးဝမရှိတော့ပေ။ ထိုသို့ ဒုက္ခများတွေ့သောအခါ၌ မသက်ရှည်သည် ဒုက္ခနှင့်သုခဆိုသည်မှာ စာရွက်တစ်ရွက်၏ ဟိုဘက်နှင့်သည်ဘက် တစ်ဖက်စီတွင်ရေးထားသော စာများသာဖြစ်သည်ဟူသော ဦးချစ်ကောင်း၏စကားများကို အမှတ်ရမိလေတော့၏။ ဒုက္ခစာမျက်နှာကိုကျော်လျှင် သုခစာမျက်နှာကိုရောက်မည်ဟူသော စကား မှန်မမှန်၊ ဟုတ်မဟုတ်ကိုလည်း စမ်းသပ်ခွင့်ကြုံပြီဖြစ်၏။

မသက်ရှည်သည် မည်သည့်အလုပ်ကိုမျှ လုပ်၍ မရသည့်အဆုံး၌ စက်ပြန်၍ချုပ်ရမည်လော၊ ဆွယ်တာ ပြန်၍ထိုးရမည်လော၊ ထမင်းဆိုင်ကိုပင် ယခင်အခြေအနေ ရောက်အောင် ပြန်လုပ်ရမည်လောဟု တွေးတောနေလေ၏။ နောက်ဆုံးတွင် ငှင်းတည်ထောင်ခဲ့သော ထမင်းဆိုင်ကြီးကို ပြန်၍လုပ်ကိုင်ရာ မခင်မေတို့လင်မယားက မကျေနပ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှထွက်သွားကြလေတော့၏။ ၎င်းတို့ အလုပ်ထွက်သွားပြီး နှစ်ရက်မြောက်သော နေ့၌ပင် ဆိုင်များမှကြွေးယူထားသော ငရုတ်၊ ကြက်သွန်၊ ဆီဖိုးကြွေးများ၊ ကြက်ကုလားထံမှ ကြက်ကြွေးများ၊ အမဲဈေးမှ ဆိတ်သားဖိုးငွေ ကြွေးများမှအစ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်သည်များ၏ ကြွေးများပါမကျန် တစ်ပြိုင်နက်တည်း အတောင်းခံရသည်ဖြစ်ရာ မသက်ရှည်သည် လုံးဝဆိုင်ထွက်၍ မဖြစ်တော့ဘဲ ဆိုင်တိုရောင်း၍ ကြွေးများဆပ်လိုက်ရလေတော့၏။ မသက်ရှည်၏ အခြေအနေသည် ဒေါ်အစ္စဘယ်လာတို့၏ အိမ်မှ ထွက်လာခါစကဖြစ်သော အခြေအနေအတိုင်း ပြန်၍ဖြစ်သွားလေ၏။ သို့ရာတွင် မသက်ရှည်၌ ပညာများ၊ အတွေ့အကြုံများ လောကကို ရင်ဆိုင်ရဲသော သတ္တိထူးများ ရှိနေပြီဖြစ်၏။

မသက်ရှည်သည် မိုးကောင်း ကန်ထရိုက်လုပ်ငန်းကို ဖျက်သိမ်း၍ ငှားထားသောတိုက်ခန်းကို ပြန်၍အပ်လိုက်လေတော့၏။ ထို့ကြောင့် မသက်ရှည်အဖို့ စိတ်ပျက်အားငယ်ဖွယ်ရာအချိန်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိသွားပြီဟု ဆိုနိုင်၏။ မသက်ရှည်သည် တိုက်ခန်းကိုအပ်၍ ရရှိသော ငွေကလေးဖြင့်လည်းကောင်း၊ ထမင်းဆိုင်ကိုရောင်း၍ ကြွေးဆပ်ပြီး ကျန်သောငွေကလေးဖြင့်လည်းကောင်း၊ ရှေ့တွင် မည်သို့မည်ပုံဆက်လက်၍ လုပ်ကိုင်မည်ကိုစဉ်းစားရင်း မြန်မာရပ်ကွက်တစ်ခုတွင် အိမ်ခန်းကလေးတစ်ခန်း ငှားရမ်းနေထိုင်လိုက်လေတော့၏။ ထိုအိမ်ခန်းကလေးသို့ရောက်သော ညတွင် မသက်ရှည်သည် တော်တော်နှင့်အိပ်မပျော်နိုင်သေးဘဲ မိမိဖြတ်သန်းလာခဲ့ရသော ဖြစ်စဉ်အကွေ့အကောက်များကို ပြန်လည်တွေးတောရင်း မခင်မေ ခေါ် ဒေါ်ခေမာ၏ ကျောင်းသို့ စိတ်ကရောက်သွားလေ၏။





သူသည် ဒေါ်ခေမာအဖြစ်ဖြင့် မသက်ရှည်ကို အကူအညီပေးခဲ့၏။ မခင်မေအဖြစ်ဖြင့် ဒုက္ခပေးခဲ့၏။ အကူအညီပေးသော ဒေါ်ခေမာနှင့် ဒုက္ခပေးသော မခင်မေသည် တစ်ဦးတည်း တစ်ယောက်တည်းဖြစ်၏။ ထို့ကြောင့် အကူအညီပေးခြင်း၊ သို့မဟုတ် ဒုက္ခပေးခြင်း ဆိုသည်မှာ စေတနာတစ်ခုတည်းနှင့် ပတ်သက်သည်မဟုတ်၊ အခြေအနေနှင့် အချိန်အခါပေါ်တွင်လည်း များစွာတည်နေကြောင်း သဘောပေါက်သွားလေတော့၏။ ထို့ကြောင့် သူ၏မှတ်စုစာအုပ်တွင် အောက်ပါအတိုင်း ရေးမှတ်လိုက်လေတော့၏။

BURMESE CLASSIC .com

> စေတနာတစ်ခုတည်းဖြင့် မည်သည့်အရာမျှ လုပ်၍မရ။ ထိုစေတနာကို အကောင်အထည်ဖော်ရန် အတွက် အခြေအနေနှင့် အချိန်အခါသည် များစွာလိုအပ်ပေသည်။
>
> မသက်ရှည်

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်သည် အထက်ကဆိုခဲ့သည့်အတိုင်း အခြေအနေများ ဆုတ်ယုတ်လျော့ပါးသွားပြီဖြစ်၏။ သို့ရာတွင် စိတ်ဓါတ်ကြံ့ခိုင်သူဖြစ်သည့်အားလျော်စွာ တစ်စုံတစ်ခုကို အစမှပြန်၍လုပ်ကိုင်ရန် အချိန်စောင့်လျက် ၎င်းအတိုင်း ဆိုရဝါမူ ဖျတ်ခနဲပေါ်မည့်အချိန်ကို ဆတ်ခနဲလုပ်ရန်အတွက် စောင့်လျက်ရှိလေ၏။ ထိုသို့စောင့်နေရင်း မသက်ရှည်သည် မိမိ၏ဘဝကို ပြန်၍စဉ်းစားမိလေ၏။ အစတွင် ငါသည် ကံဆိုးလှချည်လားဟု တွေးမိပုံရ၏။ အဘယ့်ကြောင့်ဆိုသော် ဤရွှေ့ဤမျှ ကြိုးစား၍ အခြေအနေကြီးတစ်ခု ဖြစ်ခါမှ ပျက်စီးဆုံးရှုံးသွားခြင်းသည် အခြားအကြောင်းမဖြစ်နိုင်၊ ကံတရားကြောင့်သာ ဖြစ်မည်ဟု စဉ်းစားမိလေ၏။ ဤသို့ စဉ်းစားမိသည့်အခါ၌ ကံပဲ၊ ကံစီမံတာပဲဟု ကံပေါ်တွင် လုံးလုံးလျားလျားပုံချလိုက်သောကြောင့် စိတ်သက်သာရာရ၏။ သို့ရာတွင် မသက်ရှည်သည် ထိုကံကိုပင် ထပ်မံ၍ လေးလေးနက်နက်စဉ်းစားကြည့်ပြန်၏။ ဤလောက၌ အချို့အဖြစ်အပျက်များသည် ကံဟု အမည်တပ်လောက်အောင် ထူးထူးခြားခြားဖြစ်တတ်သော သဘောရှိလေ၏။ ထိုအရာများသည် ကံဟုယူဆလိုက လွယ်လွယ်ကူကူ ယူဆနိုင်သော်လည်း ကံဟုမယူဆဘဲ အခြားသောဘက်မှလည်း ယူဆလိုက ယူဆနိုင်၏။ ဥပမာဆိုရသော် အမြင့်ပေတစ်သောင်းတွင် ပျံသန်းနေသော လေယာဉ်ပျံတစ်စင်းမှ အရေးမကြီးသောနေရာတွင် တပ်ဆင်ထားသော ဝက်အူလေးတစ်လုံးသည် ပြုတ်ထွက်ကျသည်ဆိုပါစို့၊ ထိုဝက်အူကလေးသည် သစ်ပင်ပေါ်လည်း ကျနိုင်၏၊ မြေပြင်ပေါ်သို့လည်းကျနိုင်၏။ အိမ်အမျိုးမျိုးပေါ်၌လည်း ကျနိုင်၏၊ ချောင်း မြောင်း အင်း အိုင်အတွင်းသို့လည်းကျနိုင်၏။ တစ်စုံတစ်ယောက်သူ၏ ဦးခေါင်း တည့်တည့်သို့လည်းကျနိုင်၏။ ကျနိုင်သောနေရာ အခွင့် အလမ်းများစွာရှိ၏။ ထို့ပြင် ခေါင်းပေါ်၌ဖြစ်စေ၊ သစ်ပင်ပေါ် ၌ဖြစ်စေ၊ မြေကြီးပေါ်၌ဖြစ်စေ၊ မကျ၍မဖြစ်၊ ကျကိုကျရ မည်ဖြစ်၏။ မကျ၍မဖြစ်သော ဝက်အူကလေးသည် လူ၏ ဦးခေါင်းပေါ်သို့ တည့်တည့်မတ်မတ်ကျရောက်ပါက ထိုလူသည် ဤသို့ စဉ်းစားနိုင်၏။

လေယာဉ်ပျံပေါ်မှဝက်အူသည် ကျရောက်ရန် နေရာအနန္တရှိပါလျက် ငါ၏ဦးခေါင်းပေါ်တည့်တည့်မှာ လာပြီးကျရခြင်းသည် အခြားအကြောင်းမဖြစ်နိုင်။ ငါ ကံဆိုးလို့ပဲ၊ ငါ့ကံကိုက ဆိုးပါတယ်ဟု တွေးမိပေလိမ့်မည်။ အဘယ့်ကြောင့် ထိုသို့တွေးသနည်းမူ ထိုသူအဖို့ ဤမျှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခြင်းကို အခြားအကြောင်းအရာသို့ ပြောင်းလဲတွေးတောရန် အချက်အလက် ခိုင်ခိုင်လုံလုံ မရနိုင်၍ ကံဟူသော တွေးတောလိုက်ခြင်းဖြစ်ပေ၏။ အမှန်စင်စစ် ဝက်အူကလေးသည် လေယာဉ်ပေါ်မှ ပြုတ်ထွက်သွားကတည်းက လေထဲ၌ မတည်နေနိုင်၊ အောက်သို့ကျရမည် ဖြစ်၏။ ထိုသူ၏ ဦးခေါင်းပေါ်သို့ မကျလျှင်လည်း အခြား တစ်နေရာရာသို့ မုချကျရပေမည်။ ထိုသို့ကျခြင်း၌ မြေကြီးပေါ်၊ သစ်ပင်ပေါ်၊ ချုံပေါ်သို့ကျလျှင် ကံဟူသော စကားထွက်မလာဘဲ လူဦးခေါင်းပေါ်သို့ ကျသောအခါကျမှပင် ကံဟူသော စကားထွက်ပေါ်လာခြင်းကို ကြည့်လျှင် ကံမဟုတ်ပါဘဲလျက် ထိုကဲ့သို့ပင် ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်သော သဘောတရားများ မရေမတွက်နိုင်အောင် ရှိကြောင်း ထင်ရှားလှပေသည်။ ထိုသို့ တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်ခြင်းသဘောကိုပင် ရှေးလူကြီးများက 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်' ဟူ၍ ခေါ်ဝေါ်သုံးနှုန်း ကြလေ၏။

ထို့ပြင် ယိုးမယ်ဖွဲ့၍ တွေးတောယူမည်ဆိုလျှင် ယူစရာအချက်များ ဤလောကတွင် အများကြီးရှိ၏။ (အင်္ဂလန်ပြည်မှ အေဒွတ်မင်းသားကြီး တစ်ခုလပ်မ မစ္စစ်ဆင်မဆင်ကို ယူလိုသောကြောင့် ထီးနန်းစည်းစိမ်ကို စွန့်လိုက်၏။) ထိုသို့အေဒွတ်မင်းသားကြီး ထီးနန်းစွန့်လိုက်သောကြောင့် ပုဇွန်တောင်တွင် ဆိုက်ကားနင်းလျက်ရှိသော ဆိုက်ကားသမားမောင်ပု ပေါင်ကျိုးသွားသည်ဟုဆိုလျှင် မဖြစ်နိုင်ပေ။ သို့ရာတွင် အေဒွတ်မင်းသားကြီး ထီးနန်းစွန့်၍ မစ္စစ်ဆင်မဆင်ကို ယူလိုက်သည်ကို သတင်းစာ၌ ခေါင်းကြီးလိုင်း စာလုံးကြီးနှင့် ဖော်ပြခဲ့၏။ ထိုသတင်းကိုဖတ်ခဲ့သော ကားဒရိုင်ဘာတစ်ဦးသည် မိန်းမတစ်ယောက်အတွက် နန်းစည်းစိမ်ကို စွန့်ရသလားတွေး၍ ကားကိုမောင်းလာ၏။

ထိုအချိန်၌ မောင်ပုနင်းလာသောဆိုက်ကားကို တိုက်မိ၏။ ထိုအခါ မောင်ပုခြေထောက်ကျိုး၏။ မောင်ပုသည် ခြေထောက်ကျိုးသောကြောင့် ဒရိုင်ဘာကိုကြိမ်းမောင်း၏။ ဒရိုင်ဘာကလည်း ၎င်း၏အဖြစ်မှန်ကို ပြော၍ တောင်းပန်၏။ မောင်ပုဆေးရုံသို့ရောက်သွား၏။ ဆေးရုံသို့ရောက်လျှင် ဆရာဝန်က...

"ဘယ်လိုဖြစ်ပြီး ခြေထောက်ကျိုးရတာတုန်း"

ဟု မေးလျှင် ပုဇွန်တောင်မှ ဆိုက်ကားသမား မောင်ပုက...

"တစ်ခြားကြောင့် မဟုတ်ပါဘူးဗျာ၊ အင်္ဂလန်ပြည်က အေဒွတ်မင်းသားကြီး ထီးနန်းစွန့်လို့ ကျုပ်ပေါင်ကျိုးရတာပါ"



ဟု ယိုးမယ်ဖွဲ့၍ ပြောလိုက ပြောခွင့်ရှိလေ၏။ ဤသို့ဖြစ်ခြင်းကြောင့် အင်္ဂလန်ပြည်မှ အေဒွတ်မင်းသားကြီး၏ ကံတရားနှင့် ပုဇွန်တောင်မှ ဆိုက်ကားသမား မောင်ပု၏ ကံတရား အဆက်အသွယ်ရှိနေသည်ဟု ယူဆရန်မသင့်ပေ။ ဤသို့ ယိုးမယ်ဖွဲ့စတမ်းဆိုလျှင် ဤကမ္ဘာပေါ်၌ အဖြစ်အပျက်တစ်စုံတစ်ခုသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော လူသားများနှင့် ဆက်နွှယ်နေသည်ဟု ယိုးမယ်ဖွဲ့၍ရနိုင်ပေ၏။

မောင်ပု၏အဖြစ်၌ အေဒွတ်မင်းသားကြီးနှင့် ဆက်စပ်၍ကြည့်ခြင်းသာဖြစ်၏။ မစ္စစ်ဆင်မဆင်၏အဖြစ်နှင့် ဆက်စပ်ကြည့်ကလည်း ရနိုင်၏။ မစ္စစ်ဆင်မဆင်၏ ပထမ ယောကျ်ားကြီးနှင့် ဆက်စပ်ကြည့်ကလည်း ရနိုင်သေး၏။ အင်္ဂလန်ပြည်သူပြည်သားများနှင့် ဆက်စပ်ကြည့်ကလည်း ရနိုင်သေး၏။

မသက်ရှည်သည် အထက်၌ဆိုခဲ့သော အကြောင်းအရာများကို စဉ်းစားပြီး ငါ အခုဖြစ်ခဲ့တာတွေဟာ ကံမဟုတ်ဘူး၊ ကံလို့ပြောရင်လဲ ရနိုင်တဲ့ အခြားတိုက်ဆိုင်မှုတွေပဲ၊ တိုက်ဆိုင်မှုတွေကို ကံလို့ယူဆပြီး ငါ့ရဲ့အသက်ရှင်နေမှုအားလုံးကို ကံပေါ်ပုံချလို့မရဘူး။ လုပ်ရင်ဖြစ်မယ်၊ သွားရင်ရောက်မယ်၊ စားရင်ဝမယ်ဆိုတဲ့ အလွန်လက်တွေ့ကျတဲ့ အရာတွေပေါ်မှာ တည်ဆောက်တာက ပိုပြီးအောင်မြင်မှုနဲ့နီးစပ်ဖို့ရှိတယ်ဟု စဉ်းစားလိုက်လေတော့၏။ ထိုသို့ စဉ်းစားပြီးနောက် ဈေးသစ်ဆောက်လုပ်ရေးလုပ်ငန်း၌ ၎င်း၏အရှုံးပေါ်ခဲ့သောအကြောင်းများကို ပြန်လည်၍ စဉ်းစားမိရာ ကန်ထရိုက်တာ ဦးထွန်းကြီး ၎င်း၏ထမင်းဆိုင်၌ ထမင်းလာစားပုံ၊ ၎င်းနှင့်တွဲ၍ အလုပ်လုပ်ကိုင်ပုံ၊ သေဆုံး

www.burmeseclassic.com

သွားပုံတို့လည်းပါနေ၏။ ငါသည်လို မွဲသွားတာ မွဲသွားမှာပေါ့၊ ငါ့ဆိုင်ကို သည်လူကြီးက ထမင်းလာစားမိတာကိုး၊ အဲသည်လို လာစားမိလို့ သူနဲ့ငါနဲ့ မိတ်ဆွေဖြစ်သွားကြတာပေါ့၊ အဲသည်လို မိတ်ဆွေဖြစ်သွားကြတော့ သူလုပ်တဲ့ ကန်ထရိုက်အလုပ်ကို ငါကူဝင်လုပ်မိတယ်၊ အဲသည်လိုလုပ်မိလို့ ငါမွဲသွားတာပေါ့၊ သည်လူကြီးက ဘာဖြစ်လို့ ငါ့ဆိုင်မှာ စွဲစွဲမြဲမြဲ ထမင်း လာစား ရတာလဲ၊ သူပြောဖူးတာတော့ တို့စရာတွေစုံလို့လို့ ပြောဖူး တာပဲ၊ အဲသည်တော့ တို့စရာဆိုတာကလဲ သင်္ကန်းကျွန်းကရတဲ့ ကန်စွန်းရွက်ရယ်၊ တာမွေလေးက ဆလပ်ရွက်ရယ်၊ ကိုလီဈေး က ခရမ်းသီးရယ်၊ ဗဟန်းဈေးက ဟင်းဂလာချဉ်ဖတ်ရယ် ဖြစ်တယ်၊ အဲသည်တော့ ငါမွဲသွားရတာဟာ ဗဟန်းဈေးက ဟင်းဂလာချဉ်ဖတ်ကြောင့် လို့လဲ ပြောလို့ရတယ်၊ သင်္ကန်းကျွန်းမှာ ကန်စွန်းရွက်တွေပေါက်နေလို့ မွဲသွားတာလို့လဲ ယူဆလို့ရတယ်၊ အဲသည်လို ယူဆစတမ်းဆိုရင် ယူဆစရာတွေ အမြောက်အမြားရှိပေလိမ့်မယ်၊ ဒါတွေ ငါမတွေးတော့ဘူးဟု ကံတရားကို ယိုးမယ်ဖွဲ့သောအလေ့ဆိုးကို အပြီးအပိုင် အဆုံးသတ်လိုက်လေတော့၏။

ထိုအချိန်မှစ၍ မသက်ရှည်သည် စီးပွားရှာရန်ကိစ္စကို စဉ်းစားလိုက်လေ၏။ ထိုသို့စဉ်းစားရာ၌ စီးပွားရှာခြင်း ဆိုသည်မှာ မည်သည့်အရာဖြစ်သနည်း ဆိုသည်ကို တွေးတော ပြန်လေ၏။ ထိုသို့တွေးတောရာ၌ မသက်ရှည်သည် တစ်စုံတစ်ခုကို နားလည်သဘောပေါက်၍သွားလေတော့၏။ စီးပွားရှာခြင်းပဲဖြစ်ဖြစ် အိပ်နေခြင်းပဲဖြစ်ဖြစ်၊ မိတ်ဆွေဖွဲ့ခြင်း၊ အိမ်ထောင်ပြုခြင်းပဲဖြစ်စေ၊ ဤလောက၌ ပြုလုပ်သမျှသော





အလုပ်တို့သည် အချိန်နှင့်နေရာပေါ်၌ ပြုမူလှုပ်ရှားရသော လှုပ်ရှားမှုများသာဖြစ်ကြောင်း၊ သဘောပေါက် သွားလေ တော့၏။ ပညာသင်ခြင်း၌လည်း သူ့အချိန်နှင့်သူ သူ့နေရာ နှင့်သူ လုပ်ရ၏။ ဈေးရောင်းခြင်း၌လည်း ထို့အတူပင်ဖြစ်၏။ အချိန်နှင့်နေရာပေါ်၌လည်း များစွာတည်၏။ ဝက်သား မစားသောရပ်ကွက်၌ ဝက်သားသွားရောင်း၍မရနိုင်ပေ။ ထို့အတူ ဝက်သားစားသည့် ရပ်ကွက်ဖြစ်စေဦး ညဉ့်သန်းခေါင် သွား၍ ရောင်းက ရောင်း၍ရမည်မဟုတ်ပေ။ ဤနည်းကိုမှီး၍ မသက်ရှည်သည် အချိန်၏အလေးအနက်ရှိပုံကို စဉ်းစား မိပြန်၏။

"အချိန်ဆိုတာ တယ်ပြီး အရေးကြီးပါလား၊ လူ့လောကမှာ အသက်ခြောက်ဆယ် နေရတဲ့ လူဆိုပါတော့၊ ဒီလူဟာ သူ့သက်တမ်းတစ်လျှောက်လုံးမှာ အနှစ်နှစ်ဆယ် အိပ်ခဲ့ရပြီ၊ စားတဲ့ သောက်တဲ့အချိန်အတွက် သူ့ဘဝမှာ လေးနှစ်ငါးနှစ်နီးပါး ဖြုန်းတီးခဲ့ရပြီ၊ အိမ်သာတက်၊ ရေချိုး၊ ခေါင်းဖြီးစတဲ့ တောက်တို၊ မည်ရအချိန်တွေ ပေးခဲ့ရတာတွေ ကလဲ နည်းမှာမဟုတ်ဘူး"

ဟုဆိုကာ မသက်ရှည်သည် လူ့လောကတွင် အသက် ခြောက်ဆယ်ရှိသောလူကို စံနှုန်းထား၍ ကျကျနန လုပ်ရမည့်နှစ်ပိုင်းကို တွက်ကြည့်ရာ ၁၅နှစ် ကျော်ကျော်ခန့် သာရှိကြောင်း တွေ့ရလေတော့၏။ထို့ကြောင့် လူ့လောကမှာ လူဖြစ်တယ်ဆိုတာလည်း အလုပ် လုပ်ချိန်က ၁၅နှစ်သာသာ ပဲရှိတာပဲ၊ ကျန်တဲ့အချိန်တွေက စားချိန်၊ သောက်ချိန်၊ အိပ်ချိန်၊ စကားပြောချိန် စတဲ့ အချိန်တွေပဲ ဖြစ်နေတာ မဟုတ်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com

ဟု တွေးမိလေ၏။ ထို့ကြောင့် မသက်ရှည်သည် မည်မျှ ဒုက္ခရောက်သည် ဖြစ်စေ၊ မည်သည့်လုပ်ငန်းကို မည်မျှ ဒုက္ခခံကာလုပ်ရသည် ဖြစ်စေ အကြောင်းမဟုတ်ကြောင်း ကောင်းစွာသဘောပေါက် သွားလေ၏။

* * * * * * * * * * *



## မသက်ရှည်နှင့် ကျားသုံးကောင်

မသက်ရှည်သည် စက်ကလေးတစ်လုံးငှားရမ်း၍ ဈေးချုပ်ထည်ကလေးများ ချုပ်လုပ်ကာ ဈေးများ၌ သွင်းရလေ၏။ ထို့ကြောင့် ဈေးကြီးတစ်ဈေးမှ ဈေးချုပ်ထည်များ ရောင်းသော ဆိုင်ကြီးသုံးလေးဆိုင်နှင့် ဆက်သွယ်ရလေတော့၏။ ထိုဈေးဆိုင်များမှ ၄င်းအိမ်သို့ မကြာခဏလာ၍ အထည်များယူလေ့ရှိ၏။ ၄င်းနှင့် ဆက်သွယ်သော ဈေးဆိုင်ကြီးလေးဆိုင်အနက် တစ်ဆိုင်မှာ 'မာမက်' ဟုခေါ်သော ကုလားတစ်ဦး၏ ဆိုင်ဖြစ်၏။ မာမက်သည် အစပထမတွင် ချုပ်ပြီးသော အင်္ကျီယူရန်ကိစ္စဖြင့် လာရောက်ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် မသက်ရှည်အား မရိုးမသား ပိုးပန်းသောစိတ်များဖြင့် လာလည်ခြင်းဖြစ်၏။ မသက်ရှည်အတွက်လည်း လာသည့်အခေါက်တိုင်း၌ အင်္ကျီစ၊


www.burmeseclassic.com

www.burmeseclassic.com



ရေမွှေး ပုလင်း၊ ပေါင်ဒါဘူး စသည်များကို လက်ဆောင်အဖြစ် ဝယ်ယူ၍ လာတတ်လေ၏။ မသက်ရှည်မှာလည်း အစ ပထမတွင် ကုလားဟူသောအမှတ်ဖြင့် ခပ်စိမ်းစိမ်းနေခဲ့သော်လည်း မြင်တွေ့ဖန်များလာသောအခါ၌ လူမျိုးခြင်း ခြားနားသည်ဟုပင် မထင်မှတ်တော့ဘဲ အများသူငါ ယောကျ်ားများကဲ့သို့ပင် သဘောထားမိလေတော့၏။ ထိုအထဲတွင် ထမင်းဆိုင်ဖွင့်စဉ်က သိကျွမ်းခဲ့သော ကိုသက်တင်ဆိုသည့် မုဆိုးဖိုစိန်ပွဲစားကြီးတစ်ဦးလည်း မကြာခဏလာ၍ လည်၏။ ထို့နောက် ကိုလှဖေဆိုသည့် ဆေးဆရာတစ်ဦးလည်း မသက်ရှည်ထံသို့ မကြာခဏလာ၍ လည်လေ၏။ ထိုသူသုံးဦးသည် မသက်ရှည်၏ အဆီအသားကို ဝါးမျိုရန် သွားရည်တမျှားမျှားဖြင့် ချောင်းနေသည့် ကျားဆိုးများ ဖြစ်ကြောင်းကို မသက်ရှည်သည် မရိပ်မိရှာ။ ထိုသုံးဦးအနက်မှ မာမက်မှာ အကျိုးနွံဆုံးသူ ဖြစ်၏။ စိန်ပွဲစား ကိုသက်တင်နှင့် ဆေးဆရာကိုလှဖေတို့မှာ မသက်ရှည်ထံသို့ ရောက်လျှင် အမျိုးမျိုး အဖုံဖုံဂိုက်ပေး၍ ပိုးပန်းကြသော်လည်း မာမက်မှာမူ ထိုသို့မဟုတ်။ ရောက်သည်နှင့် တစ်ပြိုင်နက်. .

"အစ်မလေး တစ်ယောက်တည်း မအားဘူး၊ ကျွန်တော် ကူပြီးလုပ်ပေးဦးမယ်"

ဟု ဆိုကာ တံမြက်စည်း လှည်းပေးခြင်း၊ ဈေးဝယ်ပေးခြင်း၊ ပန်းကန်ခွက်ယောက်များ ဆေးကြောပေးခြင်း တစ်ခါတစ်ရံ ( ကိုသက်တင် သို့မဟုတ် ကိုလှဖေတို့ ရောက်နေလျှင်) ၎င်းတို့ သောက်ရန်အတွက်ပင် ချိုင့်ကလေးဆွဲ၍ လက်ဖက်ရည်ဆိုင်သို့ သွားရောက် ဝယ်ယူပေးခြင်းစသော တောက်တိုမည်ရ အလုပ်များကို လုပ်ပေးလေ့ရှိလေ၏။ ထို့ကြောင့် မသက်ရှည်အဖို့ ဤယောကျ်ားသား သုံးဦးအနက် မာမက်နှင့်ပင် ပို၍ လက်ပွန်းတတီးရှိလာလေ၏။ မာမက်ကိုလည်း မျိုးမတူ ဇာတ်ခြားသည့် အဖြစ်ကို မေ့လျော့ခဲ့ပြီဖြစ်၏။ မာမက်မှာလည်း တစ်စတစ်စရဲတင်းလာလေတော့၏။

တစ်နေ့သ၌ မသက်ရှည်သည် စက်ချုပ်ရင်း နေမကောင်းသည်ဖြစ်ရာ အိမ်ရှေ့တံခါးကို စေ့ရုံမျှ စေ့ထားကာ အိပ်ခန်းထဲတွင် ခေတ္တလဲလျောင်းရင်း အိပ်ပျော်သွားလေတော့၏။ ထိုအချိန်၌ မာမက်ရောက်လာပြီးလျှင် မာမက်၏ စိတ်၌ "ဒီဘစ်ချီတော့ အပိုင်ပဲ" ဟု သဘောထားကာ မသက်ရှည်၏ အိပ်ခန်းသို့ တန်းတန်းမတ်မတ်ဝင်သွားပြီးလျှင် မသက်ရှည်၏ ကိုယ်ပေါ်သို့ အုပ်မိုးလိုက်သည်။ တစ်ခဏ၌ မသက်ရှည်သည် အိပ်ရာမှလန့်၍ နိုးလာပြီလျှင် ခေါင်းအုံးအောက်မှ မားမြှောင်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး မာမက်၏ ရင်ဝကို ဆောင့်၍ထိုးလိုက်လေ၏။ သို့ရာတွင် မာမက်တတိမ်းလိုက်သဖြင့် ရင်ဘတ်ကို မထိုးမိဘဲ လက်မောင်းရင်းကို ထိုးမိသွားသောကြောင့် မာမက်လည်း "အာ. . ရိုးရိုး" ဟု အော်ကာ အိပ်ခန်းတွင်းမှ ထွက်ပြေးလေ၏။ မသက်ရှည်လည်း မားဖြင့် နောက်မှလိုက်၍ ထိုးလေ၏။ မာမက်သည် ဖိနပ်ကိုပင် မစီးနိုင်တော့ဘဲ တရမန်းကြမ်း အိမ်ပေါ်မှ ဆင်းပြေးလေတော့၏။ ဤအဖြစ်ကို အိမ်နီးနားချင်းများ မတွေ့မြင်လိုက်သောကြောင့်သာ မသက်ရှည်အဖို့ အရှက်မရခဲ့ခြင်း ဖြစ်၏။

ထိုအချိန်မှစ၍ မသက်ရှည်သည် ယောကျ်ားဆိုသော သတ္တဝါသည် မိန်းမများအဖို့ စိတ်ချလက်ချ ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံရန် ကောင်းသော သတ္တဝါမျိုးမဟုတ်ကြောင်း ကောင်းစွာသဘောပေါက်သွားလေတော့၏။ ထို့နေ့မှာပင် မုဆိုးဖို စိန်ပွဲစား ကိုသက်တင်ကြီး ရောက်ရှိလာလေ၏။ ထိုအခါ မသက်ရှည်က. . .

"ဒီမှာ ဦးသက်တင်၊ ကျွန်မ ရှင်းရှင်းမေးပါရစေဦး၊ ကျွန်မဆီကို မကြာခဏလာလာနေတာ ကျွန်မကို များ ပိုးပန်းနေတာလားရှင်၊ အဲဒီလို ပိုးပန်းနေတယ်ဆိုရင်လဲ စောစောပဲဖွင့်ပြောပါတော့လား"

ဟု ပြောလိုက်ရာ မုဆိုးဖို စိန်ပွဲစားကြီး၏ မျက်နှာသည် ဝင်းလက်၍သွားလေတော့၏။

"ကျုပ်ကလဲ ပြောမယ် ပြောမယ်နဲ့ ချိန်ဆနေတာ၊ အခုတော့ မသက်ရှည်က လမ်းဖွင့်ပေးတော့လဲ ပြောရတော့မှာပေါ့ဗျာ၊ ကျုပ်နဲ့ယူရင် မသက်ရှည် လုပ်ချင်တဲ့ ကန်ထရိုက်လုပ်ငန်းတွေကိုလဲ ဆက်ပြီးလုပ်နိုင်အောင် ငွေအလုံအလောက်ဆက်ပြီးထုတ်ပေးပါမယ်"

ဟု ပြော၍ မသက်ရှည်ထံမှ ကြားရမည့်စကားကို မျှော်လင့်ရင်း လက်ဝါးနှစ်ဖက်ကို ပွတ်၍နေလေ၏။ ၎င်း၏စိတ်၌ "ယနေ့အဖို့တော့ အဘယ်ဆရာပေးသည့် ပယောဆေးသည် စွမ်းသည်မသိ၊ အစွမ်းဖြင့်ပြလေပြီ" ဟု လည်း အောက်မေ့လိုက်လေ၏။ ထိုအချိန်၌မှာပင် မသက်ရှည်က လွန်စွာတည်ငြိမ်သော ကျွန်ရွှေရသောလေသံဖြင့်. . .

"ဒီမှာ ဦးသက်တင်၊ မိန်းကလေးတစ်ယောက် ယောကျ်ားယူတဲ့ကိစ္စကို ရှင် ဒီလောက်အသက်ကြီးလာပြီ နားမလည်သေးဘူး၊ ယောကျ်ားယူတာဟာ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းမဟုတ်ဘူးရှင့်၊ အသက်မွေးဝမ်းကျောင်း



သဘောထားပြီး ယောကျ်ားယူတဲ့ မိန်းမစားမျိုးတွေ ရှိကောင်း ရှိပါလိမ့်မယ်၊ အဲဒီအထဲမှာ ကျွန်မမပါဘူး၊ ကျွန်မမှာ အသက် မွေးဝမ်းကျောင်းပညာတွေ ရှိတယ်၊ ရှင့်ကို မှီခိုတဲ့သဘောနဲ့ ယူလိမ့်မယ်လို့မထင်နဲ့၊ နောက်ပြီးတော့ ရှင့်ကိုပြောလိုက် ဦးမယ်၊ ရှင်တို့လို မုဆိုးဖိုတွေဟာ အားကုန်တဲ့ ဓါတ်ခဲ ထည့်ထားတဲ့ လက်နှိပ်ဓါတ်မီးလိုပဲ၊ ရှင်တို့ရဲ့မေတ္တာဟာလဲ သေဆုံးသွားတဲ့ မိန်းမနဲ့အတူ ကုန်ခန်းသွားပြီဆိုတာ ရှင်ကိုယ်တိုင် သဘောပေါက်ပါတယ်၊ အဲဒီတော့ ကျွန်မဆီကို ပိုးပန်းဖို့ကိစ္စနဲ့လဲ မလာနဲ့၊ တခြားကိစ္စနဲ့လဲ မလာနဲ့၊ ကျေးဇူး ပဲတော့"

ဟု မသက်ရှည်ကပြောလိုက်ရာ မုဆိုးဖို စိန်ပွဲစား ကိုသက်တင်မှာ မျှော်လင့်မထားသောစကားကို ကြားလိုက် ရသဖြင့် အစတွင် အူကြောင်ကြောင်ကြီး ဖြစ်သွား၏။ ထို့နောက် မခံချင်စိတ်များဖြစ်ပေါ်လာကာ. . .

"ဒီလိုဆို ကန်ထရိုက်တာ ဦးထွန်းနဲ့ မင်းနဲ့ တိတ်တိတ် သွားနေတာကို လူတိုင်းသိတယ်၊ မင်းဘာပြောမလဲ"

ဟု ပြောလိုက်လေတော့၏။

မသက်ရှည်လည်း မည်သို့မျှဖြေရှင်းခြင်းမပြုတော့ဘဲ ကိုသက်တင်၏ပါးကို ဖြောင်းခနဲရိုက်ချလိုက်ပြီး. . .

"ခွေးမျိုးကြီး. . . ခွေးစကားပြောတယ်၊ နင့်နှမတွေ ဆိုရင်တော့ ဟုတ်တောင်းဟုတ်မယ်၊ ငါလို မိန်းမက စိတ်ဓါတ် ကြံ့ခိုင်တယ်ဟဲ့"

ဟု ပြောဆိုကာ အနီးရှိကိုက်တံဖြင့် မျက်နှာကိုဖြတ်၍ ရိုက်လိုက်သောကြောင့် စိန်ပွဲစား ကိုသက်တင်ကြီးသည် သုတ်ခြေတင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး နှစ်ရက်ခန့် ကြာသောအခါ၌ ဆေးဆရာ ကိုလှဖေ ရောက်လာပြီးလျှင် မသက်ရှည်အား စကားစမြည်ပြောလေ၏။ ၎င်းဆေးဆရာ ကိုလှဖေ၏ထူးခြားချက်မှာ မျက်နှာမှုလွဲ၍ တစ်ကိုယ်လုံး နေရာလပ်မရှိအောင် ဆေးမင်ကြောင်များ ထိုးထားခြင်းပင် ဖြစ်၏။ အခါတိုင်း အခေါက်တိုင်းတွင် ၎င်းကိုလှဖေသည် မည်သည့်ရောဂါသည်ကို မည်သို့မည်ပုံ ကုလိုက်၍ ပျောက်ကင်းချမ်းသာသွားကြောင်း၊ ကျေးရွာတင်လွန်း၍ ၎င်းအား မည်သို့မည်ပုံ မည်ရွေ့မည်မျှ ပူဇော်ကြောင်း စသည့် ကြွားလုံးဝါးလုံး စကားများသာဖြစ်သော်လည်း ယခုအခေါက်တွင်မူ မသက်ရှည်အား ပြောင်ပြောင်တင်းတင်း ချစ်ရေးဆိုလေတော့၏။

"ကဲ . . မသက်ရှည်၊ ကျုပ်လဲ လာရတဲ့အခေါက်တွေများလို့ ချောင်းပေါက်တော့မယ်၊ အဲဒီတော့ ကျုပ်ပြောချင်တာကတော့ အလံမရှိတဲ့ရထား မတင့်တယ်ဘူးဆိုသလိုပဲ မသက်ရှည်တစ်ယောက်တည်းနေလို့ မတင့်တယ်ပေဘူး"

ဟု ပြောလေတော့၏။

ထိုအခါ မသက်ရှည်က . . .

"အခုလို ပွင့်ပွင့်လင်းလင်းပြောတာ ကျွန်မအနေနဲ့ စိတ်ဆိုးစရာမရှိပါဘူး၊ ဒါပေမယ့် ကိုညိုယဉ်ဆိုတဲ့ လူတစ်ယောက်ကလွဲပြီး ကျွန်မ ဘယ်သူ့ကိုမှမလိုချင်ဘူး၊ အဲဒါကြောင့် ကိုလှဖေအနေနဲ့ ရပ်တန်းကရပ်ဖို့ မေတ္တာရပ်ခံပါတယ်"

ဟု ပြောလိုက်ရာ ၎င်းကိုလှဖေက ထိုင်ရာမှ 'ဆတ်ခနဲ' ထပြီးလျှင် . . .





"မင်း ကျုပ်ကို ဘယ်လိုယောကျ်ားစားမျိုး အောက်မေ့လို့လဲ၊ ကျုပ်လိုချင်တာကိုမရရင် ငြိမ်ငြိမ်လေးနေမယ့် လူစားမျိုးမဟုတ်ဘူး၊ ကျုပ်အကြောင်း သိရစေမယ်"

ဟုဆိုကာ ဒေါနှင့်မောနှင့် ပြန်သွားလေတော့၏။

ထိုအချိန်မှစ၍ မသက်ရှည်၌ ကျကျနနဒုက္ခပေးမည့်ရန်သူကြီးသုံးဦး ပေါ်ပေါက်ခဲ့လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

## မသက်ရှည် အဖော်ကောင်းရခြင်း

မသက်ရှည်သည် ချုပ်ပြီးသားစျေးထည်များကို စျေးသို့ပို့ရန်အတွက် အိမ်မှထွက်လာကာ လမ်းထိပ်သို့ ရောက်သောအခါ၌ မိန်းမတို့ဓမ္မတာ ရာသီပန်းပွင့်သည့်ရက်ကို အမှတ်မထားမိခဲ့ခြင်းကြောင့် အခက်အခဲတွေ့ကာ အိမ်သို့ ပြန်ခဲ့ရလေ၏။ အိမ်သို့ပြန်ပြီးလျှင် သန့်ရှင်းစင်ကြယ်စေရန် အတွက် ရေနွေးအိုးတစ်လုံးတည်ကာ ရေနွေးကိုအသုံးပြု၍ သန့်ရှင်းရေးကိုလုပ်ရလေ၏။ မသက်ရှည်သည် ထိုကိစ္စ၌ ရေအေးကိုအသုံးပြုမိသည်နှင့် သွေးချုပ်ကာ ကြီးမားသော ဝေဒနာကို ခံစားရလေ့ရှိသောကြောင့် အပျိုဖြစ်သည့် အချိန် မှစ၍ ရေနွေးကိုသာအသုံးပြုခဲ့ရလေ၏။ ဒေါ် အစ္စဘယ်လာတို့ အိမ်တွင် ရေနွေးကိုအသုံးပြုခွင့်မရသောကြောင့် မကြာခဏ ဝေဒနာဆိုးကြီး ခံစားရသည့်အဖြစ်ကိုလည်း သတိရမိ လေတော့၏။



ထို့နောက် မသက်ရှည် စဉ်းစားမိသည်မှာ မိန်းမတို့၏ ခန္ဓာစက်သည် ယောကျ်ားတို့၏ ခန္ဓာစက်ထက် ပိုမိုရှုပ်ထွေး ပုံရလေ၏။ ထို့ကြောင့်လည်း မိန်းမတို့သည် ယောကျ်ား တို့ထက် ရောဂါဘယထူပြောလေ၏။ ဤအချက်သည် ယောကျ်ားများနှင့် ရင်ပေါင်တန်းမည်ဟု အားခဲထားသော မိန်းမတစ်ဦးအဖို့ အားငယ်ဖွယ်ရာ အချက်ကြီးဖြစ်လေ တော့၏။

ထိုအခါ မသက်ရှည်သည် ဤသို့စဉ်းစားမိပြန်လေ၏။

"ငါတို့ မိန်းမတွေဟာ လစဉ်ရာသီသွေး လာရတဲ့ဒုက္ခ၊ ယောကျ်ားယူပြန်တော့လဲ ကိုယ်ဝန်ဆောင်ရတဲ့ဒုက္ခ၊ ကလေး မွေးရတဲ့ဒုက္ခ၊ နို့ချိုတိုက်ကျွေးရတဲ့ဒုက္ခတွေနဲ့ ပြည့်နှက် နေပါလား၊ ဒါကြောင့်လဲ ငါတို့ဟာ အားနွဲ့သူ အားငယ်သူ ဘဝကို ရောက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒီဒုက္ခတွေဟာ သဘာဝကပေးတဲ့ ဒုက္ခတွေပဲ၊ သဘာဝကဖြစ်တဲ့ ဒုက္ခဆိုတော့ မတရားသဖြင့်ပေးထားတဲ့ ဒုက္ခတွေတော့ ဟုတ်မယ်မထင်ဘူး။ သဘာဝကျကျရထားတဲ့ ဒုက္ခတွေပဲဖြစ်မှာပဲ"

ဟူ၍ တွေးတောလေ၏။

ထို့နောက် အောက်ပါအတိုင်း စဉ်းစားမိပြန်၏။

"တကယ်ကျတော့ ငါတို့မိန်းမတွေကို လူရာမသွင်း ကြဘူး၊ တစ်ယောက်ယောက်က လူတစ်ယောက် လာသွား တယ်လို့ပြောလိုက်တာနဲ့ ကြားရတဲ့လူက ကိုဘယ်သူလဲ ဦးဘယ်တုလဲလို့ပဲ စဉ်းစားကြတယ်၊ မဘယ်သူ ဒေါ်ဘယ်တု လဲလို့ မစဉ်းစားကြဘူး၊ မိန်းမတွေကိုတော့ လူတစ်ယောက် ရယ်လို့ စာရင်းမသွင်းချင်တဲ့သဘောပဲ၊ နောက်ပြီးတော့ စကားပုံထဲမှာ "ကြက်မတွန်လို့ မိုးမလင်းဘူး၊ ကြက်ဖတွန်မှ

www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတယ်" ဆိုတာမျိုးတွေ၊ ဒါတွေဟာ ငါတို့မိန်းမတွေကို လူရာမသွင်းချင်တဲ့ သဘော၊ ရှေ့တန်းမတင်ချင်တဲ့ သဘောတွေပဲ"

ဟု တွေးတောပြီးနောက် မသက်ရှည်သည် သက်ပြင်းချလိုက်လေ၏။

* * * * * * * * * * *

ထို့နောက် အိမ်မှတစ်ဖန် ထွက်ရပြန်လေတော့၏။

မသက်ရှည်သည် ဈေးသို့သွား၏။ ချုပ်ထည်များကို စပ်၏။ ဖောက်သည်ယူမည့်ဆိုင်နှင့် တွေ့သောအခါ ချုပ်ထည်များချုပ်၍သွင်းပြန်၏။

ဤသို့လျှင် ရောက်ရာနေရာတွင် ရသလောက်ကြိုးစားခဲ့ပြန်၏။ ဤသို့ကြိုးစားခဲ့ရာ အတော်အတန် အခြေအနေကောင်းလာလေတော့၏။ ထို့ကြောင့် ကျောက်မြောင်းအရပ်ဘက်တွင်ဖွင့်သော ဈေးသစ်ကြီးတစ်ခု၌ ဆိုင်ခန်းကလေးတစ်ခု ဝယ်ယူလိုက်လေ၏။ ထိုဆိုင်ခန်းတွင် အထည်မျိုးစုံနှင့်တကွ ဈေးချုပ်အထည်များတိုပါ ရောင်းချလေတော့၏။

ထိုသို့ရောင်းချရင်း သားကောင်ကိုချောင်းသောမုဆိုးကဲ့သို့ ချမ်းသာမည့်အကွက်ကို ချောင်းမြောင်းနေပြန်လေတော့၏။ သို့ရာတွင် ၎င်း၏ဖောက်သည်ဆိုင်မှ မိန်းကလေးလင်နောက်လိုက်၍ပြေးသောကြောင့် ဖောက်သည်ပျက်သွားပြန်၏။





မသက်ရှည်သည် ရန်ကုန်မြို့ရှိ ဈေးများတွင် လှည့်လည်ဖောက်သည်ရှာရပြန်လေ၏။ နောက်ဆုံးတွင် ဖောက်သည်ကောင်းများ ရရှိခဲ့လေတော့၏။

ထို့ကြောင့် သူမသည် ကြိုးစားပမ်းစားချုပ်၏။ မနေမနား အလုပ်လုပ်လေ၏။ ချုပ်လုပ်သည့် အထည်များကိုလည်း ကောင်းသည်ထက်ကောင်းအောင် ပြုလုပ်လေ၏။

ဤသို့ နေလာခဲ့ရာ သူငှားနေသောအိမ်၏နံဘေးရှိ အိမ်တွင် အသက်ငါးဆယ်ခန့်အရွယ်ရှိ လူကြီးတစ်ဦးနှင့် အိမ်ထောင်ကျသော အမျိုးသမီးတစ်ဦး နေထိုင်လေ၏။ ထိုလူကြီးကိုမူ ၎င်း၏အိမ်၌ အစဉ်အမြဲမတွေ့ရ။ တစ်ပတ်တွင်မှ တစ်ခါတွေ့ရလေ၏။

ထိုအမျိုးသမီး၏အမည်မှာ မကြည်နွဲ့ ဟူ၍ဖြစ်၏။ မကြည်နွဲ့သည် အိမ်နီးချင်းဖြစ်သောကြောင့် လာရောက်စကားပြော၏။ နေ့ခင်းနေ့လယ်တွင် လက်ဖက်သုပ်အတူ သုပ်၍စား၏။ လက်ဖက်ရည်အတူ ဝယ်၍သောက်၏။ အစပထမတွင် အဖော်မရှိ၍ မသက်ရှည်ထံ လာခြင်းဖြစ်သော်လည်း နောင်သောအခါ မသက်ရှည်ကို ခင်မင်၍သွားလေ၏။

ဤသို့ ခင်မင်သွားသောကြောင့် ၎င်း၏ယောကျ်ား မရှိသည့်အချိန်တိုင်းတွင် မကြည်နွဲ့သည် မသက်ရှည်၏အနားတွင် အမြဲရှိနေ၏။ တစ်ခါတစ်ရံ မသက်ရှည်မအားသည့်အခါတွင် ထမင်းကူ၍ချက်ပေး၏။ တစ်ခါတစ်ရံ အဝတ်ပင်ကူ၍လျှော်ပေးသွား၏။ မကြည်နွဲ့သည် မသက်ရှည်အား အားလည်းကိုး၏။ အဘယ့်ကြောင့်ဆိုသော် မသက်ရှည်သည် အတွေ့အကြုံများ၏။ တတ်သိလိမ္မာမှုများ၏။ စာပေ ဗဟုသုတများ၏။ စာဖတ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မကြည်နွဲ့ မသိသည်များကို မသက်ရှည်က ပြောပြနိုင်၏။ မသက်ရှည်သည် မကြည်နွဲ့၏ ဆရာဖြစ်၏။ မသက်ရှည်က သူငယ်ချင်းပေါင်း ပေါင်းသော်လည်း မကြည်နွဲ့က ဆရာပေါင်း, ပေါင်းလေ၏။ ၎င်းတို့နှစ်ဦး၏ ခင်မင်မှုသည် တစ်စထက်တစ်စ ခိုင်မာလာ၏။ တစ်ဦးနှင့် တစ်ဦး လျှို့ဝှက်ချက် ဟူ၍မရှိဘဲ ပြောစရာရှိသည်ကို အကုန် ပြောကြ၏။

တစ်နေ့တွင် မကြည်နွဲ့ သူ၏အဖြစ်အပျက်ကို ပြောပြနေ၏။ သူ၏မိသားစုဆင်းရဲပုံကို ပြောပြနေ၏။ ထိုအခါ၌ မသက်ရှည်လည်း မကြည်နွဲ့၏စကားများကို နားထောင်ရင်း သူကိုယ်တိုင်၏ အဖြစ်အပျက်ဆီသို့ သူ၏စိတ်အာရုံသည် ရောက်သွားလေ၏။

ထို့ကြောင့် မကြည်နွဲ့ပြောသည်ကိုလည်းကောင်း၊ မေးသည်ကိုလည်းကောင်း မကြားတော့ပေ။

* * * * * * * * * * 

## အရိပ်ပမာ

မမိုးကောင်း (ခေါ်) မသက်ရှည်သည် သူ၏ ဖြစ်စဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ်နေ၏။ သူသည် အဝေးသို့ငေးကြည့်နေ၏။ သူ၏ မနောဝိညာဉ်သည် သူ့အား တစ်နေရာပြီးတစ်နေရာ ခေါ်ဆောင်သွား၏။ မည်သည့် အရပ်ဒေသဆီသို့ ရောက်ရှိသွားမှန်းမသိသော သူ၏ဖခင် အရက်သမားကြီးဆီသို့လည်းကောင်း၊ ဆင်းရဲနွမ်းပါးစွာ သေဆုံးသွားသော ချောင်းဆိုးသွေးပါ ရောဂါသည် မိခင်ဆီသို့ လည်းကောင်း၊ လူလူချင်း နှိပ်စက်ညှင်းပန်းတတ်သော ဒေါ်အစ္စဘယ်လာတို့ သားအမိ၏ငရဲခန်းကြီးဆီသို့ လည်းကောင်း၊ သူကိုယ်တိုင် ဖွင့်လှစ်ရောင်းချခဲ့သော ထမင်းဆိုင်ကြီးဆီသို့လည်းကောင်း၊ သူ့အား လွယ်လွယ်ကူကူ ဖျက်ဆီးအနိုင်ကျင့်ရန် ကြိုးစားခဲ့သော ကားသမားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ထံသို့လည်းကောင်း၊ သူ့အား ကယ်တင်ခဲ့သော ဦးလေးဦးချစ်ကောင်းထံသို့လည်းကောင်း၊ ဝိသာနုပုဂ္ဂိုလ်ကြီးထံသို့လည်းကောင်း၊ ရောက်ရှိသွားလေ၏။

သူသည် ကြမ်းတမ်းသောအတွေးမျှင်ရေစီးချောင်း၌ နစ်မျော၍ပါသွား၏။ သူသည် သုခထည်းဟူသော အမှန်တကယ်ကူးခတ်လာရသည့်နေရာဆီသို့ ကူးခတ်ရန်ပင် မေ့လျော့ခဲ့၏။ ကူးခတ်ရကောင်းမှန်းကိုပင် မသိတော့။ မျောချင်တိုင်းမျော နစ်ချင်တိုင်းနစ်သွား၏။ ထိုသို့ မျောနေရာမှ သူ့အနေနှင့် လှမ်းဆွဲ၍တက်ရန် မြက်ပင်ကလေးတစ်ပင်ကို တွေ့၏။ ထိုမြက်ပင်မှာ ကိုညိုယဉ်ဟူသော မြက်ပင်ဖြစ်၏။ ထိုမြက်ပင်ကို သူသည်လှမ်းဆွဲ၏။ မြက်ပင်သည် သူနှင့်အတူ ပြုတ်၍မျောသွား၏။

"အစ်ကိုညိုယဉ်တစ်ယောက် ဘယ်မှာလဲ၊ သူဘယ်လိုလူစားလဲ၊ ကိုညိုယဉ်က သူ့အားမုန်းသွားသည်ဟူသည်မှာ အမှန်ပဲလော"

ဟူသော လှိုင်းတံပိုးကြီးက သူ့ကိုသယ်၍မျောသွား၏။

သူသည် ထပ်မံ၍မျောနေ၏။ သူသည် လိပ်ပြာလွင့်သွားခြင်းဖြစ်၏။ သို့မဟုတ် မနောဝိညာဉ် လွင့်မျောသွားခြင်းဖြစ်၏။ လိပ်ပြာ သို့မဟုတ် မနောဝိညာဉ်တွင် ထူးဆန်းသောအရာတစ်ခုရှိ၏။ ထိုအရာကား ရုပ်ခန္ဓာနှင့် ထိုမနောဝိညာဉ်ကို ဆက်သွယ်ထားသော ငွေရောင်ကြိုးကလေးပင် ဖြစ်၏။

သူ၏စိတ်ခန္ဓာသည် သူ၏ရုပ်ခန္ဓာမှ အလှမ်းဝေးသောနေရာသို့ လွင့်မျောသွားသော်လည်း သူ၏ရုပ်ခန္ဓာနှင့် အဆက်အသွယ်ပြတ်သွားခြင်းမရှိသေး။ ငွေရောင်ကြိုးကလေးဖြင့် ဆက်သွယ်လျက်မူရှိသေး၏။





"မသက်ရှည်ရဲ့. . . ငါမေးတာ ပြန်မဖြေတော့ဘူးလား၊ ညည်းဘာတွေ ဒီလောက်စဉ်းစားနေတာလဲဟဲ့"

သူ၏ ရုပ်ခန္ဓာအနီးတွင်ထိုင်နေသော မကြည်နွဲ့က ပြောလိုက်လေ၏။

မကြည်နွဲ့၏အသံသည် ရေကန်ထဲတွင် ကျောက်ခဲပစ်ချလိုက်သောအခါ၌ ဖြစ်ပေါ်လာသော စက်ဝိုင်းသဏ္ဌာန်ကဲ့သို့ သေးရာမှတဖြည်းဖြည်းကြီးလာပြီး ထိုအသံစက်ဝိုင်းသည် မသက်ရှည်၏ရုပ်နှင့် မနောဝိညာဉ်အား ဆက်သွယ်တန်းထားသော ငွေကြိုးကလေးအား ပြင်းထန်စွာ ထိခိုက်လိုက်လေ၏။

ငွေကြိုးကလေးသည် အလိုက်သင့်ဖြစ်ရာမှ တင်းခနဲဖြစ်သွား၏။ ထို့ကြောင့် လွင့်မျောနေသော မသက်ရှည်၏ မနောဝိညာဉ်အား တုံ့ခနဲဆွဲလိုက်သကဲ့သို့ဖြစ်သွား၏။ ထိုအခါ မသက်ရှည်၏ မနောဝိညာဉ်သည် လွင့်မျောနေရာမှ မသက်ရှည်၏ ရုပ်ခန္ဓာထဲသို့ ဈေ့ကနဲရောက်လာလေတော့၏။

ထိုအခါ မသက်ရှည်သည် အလန့်တကြားဖြစ်သွား၏။ သို့မဟုတ် အိပ်မက် မက်နေရာမှ နိုးသကဲ့သို့ဖြစ်လာ၏။

"မကြည်နွဲ့၊ နင်ဘာမေးတာလဲ"

ဟု မသက်ရှည်က မေးလိုက်လေ၏။

"အမယ်လေးတော်. . . အခုမှ ဘာမေးတာလဲတဲ့၊ ငါဖြင့် နင်အသက်မရှိသေးရဲ့လားလို့ အောက်မေ့နေတာ၊ ငြိမ်ပြီး စဉ်းစားနေလိုက်တာ၊ ဘာတွေများ စဉ်းစားနေတာလဲ မသက်ရှည်ရယ်"

ဟု မကြည်နွဲ့ ပြောလိုက်လေ၏။

"တခြား ထွေထွေထူးထူး မဟုတ်ပါဘူး၊ ကိုယ့်အကြောင်းကိုယ်စဉ်းစားနေတာပါ။ အဲဒီ ကိုယ်ဆိုတာကလဲ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်းနေတာမှ မဟုတ်ဘဲ၊ တစ်ယောက်ယောက်နဲ့နေရတာဆိုတော့ အဲဒီတစ်ယောက်ယောက်ဆိုတဲ့ သူ့အကြောင်းတွေလဲ ပါတာပေါ့၊ ဒါပေမယ့် မကြည်နူးရယ်. . ကျွန်မစဉ်းစားတာ ဘယ်လောက်ကြာသွားသလဲ၊ အဲဒီ စဉ်းစားသလောက် ကြာတဲ့အချိန်ဟာ ကျွန်မကျခဲ့ဘူးတဲ့ ငရဲအကြောင်း ပြန်စဉ်းစားတာပဲလို့ အောက်မေ့လိုက်ပါ၊ ကျွန်မအဖြစ်က ဆိုးပါတယ်"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"ညည်းကဆိုးပေမယ့် လွတ်လပ်တယ်ဟဲ့၊ ညည်းနေချင်သလိုနေ၊ သွားချင်သလိုသွားလို့ရတယ်၊ ညည်းမှာ အုပ်ချုပ်တဲ့လူမရှိဘူး၊ ကြောက်ရမယ့်သူလဲ မရှိဘူး၊ ငါတို့က ဒီလိုမဟုတ်ဘူးဟဲ့၊ ကြောက်ရမယ့်လူ အုပ်ချုပ်မယ့်လူ ရှိနေတယ်၊ ငါ့ယောကျ်ား ကိုမြမောင်ကြီးကိုကြည့်စမ်း၊ သူဟာ သူဌေးသားတစ်ယောက်ပဲ၊ အခု အသက်ငါးဆယ်ကျော်သွားပြီ ဒီအချိန်အထိ ဘာအလုပ်မှမလုပ်ဘူး၊ မိဘလုပ်စာ ထိုင်ပြီး စားနေတုန်းပဲ၊ မိဘပေးစားတဲ့မိန်းမလဲ သူ့မှာရှိတယ်ဆိုတော့ ငါက မယားငယ်ပေါ့၊ ငါ့ကိုတော့ ညည်းမြင်တဲ့အတိုင်းပဲ၊ အိမ်တစ်ဆောင် မီးတစ်ပြောင်တော့ ထားပါတယ်၊ တစ်ပတ်ကို တစ်ခါတော့လာတယ်၊ လာရင်ရိုက်မြဲ၊ အကြောင်းမရှိ အကြောင်းရှာရိုက်တယ်၊ အဲ. . . ရိုက်ပြီးရင်တော့ သူ့မော်တော်ကားနဲ့ ငါ့ကိုတင်ခေါ်သွားတော့တာပဲ၊ ကုလားဟိုတယ်၊ တရုတ်ဟိုတယ်မှာ လိုက်ကျွေးတယ်၊ အဲ. . ကျွေးပြီးလို့ အိမ်ကိုပြန်လာတော့မှ သူကြိုက်သလို ပျော်ပါးတယ်၊ မနက် သူပြန်ခါနီးမှာ ငါ့ကို တစ်ခါရိုက်နှက်သွားသေးတယ်. . . .



"အခု ငါပြောနေတာတွေဟာ တစ်ခါတစ်လေမှ ဖြစ်တာကိုပြောနေတာမဟုတ်ဘူး၊ ခုနှစ်ရက်ကို တစ်ကြိမ် မှန်မှန်ကြီးဖြစ်နေတာကို ပြောတာ၊ ဒီ ကိုမြမောင်ကြီးကို ငါချစ်လဲမချစ်ဘူး၊ ကြိုက်လဲမကြိုက်ဘူး၊ ငါ့အိမ်ကပေးစားလို့ ယူလိုက်ရတာ၊ ငါ့အိမ်ကလဲ ကိုမြမောင်ကြီးကျေးဇူးနဲ့ မကင်းဘူးလေ၊ တို့အိမ်ကလေး ကြွေးနဲ့ဆုံးမယ်လုပ်တုန်း ကိုမြမောင်ကြီးက ရွေးပေးခဲ့သေးတယ်။ အဖေ နေမကောင်းတုန်းက ဆေးကုပေးတာလဲ ကိုမြမောင်ကြီးပဲ၊ အဲဒီကျေးဇူးတွေ ထောင်ထားပြီး ငါ ကိုမြမောင်ကြီးကို ယူလိုက်တာပဲ၊ ယူလိုက်တဲ့နေ့ပဲ ငါ့အတွက် အသူရကာယ်ဘဝကို ရောက်သွားတာပဲ၊ ကိုမြမောင်ကြီးဟာ မယားနှစ်ယောက်ရှိလို့ ငြိမ်ငြိမ် နေတာမဟုတ်သေးဘူး၊ အပျော်အပါးလိုက်သေးတယ်၊ အဲဒီတော့ ငါဟာ သူလာမှာကို ဘယ်လောက်ကြောက် နေတယ်၊ သူ့ကို ငါဘယ်လောက် မသတီဖြစ်နေတယ်ဆိုတာ မသက်ရှည်စဉ်းစားကြည့်ပေါ့၊ ငါ့အိမ်နားကို ညည်းရောက်လာတာ ငါ့အတွက် သိကြားမတယ်လို့ အောက်မေ့တာ၊ ညည်းနဲ့ငါ စကားပြောဖော်ရတယ်၊ ပြီးတော့ ညည်းက မိန်းကလေး သာဆိုတယ် သတ္တိလဲကောင်းတယ်၊ အဲဒါကြောင့် ညည်းကို ငါဆရာလဲတင်တယ်၊ အားလဲကိုးတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မသက်ရှည်က. . .

"ဟုတ်ပါတယ် မကြည်နူးရယ်၊ ကျွန်မလဲ ဒါကိုပဲ စဉ်းစားနေတာ၊ လူဟာ အေးချမ်းမှုကို ရှာရမှာပဲ၊ အဲဒီအေးချမ်းမှုမှာ ခဏတစ်ဖြုတ် အေးချမ်းတာနဲ့ ထာဝရအေးချမ်းတာ နှစ်ခုရှိတယ်၊ ရှာရင်တော့ ခဏတစ်ဖြုတ် အေးချမ်းတာကို မရှာချင်ဘူး၊ ထာဝရအေးချမ်းတာကိုပဲ ရှာချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။ ထိုအခါ မကြည်နွဲ့က. . .

"ဟုတ်ပါတယ်အေ. . . ငါလဲ သိပ်ပြီးအေးချမ်းချင်တာပဲ၊ တကယ် အေးချမ်းမယ့်နေရာကိုတွေ့ရင် ဒါမှမဟုတ် အေးချမ်းအောင်လုပ်ပေးနိုင်တဲ့ ဆရာသမား၊ မိတ်ကောင်း ဆွေကောင်းတွေ့ရင် ငါ ကိုမြမောင်ကြီးကိုဖြစ်တဲ့နည်းနဲ့စွန့်ခွာမယ်၊ ငါတွေ့ရင်လဲ ညည်းကိုပြောမယ်၊ ညည်းတွေ့ရင်လဲ ငါ့ကိုပြောပါ"

ဟု ပြောလေ၏။

ထို့နောက် အခါကြီးရက်ကြီးနေ့များတွင် ဘုန်းကြီးကျောင်းသို့ အတူသွားကြ၏။ ဘုန်းကြီးဟောသော တရားများကို အတူနာကြ၏။ ထို့အတူ မည်သည့်နေရာ၌ တရားပွဲရှိသည်ဆိုလျှင်လည်း နှစ်ယောက်အတူ တရားနာသွားကြ၏။ ပြန်လာလျှင် ကြားနာခဲ့သောတရားများကို နှစ်ယောက်သားပြောဆိုဆွေးနွေးကြ၏။ ထိုသို့ ဆွေးနွေးသည်ဆိုရာတွင်လည်း မကြည်နွဲ့က မရှင်းသည်ကိုမေး၍ မသက်ရှည်က ဖြေရသည်ချည်းဖြစ်၏။

ထို့ပြင် မည်သည့်ဇာတ်အဖွဲ့လာသည်၊ မည်သည့်ဇာတ်ထုပ်ကို ကမည်ဆိုကာ မသက်ရှည်နှင့် မကြည်နွဲ့သည် ပွဲကို အတူကြည့်ကြ၏။ ဤသို့နှင့်ပင် မကြည်နွဲ့သည် မသက်ရှည်၏အရိပ်ဖြစ်လာ၏။ မကြည်နွဲ့မှာ စနေနေ့ ညနေတွင်သာ ဦးမြမောင်ကြီး လာသည်ဖြစ်၍ ကျန်သောရက်များတွင် အစဉ်သဖြင့်အားလပ်နေ၏။ ထို့ကြောင့် မသက်ရှည်အိမ်သို့ အစဉ်သဖြင့်သွားနေ၏။ မသက်ရှည်စက်ချုပ်ရာတွင် အကူအညီပေး၏။ မသက်ရှည်မအားလျှင် ထမင်းကူချက်ပေး၏။ အတူစား၏။ အကျီအဝတ်အစားဝတ်ရာတွင်လည်း မသက်ရှည်ဝတ်သည့်အဆင်ကို ဝတ်၏။





ထို့ကြောင့် သူတို့နှစ်ဦးအပြင်ထွက်လျှင် အဝတ်အစားဆင်တူဖြစ်နေ၏။ မသိသောသူများက ညီအစ်မလားဟူ၍ပင် မေးယူရလေတော့၏။ တစ်ဦးနှင့်တစ်ဦးသည် အရိပ်ပမာဖြစ်လာကြလေ၏။ ကြာလာသောအခါ၌ ၎င်းတို့၏ချစ်ခြင်းသည်လည်း ခိုင်မာလာလေတော့၏။ အထူးသဖြင့် မကြည်နွဲ့သည် မသက်ရှည်အပေါ်၌ ပိုမို၍ လေးစား၏။ ပိုမို၍ အားကိုး၏။

တစ်နေ့သ၌ မသက်ရှည်သည် စက်ချုပ်နေ၏။ မကြည်နွဲ့သည် အူယားဖားယား ရောက်လာ၏။

ထို့နောက်. . .

"မသက်ရှည်ရေ. . . ရှမ်းပြည်နယ်ဘက်မှာ သူတော်စင် ရသေ့မကြီးတစ်ဦး ပေါ်ပေါက်နေတယ်ဆိုပဲ၊ လူတွေကပဲ လှူလိုက်တန်းလိုက်တာ မပြောနဲ့တော့တဲ့၊ အဲဒီရသေ့မကြီးဆီမှာ ညည်းတို့ငါတို့လို ဒုက္ခသည်မိန်းမတွေအများကြီးပဲတဲ့၊ သူတို့အားလုံး အတူတူစားကြတယ်၊ အတူတူဝတ်ကြတယ်၊ အတူတူ ဘုရားဝတ်ပြုကြတယ်၊ အတူတူ ကမ္မဋ္ဌာန်းထိုင်ကြတယ်၊ အဲဒီရောက်သွားရင် အားလုံးငြိမ်းချမ်းသွားတာပဲတဲ့၊ အပူသည်တွေ ဒုက္ခသည်တွေ၊ ခိုးကိုးရာမဲ့တွေအားလုံး အဲဒီကိုရောက်ကုန်ကြပြီ၊ လူတွေကလဲ တစ်နေ့တစ်ခြားများလာတော့ မြေနေရာလှူတဲ့လူတွေ၊ အဆောက်အအုံ လှူတဲ့လူတွေလဲ ပေါ်လာတယ်၊ အတော့်ကို အေးချမ်းတဲ့နေရာပဲတဲ့၊ ငါ ဈေးထဲက အထည်ဆိုင်က ကြားခဲ့တာ၊ မသက်ရှည် စိတ်မဝင်စားဘူးလားဟင်"

ဟု မေးလိုက်လေ၏။

ထိုအခါ မသက်ရှည်က. . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ မကြည်နွဲ့၊ ကျွန်မအကြောင်းလဲ မကြည်နွဲ့သိသားပဲ၊ ကျွန်မဟာ ဒီစက်ဟောင်းလေးကိုပစ်ထားပြီး အေးချမ်းရာကို ထွက်သွားချင်နေတာကြာပြီ၊ တကယ်အေးချမ်းတဲ့နေရာသာ ဖြစ်စမ်းပါစေ၊ ကျွန်မအတွက်ကတော့ အဆင်သင့်ပဲ၊ မကြည်နွဲ့အတွက်သာ ကျွန်မစိုးရိမ်တာ၊ မကြည်နွဲ့ပျောက်သွားရင် ဦးမြမောင်ကြီးက ဒီအတိုင်းနေမှာမဟုတ်ဘူး၊ ဂါတ်တွေဘာတွေတိုင်ပြီး လိုက်ရှာမှာ"

ဟု ပြောလေ၏။

"ဒီမှာ မသက်ရှည်၊ ဒါတွေ မပြောပါနဲ့ကွယ်၊ ညည်းတကယ်သွားမလား၊ ငါလိုက်မယ်၊ သူ့ဘာသာသူ ပုလိပ်တိုင်တိုင်၊ ငှက်ဖျားပဲတိုင်တိုင် ငါ ဂရုမစိုက်ဘူး"

ဟု မကြည်နွဲ့ ပြောလေ၏။

ထိုအခါ မသက်ရှည်က. . . .

"စိန်လိုက်လေ၊ နက်ဖြန်မနက် သွားကြတာပေါ့"

ဟု ဆိုကာ မသက်ရှည်သည် အိမ်ရှင်ထံတွင် ၎င်း၏စက်ဟောင်းကလေးကို ရောင်းပစ်လိုက်၏။

အိမ်ရှင်အဒေါ်ကြီးက. . . .

"ဘယ်ကိုများ သွားဦးမလို့လဲ မသက်ရှည်"

ဟု စိတ်မကောင်းစွာမေးလေ၏။

မသက်ရှည်က တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ပေ။

ထိုအခါ အိမ်ရှင်အဒေါ်ကြီးက. . . .

"ယောဂျားသနာများယူရင်တော့ အဒေါ်တို့နဲ့ တိုင်ပင်ပါဦးကွယ့်၊ သင့်တော် မသင့်တော် ရွေးပေးရတာပေါ့၊ ခေတ်ကာလကြီးကလဲ မကောင်းဘူး မိန်းကလေး"

ဟု ပြောလေ၏။





ထိုအခါ မသက်ရှည်က. . . .

"ယောကျ်ားယူဖို့ မဟုတ်ပါဘူး"

ဟု ပြန်၍ပြောလေ၏။

ထို့နောက် မသက်ရှည်သည် အိမ်မှထွက်ခွာရန်အတွက် တစ်နေကုန်ပြင်ဆင်ခဲ့လေ၏။ ထို့အတူ မကြည်နွဲ့လည်း ပြင်ဆင်ခဲ့လေ၏။ နောက်တစ်နေ့နံနက် အရုဏ်တက်တွင်မူ ၎င်းတို့နှစ်ဦးသည် မိမိတို့နေအိမ်များကို စွန့်ခွာခဲ့လေ၏။ ၎င်းတို့သည် မီးရထားဖြင့် ရှမ်းပြည်နယ်ဘက်သို့ ခရီးထွက်ခဲ့ကြလေ၏။ မကြည်နွဲ့ ရထားသောသတင်းမှာ အတိအကျဖြစ်၏။ ၎င်းတို့သည် ယောဂီအမျိုးသမီးကြီး၏ ရိပ်သာတစ်ခုသို့ ရောက်သွား၏။ ထိုရိပ်သာသည် အတော်အတန် ကျယ်ဝန်း၏။ သစ်ပင်ပန်းမန်တို့ဖြင့် တင့်တယ်လှ၏။ အမျိုးသမီးယောဂီများကိုချည်းလက်ခံ၏။ ထိုရိပ်သာကိုတည်ထောင်သော အမျိုးသမီးကြီးမှာ အသက် ၄၀ ကျော်အရွယ်ရှိပြီဖြစ်၏။ သူမသည် ငွေကြေးချမ်းသာသော မုဆိုးမတစ်ဦးလည်းဖြစ်၏။ ခြံဝင်းအကျယ်ကြီး၏ အလယ်တွင် အဆောက်အအုံကြီးတစ်ခုရှိ၏။ ထိုအဆောက်အအုံ ပတ်ပတ်လည်တွင် အဆောင်ငယ်များဆောက်လုပ်ထား၏။ မသက်ရှည်နှင့် မကြည်နွဲ့တို့သည် ထိုယောဂီအမျိုးသမီးကြီးနှင့် ဝင်ရောက်တွေ့ဆုံလေ၏။

ထို ယောဂီအမျိုးသမီးကြီးက တစ်စုံတစ်ရာ မပြောသော်လည်း ၎င်း၏လက်ထောက် အမျိုးသမီးကြီးက ပုလိပ်စစ်စစ်၏။ ၎င်းတို့နှစ်ဦးက မှန်မှန်ကန်ကန်ဖြေကြား၏။ သို့ရာတွင် ထိုယောဂီအမျိုးသမီးကြီးက မယုံသကဲ့သို့ အပြန်ပြန်အလှန်လှန် စစ်ဆေးမေးခွန်းထုတ်၏။ နောက်ဆုံးတွင် လက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ၄င်းတို့နှစ်ဦးနေထိုင်ရန် ဂူဟုခေါ်သည့် ကမ်းယာဆင်သာသာ တဲကလေးတစ်လုံးစီတွင် နေရာချပေးလိုက်လေ၏။ ထိုသို့ နေရာချပြီးနောက် ရိပ်သာ၏စည်းကမ်းချက်များကို ဖတ်ပြ၏။ မသက်ရှည်နှင့် မကြည်နွဲ့တို့သည် အခြားသောယာဂီအမျိုးသမီးများ လုပ်သည်ကိုင်သည်ကို ကြည့်၍ လုပ်ကိုင်ကြလေ၏၊ ထမင်းစားခါနီးတွင် ရွတ်ဆိုရသော မေတ္တာပို့ဆုတောင်းများကို ကျက်မှတ်ရလေ၏၊ ထိုရိပ်သာတွင် အစဉ်သဖြင့် ဥပုသ်စောင့်ရ၏။ နံနက်စာမှာလည်း သက်သက်လွတ်သာဖြစ်၏။

နံနက်စောစောတွင် ဘုရားဝတ်ပြု၏။ ပြီးလျှင် ကမ္မဋ္ဌာန်းဘာဝနာ ပွားများရ၏။ ထိုဝတ္တရားများ ပြီးသောအခါ၌ ဝိဇ္ဇာရှစ်သောင်းအပါအဝင် ပုဂ္ဂိုလ်တော်တော်များများကို မေတ္တာပို့ရ၏၊ ထိုမေတ္တာပို့ရသော စာရင်းထဲတွင် ထိုမြို့၏ မြို့ပိုင်သည်လည်းပါ၏။ မြို့အဝက် ညောင်ပင်ကြီးမှ ရက္ခစိုးကြီးလည်းပါ၏။ မမြင်ရသော ဥစ္စာစောင့်များလည်း ပါ၏။

ထိုအခါ မသက်ရှည်က ဥစ္စာစောင့်များ အကြောင်းကိုမေး၏။ အဘယ့်ကြောင့် မေးရသနည်းဆိုသော် မသက်ရှည်သည် ထိုအရာများကို မယုံသောကြောင့်မေးခြင်းဖြစ်၏၊ ထိုအခါ သတင်းသုံးဖော်တစ်ဦးက. . .

"ဒီမှာ ယုံကြည်နေကြတာကိုပြောတာပါ၊ တကယ်ကတော့ ကျွန်မလဲမယုံပါဘူး"

ဟု ပြောလိုက်လေ၏။ ထို့အပြင် ထိုသီတင်းသုံးဖော်က ဤနေရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ခြေခြေမြစ်မြစ် ရှင်းပြလေ၏။





မသက်ရှည်သည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ မိမိသိလိုသည်ကို ဤသို့ ခြေခြေမြစ်မြစ် ရှင်းပြသည့်အတွက် ကျေးဇူးတင်သော အမှတ်လက္ခဏာဖြင့် ခေါင်းကိုညွှတ်ပြလိုက်လေ၏။

ထို့နောက်တွင်ကား မသက်ရှည်နှင့်မကြည်နွဲ့တို့သည် ထိုရိပ်သာကြီး၌ အများနည်းတူ နေထိုင်ခဲ့လေ၏၊ ဤသို့နေထိုင်လာခဲ့ရာ တစ်နှစ်နီးပါး အချိန်သို့ရောက်ရှိသွား

တစ်နေ့တွင် မသက်ရှည်နှင့်မကြည်နွဲ့တို့သောရေတွင်းမှရေငင်ရန် တာဝန်ကို နှစ်ယောက်အတူလ၏၊ ကျခဲ့လေ၏၊ မကြည်နွဲ့က ရေငင်ပေးရင်း. . . .

"မသက်ရှည်၊ ညည်းကိုတော့ ကျန်တဲ့ယောဂီတွေက အတော့်ကိုချီးမွမ်းနေကြတယ်၊ ဆရာမကြီးကိုယ်တိုင်ကိုက ချီးမွမ်းတယ်၊ ကမ္မဋ္ဌာန်းထိုင်တာကိုက သိပ်ပြီး ငြိမ်တာပဲတဲ့၊ မကြာခင် တိုးတက်လာမယ်"

ဟု ပြောလိုက်လေ၏။

"ငါလဲ မကြည်နွဲ့ကိုပြောမလို့ပဲ၊ တခြား ယောဂီတွေက အနားမှာအမြဲတမ်းလိုလို ရှိနေတော့ ပြောခွင့်မကြုံဘူး၊ ငါကနေ့ပဲ ဒီနေရာက သွားမယ်၊ ဖြစ်နိုင်ရင် ညည်းကိုလဲ မနေစေချင်ဘူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"ဒီမှာဆက်ပြီးနေရင် ညည်းအနေနဲ့ အများကြီးတိုးတက်မှာ"

ဟု မကြည်နွဲ့က ပြောလေ၏။

"ငါ ဘာမှမတိုးတက်ချင်ဘူးဟ၊ ငြိမ်းအေးမှုပဲလိုချင်တယ်၊ ဒီမှာ ငြိမ်းအေးမှုမရှိဘူး၊ ပိုးတစ်မျိုးနဲ့ ပူလောင်နေတာပဲ၊ ဆရာမကြီးနဲ့ လက်ထောက်ဆရာမကြီး ကျေနပ်မှုရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေကြရတယ်၊ အသိဉာဏ်တွေလဲ တဖြည်းဖြည်း
ဘုံးကုန်ပြီ၊ အဲဒါကြောင့် ဟောဒီ အုတ်ကန်ကြီး ရေပြည့်ရင်
လုရာမကြီးကိုပြောပြီး ငါပြန်မယ်"
ချ၊ ဟု မသက်ရှည်က ပြောလိုက်ရာ မကြည်နွဲ့က
အမြဲထိတ်ပျာပျာနှင့်. . .
ကြည် "ငါတစ်ယောက်တည်းတော့ မထားခဲ့ပါနဲ့ဟယ်၊
ရသေဲ့ိက်ပါ့မယ်"
ထိုရိပ် ဟု ပြော၏။
မှာလ ထို့နောက် မသက်ရှည်နှင့် မကြည်နွဲ့တို့သည်
ဂါရီရောင်အဝတ်အစားများကို ချွတ်ပစ်ကာ ၄င်းတို့
လာစဉ်က အဝတ်အစားများကို ပြန်၍လဲလှယ်ပြီးလျှင်
ဆရာမကြီးထံသို့ သွားရောက်တွေ့ဆုံကြလေ၏။

ဆရာမကြီးနှင့် လက်ထောက်ဆရာမကြီးတို့သည်
ယောဂီအဝတ်အစားများမဟုတ်ဘဲ ဝတ်ကြောင်ဖြင့် တပည့်
နှစ်ဦးအား တွေ့ရသောကြောင့် မျက်လုံးပြူးသွားကြလေ၏၊

"ဒါက ဘယ်လိုဖြစ်လာကြတာတုန်း၊ ဘာသဘောလဲ"

ဟု ဆရာမကြီးက ကျားဟိန်းသံကဲ့သို့ ဟိန်းလေ၏။

မကြည်နွဲ့မှာ ကြောက်လွန်း၍ ခေါင်းကိုငုံ့ထားလေ၏။
မသက်ရှည်က ကြန္ဒေရရနှင့်ပင်. . .

"တစ်နှစ်နီးပါး ဆရာမကြီးတို့ဆီမှာ အရိပ်ခိုခွင့်ရတာ
ရယ်၊ ဆရာမကြီးတို့ ကျွေးမွေးတာကို စားခဲ့ရတဲ့ကျေးဇူးကို
ကျွန်မဒီတစ်သက် မမေ့ပါဘူး"

ဟု ပြောလိုက်လေ၏။

"မလိုချင်ဘူး ညည်းတို့နှစ်ယောက် ဒီလိုထွက်သွား
တာဟာ ငါ့ရိပ်သာကြီး ဘယ်လောက်သိက္ခာကျမလဲ၊
ညည်းတို့ကို သွားခွင့်မပေးနိုင်ဘူး၊ ညည်းတို့ ဒီမှာနေရမယ်၊

ငါပြောတဲ့အတိုင်းမလုပ်ရင် ဂါတ်ကိုအကြောင်းကြားလိုက်မယ်၊
ဒီအကြောင်းပီဟာ ငါနဲ့ဘယ်လောက် ရင်းနှီးတယ်ဆိုတာ ညည်း
သိတယ်မဟုတ်လား"

ဟု ဆရာမကြီးက မေးလိုက်လေ၏။

"သိပါတယ်ဆရာမကြီး၊ လိုအပ်တာထက်တောင်
ပိုပြီးသိထားပါတယ်၊ ကျွန်မကိုပြန်ခွင့်ပေးပါ၊ အဲဒီလို
ပြန်ခွင့်မပေးဘူးဆိုရင် ဆရာမကြီး ဒုက္ခများလိမ့်မယ်"

ဟု ဆိုကာ သိုသိုသိပ်သိပ် ဖုံးကွယ်ထားသော
အတွင်းရေးများအားလုံးကို မသက်ရှည် ပြောပြလိုက်လေ၏။

ဆရာမကြီးလည်း ငိုင်၍သွား၏။

"ကျွန်မကို သွားခွင့်ပေးပါ၊ အဲဒီလို သွားခွင့်မပေးဘူး
ဆိုရင် ဆရာမကြီး ဒုက္ခရောက်တော့မယ်၊ အဲဒီအခါမှာ
ဆရာမကြီးတို့ နေ့စဉ်မေတ္တာပို့နေတဲ့ ဝိဇ္ဇာရှစ်သောင်းလဲ
ကယ်နိုင်မှာမဟုတ်ဘူးဆိုတာ သတိထားကြပါ၊ ကျွန်မ
နောက်ဆုံးကန်တော့ခဲ့ပါတယ်"

ဟု ပြောဆိုပြီး ကန်တော့လိုက်ရာ ဆရာမကြီး
နှစ်ဦးသည် ဆုမွန်ကောင်းများပေးလေ၏။ ထို့နောက်
လမ်းတွင်သုံးစွဲရန် ငွေတစ်ရာစီပါ မုန့်ဖိုးပေးလေ၏။

ဝင်းအပြင်သို့ရောက်သောအခါ၌ မကြည်နွဲ့က
မသက်ရှည်အား. . .

"ညည်းက အကုန်လုံးသိနေတာပဲ၊ ညည်းလဲ
ပြောလိုက်ရော ဆရာမကြီးနှစ်ယောက်ဟာ ကြွက်စုတ်ကလေး
တွေကျနေတာပဲ၊ ကုပ်သွားလိုက်ကြတာ၊ ဒါနဲ့နေပါဦး
မသက်ရှည်ရယ်၊ ဒါတွေကို ညည်းဘယ်အချိန်ကများ
သိနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လေ၏။

"ဒီကို စရောက်တဲ့နေ့ကတည်းက မယုံဘူး။ ငါ့လိုပဲ သိတဲ့လူတွေအများကြီးပါ၊ ဒါပေမယ့် သူတို့ ဒီနေရာကို မစွန့်ရဲဘူး. . ဘယ်စွန့်ရဲမလဲ၊ သူတို့က ထမင်းနဲ့နေရာကို ရှာဖို့လာတာ၊ ငါတို့က ငြိမ်အေးမှုကို ရှာဖို့လာတာမဟုတ်လား။ ငြိမ်းအေးမှုကိုမတွေ့ရင် စွန့်ရမှာပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ၄င်းတို့နှစ်ဦးသည် လူတကာ့ အထင်ကြီးသော ယောဂီမကြီးအားလည်းကောင်း၊ ရှုပ်ထွေးပွေလီလှသော ဤနေရာကြီးအားလည်းကောင်း စွန့်ခွာ၍ထွက်ခဲ့လေ၏။

* * * * * * * * * * * *



## ခရီးသစ်

မသက်ရှည်နှင့် မကြည်နွဲ့တို့သည် မီးရထားဖြင့် မြေပြန့်သို့ဆင်းခဲ့ကြလေ၏။ ရထားပေါ်တွင် ထိုင်ခုံနီးချင်းနှင့် ရင်းနှီးသွား၏။ ထိုထိုင်ခုံနီးချင်းက တောရကျောင်းတစ်ခု အကြောင်း ပြောပြ၏။ ထိုတောရကျောင်းမှာ ရဟန်းသံဃာ တစ်ပါးပါးနှင့် မပတ်သက်၊ သီလရှင်မကြီးတစ်ပါးနှင့်သာ သက်ဆိုင်ကြောင်း၊ ထိုတောရကျောင်းတွင် သီလရှင်များ၊ ရသေ့မများသာရှိကြောင်း၊ မိမိတို့ဘာသာ အလှူခံ၍ စားသောက်ရကြောင်း၊ သူတစ်ပါး၏ စားဝတ်နေရေးကို မိမိက တာဝန်မယူရသကဲ့သို့ မိမိ၏စားဝတ်နေရေးကိုလည်း သူတစ်ပါးက တာဝန်မယူဘဲ သင့်မြတ်ညီညွတ်စွာ နေထိုင်ကြ၏။ ထိုသီလရှင်ဆရာမကြီး၏ မျက်နှာတော်သည် အစဉ် သဖြင့် အေးချမ်းနေကာ ကျန်သော ရသေ့မများနှင့် သီလရှင်


www.burmeseclassic.com

www.burmeseclassic.com

များသည် ထိုဆရာမကြီး၏ အဆုံးအမ၌ တည်ကြောင်း၊ မြန်မာပြည်၌နေသော တစ်စုံတစ်ယောက်သော အမျိုးသမီးသည် ဘဝတစ်လျှောက်လုံး ပူလောင်ခဲ့ပါမူ ထိုတောရတွင်ရှိသော သီလရှင်ဆရာမကြီးထံ ခိုလှုံသင့်ကြောင်း ပြောလေ၏၊

ထိုအခါ မကြည်နွဲ့သည် မသက်ရှည်အား. . .

"အဲဒီကို သွားကြရအောင် မသက်ရှည်ရယ်၊ နို့မဟုတ်ရင် တို့ဘယ်ကိုသွားမလဲ"

ဟု မေးလိုက်လေ၏။

မသက်ရှည်သည် လိုက်လျောလိုက်လေ၏။

ထို့ကြောင့် ထိုခရီးဖော်ထံမှ လိပ်စာကို အတိအကျ မေးလိုက်လေ၏။ ထိုခရီးဖော်အမျိုးသမီးက ပဲခူးအနီး ဒေးစွန်ပါသို့ သွားသော တောထဲတွင်ရှိကြောင်း၊ ထိုတောထဲသို့ ဝင်လျှင် ဆင်ပုန်းတောရဟူသော တောရကျောင်းတစ်ကျောင်းရှိကြောင်း၊ ထိုဆင်ပုန်းတောရကဲ့သို့ပင် တောရကျောင်းများရှိကြောင်း၊ ထိုကျောင်းများထဲတွင် သီလရှင်ဆရာမကြီး၏ကျောင်းဟုခေါ်မည်လား ဇရပ်ဟုခေါ်မည်လား ထိုအရာသည်ရှိကြောင်း ပြောလေ၏။

ထိုအခါ မသက်ရှည်တို့က သွားမည်ဖြစ်ကြောင်း ပြောလိုက်လေ၏။

ထိုအခါ ခရီးဖော်က မသက်ရှည်တို့အား ငွေငါးကျပ်စီ လှူလိုက်လေ၏။

မသက်ရှည်၊ မကြည်နွဲ့တို့သည် ရထားဖြင့် လိုက်ပါခဲ့ရာ နောက်တစ်နေ့နံနက်တွင် ပဲခူးသို့ရောက်၏။ ပဲခူးသို့ရောက်လျှင် ကားကြုံဖြင့် ဒေးစွန်ပါဘက်သို့ရောက်၏။ ဒေးစွန်ပါအစပ်သို့ရောက်လျှင် နှစ်ယောက်သား စကား





တပြောပြောဖြင့် တောထဲသို့ဝင်ကြလေ၏။ အတော်အတန်မောပန်းသည်အထိ တောထဲသို့ဝင်သွားသောအခါ ဆင်ပုန်းတောရဟူသော တောရကျောင်းသို့ရောက်လေ၏။ ထိုကျောင်းသို့ဝင်၍စုံစမ်းရာ သီလရှင်ဆရာကြီး၏ကျောင်းကို ပြလေ၏။ ထိုအခါ မသက်ရှည်တို့သည် သီလရှင်ဆရာကြီး၏ကျောင်းသို့ သွားကြလေ၏။ သီလရှင်ဆရာကြီး၏ ကျောင်းသို့ရောက်သောအခါ ရထားပေါ်မှ ခရီးဖော်ပြောလိုက်သော ရသေ့မများကို မတွေ့ရ။ အားလုံးသည် သီလရှင်များချည်းဖြစ်၏။

၄င်းတို့နှစ်ဦးသည် သီလရှင်ဆရာကြီးထံသို့ဝင်၍ ဝတ်ပြုကြလေ၏။ ၄င်းတို့ကဲ့သို့ပင် သီလရှင်ဝတ်ရန် မိန်းမသုံးဦးရောက်နေ၏။

ဆရာကြီးက မသက်ရှည်တို့နှစ်ယောက်အား. . .

"သမီးတို့ကော သီလရှင်ဝတ်ကြမလို့လား"

ဟု မေးလိုက်ရာ မသက်ရှည်က အဖြေမပေးနိုင်ဘဲ ငိုင်၍နေစဉ်မှာပင်. . .

မကြည်နွဲ့က. . .

"မှန်ပါတယ် ဆရာကြီး"

ဟု ဖြေလိုက်လျှင် ဆရာကြီးက. . . .

"အေး. ကောင်းတယ်. . ကောင်းတယ်"

ဟု ပြောပြီးလျှင် ခေါင်းတုံးရိတ်ကျွမ်းသော သူ၏လက်ထောက်နှစ်ဦးအား သီလရှင်ဝတ်ရန် ရောက်လာသော မိန်းမများကို ခေါင်းတုံးရိတ်ပေးရန် အကြောင်းကြားလိုက်လေ၏။

သီလရှင်နှစ်ဦးလည်း သင်တုံးဓားများကိုကိုင်၍. .

"လာကြ"

www.burmeseclassic.com

www.burmeseclassic.com


ဟု ခေါ်ကာ မိန်းမများကို ခေါ်သွား၏။ မကြည်နွဲ့လည်း အတူပါသွားလေ၏။

မသက်ရှည်ကမူ လိုက်မသွားဘဲ ဇရပ်ပေါ်တွင် ကျန်ခဲ့လေ၏။ ထိုသို့ကျန်ခဲ့ပြီးနောက် အေးချမ်းသည့် သီလရှင်ဆရာကြီး၏မျက်နှာကို ငေးကြည့်နေလေ၏။ ထိုအခါ သီလရှင်ဆရာကြီးက. . . .

"ကလေးမ ခေါင်းတုံးတုံးဖို့ သွားကြပြီ၊ လိုက်မသွားဘူးလား"

ဟု ပြောလိုက်ရာ မသက်ရှည်က. . . .

"တပည့်တော် သီလရှင်မလုပ်လိုပါဘူး ဆရာကြီး၊ တပည့်တော်အနေနဲ့ သီလရှင်ဖြစ်တာရယ်၊ ယောဂီဖြစ်တာရယ်၊ ရသေ့မဖြစ်တာရယ်က ဒီလောက်အရေးမကြီးပါဘူး၊ စိတ်နှလုံး ငြိမ်းချမ်းချင်တာက အဓိကပါ"

ဟု ပြောလိုက်လျှင် ဆရာကြီးက. . .

"အေးလေ. . . ဒီမှာ ဘယ်လောက်အေးချမ်းသလဲ၊ အဖိတ်ဥပုသ်နေ့မှာ အလှူခံထွက်၊ ကျန်တဲ့အချိန်တွေမှာ ကိုယ့်ကမ္မဋ္ဌာန်းနဲ့ကိုယ်နေ၊ မအေးချမ်းဘူးလား"

ဟု မေးလိုက်လေ၏။ ထိုအခါ မသက်ရှည်က. . . .

"ဆရာကြီး စိတ်မဆိုးပါနဲ့၊ တပည့်တော်မနဲ့ တပည့်တော်မသူငယ်ချင်းဟာ မနေ့ကပဲ ရိပ်သာကြီးတစ်ခုက ထွက်လာခဲ့ကြတာပါ၊ အဲဒီမှာတော့ အေးချမ်းမှုမတွေ့ခဲ့ဘူး၊ ရောက်ခါစကတော့ လူ့ဘဝတုန်းက နေ့စဉ်ပြုတွေ့နေရတဲ့ စားရေး၊ သောက်ရေး၊ ရှာရေးဖွေရေးတွေကို ရပ်ပစ်လိုက်တဲ့အတွက် ငြိမ်းချမ်းသလိုလိုရှိပါတယ်၊ ပြီးတော့လဲ ငြိမ်ငြိမ်ကလေးထိုင်ပြီး တစ်ခုခုကို အစဉ်တစိုက် မှတ်သားနေရတဲ့အတွက် ယောက်ယက်ခတ်နေတဲ့ စိတ်ကလေးဟာ ရပ်နားခွင့်ရသွားပါတယ်၊ အဲဒီတော့ ကိုယ်ရောစိတ်ပါ ရပ်နားခွင့်ရတဲ့အတွက် ငြိမ်းသလို အေးသလို ခံစားမိတာတော့ အမှန်ပဲ. . .

"ဒါပေမယ့်လဲ ကြာလာတဲ့အခါမှာ အဲဒီလို ငြိမ်းသလို အေးသလိုဟာလေးဟာ ပျောက်ကွယ်သွားပြန်ပါတယ်၊ တပည့်တော်မတို့ရိပ်သာကို အပြင်က အမျိုးသမီးတွေရော အမျိုးသားတွေရော လာပြီးအားထုတ်ကြပါတယ်၊ သူတို့ကိုတော့ ကိုးရက်စခန်းဆိုပြီး ဖွင့်ပေးထားပါတယ်၊ ယောကျ်ားတစ်ယောက်ဆိုရင် သူတ အလုပ်သိပ်များတဲ့လူ၊ တပည့်တော်တို့ရိပ်သာမှာ ကိုးရက်စခန်း လာပြီးဝင်တာ သူ့အလုပ်တွေကို အားလုံးရပ်ပစ်ခဲ့တယ်၊ သူ့မိန်းမကိုလဲ ဘာကိစ္စမှလာပြီး မပြောနဲ့လို့ မှာခဲ့တယ်၊ အဲဒီတော့ နေ့စဉ်နေ့တိုင်း အလုပ်များနေတဲ့လူဟာ အနားရခဲ့တယ်၊ ပူပင်မှုတွေလျော့နည်းသွားတယ်၊ အဲဒီအခါမှာ ရိပ်သာက ပေးတဲ့ ကမ္မဋ္ဌာန်းကို သူလုပ်တယ်၊ အဲဒီအခါမှာ စိတ်ကလေးဟာ ထိုက်သင့်သလောက် အနားရသွားတယ်နဲ့တူပါတယ်၊ ငြိမ့်ခနဲ အေးခနဲလဲဖြစ်သွားတယ်နဲ့တူပါတယ်၊ ဒါမှမဟုတ်ရင်လဲ ဝင်းခနဲ လက်ခနဲဖြစ်သွားတယ်နဲ့ တူပါတယ်၊ အဲဒါကို သူက တရားရတယ်လို့ ထင်သွားရှာတယ်. . .

"အဲဒီအခါမှာ သေသွားတဲ့ သူ့အဖေတောင် ဒီလို တရားမျိုးရမသွားရှာဘူးဆိုပြီး အဖေကိုတောင် စော်ကားတော့တာပဲ၊ သူ့အဖို့ အလွန်လေးနက်တဲ့၊ အလွန်အေးချမ်းတဲ့ တရားတွေ တွေ့ပြီလို့ထင်သွားရှာတယ်၊ ဒါပေမယ့် ကိုးရက်စေ့လို့ အိမ်ကိုပြန်သွားတဲ့အခါမှာ အရင်တုန်းကအတိုင်းပါ၊ သူဟာ ရှုပ်ထွေးတဲ့အလုပ်ကိစ္စတွေ၊ ရှုပ်ထွေးတဲ့ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စတွေနဲ့ ပြန်ပြီး နေထိုင်ရတော့တာပဲ၊ အဲဒီအခါမှာ သူရခဲ့တဲ့ တရားရော၊ ငြိမ်းအေးမှုရော ပျောက်ဆုံးသွားတာဟာ အိမ်က လူတွေကြောင့်ဆိုပြီး ဇနီးသားမယားကို ရန်လုပ်တော့တာပဲ၊ ပြီးတော့ အပြင်လောကဟာ ပါပဓါတ်တွေ၊ မကောင်းတဲ့ ဓါတ်တွေ လွှမ်းမိုးနေတယ်၊ အထူးသဖြင့် အိမ်ဟာ အဲဒီ ဓါတ်တွေ အများဆုံးပဲလို့ သူ့စိတ်ထဲမှာ ထင်သွားရှာတယ်. . .

"သူရိပ်သာကိုမလာခင်က အေးချမ်းတဲ့ အိမ်ကလေး ဟာ သူရိပ်သာမှာ ကိုးရက်တရား လာအားထုတ်ပြီး ပြန်သွားကာမှ ကမ္ဘာပျက်သလိုဖြစ်နေရှာတယ်၊ နောက်ဆုံးမှာ သူ့မိန်းမနဲ့သူနဲ့ ကွာရှင်းပစ်လိုက်တယ်၊ သူ့ပိုင်ပစ္စည်းတွေ အားလုံးကို အမွေပေးပစ်လိုက်တယ်၊ ပြီးတော့ ရိပ်သာမှာ တစ်ခေါက်လာပြီး အားထုတ်ပြန်တယ်၊ ဆက်တိုက်အားထုတ် လာတဲ့အခါမှာ တစ်ခါကအေးတယ်လို့ ထင်ခဲ့တဲ့အရာကိုတော့ ပြန်ပြီးတွေ့ကောင်းတွေ့ပါလိမ့်မယ်၊ လင်းခနဲ လက်ခနဲဖြစ်ခဲ့တဲ့ အရာတွေလဲ တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ ဒါပေမယ့် သူက ဒီထက်ပိုဦးမလားဆိုတဲ့အထင်နဲ့ ဆက်ပြီးလုပ်ကြည့်တယ်၊ ဆက်ပြီး ရှာဖွေကြည့်တယ်၊ ဒါပေမယ့် ဘာမှထပ်ပြီး မတွေ့ တော့ဘူး၊ အဲဒီလို မတွေ့တဲ့အခါမှာ အေးတယ်လို့ထင်တဲ့ အရာဟာ ပျောက်ကွယ်သွားပုံရတယ်၊ သူ့စိတ်တွေဟာလဲ ဆုတ်နစ်သွားတယ်၊ နောက်ဆုံး ရိပ်သာကလဲပြန်သွားဖို့ ပြန်စရာအိမ်မရှိတော့ဘူး၊ ရိပ်သာမှာလဲ ဘာမှမထူးဘူးဆိုတာ သူသိသွားပါတယ်. . .

"ဒါနဲ့ပဲ ရိပ်သာမှာ ထင်းခွဲရေခပ်အဖြစ်နဲ့၊ ခြံစောင့် အဖြစ်နဲ့ လူတကာရဲ့ခိုင်းဖတ်အဖြစ်နဲ့ ငြိုငြင်ကျပ်တည်းစွာ





နေနေရရှာတယ်၊ တပည့်တော်မပြောချင်တာ ဒီအကြောင်း မဟုတ်ပါဘူး၊ အေးငြိမ်းမှုပဲဖြစ်ဖြစ်၊ တရားဓမ္မပဲဖြစ်ဖြစ် တည်မြဲမှုမရှိဘူးဆိုရင် တန်ဖိုးမရှိနိုင်ဘူး၊ ရိပ်သာထဲမှာ အေးတယ်၊ တောရကျောင်းမှာအေးတယ်ဆိုတဲ့အရာဟာ ရိပ်သာအပြင်ဘက်ရောက်သွားလို့ ပူသွားတယ်၊ တောရ ကျောင်းအပြင်ဘက်ရောက်လို့ လောင်သွားတယ်ဆိုရင် အဲဒီငြိမ်းအေးမှုဟာ နေရာဒေသအလိုက်ဖြစ်တဲ့ အေးငြိမ်းမှုပဲ ဖြစ်တယ်၊ အမှန်တကယ် အေးငြိမ်းမှုမဟုတ်ဘူးလို့ ဆိုချင် ပါတယ်၊ ငွေတစ်ကျပ်ဟာ မန္တလေးမှာပဲဖြစ်ဖြစ် ပဲခူးမှာပဲဖြစ်ဖြစ် တစ်ကျပ်ပဲဖြစ်နေရမယ်. . .

"မီးဟာလဲ ဒီလိုပဲ၊ ပဲခူးက မီးဟာပူသလို မန္တလေး ရောက်ရင်လဲ ပူနေရမယ်၊ မီးတောက်တစ်ခုဟာ ပဲခူးမှာပူပြီး မန္တလေးရောက်ရင် မပူဘူးဆိုတာမဖြစ်နိုင်ဘူး၊ တပည့်တော်မ ရောက်ခဲ့တဲ့ ရိပ်သာနဲ့ အဲဒီကလူ တွေ့ရခဲ့ပါတယ်ဆိုတဲ့ အေးငြိမ်းမှုတွေ တရားတွေဟာ ရိပ်သာထဲမှာအေးငြိမ်းပြီး အပြင်ရောက်တဲ့အခါမှာ မအေးတော့တာကို တွေ့ရပါတယ်၊ ဒါကြောင့် တပည့်တော်မ ဆရာကြီးရဲ့ကျောင်းမှာ သီလရှင် မဝတ်တာပါ"

ဟု ပြောလိုက်လျှင်. . .

သီလရှင်ဆရာကြီးက. . .

"တောရဇရပ်မှာတောင် အေးငြိမ်းမှုမရှိဘူးဆိုရင် မိန်းကလေး မြို့ကိုပြန်သွားရင်ကော အေးငြိမ်းမှုရမလား၊ အဲဒီကျရင် လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြန်တွေ့ပြီး ဒီထက်ပူလောင်တော့မှာပေါ့ မိန်းကလေး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မသက်ရှည်က. . .

"တပည့်တော်မဟာ အခုထွက်လာခဲ့တဲ့ရိပ်သာမှာ တစ်နှစ်လောက်နီးနီး အချိန်ရလို့ အဲဒီအကြောင်းကို စဉ်းစားခဲ့ပါတယ်၊ အဲဒီရိပ်သာမှာလဲ လောဘ၊ ဒေါသ ဆိုတဲ့စကားလုံးတွေ အများကြီးပြောတယ်၊ အဲဒါကြောင့်လဲ စဉ်းစားမိပါတယ်၊ လောဘပဲဖြစ်ဖြစ် ဒေါသပဲဖြစ်ဖြစ် မောဟပဲဖြစ်ဖြစ် နဂိုကမရှိဘူး၊ အကြောင်းဆုံမှ ပေါ်လာပြီး. . အကြောင်းကုန်တော့ ပျောက်သွားတယ်၊ အဲဒီတော့ မရှိတော့ဘူး၊ အဲဒီအရာတွေဟာ နဂိုကလဲမရှိ နောင်လဲမရှိဘဲ အကြောင်းဆုံတုန်းကလေး အခိုက်အတန့်မှာ ရှိတာ မဟုတ်လား၊ အကြောင်းဆုံရင်ပေါ်လာတဲ့အရာကို တပည့်တော်မတို့ ဘယ်လိုကာကွယ်မလဲ၊ ကြိုပြီးကာကွယ်လို့လဲမရဘူး၊ ရောက်မလာသေးတဲ့ ဒေါသကို ဘယ်လိုသတ်မလဲ၊ ပျောက်ပျက်သွားတဲ့ဒေါသကို ဘယ်လိုလိုက်ပြီးသတ်မလဲ၊ ဒေါသဖြစ်တာကို ဖြစ်ရမလားလို့ သိတဲ့အချိန်မှာ ဒေါသဟာ လက်ဦးသွားပြီ၊ သိတဲ့စိတ်ဟာ နောက်ကျနေပြီ. . .

"ဘာကြောင့် ဒီလိုနောက်ကျသလဲဆိုတော့ သိတဲ့ စိတ်က သတ်သတ်မဟုတ်ဘူး၊ စောစောက ဒေါသဖြစ်တဲ့စိတ် ဟာ သူ့ပဲဒေါသဖြစ်ပြီး ပြီးတဲ့အခါမှာ သူကသိတဲ့စိတ်အဖြစ်နဲ့ နာမည်ပြောင်းပြီးပေါ်လာတာ မဟုတ်လား၊ အဲဒါကြောင့် တပည့်တော်မဖြင့် လောဘ၊ ဒေါသ၊ မောဟစိတ်တွေကို ပွားစည်းအောင်လုပ်လို့မရဘူးဆိုတာ သိလာတယ်၊ သူတို့ကို ပျောက်သွားအောင်လဲ လုပ်လို့မရဘူးဆိုတာ တပည့်တော်မ ရိပ်မိပါတယ်၊ အဲဒါကြောင့် တပည့်တော်မဟာ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ရန်မဖြစ်လိုတော့ဘူး"



ဟု ပြောလိုက်ရာ သီလရှင်ဆရာကြီးက ငြိမ်၍နေ၏။

ထိုအခါ မသက်ရှည်က. . .

"ဆရာကြီးကို တစ်ခုမေးပါရစေ၊ ဆရာကြီး ရေခဲမုန့် စားဖူးပါသလား"

ဟု မေးလိုက်၏။

ထိုအခါ ဆရာကြီးက. . .

"စားဖူးပါတယ် မိန်းကလေး၊ ဒီဇရပ်မှာလဲ မကြာခဏ လှူကြတန်းကြလို့ မကြာခဏစားဖူးပါတယ်၊ မင်းက ဘာပြော ချင်တာလဲ မိန်းကလေး"

ဟု မေးလိုက်လေ၏။

"ဆရာကြီးစားဖူးတဲ့ ရေခဲမုန့်ရဲ့အရသာကို တစ်ခါမှ မစားဖူးတဲ့သူကို ဆရာကြီးစားတုန်းက ရခဲ့တဲ့ ပကတိ အရသာ အတိုင်း နားလည်သွားအောင် ပြောပြနိုင်ပါ့မလား"

ဟု မသက်ရှည်က မေးလိုက်လေ၏။

"ဟင့်အင်း. . ဘယ်လိုနည်းနဲ့မှ ပြောပြနိုင်မှာ မဟုတ်ဘူး"

ဟု ပြန်၍ဖြေလေ၏။

"ဒီလိုဆိုရင် ဆရာကြီးရင်ထဲမှာ ကိန်းဝပ်သွားတဲ့ အေးချမ်းမှု၊ ဆရာကြီးဘာသာ တစ်ကိုယ်တည်းရသွားတဲ့ အမှန်တရားကို ကျန်တဲ့လူတွေကို တိတိကျကျ ဝေငှနိုင်ပါ့ မလား၊ ဆရာကြီး ဘယ်လောက်ပဲရှင်းပြနိုင်ပါစေ၊ အဲဒီ ရှင်းပြချက်တွေ အားလုံးဟာ ဆရာကြီးရင်ထဲမှာ ကိန်းသွားတဲ့ အအေးဓါတ်မဖြစ်နိုင်ဘူး၊ အအေးဓါတ်ရဲ့အကြောင်း သက်သေတွေပဲဖြစ်ရမယ်၊ အအေးဓါတ်မဖြစ်နိုင်ဘူး၊ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မက အကြောင်းသက်သေ မလိုချင်ဘူး၊ အဓေးဓါတ်လိုချင်တာ၊ တပည့်တော်မက ရေခဲမုန့်အကြောင်း မကြားချင်ဘူး၊ ရေခဲမုန့်စားချင်တာ"

ဟု မသက်ရှည်က ပြောလိုက်ရာ သီလရှင်ဆရာကြီးက. . .

"ဒီလိုဆိုလဲ ကြွပေဦးတော့ မိန်းကလေး"

ဟု ပြောလိုက်လေ၏။

မသက်ရှည် ဇရပ်ပေါ်မှဆင်းလိုက်သောအခါ၌ ဇရပ်ရှေ့သရက်ပင်အောက်တွင် သီလရှင်ဝတ်ပြီးခါစ ဦးပြည့်စိမ်းနှင့်မကြည်နွဲ့အား တွေ့ရလေ၏။

မကြည်နွဲ့သည် မသက်ရှည်ကိုမြင်လျှင်. . .

"ဟင်. . နင် မဝတ်ရသေးဘူး"

ဟု မေးရာ မသက်ရှည်က. . .

"ငါမဝတ်တော့ဘူး၊ နင်ဝတ်တာ ကောင်းပါတယ်"

ဟု ပြောလိုက်လေ၏။

"နင်ဘာလို့ မဝတ်တာလဲဟယ်၊ ငါတို့ သီလရှင်ဝတ်ပြီးလို့ ဟိုဘက်ကကျောင်းက ဘုန်းကြီးဆီမှာ ဘွဲ့တောင်သွားယူပြီးပြီ၊ ငါ့ဘွဲ့က 'ကုမာရီ' "

ဟု မကြည်နွဲ့က ပြောလိုက်လေ၏။

ထိုအခါ မသက်ရှည်က. . .

"ဆရာလေး ကုမာရီ၊ ဆရာလေး ဒီမှာနေခဲ့ပါ၊ ကောင်းပါတယ်၊ တပည့်တော်မအတွက်တော့ ဒီနေရာဟာ မလုံလောက်သေးဘူး၊ တပည့်တော်မ သွားမယ်"

ဟု ပြောပြီး ဆရာလေး ကုမာရီအား ဦးချ၍ ထွက်ခွာသွားလေ၏။

ဆရာလေးကုမာရီသည် မသက်ရှည်အား လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ ထိုအခါ ဝမ်းနည်းကြေကွဲလွန်းသဖြင့် မျက်ရည်များသည် တောက်ခနဲ တောက်ခနဲ ကျလာလေတော့သတည်း။

* * * * * * * * * * *

www.burmeseclassic.com

## ပျောက်ဆုံးသွားသော ကြာဖြူပွင့်ကလေး

မသက်ရှည်သည် တောတန်းကလေးမှ ထွက်လာခဲ့၏။ လမ်းတစ်လျှောက်လုံးတွင် အတွေးများဖြင့် အမျှင်တန်းလျက်ရှိ၏။ ချောင်းတစ်ခုတွင် ဖြတ်ကူးထားသော တံတားလေးကိုရောက်လာ၏။ ရေသည် တသွင်သွင်စီးနေ၏။ သူသည် တံတားပေါ်သို့ တက်လိုက်သည့်ခဏ၌ တံတားရွေ့သွားသည်ဟု ထင်မှတ်လိုက်ရ၏။ အမှန်စင်စစ် တံတားမရွေ့၊ ရေကရွေ့ခြင်းသာဖြစ်ကြောင်း သူ့အနေနှင့် သဘောပေါက်သွား၏။ ထို့ကြောင့် တံတားပေါ်မှဆက်၍မလျှောက်ဘဲ အောက်သို့ငုံ့ကြည့်လိုက်မိ၏။ ထိုအခါ၌ တံတားလည်းမရွေ့၊ ရေလည်းမရွေ့၊ မိမိစိတ်သာ ရွေ့နေကြောင်း ထပ်မံ၍သဘောပေါက်သွား၏။ သူသည် အသက်ကိုဝအောင်ရှူလိုက်၏။

ထို့နောက် တံတားပေါ်မှဆင်း၍ ခရီးကိုဆက်ခဲ့၏။



နောက်ဆုံးတွင် တောအုပ်နှင့်ဝေးရာဆီသို့ ရောက်သွား၏။ ကတ္တရာလမ်းတစ်ခုပေါ်သို့ ခြေချမိ၏။ မော်တော်ကားများသည် ဟိုမှသည်မှ မောင်းသွားကြ၏။ များမကြာမီ၌ပင် ကုန်ကားကြီးတစ်စီးသည် သူ့ရှေ့တွင် လာ၍ရပ်၏။

ထို့နောက် ကားမောင်းသည့် လူငယ်က. . .

"အစ်မလေး ဘယ်ကိုလိုက်မလဲ"

ဟု မေးလိုက်၏။

သူသည် ထိုကားသမားလူငယ်ကို ကြည့်လိုက်၏။ သူ့ထက်ငယ်သည်ကိုတွေ့ရ၏။ ထိုလူငယ်၏မျက်လုံးသည် တဏှာခိုးများဝေနေသည်ဟုလည်း သိလိုက်၏။ ထိုတဏှာခိုးများကြောင့် လူငယ်၏မျက်နှာသည် စပ်ဖြဲဖြဲဖြစ်နေ၏။

ဒေါသခိုးဝေသော သူတို့၏မျက်နှာသည် မှုန်ကုပ်ကုပ်ဖြစ်တတ်၏။ မောဟခိုးဝေသောသူတို့၏ မျက်နှာသည် ငိုင်တိုင်တိုင်ဖြစ်တတ်၏။ တဏှာလောဘခိုးဝေသော သူတို့၏မျက်နှာသည် စပ်ဖြဲဖြဲပြောင်ချော်ချော်ဖြစ်နေသည်ဟု မသက်ရှည်နားလည်၏။ မှုန်ကုပ်ကုပ် ငိုင်တိုင်တိုင်ထက်စာလျှင် ပြောင်ချော်ချော်က တော်သေးသည်ဟု မသက်ရှည်ကထင်မှတ်၏။

မသက်ရှည်က. . . .

"ပဲခူးကိုလိုက်ချင်တယ်"

ဟု ပြောလိုက်ရာ ကားသမားလူငယ်က. . .

"ရောက်ပါတယ် အစ်မလေး တက်ပါ တက်ပါ"

ဟု ပြောရာ မသက်ရှည်သည် ကားပေါ်သို့တက်လိုက်လေ၏။ လူငယ်အနီးတွင် ထိုင်လိုက်၏။

ထိုအခါ၌ ကား၏နောက်မှီးမှ စပယ်ယာက. . .

www.burmeseclassic.com

www.burmeseclassic.com

"ဆွဲကွေ"

ဟု အော်လိုက်၏။

အမှန်စင်စစ် 'ဆွဲကွေ' ဟု အော်ခြင်းမဟုတ်၊ 'ဆွဲအစ်ကိုရေ' ဟု အော်ခြင်းဖြစ်၏။ မြန်ဆန်လွန်းသောကြောင့် စကားများပူးထပ်ကာ 'ဆွဲကွေ့' ဟု ဖြစ်သွားခြင်းဖြစ်၏။

စပယ်ယာတို့သည် ရပ်လိုသောနေရာ၌. . .

"ပါတယ် အစ်ကိုရေ"

ဟု အော်တတ်ကြသည်။

သို့ရာတွင် သူတို့စကားများသည် အပြည့်အစုံမပါလာတော့ဘဲ. . .

"ပါတယ် ဂွိတ်" ဟူ၍သာ ထွက်လာတတ်ကြ၏။ စပယ်ယာတို့၏ "ပါတယ် ဂွိတ်" သည် ဒရိုင်ဘာတို့၏နားတွင် "ပါတယ် အစ်ကိုရေ" ဟု ပီပီပြင်ပြင်ကြား၏။ အခြားလူတို့၏နား၌မူ "ပါရယ်ဂွိတ်" သည် "ပါရယ်ဂွိတ်" ဟုသာ ကြား၏။

ထိုထက်ပို၍ မကြား။

မသက်ရှည်သည် ထိုအကြောင်းအရာကို မတော်တဆ စဉ်းစားမိ၏။ ထိုမတော်တဆသည် အတော်ကလေးခရီးရောက်သွား၏။ လူမှုဆက်ဆံရေးလောကသည် ပြည့်စုံရန် ပီပြင်ရန်မလို၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန်သာ လိုသည်ဟု သဘောပေါက်သွား၏။

ထိုအချိန်၌မှာပင် ကားသမားလူငယ်သည် ဂီယာထိုးသလိုနှင့် မသက်ရှည်၏ပေါင်ကို လာ၍ထိ၏။ ထိုကားသမားကလေးသည် မလိုအပ်ဘဲလျက် မကြာခဏ ဂီယာပြောင်းနေ၏။ ထို့ကြောင့် မကြာခဏ မသက်ရှည်၏ပေါင်ကို



လာ၍ထိနေ၏။ မော်တော်ကားဂီယာသည် မသက်ရှည်၏ပေါင်ကိုကိုင်ရန် ပါမစ်လက်မှတ်ကဲ့သို့ဖြစ်နေ၏။ ကားဆရာကလေးသည် ထိုပါမစ်ကို မကြာခဏသုံးစွဲနေ၏။

"အစ်မ စီးဖူးတဲ့ကားထဲမှာ မင်းရဲ့ကားဟာ ဂီယာအထိုးရဆုံးပဲ"

ဟု မသက်ရှည်ကပြောလိုက်ရာ ကားဆရာလေးက. .

"ကျွန်တော့်ကား ညဉ်မကောင်းဘူး အစ်မလေးရေ၊ မိန်းကလေးတွေမို့ စီးရင် ဂီယာခဏခဏထိုးရတယ်"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ငါ့မောင်ရဲ့ကားက ဘာမျိုးလဲ၊ ဒီကားဟာ တရုတ်ရှူးမျိုးပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်ရာ ကားဆရာလေးက ရယ်လေ၏။

ထို့နောက်မှ. . .

"ကားက ရှူးသလား၊ လူကရှူးသလားမသိပါဘူး အစ်မလေးရယ်၊ လူကလဲ ခပ်ရှူးရှူးပဲ"

ဟု ကားဆရာလေးက ပြန်၍ပြောလိုက်လေ၏။

"အရှူးမျိုးစုံရှိတယ်ကွယ့်၊ အဲဒီထဲမှာ တရုတ်ရှူးဟာ သနားစရာအကောင်းဆုံးပဲ"

ဟု မသက်ရှည်ကပြောလိုက်ရာ ကားဆရာလေးက.

"ဒီလိုဆိုရင် အစ်မလေးက ကျွန်တော့်ကို သနားတယ်ပေါ့"

ဟု ပြန်၍ မေးလိုက်လေ၏။

"အဲဒီလို ကားသမား တရုတ်ရှူးတစ်ယောက်တော့ လွန်ခဲ့တဲ့နှစ်အတော်ကြာက အစ်မလေး ကားနဲ့ထိုးဖူးတယ်၊ သေသွားရှာပြီ၊ ဒါပေမယ့် မင်းကိုတော့ ချမ်းသာပေးလိုက်မယ်၊

www.burmeseclassic.com

www.burmeseclassic.com

မလိုအပ်ဘဲနဲ့ ဂီယာမပြောင်းနဲ့၊ ကောင်းကောင်းမောင်း၊ ငါလဲ ကားမောင်းတတ်တယ်”

ဟု ပြောလိုက်ရာ ကားဆရာလေးသည် ငြိမ်၍သွားလေ၏။

ပဲခူးရောက်သည်အထိ ဂီယာမပြောင်းရတော့ပေ။

ပဲခူးဈေးရှေ့သို့ရောက်သောအခါ၌ ကားသမားလေးက မော်တော်ကားကိုရပ်ပေးလိုက်၏။ မသက်ရှည်လည်း ကားပေါ်မှဆင်းလိုက်၏။

အောက်သို့ရောက်သောအခါ၌ ကားသမားလေးအား. . .

“ကားခ ဘယ်လောက်ပေးရမလဲ”

ဟု မသက်ရှည်က မေး၏။

ထိုအခါ ကားသမားလေးက. . .

“မပေးပါနဲ့ အစ်မလေး၊ တစ်လမ်းလုံး ကျွန်တော့်ဗိုက်တွေ ယားလာတာ၊ အစ်မလေးဆင်းသွားမှပဲ ပျောက်တော့တယ်၊ ဘယ်တော့များ မားနဲ့ထိုးလိုက်မလဲလို့”

ဟု ပြောဆိုကာ ကားကိုမောင်းထွက်သွားလေ၏။

မသက်ရှည်သည် ပဲခူးဈေးရှေ့တွင် ခြေစုံရပ်မိသည့်အချိန်မှစ၍ အိပ်ရာမှနိုးလာသကဲ့သို့ လန်းဆန်းသွား၏။ လူများ၊ ကားများ၊ မြင်းလှည်းများ ရှုပ်ယှက်ခတ်နေ၏၊ လူတို့သည် ပုရွက်အုံသဖွယ် လှုပ်ရှားနေကြသည်ကိုတွေ့ရ၏။

မသက်ရှည်သည် ပျော်သကဲ့သို့ဖြစ်သွား၏။

“လူတွေဟာ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြတာပဲ၊ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ငါဟာ လောကကြီးထဲက ထွက်ပြေးသွားဖို့ကြိုးစားခဲ့တယ်၊ ဒါဟာ မှားတယ်၊ ကမ္ဘာ





လောကကြီးရဲ့အရသာဟာ ခါးတယ်လို့ ထင်မိတာဟာ ငါ့ရဲ့အမှားပဲ၊ ကမ္ဘာလောကကြီးက ပူလောင်တယ်လို့ထင်တာကိုက ငါ့ရဲ့အမှားပဲ၊ တကယ်ပဲ ပူလောင်တယ်ထားဦး၊ ပူလောင်တဲ့လောကကြီးကိုထားပြီး ငါတောထဲကို ဝင်ပုန်းဖို့ကြိုးစားခဲ့တယ်၊ ပူလောင်မှုမရှိတဲ့နေရာကို ပြေးပြီး အပူခံနိုင်တယ်လို့ ကိုယ့်ဟာကိုယ် ဘဝင်မြင့်မယ်လို့ကြိုးစားကြည့်တယ်၊ အပူခံနိုင်ရင် ပူတဲ့နေရာမှာနေရမယ်၊ ပူတဲ့နေရာကထွက်ပြေးပြီး အပူခံနိုင်တယ်လို့ပြောတာဟာ စစ်မြေပြင်ကထွက်ပြေးပြီး သူ့ရဲကောင်းဘွဲ့တံဆိပ် တပ်မယ်လို့ ကြိုးစားတာနဲ့တူနေပြီ၊ အခု ငါ့ရှေ့မှာ လှုပ်လှုပ်ရှားရှား သွားနေတာဟာ လူတွေချည်းပဲ၊ သူတို့က မပူဘဲ ငါက ဘာကြောင့်ထူးပြီး ပူနေရတာလဲ၊ သူတို့ကိုကြည့်စမ်း၊ လုပ်စရာရှိတာ လုပ်နေကြတယ်၊ သွားစရာရှိတာ သွားနေကြတယ်၊ ပျော်စရာရှိတာ ပျော်နေကြတယ်၊ ငိုစရာရှိတာ ငိုနေတယ်၊ ဟို. . ဖရဲသီးလှည်းပေါ်က ကလေးက ငိုနေတယ်၊ ဟို. . မြက်ခင်းပေါ်ကလူက ရယ်နေတယ်၊ ဟိုလူစုက ရန်ဖြစ်နေတယ်၊ သူတို့ဟာ လုပ်စရာရှိတာကို လုပ်နေကြတယ်. . .

ကမ္ဘာလောကကြီးဟာ ပူလောင်တယ်၊ ကမ္ဘာလောကကြီးရဲ့အရသာဟာ ခါးသီးတယ်၊ ဒါမှမဟုတ် ကမ္ဘာလောကကြီးဟာ အေးမြတယ်၊ သူ့ရဲ့အရသာဟာ ချိုမြိန်တယ်ဆိုတာကို စဉ်းစားမိကြပုံမရဘူး၊ အမှန်ကတော့လဲ အဲဒီအကြောင်းအရာဟာ စဉ်းစားရမယ့်အလုပ်မဟုတ်ဘူး၊ ကမ္ဘာလောကကြီးဆိုတာ နေထိုင်သွားဖို့ပဲ၊ ပူရင်လဲ ပူတဲ့အလျောက် နေသွားရမယ်၊ အေးရင်လဲ အေးတဲ့အလျောက် နေသွားရမယ်၊ သူများတွေတောင် နေနိုင်ပြီး ကိုယ်က မနေနိုင်လို့ တောထဲကိုထွက်ပြေးတယ်၊ ရိပ်သာကို



www.burmeseclassic.com

www.burmeseclassic.com

ပြေးကပ်တယ်ဆိုရင် အတော်ညံ့တာပဲ၊ အသက်ရှင်နေသရွေ့ လူတွေနဲ့အတူရှိနေရမယ်၊ လူဖြစ်နေရမယ်၊ လူဆိုတာ လူတွေလုပ်တဲ့အလုပ် လုပ်နေရမယ်၊ ဘာပဲဖြစ်ဖြစ် ငါဟာ လူလိုနေမယ်"

ဟု ဆုံးဖြတ်လိုက်သည့်ခဏ၌ မသက်ရှည်၏ရင်သည် ပွင့်လင်းသွားလေ၏။

ထိုအချိန်၌မှာပင် မော်တော်ကားတစ်သီး ဖြတ်သွား၏၊ ကားမှာ အတော်ကောင်း၏။ ထိုကားကို ဒရိုင်ဘာတစ်ဦးက မောင်းသွားခြင်းဖြစ်၏။ ကား၏နောက်ဘက်ထိုင်ခုံတွင် လူတစ်ယောက်သည် စီးကရက်သောက်၍ ငြိမ်းချမ်းစွာထိုင်၍ လိုက်ပါသွားသည်ကိုတွေ့ရ၏။ ထိုလူကို ဖျတ်ခနဲ မြင်လိုက်သည့်ခဏ၌ မသက်ရှည်၏မျက်လုံးများ ဝင်းခနဲ ဖြစ်သွား၏။ ထိုလူကို မသက်ရှည်ကောင်းစွာသိ၏။ ထိုလူသည် မသက်ရှည်၏နှလုံးသားတစ်နေရာတွင် ပုန်းကွယ်နေသောသူဖြစ်၏။ ထိုသူမှာ အစ်ကိုညိုယဉ်ဖြစ်၏။

အစ်ကိုညိုယဉ်ကို သူသည်စွဲစွဲလမ်းလမ်းချစ်ခဲ့၏။ ဒေါ်အစ္စဘယ်လာတို့၏ လက်စွပ်ပျောက်သောကိစ္စတွင်မှ အစ်ကိုညိုယဉ်ကို မုန်းခဲ့၏။ အမှန်တကယ် မုန်းခဲ့ခြင်း လည်းမဟုတ်၊ မိမိက မုန်းရန်ကြိုးစားခဲ့ခြင်းသာဖြစ်၏။ အမှန်တကယ် မမုန်းခဲ့သောကြောင့် အစ်ကိုညိုယဉ်သည် သူ၏နှလုံးသားထဲတွင် အစဉ်ထာဝရရှိနေ၏။ သို့သော် ငုပ်လျှိုးနေ၏။ ယခုတစ်ဖန် မမျှော်လင့်ဘဲ အစ်ကိုညိုယဉ်ကို မြင်တွေ့လိုက်သောအခါတွင်မှ သူ၏နှလုံးသားသည် လှုပ်ခါသွား၏။

ထိုအချိန်၌မှာပင် သူ၏နံဘေးမှ လူနှစ်ယောက်က. .





"ဟော့ကောင်. . . ဟိုမှာ ညိုယဉ်ဆိုတဲ့ကောင်၊ တို့ပဲခူးမြို့မှာတော့ ဒီကောင်ဟာ ချမ်းသာတဲ့အထဲမှာပါတာပဲ၊ ဒီကောင်ကတော့ စီးပွားရေးသမားသက်သက်ပဲ၊ ရိုးရိုးရရင်လဲ ယူတယ်၊ ရိုးရိုးမရရင်လဲ လိမ်ပြီးယူတယ်၊ ရဖို့တစ်ခုကလွဲပြီး ဘာကိုမှမသိဘူး"

ဟု တစ်ယောက်သောသူက ပြော၏။

ထိုအခါ အဖော်လုပ်သူက. . . .

"ဒီလိုလဲမဟုတ်ဘူးကွ၊ မိဘမဲ့ကလေးကျောင်း ဆောက်ဖို့ကိစ္စအတွက် အလှူငွေသွားပြီးခံတဲ့အခါတုန်းက ငါလဲပါတယ်ကွ၊ အဲဒီတုန်းက သူလှူလိုက်တဲ့အလှူငွေက ငါတို့တစ်မြို့လုံးလှူတဲ့ အလှူငွေရဲ့ နှစ်ဆရှိတယ်ကွ၊ အဲဒါကို ကြည့်ရင် ညိုယဉ်ဆိုတဲ့ကောင်ဟာ ရဖို့တစ်ခုတည်း သိတယ် ဆိုတဲ့စကားကို မထောက်ခံနိုင်ဘူး၊ လှူတဲ့နေရာ ကျတော့လဲ ရက်ရက်ရောရော လှူတယ်ကွ၊ အဲဒါကြောင့် ညိုယဉ်ဆိုတဲ့ ကောင်ဟာ ယူဖို့သက်သက် လောကကြီးကို ရောက်လာတာလို့ ပြောလို့မရဘူး၊ ပေးတဲ့အခါကျတော့လဲ ပေးတယ်ကွ"

ဟု ပြောလေ၏။

ထိုအခါ မသက်ရှည်က ထိုသူနှစ်ဦးအား. . .

"အဲဒီလူ ဘယ်မှာနေတာလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ တစ်ယောက်သောသူက. . .

"ကျုပ်နှမကြီး ပဲခူးကမဟုတ်ဘူးထင်တယ်၊ ပဲခူးက ဆိုရင်တော့ ညိုယဉ်အိမ်မသိတဲ့လူ မရှိဘူး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"လိပ်ပြာကန်နားမှာ ခြံဝင်းကျယ်ကြီးနဲ့အိမ်ဟာ သူ့အိမ်ပေါ့၊ အိမ်ရှေ့အဝင်ဝမှာ ညိုယဉ်ဆိုတဲ့ ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ထားတယ်"

ဟု အခြားလူတစ်ဦးက ဖြည့်စွက်လိုက်လေ၏။

ထိုအခါ မသက်ရှည်သည် အစ်ကိုညိုယဉ်၏အိမ်ကို ရှာရန်အတွက် လိပ်ပြာတန်ဘက်သို့ ထွက်လာခဲ့လေ၏၊ လိပ်ပြာတန်သို့ရောက်လျှင် အစ်ကိုညိုယဉ်၏ ခံညားထယ်ဝါသော ခြံဝင်းနှင့် အိမ်ကြီးကိုတွေ့ရလေ၏၊ ခြံဝင်းအုတ်တိုင်၌လည်း ညိုယဉ်ဟူသော စာတမ်းကိုတွေ့ရလေ၏၊

မသက်ရှည်သည် ခြံတံခါးဝသို့သွား၏၊ တံခါးနောက်မှ နှုတ်ခမ်းမွေးကားကားနှင့် ဂေါ်ရခါးကြီးတစ်ဦး ပေါ်လာပြီး. . .

"ဘာလဲ ကောင်မလေး"

ဟု မေးလိုက်လေ၏။

"ဒေါ်အစ္စဘယ်လာအိမ်က အစေခံမလေးရောက်နေတယ်လို့ အစ်ကိုညိုယဉ်ကို သွားပြောပေးပါ"

ဟု ပြောလိုက်ရာ ဒရဝမ်ကြီး ထွက်သွားလေ၏။

မျှားမကြာမီ၌ ပြန်လည်ရောက်ရှိလာပြီးလျှင် တံခါးကိုဖွင့်ပေးလိုက်လေ၏။

မသက်ရှည်သည် ကွန်ကရစ်လမ်းကလေးအတိုင်း ဝင်သွားပြီး အိမ်ပေါ်သို့တက်သွား၏။

ထိုအခါ ထိုအိမ်၏အောက်ထပ်တွင် စားပွဲခုံပေါ်မှ ပန်းအိုးများကို လဲနေသော မိန်းမကြီးက. . .

"လာ. . . ကလေး"

ဟု ဆိုကာ အပေါ်ထပ်သို့တက်သော လှေကားဆီသို့ ခေါ်သွားလေ၏။





မသက်ရှည်သည် လှေကားပေါ်သို့ တက်သွား၏။

ထို့နောက် အခန်းကျယ်ကြီးတစ်ခုဆီသို့ ဝင်သွား၏။

ကြက်သွေးရောက် ကော်ဇောကြီး ခန်းလုံးပြည့်ခင်းထား၏။ လှပ၍ အဖိုးတန်သော ထိုင်ခုံများ နံရံပတ်ပတ်လည်တွင် ချထား၏။ အခန်း၏အလယ်ရှိ အနက်ရောင်ကြွေပန်းအိုးလေးထဲတွင် ကြာဖြူပန်းကလေးတစ်ပွင့်စိုက်ထားသည်ကိုတွေ့ရ၏။ နံရံတွင် ဆီဆေးပန်းချီကားများ ချိတ်ထား၏။ ခုံတစ်ခုပေါ်တွင် ခပ်စောင်းစောင်းမှီလျက်ထိုင်နေသော ကိုညိုယဉ်ကို တွေ့လိုက်ရ၏။

မသက်ရှည်သည် ကြာဖြူပွင့်ကလေးစိုက်ထားသော ပန်းအိုးကလေး၏အနီးတွင် ရပ်လိုက်၏။

အစ်ကိုညိုယဉ်သည် မသက်ရှည်ကို ခြေဖျားမှစ၍ တဖြည်းဖြည်း မျက်နှာရောက်သည်အထိ ကြည့်လာ၏။

ထို့နောက်မှ. . .

"မင်း ဘယ်ကိုပျောက်သွားတာလဲ မိန်းကလေး၊ မင်းကို ငါချစ်နေတယ်ဆိုတာ မင်းနည်းနည်းမှ မရိပ်မိဘူးလား မိန်းကလေး၊ မင်းဟာ သိပ်ပြီးထူးလွန်း အလွန်းတာလား၊ ဒါမှမဟုတ် မင်းဟာ သိပ်ပြီး လိမ္မာပါးနပ်လွန်းတာလား၊ ငါအဖြေမပေးတတ်တော့ဘူး၊ ပြီးတော့ ယောကျ်ားတွေရဲ့ ချစ်ခြင်းမေတ္တာကို မင်းတို့နားမလည်ဘူး၊ ညိုယဉ်ဆိုတဲ့ ငါဟာ မိန်းမတွေအများကြီးတွေ့ခဲ့ဖူးပါတယ်၊ တွေ့လဲတွေ့နေတုန်းပဲ၊ နောက်ကိုလဲ တွေ့ဦးမှာပဲ၊ ဟောဟိုမှာ ထပ်ထားတဲ့ ဓါတ်ပုံစာအုပ်တွေကို မင်းတွေ့တယ်မဟုတ်လား၊ အဲဒီဓါတ်ပုံတွေထဲမှာပါတဲ့ မိန်းကလေးတွေဟာ ငါနဲ့ပတ်သက်သွားတာချည်းပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါ့ရဲ့နှလုံးသားမှာ သူတို့မရှိဘူး၊ ငါက ဒေါ်အစ္စဘယ်လာကြီးတို့အိမ်က အစေခံမလေးကိုပဲချစ်တယ်၊ သူ့ကိုမရတဲ့အခါမှာ ကျန်တဲ့လူကိုလဲ ယူဖို့စိတ်မကူးဘူး၊ ဟောဒီ ပန်းအိုးကလေးထဲမှာ ကြာဖြူပန်းကလေးထိုးပေးပါလို့ ငါ့အိမ်က ဒေါ်လှကြီးကို ပြောထားတာကြာပြီ၊ အရင်ကတော့ ထိုးပေးတယ်၊ ဒါပေမယ့် သူလဲပေါ့လျော့ပြီး ကြာဖြူပန်း ကလေး ထိုးမပေးတာကြာပြီ၊ ဒီကနေ့မနက်မှ ဘာစိတ်ကူး ရတယ်မသိဘူး၊ ငါကြိုက်တဲ့ ကြာဖြူပန်းကလေး တစ်ပွင့်တည်း လာပြီးထိုးပေးထားတယ်၊ အဲဒီ ကြာဖြူပန်းကလေး သက်ရှိထင်ရှားလာပြီး ကိုယ်ထင်ပြလာတယ်၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ထူးမြတ်တဲ့မိန်းမဖြစ်တယ်ဆိုတာ ငါသိပါတယ်၊ ငါသိနေတာ ဘာကြောင့်လဲလို့မမေးနဲ့၊ ငါ့စိတ်က သိနေတာ၊ ဒီမှာ မိန်းကလေး၊ ညိုယဉ်ဆိုတဲ့လူဟာ ဒီလောကကြီးထဲမှာ အမှိုက်အဖြစ်ရောက်လာတာ ရွှံ့နွံအဖြစ်ရောက်လာတာ ဘာမှတန်ဖိုးမရှိပါဘူး၊ ဘာမှတန်ဖိုးမရှိတဲ့ ရွှံ့နွံထဲမှာတော့ အဖိုးတန်တဲ့ ကြာဖြူပန်းကလေးတစ်ပွင့် ပေါက်စေချင်တယ်"

ဟု ဆိုကာ ကိုညိုယဉ်သည် မသက်ရှည်ရှိရာသို့ ထလာပြီး မသက်ရှည်အား ညင်ညင်သာသာကလေး ပွေ့ဖက် လိုက်လေ၏။

ထို့နောက် ညင်ညင်သာသာကလေး နမ်းရှိုက် လိုက်လေ၏။ မသက်ရှည်သည် အရှင်လတ်လတ် အသက်ရှူ ရပ်သွား၏။ သူသည် လေထဲတွင် မြောက်တက်သွားသည်ဟု ထင်မိ၏။

ထိုသို့ မြောက်တက်သွားရာမှ ဝါဂွမ်းပုံကြီးထဲသို့ကျ၍ ငြိမ့်ခနဲ ဟိုက်ခနဲ ခံစားရသည်ဟု ထင်မှတ်သွား၏။ ထို့နောက်



မောဟိုက်သွား၏။ ပြီးလျှင် သူသည် ညက်ညောသော ထိုင်ခုံတစ်ခုပေါ်တွင် ခပ်လျော့လျော့ အလိုက်သင့် ထိုင်လျက် သားဖြစ်နေ၏၊ သူ၏ရှေ့တွင် ကိုညိုယဉ်သည် ထိုင်ခုံ ပုကလေးဘေးတွင် ထိုင်၍ သူ၏လက်နှစ်ဖက်အား ယုယစွာ ကိုင်နေ၏၊

"လက်ကလေးတွေက ကြမ်းလှချည်လား၊ ဘယ်လို နေရာမျိုးက လာခဲ့တာလဲ"

ဟု ကိုညိုယဉ်က မေးလိုက်လေ၏။

မသက်ရှည်သည် သူ၏အဖြစ်အပျက်ကို အကျဉ်းချုံး၍ပြောလိုက်၏၊ နောက်ဆုံး သူရောက်ခဲ့သော နေရာများ၏ အကြောင်းကိုလည်း ပြောပြလိုက်၏၊

ထိုအခါ ကိုညိုယဉ်က. . .

"ရသေ့မလေး ရှာန်လျှောဖို့ မြို့ကိုရောက်လာတာပဲ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်မှာပင် အစ်ကိုညိုယဉ်၏ အစေအပါး တစ်ဦးရောက်လာပြီးလျှင် ကိုညိုယဉ်အား. . .

"မိုးကုတ်က ဒေါ်မမကြီးတို့၊ ဒေါ်မမလေးတို့ ရောက်နေပါပြီဆရာ"

ဟု ပြောလိုက်၏။ ပြီး. . . ပြန်ဆင်းသွား၏။

ထိုအခါ ကိုညိုယဉ်က. . .

"ကဲ. . မိန်းကလေး၊ ကျုပ်မှာ အလုပ်ရှိသေးတယ်၊ ပြန်ပေဦးတော့၊ မနက်ဖြန်ကျတော့ လာခဲ့ဦးနော်"

ဟု ဆိုကာ ၎င်း၏အိတ်အတွင်းမှ ရှိသမျှပိုက်ဆံကို ထုတ်၍ မသက်ရှည်၏လက်အတွင်းသို့ ထည့်သွားလေ၏၊

ကိုညိုယဉ်ကမူ အောက်ထပ်သို့ဆင်းသွားလေ၏။

www.burmeseclassic.com

အစ်ကိုညိုယဉ်၏အပြုအမူသည် ရိုင်းစိုင်းသည်ဟု ထင်မှတ်ဖွယ်ရာရှိ၏။ မိန်းကလေးတစ်ဦးအား စိတ်ရှိလက်ရှိ နမ်းရှုပ်ပြီး အိတ်ထဲမှ ပိုက်ဆံထုတ်၍ပေးသွား၏။ ဤသို့ ပြုမူခြင်းမှာ ပြည့်တန်ဆာမကို ပြုလုပ်ရသော အပြုအမူမျိုး ဖြစ်၏။

မသက်ရှည်သည် ဤသို့စဉ်းစားမိ၏။ သို့ရာတွင် စိတ်မဆိုးဖြစ်ခဲ့ပါ။

"အစ်ကိုညိုယဉ်ဟာ သူ့ရဲ့ရဟတ်နဲ့သူ လည်နေတာ၊ သူ့အချိုးအစားနဲ့သူ လည်နေတာ၊ ငါက သူ့ရဟတ်ထဲကို ဝင်မိတာ၊ အဲဒီလိုဝင်မိတော့မှ ဒီလိုမလည်ရဘူး၊ ဟိုလို မလည်ရဘူးဆိုရင် ဘယ်သဘာဝကျမလဲ၊ သူလည်တဲ့စနစ် အတိုင်း ကိုယ်ကလိုက်လည်ရမှာပေါ့၊ ကိုယ်ကြိုက်တဲ့စနစ်နဲ့ လည်ချင်ရင်တော့ ကိုယ့်ရဟတ်နဲ့ကိုယ် လည်မှဖြစ်မယ်၊ အခုအခါမှာတော့ ကိုယ့်ရဲ့ရဟတ်တွေဖြစ်တဲ့ တောရ ကျောင်းတို့၊ ရိပ်သာတို့ဆိုတာတွေ မရှိတော့ဘူး၊ ကိုယ်တိုင်ပဲ စွန့်ခွာခဲ့ပြီးပြီမဟုတ်လား၊ အဲဒီတော့ သူများရဟတ်ထဲဝင်ပြီး ကိုယ်ကြိုက်တဲ့ရဟတ်အတိုင်းလည်ပေးပါလို့ ဆိုလို့ ဘယ်ဖြစ်မလဲ. . . .

"အစ်ကိုညိုယဉ်ရဲ့ ရဟတ်က ငွေရဟတ်ပဲ၊ ငွေစနစ်ပဲ၊ ဘာပဲဖြစ်ဖြစ်၊ မိန်းမတွေအများကြီးတွေ့ခဲ့ဖူးတဲ့ထဲမှာ ငါ့ကိုအမြတ်နိုးဆုံးပဲတဲ့၊ ဒါတစ်ခုတည်းနဲ့ကို ကျေနပ် လောက်ပါတယ်၊ ဒါတစ်ခုတည်းနဲ့ပဲ သူပြုသမျှကို ငြိမ်ပြီး ခံနေဖို့ကောင်းတယ်၊ အစ်ကိုညိုယဉ်နဲ့သာ အတူလည်ရမယ် ဆိုရင် ငွေရဟတ်ပဲဖြစ်ဖြစ်၊ ရွှေရဟတ်ပဲဖြစ်ဖြစ်၊ ဒါဟာ အကြောင်းမဟုတ်ဘူး၊ သူနဲ့အတူ ဆိုတဲ့အချက်တစ်ချက်တည်း





နဲ့ကို ကျန်တာတွေမေ့လျော့ပစ်လိုက်နိုင်တယ်၊ ငါ့ကို စိတ်ရှိလက်ရှိ နမ်းချင်သလိုနမ်းပြီး အိတ်ထဲမှာပါတဲ့ ပိုက်ဆံ ထုတ်ပေးသွားတာ၊ ငါ့ကိုနှိမ်တာမဟုတ်ဘူး၊ သူလည်ရတဲ့ စနစ်က ငွေစနစ်ကိုး၊ ကဲ. . . ငါသွားမှ"

ဟု ရေရွတ်ရင်း အခန်း၏အလယ်မှ ကြာဖြူပွင့် ကလေးတို့ငုံ့နမ်းကာ လှေကားမှဆင်း၍လာလေ၏။

ထိုအချိန်၌ ဧည့်ခန်းတွင် အစ်ကိုညိုယဉ်သည် မိန်းမကြီးသုံးလေးဦးနှင့်အတူ ကျောက်များကိုကြည့်နေ၏။

မသက်ရှည်သည် အစ်ကိုညိုယဉ်ကို နှုတ်မဆက်ဘဲ အိမ်ထဲမှထွက်ကာ ကွန်ကရစ်လမ်းအတိုင်း လျှောက်လာ လေ၏။ တံခါးဝတွင် ဒရဝမ်ကြီးက. . .

"ပြန်ပြီလား ကောင်မလေး"

ဟု ဆိုကာ တံခါးကိုဖွင့်ပေးလိုက်လေ၏။ မသက်ရှည် သည် ထွက်လာခဲ့လေ၏။

ထို့နောက် ရွှေမောဓောဘုရားဆီသို့ဦးတည်၍ လျှောက်သွားလေ၏။ ဘုရားအနီး ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဝင်၍စား၏။ ထို့နောက် ဘုရားပေါ်သို့ တက်သွားပြီး လျှင် အရိပ်အာဝါသကောင်းသောနေရာ၌ထိုင်ကာ ဘုရားကိုဝတ်ပြုလိုက်လေ၏။

သူနှင့်မလှမ်းမကမ်းတွင် ခွက်ကလေးတစ်လုံးချ၍ ထိုင်နေသာ အသက်အရွယ်အိုမင်းသည့် သူတောင်းစား မကြီးကို မြင်တွေ့ရလေ၏။

မသက်ရှည်သည် အနီးမှစကားပွင့်ကလေးများကို ကောက်ရင်း အနီးမှသူတောင်းစားမကြီးကို အကဲခတ် လိုက်၏၊ အသားဖြူ၍ ဆံပင်တို့သည် ဆွတ်ဆွတ်ဖြူနေ၏။ ဥပမ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

လည်းသန့်၏၊ မျိုးရိုးရှိ၍ တောင်းစားဟန်မတူ၊ အသက်ကြီး၍ သားထောက်သမီးခံမရှိ၍ တောင်းစားနေဟန်တူ၏၊

သူသည် စကားပွင့်ကလေးများကို လျှောက်၍ ကောက်ရင်း သူတောင်းစားမကြီး၏အနားသို့ လျှောက်၍ သွား၏၊

"အမေကြီး၊ ထမင်းစားဖို့ရပြီလား"

ဟု မေးလိုက်ရာ သူတောင်းစားမကြီးက. . .

"အသက်ကြီးတော့ ထမင်းလဲမစားနိုင်ပါဘူး ကလေးမရယ်၊ ဆန်ကလေးပြုတ်ပြီး သောက်ရတယ်၊ အဲ. . အဲ အဲဒီအတွက်ကလေးတော့ ရပါပြီ"

ဟု ပြန်၍ပြောလေ၏၊

"ရရင် ဘာဖြစ်လို့ မပြန်သေးတာလဲ"

ဟု မသက်ရှည်က မေးလိုက်လေ၏၊

"ဘယ်ကိုပြန်ရမှာတုန်း၊ အမေကြီးက ဟောဟို ဇရပ်မှာနေတာ၊ အိပ်တော့ ဟောဟို လေကွယ်လေးမှာ အိပ်တာ၊ ဟောဟိုမှာ သွားနေတာနဲ့ ဒီနားမှာနေတာ ဘာထူးမှာလဲ၊ ဒီမှာက လှူချင်တဲ့လူနဲ့တွေ့လို့ လှူသွားတော့ အမေကြီး ရတာပေါ့"

ဟု အမေကြီးက ပြောလိုက်လေ၏၊

"တစ်ည နှစ်ညလောက် အမေကြီးနားမှာ အိပ်ခွင့်ပြုပါ"

ဟု မသက်ရှည်က ပြောလိုက်လေ၏၊

"ငါလို သူတောင်းစားဆီမှာ လာပြီးမှီခိုတယ်ဆိုတော့ နင့်ဥစ္စာ ဘယ်လိုများလဲ"

ဟု ပြောပြီးလျှင် သူတောင်းစားမကြီးက ခွင့်ပြုလိုက်လေ၏၊



ထို့ကြောင့် မသက်ရှည်သည် ထိုနေ့ညအဖို့ ထိုသူတောင်းစားမကြီးနှင့်အတူ အိပ်လေ၏၊

နောက်တစ်နေ့တွင် ကိုညိုယဉ်ထံသို့ သွားခဲ့ပြန်၏၊ အစ်ကိုညိုယဉ်သည် ဝရန်တာပေါ်မှထွက်၍ မျှော်နေပုံရ၏၊ မြင်လျှင်မြင်ချင်း ကိုယ်တိုင်တံခါးဆင်း၍ဖွင့်၏၊ ထို့နောက် ပန်းခြံထဲသို့ခေါ်သွားလေ၏၊

"မနေ့က အစ်ကိုလုပ်ပုံက ရိုင်းသွားသလို ဖြစ်သွားတယ် မိန်းကလေး၊ ဒါကြောင့် အစ်ကို့ကိုများ မုန်းသွားပြီလားလို့ထင်နေတာ၊ အခုလို လာတာတွေ့မှ အစ်ကိုပျော်သွားတယ်၊ အခု ဘယ်မှာနေလဲ၊ ညက ဘယ်မှာအိပ်လဲ"

ဟု ကိုညိုယဉ်က မေးလိုက်လေ၏၊

"နေစရာလဲမရှိဘူး၊ ညကတော့ ဘုရားပေါ်မှာ သူတောင်းစားမကြီးနားမှာ သွားအိပ်တယ်၊ အခုလဲ အဲဒီကနေ ထလာတာ"

ဟု မသက်ရှည်က ပြောလိုက်ရာ အစ်ကိုညိုယဉ်သည် အလွန်စိတ်မကောင်းဖြစ်သွား၏။

"မိန်းကလေး ဒီလိုနေလို့မဖြစ်ဘူး၊ ဒုက္ခရောက်သွားလိမ့်မယ်၊ ကဲ. . ဒီတော့ ဒီလိုလုပ်"

ဟု ကိုညိုယဉ်ကဆိုကာ သူ၏လူတစ်ယောက်ကို ခေါ်ပြီး တစ်စုံတစ်ရာကို ခိုင်းလိုက်လေ၏၊ သူ၏လူသည် မော်တော်ကားဖြင့်ထွက်သွား၏။ မကြာမီ၌ပင် မိန်းမကြီးသုံးဦး ပါလာ၏၊ မိန်းမကြီးများတွင် ပိတ်စ၊ ပေကြိုးများ အပြည့်အစုံ ပါလာ၏။

"ကဲ. . ပဲခူးမြို့က စက်ဆရာမ အကျော်အမော်တွေပဲ၊ ဟောဒီမိန်းကလေးကို ကိုယ်တိုင်းယူပြီး ဒီညနေ

www.burmeseclassic.com

လေးနာရီမှာ တစ်ယောက်ကို အကျီင်္ၤငါးထည်ရအောင် ချုပ်ပေးပါ"

ဟု ဆိုကာ ကိုညိုယှဉ်သည် ထမီစများကိုယူကာ မသက်ရှည်၏ကိုယ်တွင် ကပ်ကြည့်၏။ ပြီးလျှင် သူကိုယ်တိုင် ရွေးချယ်၍ လုံချည်များကို ချုပ်ခိုင်းလိုက်၏။ သူ၏တပည့်အား ဖိနပ်၊ ရေမွှေးပုလင်း၊ မိတ်ကပ်၊ ဘီး၊ မှန်၊ သားရေ သေတ္တာကြီးကြီးတစ်လုံး၊ အိပ်ရာလိပ် ပြည့်စုံစွာဝယ်ခဲ့ရန် မှာလိုက်လေ၏။

"အကျီင်္ၤတစ်ထည်နဲ့ လုံချည်တစ်ထည်ကိုတော့ အခု နာရီပိုင်းအတွင်း လိုချင်တယ်ဗျာ၊ တစ်ဆိတ်ကလေး ကြိုးစား ကြစမ်းပါ"

ဟု ဆိုကာ ထိုမိန်းမကြီးသုံးဦးအား ကားဖြင့်ပြန်၍ ပို့ခိုင်းလိုက်လေ၏။

လမ်းတွင် ထိုမိန်းမများက ကိုညိုယှဉ်၏တပည့်အား. . .

"မင်းတို့ဆရာ ဘယ်လိုဖြစ်တာလဲ၊ ဘိုင်စကုတ် ရိုက်မလို့ သူကိုယ်တိုင် မင်းသမီးရှာပြီး အဝတ်အထည်တွေ ချုပ်ပေးနေတာလား"

ဟု မေးကြကုန်၏။

သူ၏တပည့်ကလည်း. . .

"မပြောတတ်ပါဘူး အစ်မကြီးတို့ရယ်၊ မနေ့ကတည်း က ဒီပြဿနာပေါ်လာတာ၊ ကျုပ်တို့လဲ နားကိုပူနေတာပဲ၊ သူပျောက်သွားတဲ့ ကြာဖြူပန်းကလေး ပြန်တွေ့ပြီလို့ ပြောတာ လဲ အခွန်းတစ်ထောင်လောက်ရှိမယ်၊ အဲဒီမိန်းကလေးကို သူလက်ထပ်ယူလိုက်တယ်၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူး၊ အကျဉ်းရုံးတာ၊ အဲဒီမိန်းကလေးဘဝကို သူမြှောတင်မြှောက်ပေးရမှာတဲ့"



ဟု ပြန်၍ပြောလေ၏။

ထိုအခါ အပ်ချုပ်သည် မိန်းမကြီးတစ်ဦးက. . .

"မင်းတို့ဆရာ သူဌေး ဦးညိုယှဉ်က အရင်တုန်းက ပန်းသည်နဲ့တူတယ်ကွယ့်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ထိုလူငယ်က. . .

"မသိပါဘူးဗျာ"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ထိုသူငယ်သည် သားရေသေတ္တာ ကြီးတစ်လုံး လာပို့၏။ ထိုသေတ္တာထဲတွင် မျက်နှာသုတ်ပဝါ၊ ရေမွှေးပုလင်း၊ ဘီး၊ မှန်၊ ချုပ်ပြီးသား အကျီင်္ၤတစ်ထည်၊ လုံချည်တစ်ထည်၊ ဖိနပ်တစ်ရန်လည်း ပါ၏။ ထိုပစ္စည်း များနှင့်အတူ အိပ်ရာလိပ်တစ်လိပ်လည်း ပါလာလေ၏။

ကိုညိုယှဉ်သည် ထိုပစ္စည်းများကို ဖွင့်ကြည့်ပြီးနောက် အပေါ်ထပ် ရေချိုးခန်းတွင် မသက်ရှည်အား ရေချိုးခိုင်း၏။ အဝတ်အစားသစ်များ ဝတ်ခိုင်း၏။ ထို့နောက် ၎င်းကိုယ်တိုင် ထမင်းကျွေး၏။ ပြီးလျှင် မသက်ရှည်အား ၎င်း၏အိပ်ရာ၌ပင် တစ်ရေးတစ်မော အိပ်စက်ခိုင်း၏။ အိပ်ရာနားတွင် ဓာတ်ပြား တစ်ချပ်ပြီးတစ်ချပ် ဖွင့်ပေးထား၏။

မသက်ရှည်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ အိပ်ရာမှထသောအခါ ကော်ဖီနှင့်မုန့်များ တိုက်ကျွေးပြန်၏။

ထိုအချိန်မှာပင် အချုပ်ခိုင်းထားသော အကျီင်္ၤနှင့် လုံချည်များရောက်လာ၏။ ကိုညိုယှဉ်သည် ထိုပစ္စည်းများကို သားရေသေတ္တာအတွင်းသို့ ကိုယ်တိုင်ထည့်ပေး၏။ ထို့နောက် မသက်ရှည်အား. . .

www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . ရသေ့မလေး မသက်ရှည်၊ မင်းကို အလုပ်လုပ်ဖို့ နေရာပြပေးမယ်၊ မင်းသွားရမယ့်နေရာဟာ ရန်ကုန် ရွှေဘုံသာလမ်းပဲ၊ အဲဒီမှာ စိန်ရွှေ ကျောက်မျက်ရတနာကုန်သည် အန်တီစုဆိုတာရှိတယ်၊ သူဟာ အစ်ကိုရဲ့မိတ်ဆွေပဲ၊ သူ့ဆီကို သွားရမယ်၊ သူ့ဆီမှာနေရမယ်၊ ဒါပေမယ့် သူ့ဆီမှာ အစေခံလုပ်ဖို့မဟုတ်ဘူး၊ ကျောက်မျက်ရတနာအတတ်ကို သင်ဖို့လွှတ်လိုက်တာ၊ ကုန်သည်အတတ်ကို သင်ဖို့ လွှတ်လိုက်တာ၊ အဲဒီမှာ အစေခံဖြစ်သွားမယ်ဆိုရင်တော့ မင်းထိုက်နဲ့မင်းကံပဲ၊ ဒီလိုဖြစ်လိမ့်မယ်လို့လဲ အစ်ကိုမယုံကြည်ဘူး၊ မင်းလို ဉာဏ်မျိုး မင်းလိုဇွဲသတ္တိမျိုးနဲ့ဆိုရင် အဲဒီလောကမှာ မင်းဟာ ထိတ်ထိတ်ကြဲတစ်ယောက် ဖြစ်လာမှာပဲ"

ဟု ဆိုကာ စာတစ်စောင်ရေးပေးလိုက်လေ၏။

ထို့နောက် မသက်ရှည် သုံးရန်အတွက်လည်း ငွေများပေးလိုက်လေ၏။ ထို့နောက် မသက်ရှည်အလိုချင်ဆုံးဖြစ်သော အနမ်းများကိုလည်း ပေးလိုက်လေ၏။

မသက်ရှည်အား ကားဂိတ်အထိ ကိုညိုယဉ်၏ တပည့်က လိုက်ပို့၏။ ရန်ကုန်သို့ထွက်မည့်ကား အဆင်သင့်တွေ့၍ မသက်ရှည်သည် ကားပေါ်သို့တက်လိုက်လေ၏၊

မကြာမီပင် ကားသည် ထွက်သွားလေတော့၏။ မသက်ရှည်သည် လူ့လောကစာမျက်နှာအသစ်ကို ဖွင့်သန်းရန်အတွက် တက်ကြွစွာဖြင့် ရန်ကုန်မြို့တော် ဘက်ဆီသို့ ဦးတည်၍ ခရီးထွက်ခဲ့လေသည်တကား. . .။

* * * * * * * * * * *



ကျားတစ်ကောင်နှင့် ပြန်တွေ့ခြင်း

မသက်ရှည်သည် မော်တော်ကားဖြင့် လိုက်ပါလာခဲ့၏။ သူ၏အနီးတွင် ခရီးဖော်အဒေါ်ကြီးတစ်ဦးပါလာ၏။ ထိုခရီးဖော်အဒေါ်ကြီးက. . .

"ကလေးမ. . အပန်းမကြီးရင် ပြတင်းပေါက်ဘက်ကို အဒေါ့်ကိုပေးပါ၊ အဒေါ်က ကွမ်းစားတော့ ကွမ်းတံတွေးထွေးတယ်၊ ကွမ်းတစ်ယာကုန်သွားရင်တော့လဲ ကိုယ့်နေရာကိုယ် ပြန်ယူတာပေ့ါ၊ ကွမ်းလေးမှ မစားရရင် ခံတွင်းချဉ်သလိုလိုကြီးပဲ"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ရပါတယ်အဒေါ်၊ တစ်ခါတည်းထိုင်ပါ၊ နေရာလဲ ပြန်ပေးမနေပါနဲ့တော့၊ အဒေါ်က ဘယ်ထိအောင် စီးမှာပဲ"

ဟု မေးလိုက်လေ၏။

"ငမိုးရိပ်ချောင်း ဒီဘက် တိုးကြောင်ကလေးအထိ စီးမှာ"


www.burmeseclassic.com

www.burmeseclassic.com

ဟု အဒေါ်ကြီးက ပြောလိုက်လေ၏။

"အဲဒီမှာ နေတာလား အဒေါ်"

ဟု မသက်ရှည်က မေးလိုက်ရာ အဒေါ်ကြီးက. . .

"ဟုတ်တယ် ကလေးမရေ၊ ငမိုးရိပ်ချောင်းကလေးကို ဖြတ်ကူးလိုက်တာနဲ့ အဒေါ့်တဲကို ရောက်ပြီ၊ အဲဒီမှာ အကြော်သည် ဒေါ်ကြီးဆို လူတိုင်းသိတယ်"

ဟု ပြောလေ၏။

"ငမိုးရိပ်ချောင်းကို ဘာနဲ့ဖြတ်ကူးရမှာလဲ"

ဟု မသက်ရှည်က မေးလိုက်ရာ. . .

"အောင်မလေးတော်. . . အဲဒီမှာ တံတားကြီးဟာ ကောင်းလိုက်တာမပြောနဲ့တော့"

ဟု အဒေါ်ကြီးက ပြောလိုက်လေ၏။

"အဒေါ်ကြီးက အဲဒီမှာနေတာ ကြာပြီလား"

ဟု မသက်ရှည်က မေးလိုက်လေ၏။

"ကြာပြီ ကလေးမရဲ့၊ အဒေါ့်ယောကျ်ား ရှိကတည်းက နေခဲ့တာ၊ အဒေါ့်ယောကျ်ားတော့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ဖိုးထိလို့ဆုံးပါပြီ၊ အဒေါ့်သားတစ်ယောက်ကတော့ ပဲခူးမှာအဖမ်းခံထားရလို့ သွားတွေ့တာပေါ့၊ ဓားပြမှုနဲ့ အဖမ်းခံထားရတာ၊ မနက်တစ်နပ် ညတစ်နပ် မှန်မှန်စားနေရပြီပဲ၊ သင်းက ဘယ့်နှယ့်ကြောင့် ဓားပြသွားတိုက်ရမှန်းမသိပါဘူး၊ အဒေါ့်သားနာမည်က ငကျွဲတဲ့၊ ကျွဲကြီးလိုပဲ မည်းမည်းကြီး၊ တယ်လဲ တိုက်ချင်ခိုက်ချင်တဲ့ကောင်ပဲ၊ အဒေါ်ပြောတာက လယ်ကလေး ချောင်းကလေးလုပ်၊ မရှိ ရှိတာလေးစားနေ၊ လယ်သမားကွယ် ဘာများစားဖို့ပူရမလဲ၊ ဆန်ကလဲ ကိုယ်ကဖြစ်တာ၊ ငါးပိဆိုတာလဲ အလွယ်ကလေး၊ တို့စရာဆိုတာက ကိုယ့်လယ်ဘေးပေါက်နေတာ စားလို့မကုန်ပါဘူး၊ ငါးလေးဖားလေး ရတဲ့အခါတော့လဲ ဟင်းကောင်းလေး တစ်ခွက်တစ်လေ ချက်စားပေါ့၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ ဘယ်နားမှာ လူလို့ဆို အဒေါ့်သားငကျွဲပါပြီ၊ ဘယ်ဖဲဝိုင်းမှာ ဖမ်းလို့ဆို အဒေါ့်သား ရှေ့ဆုံးကလက်ထိပ်နဲ့၊ ဘယ်နားမှာ ခုတ်ကြထစ်ကြလို့ဆို သွားမကြည့်နဲ့ အဒေါ့်သား ငကျွဲကို လက်ထိပ်နဲ့တွေ့ရမယ်၊ သူ့တစ်ကိုယ်လုံးလဲ ဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်တွေ အပြည့်ကွယ့်၊ သူများကလုပ်ထားတာ၊ အဲဒါကိုလဲ သူကဂုဏ်ယူတယ်ပေါ့၊ ခတ်ကျွဲဆို ဒဏ်ရာမလွတ်ဘူးဆိုပဲ၊ တစ်ခါတော့ အဒေါ်ကဆူတယ်. . .

ဘယ်ပွဲမဆို မင်းပါတာချည်းပဲ၊ မင်းမပါတဲ့ပွဲဆိုလို့ အမေတစ်ခါမှ မကြားဖူးဘူးလို့ ဆိုလိုက်တော့ သူက ဘာပြောတယ်အောက်မေ့လဲ၊ အသည်းကောင်းလို့ ပွဲတောင်းတာအမေရေတဲ့၊ အခုပဲ ဓားပိန်ဘက်မှာ ဓားပြမှုဖြစ်တာ မိတော့ ပဲခူးထဲမှာသွားမိလို့ ပဲခူးဂါတ်ကဖမ်းထားတယ်၊ အဲဒါကို လာတွေ့ပါဆိုလို့ အဒေါ်ကသွားတွေ့ရတာ၊ သူ့အတွက် ရှေ့နေငွေပေးပါတဲ့၊ သူ့ကျေးဇူးဆပ်ပါ့မယ်တဲ့၊ သူဆပ်မယ့် ကျေးဇူးကိုမလိုချင်ဘူး၊ ဓားပြတိုက်ပြီး ဆပ်မယ့်ကျေးဇူးတွေ၊ ပြီးတော့ ရှေ့နေတွေ ဘာတွေလဲ ငွေမပေးနိုင်ပါဘူး၊ ငွေပေးနိုင်ရင်လဲ ငွေမပေးပါဘူး၊ သူ့ကို မင်းတကယ်တိုက်သလားလို့ မေးကြည့်တော့ သူက တကယ်တိုက်တာတဲ့၊ တကယ်တိုက်တာဆို တကယ်ခံလိုက်ပေါ့၊ ဘာဖြစ်လို့ ရှေ့နေကို သူ့ကိုယ်စား လိမ်ခိုင်းရမှာတုန်း"

ဟု အဒေါ်ကြီးက ပြောလိုက်လေ၏။

အဒေါ်ကြီးနှင့် မသက်ရှည်တို့သည် အတော်အတန် ရင်းနှီးသွားကြလေ၏။ အဒေါ်ကြီးက သူ့ထံသို့လာလည်ရန်


www.burmeseclassic.com

www.burmeseclassic.com

ဖိတ်ကြားသွားလေ၏။ မသက်ရှည်ကလည်း လာလည်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် သူ့အနေနှင့် နေရေးထိုင်ရေး အသားမကျသေးကြောင်း ပြောဆိုနှုတ်ဆက်ခဲ့လေ၏။ မော်တော်ကားသည် တိုးကြောင်ကလေးသို့ရောက်သောအခါ၌ သူ၏တောင်းများ၊ ပလုံးများကို ချ၍ ဆင်းသွား၏။

"မိန်းကလေးရေ လာလည်နော်"

ဟု အဒေါ်ကြီးက ပြောဆိုနှုတ်ဆက်သွား၏။

မသက်ရှည် စီးနင်းလိုက်ပါလာသော မော်တော်ကားသည် ရန်ကုန်မြို့သို့ရောက်ရှိလာလေ၏။ ထိုကားသည် ကီလီဈေးတွင်ရပ်ရန်ဖြစ်၏။

သို့ရာတွင် မသက်ရှည်က ရွှေဘုံသာလမ်း၌ ဆင်းလိုက်လေ၏။

မသက်ရှည်သည် ရွှေဘုံသာလမ်းတွင် ဆင်းခဲ့ပြီးနောက် အန်တီစု၏ဆိုင်ကိုရှာ၏။ များစွာမရှာရဘဲ အန်တီစု၏ဆိုင်ကိုတွေ့၏။ တွေ့သည်ဆိုလျှင် မသက်ရှည်က အစ်ကိုညိုယဉ်ပေးလိုက်သောစာကို ထုတ်၍ပေးလိုက်၏။

အန်တီစုသည် ထိုစာကိုဖတ်လိုက်၏။ ထိုသို့ဖတ်ပြီးနောက် မသက်ရှည်အား ကြည့်လိုက်ပြီးလျှင်. . . .

"ညည်းနာမည် မမိုးကောင်းလို့ ဆိုထားပါကလား"

ဟု ပြောလိုက်လေ၏။

မသက်ရှည်သည် သူ၏ဘဝအဖြစ်အပျက်ကို ပြန်၍ ပြောပြခဲ့၏။ ထိုသို့ပြောပြရာ၌ မမိုးကောင်းဟူသောအမည်ဖြင့် လှုပ်ရှားခဲ့ရသော ဘဝကိုလည်း ပြောပြခဲ့၏။

ထို့ကြောင့် ကိုညိုယဉ်သည် အန်တီစုထံသို့ ရေးပေးသောစာတွင် မမိုးကောင်းဟူသောအမည်ကိုသုံး၍ ရေးပေးလိုက်၏။ အစ်ကိုညိုယဉ်သည် မမိုးကောင်းဟူသောနာမည်ကို နှစ်သက်ပုံရ၏။

မသက်ရှည်က. . .

"ဟုတ်ပါတယ်၊ ကျွန်မနာမည် မမိုးကောင်းပါ"

ဟု ပြန်၍ဖြေလိုက်လေ၏။

"ညည်း ဘာတတ်သလဲ"

ဟု အန်တီစုက မေးလိုက်လေ၏။

"ကျွန်မ ဘာမှမတတ်ပါဘူး"

ဟု မသက်ရှည်က ပြန်၍ပြောလိုက်လေ၏။

"ဘာမှမတတ်တော့ ညည်းအနေနဲ့ ဘာအလုပ်ကို လုပ်မှာလဲ"

ဟု အန်တီစုက ပြန်၍မေးလိုက်လေ၏။

"ဘာမှမတတ်ဘူးဆိုတော့ အကုန်လုံးတတ်တာနဲ့ အတူတူပါပဲလေ၊ နောက်တော့လဲ တတ်သွားမှာပေါ့"

ဟု မသက်ရှည်က ခပ်ပေါ့ပေါ့ ပြန်၍ဖြေလိုက်လေ၏။

"အခု ညည်းလုပ်မယ့်အလုပ်က ကျောက်မျက်ရတနာတွေ၊ ခပ်ပေါ့ပေါ့လုပ်လို့တော့မရဘူး၊ ညည်းကိုတော့ အရည်အချင်းစစ်တိုစစ်ကြည့်ရဦးမှာ၊ ညည်းမှာ ဘယ်လိုအရည်အချင်းတွေရှိတယ်ဆိုတာ မသိဘဲနဲ့ ငါဘယ်လိုခိုင်းရမလဲ"

ဟု အန်တီစုက ပြောလိုက်ရာ. . .

"ကျွန်မမှာရှိတဲ့ အရည်အချင်းတွေထဲမှာ တော်တော်များများဟာ အန်တီမကြိုက်တဲ့ အရည်အချင်းတွေဖြစ်မှာပါပဲ"

ဟု မသက်ရှည်က ဖြေလိုက်လေ၏။

"ဘာတွေလဲဟဲ့ မမိုးကောင်းရဲ့၊ ပြောစမ်းပါဦး"

ဟု အန်တီစုက မေးလိုက်လေ၏။





ဘုကျော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မမှာရှိတဲ့ အရည်အချင်းဟာ ပေါ့ပေါ့နေတယ်၊ ပေါ့ပေါ့စားတတ်တယ်"

ဟု မသက်ရှည်က ပြောလိုက်လျှင် အန်တီစုက. . .

"ပေါ့ပေါ့နေ ပေါ့ပေါ့စားလိုက်ရင် ညည်းပျက်သွားမှာပေါ့"

ဟု ပြောလိုက်လေ၏။

"ဟင်. . ဒီလိုမဟုတ်ဘူး၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားမနေတတ်တဲ့လူတွေပဲ ပျက်သွားကြတာ၊ တိုက်နဲ့မှနေချင်တယ်၊ မနေရရင် မဖြစ်ဘူးဆိုတဲ့ မိန်းမတွေပဲပျက်သွားတာ၊ ကောင်းကောင်းစားချင်တယ် မစားရရင် မဖြစ်ဘူးဆိုတဲ့ မိန်းမတွေပဲ အတန်းရောက်သွားတာ၊ စိန်တွေရွှေတွေ ဝတ်ချင်တယ် မဝတ်ရရင်မဖြစ်ဘူးဆိုတဲ့ဟာတွေပဲ ကြေးစားဖြစ်ကုန်ကြတာ၊ ကျွန်မက ဒီလိုမဟုတ်ဘူး၊ ကောင်းကောင်းစားရရင်လဲ စားမယ်၊ မစားရလို့ ညံ့ညံ့စားရရင်လဲ စားတာပဲ၊ အဲဒီကိစ္စမှာ အလေးအနက်မရှိဘူး၊ ခပ်ပေါ့ပေါ့ပဲ၊ အဲဒီလိုပဲ နေရေးမှာလဲ တိုက်နဲ့နေရရင်လဲ နေမှာပဲ၊ တိုက်နဲ့မနေရလို့ တဲမှာနေရရင်လဲ နေမှာပဲ၊ ခပ်ပေါ့ပေါ့ပဲ၊ စိန်ရွှေလက်ဝတ်လက်စားတွေလဲ ဒီလိုပဲ၊ ရှိရင်တော့ ဝတ်ရမှာပေါ့၊ မရှိရင်တော့ မဝတ်ရုံပေါ့၊ မဝတ်ရရင် မနေနိုင်ဘူးဆိုတဲ့အထဲမှာ ကျွန်မမပါဘူး၊ အဲဒီကိစ္စမှာလဲ ကျွန်မဟာ ခပ်ပေါ့ပေါ့ပဲ၊ အလေးအနက်မရှိပါဘူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ထိုအခါ အန်တီစုက မျက်နှာကိုရှုံ့တွပြီး. . .

"နင့်ဟာက တစ်မျိုးပဲ၊ နောက်အရည်အချင်း တစ်ခုလောက် ပြောစမ်းပါဦး"

ဟု မေးလိုက်လေ၏။





"နောက် အရည်အချင်းတစ်ခုကတော့ ကျွန်မဟာ မကြာခဏဆိုသလိုပဲ ဆရာဆိုတဲ့လူတွေနဲ့ မငြိုပက္ခဖြစ်လေ့ရှိပါတယ်၊ ဆရာသမားဆိုတဲ့ လူတွေကိုလဲ ကျွန်မ မယုံတာများပါတယ်"

ဟု မသက်ရှည်ကပြောလိုက်ရာ အန်တီစုသည် မျက်လုံးပြူးသွားလေ၏။

"ဒီလိုဆို ညည်းကိုငါက ဘယ်လိုလုပ် ပညာသင်ပေးရမတုန်း"

ဟု အန်တီစုက မေးလိုက်လေ၏။

"မဟုတ်ဘူးအန်တီ၊ အစ်ကိုညိုယဉ်ရဲ့စာထဲမှာ ပညာသင်ဖို့များ ပါနေသလား၊ ကျွန်မပညာမသင်ချင်ဘူး၊ ကျွန်မအလုပ်လုပ်ဖို့လာတာ၊ ကျွန်မကို အလုပ်ပေးပါ၊ ပြီးရင် လုပ်ခပေးပါ၊ နေဖို့ နေရာထိုင်ခင်းပေးပါ၊ ဒါပါပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ထိုအခါ အန်တီစုက. . .

"တို့အလုပ်က ကျောက်မျက်ရတနာအလုပ်၊ ညည်းလိုဘာမှမတတ်တဲ့လူကို ဘယ်လိုလုပ်ပြီး အလုပ်ပေးရမှာတုန်း၊ ထားပါတော့လေ၊ မောင်ညိုယဉ် လွှတ်လိုက်တဲ့လူဆိုတော့ အလုပ်မပေးလို့မဖြစ်ဘူး၊ ညည်းက သင်ချင်တယ်ဖြစ်ဖြစ် မသင်ချင်ဘူးဖြစ်ဖြစ် ငါကသင်ရမှာပဲ၊ တစ်ခုပဲရှိတယ်၊ ညည်းကို ငါ့ဆီမှာလက်ခံဖို့ကိစ္စက ငါတစ်ယောက်တည်းသဘောနဲ့ လက်ခံလို့မဖြစ်ဘူး၊ လူဝင်လူထွက်မတော်ရင် ခိုက်တတ်တယ်၊ အဲဒါကတော့ ဆုံးဖြတ်လို့မရဘူး၊ မောင်ညိုယဉ်လူပဲဖြစ်ဖြစ် ဘယ်သူ့လူပဲဖြစ်ဖြစ် လက်ခံလို့ကိုမဖြစ်ဘူး၊ ငါ့မှာက အမြဲဆောင်ထားတဲ့ ဗေဒင်ဆရာတစ်ယောက်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သူက လက်ခံပါဆိုမှ ငါကလက်ခံလို့ဖြစ်မှာ၊ ဟော. . ပြောရင်းဆိုရင်း ဟိုမှာ ဆရာလာပြီ၊ မောင်လှဖေတဲ့၊ ပညာက သိပ်ပြီးတော်တာ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ဂင်တိုတိုလူတစ်ယောက် ၎င်းတို့ရှိရာသို့ ရောက်ရှိလာလေ၏။

ထိုအခါ အန်တီစုက. . .

"ဆရာလေးရောက်လာတာနဲ့ အတော်ပဲ၊ ဟောဒီမိန်းကလေးက ဒီမှာနေလို့ လူဝင်လူထွက် တော်မတော်ကြည့်ပေးပါဦး"

ဟု ပြောလိုက်လေ၏။

ထိုလူသည် အန်တီစု၏အနီးတွင် ကပ်၍ထိုင်ပြီး မသက်ရှည်အားကြည့်လိုက်လေ၏။

ထိုအခါ မသက်ရှည်အား မှတ်မိသွားလေ၏။

မသက်ရှည်ကလည်း ထိုကိုလှဖေဆိုသူအား မှတ်မိသွားလေ၏။

သို့ရာတွင် ကိုလှဖေက မမှတ်မိဟန်ပြု၍. . .

"နာမည် ဘယ့်နှယ့်ခေါ်သလဲ"

ဟု မေးလိုက်လေ၏။

"မမိုးကောင်းလို့ ခေါ်ပါတယ် ဆရာ"

ဟု မသက်ရှည်က ဖြေလိုက်လေ၏။

ထိုအခါ ဆရာလေးကိုလှဖေသည် အနည်းငယ်တွေ၍သွား၏။

ထို့နောက်မှ. . .

"မမစုရေ၊ ကြာသပတေးသမီး တနင်္ဂနွေသမီး လက်ခံလို့မရဘူး"





ဟု ဆရာကိုလှဖေက ပြောလေ၏။

"ကျွန်မက သောကြာသမီးပဲ"

ဟု မသက်ရှည်က ပြောလိုက်ရာ ဆရာကိုလှဖေက အနီးရှိခုံကို လက်ဝါးဖြင့် ဖြန်းခနဲပုတ်ကာ. . .

"သောကြာသမီး အဆိုးဆုံးပေါ့၊ အိမ်မှာလက်ခံလိုက်ရင် အိမ်ရှင်ပါသေတတ်တယ်"

ဟု ပြောပြန်လေ၏။

ထိုအခါ အန်တီစုကလည်း. . .

"မဖြစ်ဘူး. . မဖြစ်ဘူး၊ ညည်းကိုတော့ အလုပ်ပေးမယ်၊ ဒီမှာနေလို့တော့မဖြစ်ဘူး၊ ညည်းဘာသာညည်း တစ်ခြားမှာသွားနေ၊ အလုပ်ဆင်းတဲ့အချိန်ကျတော့ လာခဲ့"

ဟု ပြောဆိုကာ အန်တီစုသည် အတွင်းသို့ခဏဝင်သွား၏။

ထိုအခါ မသက်ရှည်က ဆရာကိုလှဖေအား. . .

"ဒီမှ ကိုလှဖေ၊ ရှင့်ဉာဏ် ဒါအကုန်ပဲလား"

ဟု မေးလိုက်လေ၏။

ဆရာကိုလှဖေကလည်း. . . .

"မင်းနဲ့ငါ ပြန်တွေ့ကြပြီ၊ မင်းကို နှိပ်စက်နိုင်တဲ့နေရာကို ငါရောက်နေပြီ"

ဟု ပြောလိုက်လေ၏။

"ရှင်က ယောကျ်ားဖြစ်ပြီး အတော့်ကိုညံ့တာပဲ၊ အသာစီးရပြီဆိုတာနဲ့ အနိုင်ယူဖို့ကြိုးစားတာကိုး၊ ရှင့်ရဲ့ယုတ်မာကောက်ကျစ်တဲ့ စိတ်ဓါတ်အတွက် ရှင့်ကိုသေဒဏ်ပေးရမှာပဲ"

ဟု မသက်ရှည်က ပြော၍ မခိုးမခန့်ပြုံးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ အန်တီစု ပြန်၍ထွက်လာသဖြင့် နှစ်ဦးစလုံး စကားရပ်လိုက်လေ၏။

ဆရာကိုလှဖေကလည်း တိုက်ပုံအင်္ကျီကိုချွတ်လိုက်လေ၏။

ထိုအခါ အန်တီစုက. . .

"ဆရာလေး ရောက်လာတာနဲ့ အတော်ပဲ၊ ဇက်ကြောတွေထိုးပြီး တစ်ကိုယ်လုံးကိုက်ခဲနေတယ်"

ဟု ပြောလိုက်ရာ ကိုလှဖေသည် အင်္ကျီလက်ရှည်ကိုပင့်ပြီးလျှင် ဒေါ်စု၏ဇက်ပိုးကို နှိပ်ပေးလေ၏။

ထိုသို့ နှိပ်ပေးရင်း. . .

"ဒီအချိန်မှာ တနင်္ဂနွေသမီး အပျိုဆိုရင် နည်းနည်းတော်သေးတယ်၊ တစ်ခုလပ်တို့ ဘာတို့ဆို ပိုပြီးဆိုးတယ်"

ဟု ပြောပြန်လေ၏။

ဆရာကိုလှဖေ၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက် အန်တီစုက. . .

"ဟဲ့. . . ကလေးမ၊ ညည်းကအပျိုလား၊ အအိုးလား၊ တစ်ခုလပ်လား၊ မောင်ညိုယဉ်ဆီကလာတာဆိုတော့ အပျိုမဖြစ်နိုင်ဘူး၊ သည်ကောင်က တို့အရွယ်ကြီးတွေတောင် ချမ်းသာပေးတာမဟုတ်ဘူး၊ ငါတောင် သူနဲ့မလွတ်ဘူး"

ဟု ပြေလိုက်လေ၏။

ထိုအခါ မသက်ရှည်က. . .

"ကျွန်မကတော့ သူနဲ့ဘာမှမဖြစ်ဘူး၊ မဖြစ်ဘူးဆိုတာ ကျွန်မက စောင့်ထိန်းတာမဟုတ်ဘူး၊ ကျွန်မကဖြစ်ချင်နေတာ၊ ကျွန်မ ဘယ်အချိန်အလုပ်ကို လာရမလဲ"

ဟု မေးလိုက်လေ၏။





ထိုအခါ အန်တီစုက. . .

"မနက် ခုနစ်နာရီရောက်ရင် တော်ပါပြီ"

ဟု ပြောလိုက်လေ၏။

မသက်ရှည်သည် သူ၏သားရေသေတ္တာကို ကောက်၍ကိုင်ပြီးနောက် အန်တီစုအား နှုတ်ဆက်ခဲ့၏။

ထို့နောက် ကိုလှဖေအား. . .

"ကျွန်မလဲ ခြေသလုံးကြောတွေ တက်တတ်တယ်၊ နောက်မှပဲ အနှိပ်ခံတော့မယ် အနှိပ်ဆရာကြီးရေ"

ဟု ပြောဆိုကာ ထိုနေရာမှ ထွက်ခဲ့လေတော့၏။

ထို့နောက် မသက်ရှည်သည် ဗဟန်းဘက်သို့သွားကာ သီလရှင်ဇရပ်တစ်လုံး၌ လခပေး၍ ညအိပ်နေထိုင်ရန် စီစဉ်ရလေတော့သတည်း. . .။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## ကျားနှစ်ကောင်နှင့် ထပ်၍တွေ့ခြင်း

နောက်တစ်နေ့တွင် မသက်ရှည်သည် အန်တီစု၏ ဆိုင်သို့ ရောက်ရှိလာလေ၏။

အန်တီစုသည် မသက်ရှည်ကိုမြင်လျှင်မြင်ချင်း. . .

"နေစမ်းပါဦး၊ ညည်းနာမည်က မိုးကောင်းလို့ ငါ့ပြောသွားတယ်၊ ငါ့ဆရာက ညည်းနာမည် သက်ရှည်လို့ပြောသွားတယ်၊ ငါ့ဆရာက ညည်းကိုကောင်းကောင်းသိတယ်၊ ညည်းကသာ ငါ့ဆရာကိုမသိတာ"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"မသက်ရှည် ဆိုတာလဲ မှန်ပါတယ်၊ မမိုးကောင်း ဆိုတာလဲ မှန်တာပါပဲ၊ အန်တီရဲ့ဆရာကိုလဲ ကျွန်မကောင်းကောင်း သိတာပါပဲ၊ ဒီဆရာက တကျော့ရှး ဆရာရှင့်၊ ဆေးဆရာလိုလို ဗေဒင်ဆရာလိုလိုနဲ့ တကယ့် လူရှုပ်၊ ကျွန်မကို ရိသဲ့သဲ့ လာလုပ်လို့ ပါးချလွှတ်မယ်လုပ်လိုက်သေးတာ၊ ဒီဆရာနဲ့ ရင်းရင်းနှီးနှီးနေတဲ့ မိန်းမကတော့ ဒီဆရာနဲ့ငြိကိုငြိမှာ"





ဟု ပြောလိုက်ရာ အန်တီစုသည် မျက်နှာကြီး နီမြန်းသွားလေ၏။

ထို့နောက်. . .

"ညည်းက ငါ့ကိုပါ ပြောတာပေါ့အေ"

ဟု အန်တီစုက မေးလိုက်ရာ. . .

"ဟုတ်တာပေါ့ အန်တီစု၊ အန်တီစု အဲဒီဆရာနဲ့ ရင်းရင်းနှီးနှီး နေတယ်ဆိုရင်တော့ အဲဒီဆရာနဲ့မလွတ်ဘူး၊ လွတ်တယ်လို့မငြင်းနဲ့၊ လွတ်တယ်ဆိုရင်တော့ ဟောဟို ဘုရားစင်က ရေကိုယူပြီး သစ္စာဆိုပြီး သောက်ပြမှ ကျွန်မ ယုံမယ်"

ဟု မသက်ရှည်က ပြောလေ၏။

"ငါ့ကိုတော့ ပေါက်ပေါက်ရှာရှာတွေ ထင်မနေနဲ့၊ တို့က မောင်နှမလိုနေကြတာ"

ဟု အန်တီစုက ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

ထိုအချိန်မှစ၍ မသက်ရှည်သည် အန်တီစုထံတွင် စ၍အလုပ်လုပ်ရလေတော့၏။ စာရင်းများ မှတ်ပေးရ၏။ ကျောက်များကို ကူ၍ကြည့်ပေးရ၏။ ကျောက်များကို အန်တီစုကိုင်သကဲ့သို့ကိုင်၍ ကြည့်သကဲ့သို့ကြည့်၏။ မတတ်သည်များကို အန်တီစုအားမေး၏။ အန်တီစုက မသက်ရှည်အား သင်ပြပေးလေ၏။ မျက်စိနီးသည်ဟု ဆိုရပေမည်။ တိုတောင်းသော အချိန်အတွင်း၌ပင် ကျောက်မျက်ရတနာများကို ကြည့်ရှုအကဲဖြတ်တတ်သွား၏။

ထိုလောက၌လည်း မိတ်ဆွေများရရှိလာလေတော့၏။ ထို့ကြောင့် စိန်ကုန်သည် ကျောက်ပွဲစား လောကတွင် မမိုးကောင်း၏အမည်သည် တစ်နှစ်အတွင်း၌ပင် လူသိများလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်သည် အန်တီစု၏ဆိုင်တွင် အလုပ်လုပ်စဉ်အတွင်း တစ်ပတ်လျှင်တစ်ကြိမ်ကျ ပဲခူးသို့သွား၍ အစ်ကိုညိုယဉ်နှင့်တွေ့လေ၏။

အစ်ကိုညိုယဉ်သည် မသက်ရှည်အား ချစ်တမ်းကစားနည်းကို သင်ပြခဲ့၏။ မသက်ရှည်ကလည်း ကျေကျေနပ်နပ်ကြီး သင်ယူခဲ့၏။ ကစားခဲ့၏။ သူတို့သည် ရက်ရှည်လများ ကစားခဲ့ကြ၏။

"မိန်းကလေး. . . ကျောက်မျက်ရတနာလုပ်ငန်းကို တော်တော်လေး နားလည်နေပြီလို့ပြောကြတယ်၊ အန်တီစုကြီးက မိန်းကလေးအပေါ်မှာ ကျေနပ်တစ်လှည့်၊ မကျေနပ်တစ်လှည့် ဖြစ်နေတယ်၊ ဘာကြောင့် မကျေနပ်သလဲဆိုတော့ သူနဲ့တိတ်တိတ်ညားနေတဲ့ ကိုလှဖေဆိုတဲ့လူက ကတုန်းကတိုက် လုပ်နေလို့ပဲ၊ အဲဒီတော့ မိန်းကလေး လုပ်ငန်းခွဲလုပ်ချင်ရင်လဲ ခွဲလုပ်ပေါ့၊ လိုတဲ့ငွေကို အစ်ကိုညိုယဉ် ထုတ်ပေးမှာပေါ့"

ဟု ပြောလိုက်လေ၏။

"လုပ်ငန်းခွဲလုပ်ဖို့ကတော့ ငွေမလိုပါဘူး၊ အန်တီစုကြီးကိုသနားလို့ တွဲလုပ်နေတာပါ"

ဟု မသက်ရှည်က ပြန်၍ပြောခဲ့ဖူး၏။

မသက်ရှည်သည် အန်တီစုထံတွင် အလုပ်ကိုဆက်၍လုပ်လာ၏။ အန်တီစုကလည်း လုပ်ငန်းများခွဲ၍ပေးလေ၏။ မသက်ရှည်ကလည်း လုပ်၏။

သို့ရာတွင် ထိုကျောက်မျက်ရတနာလုပ်ငန်း၏ အခြားသောထောင့်စွန်းတွင် ကျောက်သမားနှစ်ဦးရှိ၏။ ထိုနှစ်ဦးသည် ထိုလောက၌ အတော်အတန် ညြဖာ





သက်ရောက်၏။ ထိုသူနှစ်ဦးမှာ တစ်ဦးသည် ကိုသက်တင်ဖြစ်၏။ တစ်ဦးမှာ ဈေးချုပ်ထည်များရောင်းသော မာမက်ဆိုသော ကုလားပင်ဖြစ်၏။ မာမက်သည် အထည်သည်အဝမှစ်နိကုန်သည် ကျောက်ပွဲစားဖြစ်လာသူဖြစ်၏။ မသက်ရှည် ဤလောကသို့ဝင်လာမှန်း သိသောအခါ ၎င်းတို့နှစ်ဦးသည် တိုင်ပင်၍ညစ်ကြလေတော့သည်။

မသက်ရှည်၏လုပ်ငန်းသည် မျှော်လင့်သကဲ့သို့ ဖြစ်မလာဘဲရှိနေတော့၏။ လုပ်ငန်းများ ခွဲပေးလိုက်ကာမှ ဤသို့ဖြစ်လာခြင်းဖြစ်၏။ ကိုသက်တင်နှင့် မာမက်တို့ကြောင့် အရောင်းအဝယ်သမားများ အယုံအကြည်မဲ့လာခြင်းကြောင့်ဖြစ်၏။

ထို့ကြောင့် မသက်ရှည်သည် ကိုသက်တင်၏အိမ်သို့သွား၍ ကိုသက်တင်အား တွေ့လေ၏။

ထိုအခါ မသက်ရှည်က. . .

"ဒီမှာ ဦးသက်တင်၊ ရှင်ရယ် မာမက်ဆိုတဲ့ကုလားရယ် လှဖေဆိုတဲ့ ဆေးဆရာရယ်ဟာ ကျွန်မရဲ့ရန်သူတွေပဲ၊ ရှင်တို့အားလုံး သေဒဏ်ထိုက်နေပြီ၊ ဒီလောကမှာ ကျွန်မ ရပ်တည်လို့မရအောင် ရှင်တို့ညစ်နေကြပြီ"

ဟု ပြောလျှင် ကိုသက်တင်က မခိုးမခန့်ရယ်လေတော့၏။

"ကျုပ် မဟုတ်တာမပြောပါဘူး၊ မိန်းကလေးနဲ့ကန်ထရိုက်တာအဘိုးကြီး ညားဖူးတယ်ဆိုတာလောက်ပဲ ပြောတာပါ"

ဟုပြောလျှင် မသက်ရှည်သည် ယမ်းပုံမီးကျဖြစ်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ရှင်တို့ယုတ်မာတယ်လို့ ပြောတာပေါ့၊ ရှင်သေမယ့်ရက်ဟာ တစ်နေ့ထက်တစ်နေ့ နီးကပ်လာပြီ၊ ရှင်ရယ်၊ မာမက်ကုလားရယ်၊ လုဖေရယ်၊ အစ္စဘယ်လာတို့ သားအမိရယ်၊ ရှင်တို့ငါးယောက်လုံး သေချင်းဆိုးနဲ့ သေရ စေ့မယ်၊ မသေခင် အသက်ငင်နေတဲ့ အတောအတွင်း မသက်ရှည်ရဲ့လက်ချက်လို့ ရှင်သတိရလိုက်ပါ၊ ဒါပဲ ကျွန်မ သွားမယ်"

ဟု မသက်ရှည်က ပြော၍ထွက်သွားလေ၏။

မသက်ရှည်သည် မာမက် ကုလားကိုလည်း သွား၍ တွေ့လေ၏။

"ဟဲ့. . မာမက်၊ နင်ဘာတွေလျှောက်ပြီး ငါ့ကိုလူတွေ မယုံမကြည်ဖြစ်အောင် ပြောတာလဲ"

ဟု ပြောလျှင် မာမက်ဆိုသော ကုလားက. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ ဖြစ်ဖူးတယ်လို့ပြောတာပါ၊ ကျုပ်ဆိုလိုတာက ရန်ဖြစ်ဖူးတာကိုပြောတာ၊ သူတို့ဟာသူတို့ မဟုတ်တရုတ်တွေ လျှောက်ပြီးထင်နေတာတော့ ကျုပ် တာဝန်မရှိပါဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ မသက်ရှည်က. . .

"နင်လဲ တစ်နေ့တစ်ခြား သေဖို့ရက်နီးလာပြီ၊ နင့်ကို ငါသတ်မယ်၊ ဒီလောက ကနေ ငါထွက်မသွားဘူး၊ ဒီလောက မှာ ငါအောင်မြင်အောင်လုပ်မယ်၊ နင်သေခါနီးမှာ တစ်ခု အမှတ်ရဖို့ကတော့ သတ်တဲ့လူဟာ တစ်ခြားလူမဟုတ်ဘူး၊ ငါပဲ"

ဟု ပြောလိုက်လေ၏။





မသက်ရှည်သည် ပဲခူးသို့သွား၏။ အစ်ကိုညိုယဉ်သည် မသက်ရှည်၏အခက်အခဲအားလုံးကို သိနေလေ၏။ မသက်ရှည်အား ထိုကိစ္စများကိုမေး၏။ မသက်ရှည်က. . .

"အရေးမကြီးပါဘူး အစ်ကိုညိုယဉ်ရယ်"

ဟု ပြောလေ၏။

"အစ်ကိုညိုယဉ် ဘာလုပ်ပေးရမလဲ"

ဟု မေး၏။ မသက်ရှည်က ခေါင်းခါလေ၏။

ထိုအခါ အစ်ကိုညိုယဉ်က. . .

"မင်းဟာ သိပ်တော်တဲ့မိန်းကလေးပဲ၊ တစ်ချို့ မိန်းကလေးတွေဆိုရင် ဒီလိုကိစ္စမျိုးမှာ ချုံးပွဲချပြီး ငိုပြီ၊ မင်းကတော့ တစ်ခါမှ မငိုသေးဘူး၊ ငိုစရာရှိရင် ငိုလိုက် ပါလားကွယ်"

ဟု ပြောလေ၏။

မသက်ရှည်က. . .

"ငိုရမယ့်ကိစ္စမဟုတ်ဘူး၊ အံတင်းထားရမယ့် ကိစ္စတွေ ဖြစ်တယ်၊ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းနိုင်တယ်ဆိုပြီး အရေးဆိုရင် ငိုပစ်တဲ့မိန်းမစားထဲမှာ ကျွန်မ မပါဘူး"

ဟု ပြောလေ၏။

အစ်ကိုညိုယဉ်သည် ထိုင်ရာမှထလာပြီး မသက်ရှည် ၏မျက်နှာအား အပေါ်စီးမှငုံ့ကြည့်၏။

"မင်းကိုငါမြတ်နိုးတယ်၊ မင်းဟာ သာမန်မိန်းကလေး မဟုတ်ဘူး၊ မင်းဟာ ထူးခြားတယ်၊ ဒါကြောင့် မင်းမှာ သာမန်မိန်းကလေးတွေလို ချစ်တတ်တဲ့နှလုံးသားရှိမှာ မဟုတ်ဘူးလို့ ငါသိထားတယ် မိန်းကလေး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မသက်ရှည်က. . .

"ဒါအမှန်ပါပဲ ကိုညိုယဉ်၊ ကိုညိုယဉ်လဲ ဒီအတိုင်းပဲ မဟုတ်လား"

ဟု ပြောလိုက်လေ၏။

"တစ်နေ့နေ့မှာ မင်းဟာ ငါ့ကိုရော၊ အောင်မြင်နေတဲ့ လုပ်ငန်းတွေရော၊ စည်းစိမ်ဥစ္စာတွေရော စွန့်ပစ်ပြီး ထွက်သွားလိမ့်မယ်လို့ ငါသိနေတယ် ရသေ့မလေး"

ဟု ကိုညိုယဉ်က ပြောလိုက်လေ၏။

မသက်ရှည်က ပြန်၍မပြောဘဲ ပြုံးနေလေ၏။

ကိုညိုယဉ်သည် အိပ်ရာထက်တွင် လျော့ရိလျော့ရဲ လဲလျောင်းနေရာမှ မသက်ရှည်အား. . .

"မိန်းကလေး. . မင်းဟာ ငါတွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ သံလိုက်ဓါတ်အပြည့်ပါတဲ့ မိန်းကလေးပဲ၊ မင်းဟာ ငါ့ကိုညို့ထားနိုင်တယ်၊ လွှမ်းမိုးထားနိုင်တယ်၊ အစဉ်သဖြင့် ငါ့ကိုအနိုင်ယူထားနိုင်တယ်"

ဟု ကိုညိုယဉ်က ပြောလိုက်လေ၏။

မသက်ရှည်သည် တစ်ပတ်တစ်ခါ ကိုညိုယဉ်နှင့် တွေ့၏။ သူ၏လုပ်ငန်းကို မနားမနေကြိုးစား၏။ နောက်ဆုံးတွင် သူ၏လုပ်ငန်းသည် အောင်မြင်စပြုလာလေတော့၏။

တစ်နေ့တွင် သူသည် ရန်ကုန်သို့စီးနင်းလိုက်ပါရန် ဘူတာရုံ၌ ရထားစောင့်နေ၏။ သူ၏ပိုက်ဆံအိတ်ကလေးသည် သူ၏နံဘေး၌ရှိနေ၏။ သို့ရာတွင် သူသည် အိပ်ပျက်လွန်းသဖြင့် အိပ်ငိုက်စပြုနေ၏။ သီလရှင်များသည် ဘူတာရုံအတွင်းသို့ရောက်လာလေ၏။ သူတို့လည်း ရထားကိုစောင့်နေကြ၏။ ရထားတစ်စီးဆိုက်လာသောအခါ၌ သူတို့အားလုံး တက်သွားကြလေ၏။



သို့ရာတွင် သီလရှင်တစ်ဦးသည် အိတ်ကိုဘေးတွင်ချ၍ အိပ်ငိုက်နေသော မသက်ရှည်ကိုမြင်လျှင် သူ၏အဖော်များအား. . .

"ဆရာလေးတို့ လိုက်သွားကြ၊ ဟောဒီမိန်းမ သနားစရာကောင်းပါတယ်၊ သူ့အိတ်တော့ သူခိုးလက်ကို ပါသွားတော့မယ်၊ ဇရပ်ကိုလာနေကျ မိန်းမကြီးမွဲသွားတာ အဲဒီလိုနဲ့ မွဲသွားတာပေါ့၊ အဲဒီမိန်းမကြီးက စိန် ရွှေ ရတနာ ပွဲစားမကြီး၊ သူ့အိတ်ထဲမှာ စိန်၊ ရွှေ၊ ရတနာ တွေ အပြည့် ထည့်လာပြီး ဘူတာမှာငိုက်လို့ ပါသွားရာတာ၊ ပါလဲသွားရော သူပိုင်တဲ့ အိမ်တွေ၊ မြေတွေရောင်းပြီး လျော်လိုက်ရတယ်လေ"

ဟု ပြောပြီးလျှင်. . . .

သီလရှင်သည် အဖော်များနှင့်အတူ ရထားပေါ်သို့ တက်မသွားဘဲ မသက်ရှည်အနီး၌ထိုင်ကာ မသက်ရှည်ကို စောင့်ရင်း ကျန်ရစ်ခဲ့လေ၏။

အချိန်အတန်ကြာလာသောအခါ၌ မသက်ရှည်လည်း အိပ်ငိုက်ရာမှနိုးလာ၏။ ဇက်ကိုခါလိုက်လေ၏။

ထိုအခါ သီလရှင်က. . .

"နိုးပြီလား၊ ရှင့်ကိုစိတ်မချလို့ ဆရာလေးစောင့်ပေးနေတာ၊ ဆရာလေးရဲ့ အဖော်တွေက ပထမရထားနဲ့ ပါသွားကြပြီ၊ ရှင် အိတ်ကိုချပြီး ငိုက်နေတယ်၊ တစ်ချက်တစ်ချက် အိပ်တောင်ပျော်သွားတယ်"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"ကျေးဇူးတင်လိုက်တာ ဆရာလေးရယ်"

ဟု ပြောပြီးလျှင် ပိုက်ဆံအိတ်ကိုနိုက်၍ ဆရာလေးအား လှူဒါန်းရန်ပြင်ဆင်လိုက်သည့်အချိန်၌ မသက်ရှည်သည် အံ့သြသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလို့ . . မကြည်နဲ့၊ အင်း . . အင်း ဆရာလေး ကုမာရီပါလား"

ဟု ပြောလိုက်လေ၏။

ထိုအခါကျမှပင် သီလရှင်က . . . .

"အို . . ဘယ်သူများလဲမှတ်တယ် မသက်ရှည်ကိုး၊ အတော်ကလေး ဟန်ကျနေပြီလား၊ အေးချမ်းရဲ့လား"

ဟု မေးလိုက်လေ၏။

"အေးတယ် ပူတယ် မပြောနိုင်တော့ပါဘူး ဆရာလေးရယ်၊ လှုပ်ရှားရုန်းကန်နေရတာပါပဲ၊ ဆရာလေး ကတော့ အတော့်ကိုပြောင်းလဲသွားတယ်၊ ကိုယ်နဲ့မသိတဲ့ လူတစ်ယောက်ကို ကူညီဖို့အတွက် ကိုယ့်အဖော်တွေနဲ့ ခွဲပြီးနေခဲ့တယ်ဆိုတဲ့ စိတ်ဓါတ်ဟာ နည်းနည်းနောနော မြင့်မြတ်တဲ့စိတ်ဓါတ်မဟုတ်ဘူး"

ဟု မသက်ရှည်က ပြော၍ ငွေတစ်ဆယ်ကို လှူဒါန်း လိုက်လေ၏။

ရထားလာသောအခါ၌ မသက်ရှည်သည် သီလရှင် မလေးနှင့်လမ်းခွဲ၍ မီးရထားပေါ်သို့တက်သွားလေ၏။

သီလရှင်မလေး ကုမာရီသည် မသက်ရှည်အား လက်ပြရင်း ကျန်ရစ်ခဲ့လေတော့၏။

* * * * * * * * * * * *



အရောင်းအဝယ် နည်းတစ်သွယ်

မသက်ရှည်သည် လုပ်ငန်းအောင်မြင်လာ၏။ အလွန် အဖိုးတန်သော ပတ္တမြားကြီးတစ်လုံးတည်းနှင့်ပင် သိန်းနှင့်ချီ၍ မြတ်စွန်းလိုက်၏။ ထို့ကြောင့် ဆိုင်ခန်းတစ်ခန်း ဝယ်ယူ လိုက်၏။ ရပ်ကွက်ထဲတွင် အတော်အတန်ကောင်းသော အိမ်တစ်လုံး ဝယ်ယူလိုက်၏။ ၄င်းနှင့်အဖော်အဖြစ် ၄င်းအားချက်ပြုတ်ကျွေးရန် ဒေါ်ပုဆိုသော အဒေါ်ကြီးအား ခေါ်ထားလိုက်၏။ သို့ရာတွင် ဒေါ်ပုမှာ အိမ်ထောင်ရှိ၏။ ဒေါ်ပု၏ယောကျ်ားမှာ ဦးကိုရင် ဟူ၍ဖြစ်၏။ မသက်ရှည်သည် ရပ်ကွက်ထဲတွင် မိန်းမချည်းနေ၍ မသင့်တော်သောကြောင့် ဦးကိုရင်ကိုပါ ခေါ်၍ထား၏။ ဦးကိုရင်နှင့် ဒေါ်ပုတို့သည် မသက်ရှည်၏အဖော်များဖြစ်လာ၏။ မသက်ရှည်၏ ဘဝသို့ ဝင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်သည် အချိန်အားရတိုင်း လန်ချားငှားစီး ပြီးလျှင် ဒေါ်အစ္စဘယ်လာတို့အိမ်ကြီးအား သွားရောက် ကြည့်ရှုလေ၏။ တစ်နေ့နေ့တွင် ဤအိမ်ကြီးကို ဝယ်ယူမည် ဟုလည်း ဆုံးဖြတ်လိုက်၏။ ဒေါ်အစ္စဘယ်လာတို့ မိသားစု အကြောင်းကိုလည်း တစ်ဖက်တစ်လမ်းမှ စုံစမ်းကြည့်၏။ ထိုသို့ စုံစမ်းကြည့်ရာတွင် မာဂရက်သည် ဘိုအိုစီမှ မျက်နှာဖြူ တစ်ဦးနှင့် အိမ်ထောင်ကျသွားပြီဟု သိရ၏။ ဦးလေးတော်မီမှာ အနိစ္စရောက်သွားပြီဟု သိရ၏။ ဒေါ်အစ္စဘယ်လာကြီး တစ်ဦးသာလျှင် ၎င်း၏အစေအပါးများနှင့် ခမ်းနားသော အိမ်ကြီး၌ ဆက်လက်နေထိုင်နေသည်ဟု သိရ၏။

မသက်ရှည်သည် အလုပ်များကို ဆက်၍လုပ်၏။ လုပ်ငန်းများမှာ အောင်မြင်သည်ထက် အောင်မြင်လာ၏။

ထို့ကြောင့် အန်တီစုကပင်. . .

"ဟဲ့. . . ရသေ့လူထွက်မရဲ့၊ ညည်းကတော့ တကယ့်ကို အောင်မြင်ပါပေတယ်အေ၊ သူများလက်ထဲမှာ မစွံတဲ့ ပစ္စည်းတွေ ညည်းလက်ထဲရောက်ရင် စွံကုန်တာပဲ၊ ရလိုက်တဲ့ ဈေးကလဲ မပြောပါနဲ့တော့၊ ရသေ့မဘဝတုန်းက မန္တန်ကောင်းကလေး အဆောင်ကောင်းကလေး ဈေးခေါ် ကောင်းကလေးများ လုပ်တဲ့နည်းကို ရခဲ့လို့လား၊ နည်းကောင်း လမ်းကောင်းကလေးများရှိရင် တို့လဲပေးပါကွယ်"

ဟု ပြောလိုက်လေ၏။

"နည်းကောင်း လမ်းကောင်းတော့ရှိတာပေါ့ အန်တီရယ်၊ အဲဒါကတော့ တစ်ခြားမဟုတ်ပါဘူး၊ ပစ္စည်း တစ်ခုကို ကျွန်မလိုချင်တဲ့အခါမှာ အဲဒီပစ္စည်းဟာလဲ ကျွန်မ လက်ထဲကိုရောက်ဖို့ ခက်နေတဲ့အခါမှာ ကျွန်မ ညို့ပြီးယူတယ်"





ဟု မသက်ရှည်က ပြောလိုက်ရာ အန်တီစုကြီးက. .

"ဒီလိုဆိုရင် နင့်နည်းက အောက်လမ်းပဲ"

ဟု ပြောလိုက်လေ၏။

"အောက်လမ်းလဲ မဟုတ်ဘူး၊ အထက်လမ်းလဲ မဟုတ်ဘူး၊ ညို့တာဟာ ညို့တာပဲ၊ အကောင်းလဲပြောရ သေးတယ်၊ အန်တီစုက အောက်လမ်းလေး ဘာလေးဆိုတော့ မပြောပြတော့ဘူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"အလကား ပြောတာပါဟယ်. . . ငါ့လဲ နည်းလေး ဘာလေးပေးပါဦး"

ဟု အန်တီစုက တောင်းပန်လေ၏။

ထိုအခါ မသက်ရှည်က. . .

"ပစ္စည်းတစ်ခု ကျွန်မလက်ထဲမရောက်သေးဘဲ တစ်ခြားပွဲစားတွေ လက်ထဲမှာ လည်နေပြီဆိုရင် အဲဒီပစ္စည်းကို ကျွန်မသေသေချာချာကြည့်လာပြီး အိမ်ရောက်တော့ ညို့ယူကယ်၊ ညို့တဲ့နည်းက လွယ်လွယ်ကလေးပါ၊ ညအိပ်ရာ ဝင်ခါနီးမှာ အိပ်ရာထဲမှာ တစ်ကိုယ်လုံး အကြောတွေကို လျှော့လိုက်တယ်၊ ခန္ဓာကိုယ်ဟာ အဝတ်စလေးတစ်စ ပုံချထားသလို တောင့်တင်းမှုမရှိအောင် အိပ်ရာထဲမှာ ပုံပုံလေး နေလိုက်တယ်၊ ပြီးတော့ နေ့ခင်းကကြည့်လာခဲ့တဲ့ပစ္စည်းကို အာရုံထဲမှာပေါ်လာအောင် ကြည့်လိုက်တယ်၊ အဲဒီအချိန်မှာပဲ ကျွန်မကြိုက်တဲ့ ဓာတ်ပြားလေးတစ်ချပ်ကို ခပ်တိုးတိုးကလေး ဖွင့်ထားတယ်၊ အဲဒီအခါမှာ နေ့ခင်းကမှတ်လာတဲ့ ပစ္စည်းဟာ အာရုံထဲမှာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ဓာတ်ပြား သီချင်းသံကိုလဲ ကြားလိုက် မကြားလိုက်နဲ့ အိပ်ပျော်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

တာပဲ၊ တစ်ခါ တစ်ခါ အဲဒီပစ္စည်းဟာ အိပ်မက်ထဲကို ရောက်လာတယ်၊ ကျွန်မ မသိပေမယ့် ကျွန်မရဲ့လိပ်ပြာက အဲဒီပစ္စည်းကို လိုက်ရှာတော့တာပဲ၊ သိပ်ပြီးမကြာပါဘူး၊ အဲဒီပစ္စည်းဟာ ကျွန်မလက်ထဲကို တကယ်ပဲရောက်လာတော့တာပဲ၊ မယုံဘူးလား၊ အခု ကျွန်မခြံဝင်းကျယ်ကြီးနဲ့ အိမ်တစ်လုံးကို ကျွန်မအာရုံပြုထားတယ်၊ တစ်နေ့ကျရင် အဲဒီမြေနဲ့ အိမ်ကြီး ကျွန်မလက်ထဲရောက်လာမှာပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ အန်တီစုက. . .

"နင့်ဟာကလဲ အဆန်းပဲ၊ ထားလိုက်ပါတော့လေ. . နင့်လက်ထဲကပစ္စည်း ထွက်သွားအောင် ကျတော့ကော"

ဟု မေးလိုက်လေ၏။

ထိုအခါ မသက်ရှည်က. . .

"အဲဒီအတိုင်းပဲ၊ ကျွန်မစိတ်ထဲမှာ မီးပုံပျံကြီး တစ်ခုကို အာရုံပြုလိုက်တယ်၊ ကျွန်မရောင်းချင်တဲ့ပစ္စည်းကို အဲဒီ မီးပုံပျံကြီးမှာ ချိတ်ပေးလိုက်တယ်၊ အဲဒီအခါမှာ မီးပုံပျံကြီးက သယ်သွားပြီး ဘယ်ကိုရောက်သွားမှန်းတောင် မသိတော့ပါဘူး၊ တကယ်လဲပဲ မရောင်းထွက်တဲ့ပစ္စည်းဟာ ဝယ်မယ့်သူပေါ်လာပြီး ဘယ်လိုဘယ်လို ရောင်းစွဲသွားတယ်မသိပါဘူး"

ဟု ပြောလိုက်ရာ အန်တီစုက. . .

"တော်တော့. . . ငါဖြင့် အဟုတ်အောက်မေ့လို့ နားထောင်နေတာ၊ တောက်တီးတောက်တဲ့"

ဟု ပြောဆိုလိုက်လေတော့၏။

မသက်ရှည်ကလည်း မပြောတော့ပေ။

ဤသို့နှင့်ပင် မသက်ရှည်၏စီးပွားရေးသည် သိသိသာသာကြီး ပြောင်းလဲတိုးတက်လာလေတော့၏။ တစ်နေ့တွင်





ဒေါ်အစ္စဘယ်လာ၏အိမ်ကြီး ရောင်းမည်ဖြစ်ကြောင်း ပွဲစားတစ်ဦးထံမှ ကြားလေ၏။ ထိုသို့ကြားလျှင်ကြားချင်း မသက်ရှည်သည် အစ်ကိုညိုယဉ်ထံသို့ ပြေးလေ၏။

"အစ်ကို ညိုယဉ်ရေ. . . ကျွန်မလိုချင်တဲ့အိမ်ကြီးနဲ့ ခြံကြီးတော့ရပြီ၊ ကျွန်မအနေနဲ့ ဝယ်တယ်ဆိုတာ သိသွားရင်တော့ ရောင်းမယ့်လူက ရောင်းမှာမဟုတ်ဘူး၊ အိမ်ရှင်က ဒေါ်အစ္စဘယ်လာကြီးလေ"

ဟု မသက်ရှည်က ပြောလိုက်ရာ အစ်ကိုညိုယဉ်က ပြုံးလေ၏။

"ရပါတယ် မိန်းကလေး မှင်းမှာ ဝယ်ဖို့ငွေအဆင်သင့်ရှိတယ်မဟုတ်လား၊ အစ်ကိုညိုယဉ် လုပ်ပေးပါ့မယ်"

ဟု ဆိုကာ ငှင်းတပည့်တစ်ဦးကို တစ်ဖက်လှည့်နှင့် ဝယ်ယူသူအဖြစ်နှင့် ပြန်လည်စာချုပ်ယူလိုက်လေ၏။

မသက်ရှည်သည် မိမိပိုင်ဆိုင်လိုသော ဒေါ်အစ္စဘယ်လာ၏ အိမ်ကြီးနှင့်ခြံကြီးကို ရရှိပိုင်ဆိုင်ခဲ့လေတော့၏။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## လူဆိုးတွေနှင့် သူတိုင်ပင်

မသက်ရှည်သည် အိမ်ကြီးကိုပိုင်ဆိုင်ရသောနေ့က ခြံဝင်းကြီးထဲသို့ ပြေးသွား၏။ အိမ်ကြီးပေါ်သို့ ပြေးတက်သွား၏။ ထို့နောက် ၄င်းအိပ်ခဲ့ရသော မီးဖိုချောင်အနီး အခန်းကျဉ်းကလေးထဲသို့ ပြေးဝင်သွား၏။

"ဒေါ်ပုရေ. . . လာကြည့်ပါဦး၊ ဟောဒီ အခန်းကလေးဟာ ကျွန်မအိပ်ခဲ့ရတဲ့ အခန်းကလေးပေါ့"

ဟု မသက်ရှည်က ဝမ်းသာအားရ ပြောလိုက်လေ၏။

ဒေါ်ပုနှင့် ဦးကိုရင်လည်း ပြေးလာ၍ကြည့်လေ၏။

မသက်ရှည်က. . . .

"ဟောဒီအခန်းဟာ မာဂရက်ရဲ့အခန်း၊ ကျွန်မကို မီးနဲ့ထိုးတာ ဟောဒီနေရာပေါ့၊ သူတို့နှစ်ယောက် ကျွန်မကို တစ်လှည့်စီ မီးနဲ့ထိုးတာ သင်းတို့ကိုတော့ မမေ့ပါဘူး"





ဟု ရေရွတ်လိုက်လေ၏။

ထို့နောက် မသက်ရှည်သည် အင်ဂျင်နီယာတစ်ဦးခေါ်ကာ အိမ်ကြီးကို စိတ်ကြိုက်ပြုပြင်လေ၏။ ခြံထဲတွင်လည်း ရေကန်ကြီးတစ်ကန် တူးလိုက်လေ၏။ အိမ်ကြီးသည် အင်ဂျင်နီယာ၏ကျေးဇူးကြောင့် လုံးဝသစ် လုပသွားသည် မဟုတ်ဘဲ ခံ့လည်းအင်မတန် ခံ့ညားသွားလေ၏။

ထိုအိမ်ပေါ်သို့ စ၍တက်သောနေ့တွင် ကုလားလေးတစ်ယောက်သည် လွန်စွာလှပသော ကြက်တူရွေးလေးတစ်ကောင် လာ၍ရောင်းလေ၏။ မသက်ရှည်သည် ထိုကြက်တူရွေးလေးကိုဝယ်၍ လှပသော ရွှေရောင်လှောင်ချိုင့်ကလေးတစ်ခုတွင် ထည့်၍ ဆင်ဝင်အောက်တွင် ချိတ်ဆွဲထားလိုက်လေ၏။ ရွှေခဲဟုလည်း အမည်ပေးလိုက်လေ၏။

ထိုနေ့၌ပင် မော်တော်ကားတစ်စီးကို ဝယ်ယူ၏။ ထိုသို့ဝယ်ယူပြီး ကားမောင်းရန်အတွက် ဒရိုင်ဘာတစ်ဦးအလိုရှိကြောင်း မိတ်ဆွေတစ်ဦးကိုပြောလိုက်ရာ ဒရိုင်ဘာတစ်ဦးရောက်ရှိလာ၏။ ထိုဒရိုင်ဘာကြီးကို မသက်ရှည်ကောင်းစွာသိလေ၏။ ထိုဒရိုင်ဘာကြီးကလည်း မသက်ရှည်အား ကောင်းစွာသိလေ၏။ ထိုဒရိုင်ဘာကြီးကား ဦးမြမောင်ဖြစ်၏။ ထို ကိုမြမောင်ကြီးသည် တစ်ချိန်က သူ၏သူငယ်ချင်းမကြည်နွဲ့ယောကျ်ားဖြစ်၏။ ကိုမြမောင်ကြီးသည် သူဌေးသားတစ်ဦးဖြစ်ခဲ့သော်လည်း အမွေများကို မိန်းမများယူခြင်း၊ မြင်းပွဲလောင်းခြင်းဖြင့် ဖြုန်းတီးပစ်ခဲ့သောကြောင့် ဆင်းရဲသွားလေ၏။ ဦးမြမောင်ကြီးသည် ငယ်စဉ်က မည်သည့်ပညာကိုမျှ မသင်ခဲ့ရသောကြောင့် ဒရိုင်ဘာလုပ်၍ အသက်မွေးရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မသက်ရှည်က ဦးမြမောင်ကြီးအား ဒရိုင်ဘာ ခန့်လိုက်လေ၏။

"ဘယ်လိုလဲ ဦးမြမောင်၊ ရှင်ကော အကျွတ်တရားမရသေးဘူးလား"

ဟု မေးလိုက်ရာ ဦးမြမောင်ကြီးက ပဋိစ္စသမုပ္ပာဒ်ကို အလွတ်ရွတ်ပြလေ၏။ ထို့နောက် ပျင်းရိဖွယ်ရာ ရှင်းပြလေတော့၏။

ထိုသို့ရှင်းပြပြီးလျှင်. . .

"ဘုန်းကြီးမဝတ်တာ တစ်ခုတည်းပါဗျာ၊ လူကတော့ တရားဘက်ကို လုံးလုံးရောက်သွားပါပြီ"

ဟု ပြောလိုက်လေ၏။

မသက်ရှည်သည် ပန်းခြံကြီးကို မွမ်းမံထိန်းသိမ်းရန်အတွက် ကုလားမာလီကြီးတစ်ဦးအားလည်း ခန့်လိုက်လေ၏။ ထို့နောက် ဒေါ်ပုတီအား ခိုင်း၍မဖြစ်သော နေရာမျိုးတွင် ခိုင်းရန်အတွက် မသိန်းအေးဆိုသော မိန်းကလေးအားလည်း ခေါ်ယူလိုက်လေ၏။

မသက်ရှည်၏ဘဝသည် သိသိသာသာကြီး ပြောင်းလဲသွားပြီဖြစ်၏၊ မပြောင်းလဲသော အရာတစ်ခုသာရှိ၏။ ထိုအရာကား တစ်ပတ်လျှင် တစ်ကြိမ်ကျ အစ်တိုညိုယဉ်ထံသို့ သွားနေခြင်းပင်ဖြစ်၏။ မသက်ရှည်သည် လူချမ်းသာတစ်ဦး ဖြစ်သွားပြီဖြစ်၏။ ထိုအခါ၌ ငုပ်လျှိုးနေသော မူလဗီဇများ ပေါ်လာ၏။ လောင်းကစားဝိုင်းများသို့လည်း မသက်ရှည်ရောက်၏။ ပါတီများလည်း မကြာခဏ ကျင်းပ၏။ သူတစ်ပါးပြုလုပ်သော ပါတီပွဲများတိုလည်း တက်၏။ လောကကြီး၌ ငွေကိုအကြောင်းပြု၍ ပျော်ချင်တိုင်းပျော်ခဲ့၏။





သို့ရာတွင် မသက်ရှည်၏နှလုံးသားတစ်နေရာတွင် ခိုကပ်အမြစ်တွယ်နေသော အရာသည်လည်းရှိသေး၏။ ထိုအရာကား လူသားငါးဦးအား လက်တုံ့ပြန်ရန်ပင်ဖြစ်၏။ မသက်ရှည်၏စိတ်သည် ထူးဆန်း၏။ ကိုယ်တိုင် မော်တော်ကားစီးနေ၏။ သို့ရာတွင် မော်တော်ကားဖြင့် ဝင့်ဝါနေသူမဟုတ်။ ကိုယ်တိုင် လူကုံထံဖြစ်နေ၏။ သို့ရာတွင် လူကုံထံဆိုသူများကို ကြည့်၍မရဖြစ်နေ၏၊ လူတို့သည် ကျပ်တည်းကျဉ်းမြောင်းနေသည်ဟု ညည်းညူနေကြ၏။ ထိုကျပ်တည်းမှုများသည် မသက်ရှည် ရသေ့ဘဝက တွေ့ခဲ့ရသော ဆင်းရဲမှု၊ ကျပ်တည်းမှုကိုပင် မမီသော သာမန်လိုအပ်ချက်များအတွက် ညည်းညူနေကြကြောင်း၊ မသက်ရှည်တွေ့ရ၏။ ထမင်းကို မနက်စာနှင့်ညစာ မမှန်၍ ညည်းညူသည်ဆိုကြပါစို့။ ထိုညည်းညူမှုသည် အရာခပ်သိမ်း မှားသည်ဟု မသက်ရှည်ထင်မိ၏။ အဘယ့်ကြောင့်ဆိုသော် မသက်ရှည်သည် ညစာကို အစဉ်သဖြင့်ရှောင်ကြဉ်ရသော ရသေ့မတစ်ဦးဖြစ်ခဲ့သည်မဟုတ်ပါလော။

မိန်းမတစ်ယောက်သည် နားကပ်မပန်ရ၍ နားပေါက်ဟောင်းလောင်းဖြစ်နေသောကြောင့် ညည်းညူသည် ဆိုကြပါစို့။ မသက်ရှည်သည် နှစ်ပေါင်းများစွာ နားပေါက်ဟောင်းလောင်းနှင့်နေခဲ့၏။ လူကုံထံများသည် မော်ကြွားလွန်း၏။ ဆင်းရဲသားများသည် ညည်းညူလွန်းသည်ဟု မသက်ရှည်စိတ်၌ ထင်မှတ်လေ၏။

မသက်ရှည်၏ဘဝသည် မျက်နှာစာနှစ်ခုဖြစ်နေ၏၊ မကြာခဏလည်း လူ့လောက၏ ချမ်းသာသုခဆိုသောအရာကို စဉ်းစားကြည့်၏။ လူ့လောက၏ ချမ်းသာသုခကို မတွေ့ရဘဲ အပြစ်အနာအဆာများကိုသာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ကားဒရိုင်ဘာ ကိုမြမောင်ကြီးသည် ကားကိုထား၍ အိမ်သို့ပြန်သွား၏။ ကိုမြမောင်ကြီး ပြန်သွားပြီးကာမှ မသက်ရှည်သည် ပဲခူးသို့သွားလိုစိတ် ပေါ်လာ၏။ ထို့ကြောင့် ကားကိုကိုယ်တိုင်မောင်းလေတော့၏။ ထိုသို့ ကားကိုမောင်းပြီး ထွက်လာခဲ့ရာ လမ်းချိုးတစ်ခုသို့ ရောက်လျှင် သူ၏ဒရိုင်ဘာ ကိုမြမောင်ကြီးနှင့် အခြားသူ တစ်ယောက် စကားများနေသည်ကို တွေ့ရ၏။ မသက်ရှည်က ကားကိုဟွန်းတီးပြီး ရပ်လိုက်လေ၏။ ကိုမြမောင်ကြီးသည် မသက်ရှည်ကိုမြင်လျှင် အံ့အားသင့်သွား၏။

"ဘယ်ကို သွားမလို့လဲ"

ဟု မေးလိုက်လေ၏။

မသက်ရှည်က ပဲခူးသို့သွားလိုသဖြင့် ထွက်လာခဲ့ကြောင်း၊ ဖြစ်နိုင်လျှင် လိုက်၍မောင်းပို့စေလိုကြောင်း ပြောလိုက်ရာ ကိုမြမောင်ကြီးက မိမိသည် ခေါင်းမူးကြောင်း၊ နောက်နေ့တွင် လိုက်ပို့မည်ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ၎င်းနှင့်စကားများခဲ့သော လူကြီးက. . .

"အဲဒါပဲ မြမောင်၊ မင်းဟာ လူတွေအရေးကြီးပြီဆိုရင် သုံးလို့မရတော့ဘူး၊ ဟိုမှာ မိန်းကလေးကွ၊ အဲဒီခရီးကို တစ်ယောက်တည်းသွားလို့ သင့်တော်ပါ့မလား၊ လမ်းမှာ ကားတစ်ခုခုဖြစ်ပါပြီတဲ့၊ ဘယ့်နှယ့်လုပ်မတုန်း"

ဟု ပြောလေ၏။

ကိုမြမောင်ကြီးကမူ ၎င်းမှာ ခေါင်းအလွန်ကိုက်နေကြောင်း ယခုအချိန် ကားမောင်းရလျှင် ကျိန်းသေတိုက်ကုန်မည်ဖြစ်ကြောင်း ပြော၍ ငြင်းဆန်လိုက်လေ၏။

ထိုအခါ ကိုမြမောင်၏မိတ်ဆွေက. . .

ဉာဏ်ဝင်းစာပေ



"ကဲ. . . အစ်မလေး၊ မောင်းတော့ အစ်မလေး မောင်း၊ ကျုပ်ကတော့ အဖော်လိုက်ပေးမယ်"

ဟု ဆိုကာ ကားပေါ်သို့တက်ထိုင်၏။

မသက်ရှည်ကလည်း ကိုမြမောင်ကြီးအား. . .

"နေမကောင်းရင် အိမ်ကိုတန်းပြန်နော်"

ဟု ပြော၍ ကားကိုမောင်းထွက်သွားလေ၏။

ကိုမြမောင်၏မိတ်ဆွေသည် အသားအလွန်မည်း၏။ အတော်အတန်ဝဖီး၏။ သူ၏အမည်မှာ စိန်ညိုဖြစ်၏။ ိန်ညိုသည် မသက်ရှည်အား လိုက်ပို့ရင်း မသက်ရှည်နှင့် င်မင်သွား၏။

ကိုမြမောင် သူဌေးသားဘဝက ကိုမြမောင်မျက်စိတွင် ကြည့်၍မရသောသူများကို ရိုက်နှက်ပေးသောကြောင့် ထောင်ကျဖူးသူဖြစ်ကြောင်းလည်း သိရလေ၏။

"ဒီမှာ အစ်မလေး၊ စိန်ညိုတို့က လောကကြီးမှာ ဟုတ်တာအကုန်လုပ်တယ်၊ ဒါပေမယ့် လူတစ်ဖက်သားကို ူညီချင်တဲ့စိတ်လဲရှိတယ်၊ မြမောင်တို့က ဒီလိုမဟုတ်ဘူး၊ ဲဒါကို ကျုပ်ကမကြိုက်တာ၊ ကျုပ်ဟာ လူဆိုးလူမိုက် တစ်ယောက်လို့ ပြောလိုက်လို့ အစ်မလေး ကြောက်မသွားနဲ့ဦး၊ စ်မလေးကို ကျုပ်အန္တရာယ်မပြုပါဘူး"

ဟု စိန်ညိုက ပြော၏။

"ကျွန်မ မကြောက်တတ်ပါဘူး ကိုစိန်ညို၊ ဆိုးဝံ့ က်ဝံ့တယ်ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်း တွထဲက တစ်ခုမဟုတ်လား၊ လိုအပ်ရင် ကျွန်မကတောင် ကူအညီတောင်းရဦးမယ်"

ဟု မသက်ရှည်က ပြောလေ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်မလေး၊ ကူညီနိုင်တာကို အကုန်လုံး အကူအညီပေးပါ့မယ်"

ဟု စိန်ညိုက ပြောလေ၏။

"ရှင်နဲ့ ကိုမြမောင်ကြီးနဲ့ ဘာလို့စကားများနေကြ တာလဲ"

ဟု မသက်ရှည်က မေးလိုက်ရာ စိန်ညိုက. . .

"ဒီလို အစ်မလေးရေ၊ ကျွန်တော့်အပေါင်းအသင်း တစ်ယောက် ထောင်ကျနေတယ်၊ အဲဒါ သူ့မိန်းမနဲ့ သွားတွေ့ တာ၊ ကလေးလေးတ မမာနေဘူး၊ ဆေးလေးဘာလေး ကုချင်တယ်၊ အဲဒါ ငွေအစိတ်လောက်လိုနေလို့၊ ကျွန်တော့် ကလဲ လောလောဆယ် အလုပ်မရှိဘူး၊ ဒါနဲ့ မြမောင်ကြီးကို အဲဒီငွေလေးတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှာပေးပါလို့ အပူ ကပ်တာ၊ ဒီကောင်ကြီးက ရှာမပေးနိုင်ဘူးဆိုလို့ စကားများ နေကြတာပါ"

ဟု ပြောလိုက်လေ၏။

မသက်ရှည်က. . .

"သနားစရာပဲရှင်"

ဟု ဆိုကာ ငွေတစ်ရာကိုထုတ်၍ စိန်ညိုကိုပေးပြီး. .

"ကဲ. . . ကိုစိန်ညို ဆင်းတော့၊ ကျွန်မ တစ်ယောက် တည်း သွားဝံ့ပါတယ်"

ဟု ဆိုကာ အတင်းဆင်းခိုင်းလေတော့၏။

စိန်ညိုလည်း ငွေတစ်ရာရ၍ အလွန်တရာ ဝမ်းသာ သွား၏။ ထိုနောက် ထိုငွေတစ်ရာနှင့် သူငယ်ချင်း၏ကလေးကို ဆေးကုရန် ပြေးလေတော့၏။ ထိုအချိန်မှစ၍ စိန်ညိုနှင့် မသက်ရှည်တို့သည် ရင်းနှီးသွားလေတော့၏။ မကြာခဏ

ဆိုသလိုလည်း စိန်ညိုသည် အညာဘက်မှပြန်လာသောအခါ၌ ပုန်းရည်ကြီးများ၊ သနပ်ခါးတုံးများ မသက်ရှည်ကို လာ၍ပို့၏။ မြစ်ဝကျွန်းပေါ်မှ ပြန်လာသောအခါများ၌ ပုစွန်ခြောက်များ၊ ငပိန်ဆီများ၊ လာပို့၏။ တစ်ခါတစ်ရံတွင် ကိုစိန်ညို ငွေလိုသော အခါတွင်လည်း မသက်ရှည်ထံလာ၍တောင်း၏။ အလကား ပေးလိုက်သည်မဟုတ်ဘဲ ချေးသည့်ငွေများကို စိန်ညိုသည် မှန်မှန်ကန်ကန် လာပေး၏။

ထိုအခါမျိုးတွင် မသက်ရှည်သည် စိန်ညိုပေးသော ငွေအားလုံးကိုပြန်၍မယူ၊ တစ်ချို့တစ်ဝက်ကို သာယူ၍ ကျန်ငွေကို 'ရှင်ပဲသုံးလိုက်ပါ' ဟု ပြောဆိုကာ ပြန်၍ပေးလိုက် တတ်၏။

စိန်ညိုသည် မသက်ရှည်အား ရင်းနှီးရုံမျှမက လေးလည်းလေးစားလေတော့၏။

မသက်ရှည်သည် အထက်ကဆိုခဲ့သည့်အတိုင်း ပစ္စည်းကြွယ်ဝသောသူတို့ လုပ်သော အလုပ်များကို ဆက်၍ လုပ်နေ၏။ သူသည် လောကကစားပွဲကြီးထဲတွင် အမျိုးမျိုး အဖုံဖုံ ကျင်လည်၍ကစားနေခဲ့၏။ သူကိုယ်တိုင် အိမ်စေ ဖြစ်ခဲ့ရသောအိမ်တွင် သူကိုယ်တိုင် အိမ်ရှင်အဖြစ် ကျင်လည် နေရ၏။ ကုန္ဒြေကိုစောင့်ထိန်းရသော ရသေ့မလုပ်ကြည့်ခဲ့၏။ ယခုမူ ကုန္ဒြေကို စောင့်ထိန်းရန်မလိုသော လူကုံထံအမျိုးသမီး လုပ်နေရပြန်၏။

သို့ရာတွင် ကျေနပ်ရောင့်ရဲမှု မရသေးပေ။ တစ်စုံ တစ်ခုလိုနေသည်ဟု စိတ်၌ထင်မှတ်နေ၏။ ထိုတစ်စုံတစ်ရာ မှာ သူလွန်စွာမုန်းတီးသော လူငါးဦးအား လက်စားချေရန် ဖြစ်သည်။ သူသည် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ထားရန်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်မလာဘဲ ထိုကိစ္စသည် သူ၏ချင်ခြင်းဖြစ်လာ၏။

တစ်နေ့သ၌ စိန်ညိုသည် သူ၏ထံသို့လာလည်၏။ ထိုအခါတွင် စိန်ညိုက. . .

"အစ်မလေး. . . အစ်မလေးအတွက် ကျွန်တော်ဘာများ လုပ်ပေးရမလဲ"

ဟု မေးလိုက်ရာ မသက်ရှည်က. . .

"ဖြစ်နိုင်ရင် ကျွန်မအတွက် လူသတ်ပေးစေချင်တယ်၊ တစ်နေရာတည်း တစ်ချိန်တည်းမှာ လူငါးယောက်ကို တစ်ခါတည်း ဇီဝိန်ချုပ်ပစ်ချင်တယ်"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"အစ်မလေး တကယ်ပြောတာလား. . . ကျွန်တော့်အတွက် အဲဒီကိစ္စက ခက်တဲ့ကိစ္စမဟုတ်ဘူး"

ဟု စိန်ညိုက ပြန်၍ပြောလိုက်လေ၏။

"တကယ်ပြောတာပေါ့၊ ဒီကိစ္စဟာ ရယ်စရာဖြစ်ရမယ့်ကိစ္စမှ မဟုတ်ဘဲ ကိုစိန်ညိုရဲ့"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"အဲဒီ လူငါးယောက်ဟာ လောကကြီးမှာ ရှိရင် မကောင်းဘူးလား"

ဟု ကိုစိန်ညိုက လေးလေးနက်နက် မေးလိုက်လေ၏။

"ဟင့်အင်း. . . မကောင်းဘူး၊ ကျွန်မ အသက်ရှင်နေတာ ကျွန်မအလုပ်လုပ်နေတာ ဒီလူငါးယောက်ကို သတ်ပစ်ဖို့ပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။



"ဒီလိုဆိုရင်လဲ သတ်ပစ်လိုက်ပေါ့၊ သူတို့ဘယ်မှာလဲဆိုတာ ကျွန်တော့်ကိုပြ"

ဟု စိန်ညိုက ပြောလိုက်လေ၏။

"တစ်နေရာတည်း တစ်ချိန်တည်းမှာ ကျွန်မစုပေးမယ်၊ ရှင်က တစ်ချိန်တည်းမှာ အားလုံးရဲ့အသက်ဇီဝိန်ကို ခြွေပစ်ဖို့ပဲ၊ ဘယ်နေရာမှာဆုံပေးမယ်၊ ဘယ်လိုသွားရမယ်ဆိုတာကတော့ နောက်ဆုံးအချိန်မှာ ရှင့်ဆီကို သတင်းပေးလိုက်မယ်၊ ရှင်က အဲဒီနေရာကို အရောက်သွားပြီး အဲဒီလူငါးယောက်ရဲ့အသက်ကို ခြွေပစ်လိုက်ဖို့ပဲ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"စိတ်ချပါ အစ်မလေး၊ အားလုံး သေချင်းဆိုးနဲ့သေကုန်ဖို့ ကျွန်တော် မောင်စိန်ညို တာဝန်ယူပါတယ်"

ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် မသက်ရှည်နှင့် မောင်စိန်ညိုတို့သည် အကုသိုလ်မှုကြီးတစ်ခုကို ကျူးလွန်ရန် စည်းဝါးရိုက်ခဲ့ကြလေတော့သတည်း. . .။

* * * * * * * * * * *

www.burmeseclassic.com

## ဆောင်ချောက်တွင်းသို့ ဝင်လာသူများ

မသက်ရှည်သည် လူငါးဦးအား လူ့လောကမှ အပြီးအပိုင် ထုတ်ပစ်ရန်အတွက် စဉ်းစားရာတွင် သာမန်ကာလျှံကာ စဉ်းစားခဲ့သည်မဟုတ်။ နာကြည်းချက်ကို အားအားသဖွယ် အသုံးပြု၍ စနစ်တကျ စဉ်းစားခဲ့ခြင်းဖြစ်၏။ သူသည် ဒေါ်အစ္စဘယ်လာတို့မိသားစု၏ နေရပ်လိပ်စာကို စုံစမ်း၏။ စုံစမ်း၍ရရှိသောအခါ၌ လည်လည်ပတ်ပတ်ရှိသော သူ၏လက်ပါးစေ တပည့်ကလေးတစ်ဦးကို အလုံးစုံသင်ပြ၍ ဆက်သွယ်ခဲ့၏။ သူ့အားနှိပ်စက်ခဲ့သော သူနှင့် ညီအစ်မတစ်ဝမ်းကွဲသာကွဲသည့် မာဂရက်သည် ဘီအိုစီအရာရှိကြီး မစ္စတာ မကျောလေး၏ မိန်းမဖြစ်နေ၏။ မာဂရက်မှ မစ္စစ်မကျောလေး ဘဝသို့ရောက်ရှိနေပေပြီ။



www.burmeseclassic.com


မသက်ရှည်သည် မာဂရက်အား သတိရကြောင်း၊ ငယ်စဉ်ကပြုခဲ့သော အပြုအမူများကိုလည်း အမှတ်မထားကြောင်း၊ အစဉ်လည်း သတိရကြောင်း၊ ယခုအခါတွင် မိမိသည် ချမ်းသာနေပြီဖြစ်၍ ငယ်စဉ်ကနေထိုင်ခဲ့ရသော ကျေးဇူးကို ထောက်ထားကာ ကျေးဇူးဆပ်လိုကြောင်းတို့ကို သူ၏ယုံကြည်စိတ်ချရသော လက်ပါးစေတစ်ဦးမှ တစ်ဆင့် အကြောင်းကြားလိုက်လေ၏။

ထိုအခါ မာဂရက်သည် မသက်ရှည်နှင့် လာတွေ့လေ၏။

မသက်ရှည်သည် ယခုအခါ၌ စိန် ရွှေရတနာလုပ်ငန်းဆိုင်ကြီးတစ်ဆိုင် ခမ်းနားစွာဖွင့်လှစ်ထားသည့်အပြင် အခြားအဖိုးတန်ပစ္စည်းများ ရောင်းဝယ်သည့် ကုမ္ပဏီကြီးအားလည်း မန်နေဂျာနှင့်လွှဲအပ်ကာ တွင်တွင်ကျယ်ကျယ်ကြီး လုပ်ကိုင်ထားပြီဖြစ်၏။ ထိုကုမ္ပဏီကြီးကို မိုးကောင်း ကုမ္ပဏီဟု အမည်ပေးထား၏။ ကုမ္ပဏီဟုဆိုသော်လည်း မည်သည့်အစုရှယ်ယာမှ ပါသည်မဟုတ်။ မသက်ရှည် တစ်ဦးတည်းပိုင်ဖြစ်၏။

မာဂရက်သည် ကုမ္ပဏီသို့ရောက်လာ၏။ မသက်ရှည်နှင့်တွေ့၏။ မသက်ရှည်သည် မာဂရက်အတွက် ဆွဲကြိုးတစ်ကုံးနှင့် ရွှေလော့ကတ်သီးလေးတစ်ခု လုပ်ပေးလိုက်၏။ ထိုလော့ကတ်သီးပေါ်၌ (Forget Me Not) 'ကျွန်မကို ဘယ်တော့မှ မမေ့ပါနဲ့' ဟူသော စာတမ်းကလေးကိုပါ ထိုးပေးလိုက်၏။

ထို့နောက်တွင်လည်း မာဂရက်လာတိုင်း ရွှေလက်စွပ်ကလေး တစ်ကွင်းပေးလိုက်၊ ရွှေနားကပ်ကလေးတစ်စုံ လုပ်ပေးလိုက်နှင့် အယုံသွင်းလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

"မမ မာဂရက်ရေ. . . ကျွန်မလုပ်ငန်းက သိပ်ကို အောင်မြင်နေတော့ ရန်ကလဲသိပ်များတယ်၊ ကျွန်မယောကျ်ားတစ်ယောက်ရဖူးတယ်၊ အဲဒီ့ယောကျ်ားကလဲ ပစ္စည်းတွေကို တစ်ဝက်လိုချင်နေတာ၊ အဲဒီအကြောင်းတော့ ဘယ်သူမှ မသိစေနဲ့နော်၊ ပြီးတော့ ကျွန်မနဲ့မမ မာဂရက် ဒီလိုအဆက်အသွယ်ရှိတာ ဘယ်သူမှမသိစေနဲ့၊ ကျွန်မကလဲ ဒီမှာပစ္စည်းလာဝယ်နေတဲ့ ဖောက်သည်လို့ အသိပေးထားတာ၊ အဲဒီလိုမှ အရေးဟယ်အကြောင်းဟယ်ဆိုတာ မမအနေနဲ့ ဝင်ပြီး ကူညီနိုင်တာပေါ့၊ ကုန်ကုန်ပြောမယ် မမရယ်၊ မမယောကျ်ားမစ္စတာ မကျောလေးကိုတောင် အသိမပေးနဲ့"

ဟု လက်သိပ်ထိုး မှာထားလိုက်လေ၏။

မာဂရက်လည်း မသက်ရှည်၏စကားများကို ယုံကြည်နေပြီဖြစ်ရာ. . .

"စိတ်ချပါဟယ်၊ ငါတို့က ဘိုဆန်တယ်မဟုတ်လား၊ မြန်မာမတွေလို စပ်စပ်စုစု မလုပ်တတ်ဘူး၊ ဘယ်သူမှ မသိစေရပါဘူး သက်ရှည်ရယ်"

ဟု မာဂရက်က ပြောလေ၏။

"ကျွန်မလေ ခရစ်ယာန်ဘာသာထဲ ဝင်မယ်၊ ဒါမှ ဝိ(လ်) (Will) သေတမ်းစာ ရေးခွင့်ရှိမယ်မဟုတ်လား၊ အဲဒီတော့ ကျွန်မယောကျ်ားဟောင်းကများ ကျွန်မအသက်ကို လုပ်ကြံလို့ သေသွားတယ်ဆိုပါတော့၊ ကျွန်မပိုင် ပစ္စည်းအားလုံးကို မမ မာဂရက် တစ်ယောက်တည်း ဒါမှမဟုတ် အန်တီ ဒေါ်အစ္စဘယ်လာတို့နဲ့ မမ တစ်ဝက်စီ ပိုင်သင့်ကြောင်း ဝိလ် ရေးခဲ့မယ်"

ဟု မသက်ရှည်က ပြောလေ၏။





ထိုအခါ မာဂရက်သည် မသက်ရှည်အပေါ်၌ လွန်စွာယုံကြည်သွားလေ၏။

"ကျွန်မလေ အရေးအကြောင်းရှိရင် မမဆီကို လူကြုံနဲ့ အကြောင်းကြားလိုက်မယ်၊ အဲဒီအခါမှာ မမ မာဂရက်က ကျွန်မချိန်းတဲ့နေရာကို ကျွန်မချိန်းတဲ့နေ့ ကျွန်မချိန်းတဲ့နာရီအရောက် အတိအကျလာခဲ့နော်၊ အဲဒီလို အတိအကျဖြစ်မှရမှာ၊ ကျွန်မယောကျ်ားက သိပ်ပြီးညာဏ်များတာ၊ အဲဒီလောက် အတိအကျဆောင်ရွက်မှ ကိုယ့်ဘက်ကနိုင်မှာ၊ ပြီးတော့ ကျွန်မဘက်က ကူညီမယ့်ယောကျ်ား သုံးယောက်လဲရှိတယ်၊ ကုလားတစ်ယောက်ပါတယ်၊ အဲဒီလို ချိန်းတဲ့အခါ ကျွန်မဘက်က ကူညီမယ့်ယောကျ်ားသုံးယောက်လဲ ရောက်နေကြမှာပါ၊ ဘာမှမပူနဲ့၊ အဲဒါကလဲ လိုရမည်ရ မှာထားတာပါ မမရယ်"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"စိတ်ချပါ သက်ရှည်ရယ်၊ နင်မှာလိုက်တဲ့အချိန်မှာ ငါချက်ချင်းလာခဲ့ပါ့မယ်၊ ဘာမှမပူပါနဲ့"

ဟု မာဂရက်က ပြောလေ၏။

ထို့နောက်တွင်ကား အရေးအကြောင်းရှိက လာရောက်ရမည့်နေရာကို မသက်ရှည်က မြေပုံဆွဲ၍ပြလေ၏။ ပြီးလျှင် ထိုမြေပုံကို ဆုတ်ဖြဲပစ်လိုက်၏။

မာဂရက်က စိတ်၌. . .

"ဒီကောင်မလေး အခုလို ပါးရည်နပ်ရည်၊ ကြံရည်ဖန်ရည်ရှိလို့ ချမ်းသာသွားတာပဲ"

ဟု ကျိတ်၍ ချီးကျူးမိလေ၏။

ထို့နောက် မသက်ရှည်သည် ဒေါ်အစ္စဘယ်လာကြီးထံသို့ သွားရောက်တွေ့ဆုံကာ ဒေါ်အစ္စဘယ်လာကြီးအား


www.burmeseclassic.com

www.burmeseclassic.com

စိန်လက်စွပ်ကြီးတစ်ကွင်း ကိုယ်တိုင်ဝတ်ပေးပြီး ထိုင်၍ ကန်တော့လေ၏။ လွန်စွာဘိုဆန်သော ဒေါ်အစ္စဘယ်လာကြီးသည် ထိုသို့ကန်တော့ခြင်းကို လွန်စွာနှစ်သက် သဘောကျလေ၏။

မကြာခဏဆိုသလို အဝတ်အထည်များ၊ ဖိနပ်များ၊ အိမ်သုံးပစ္စည်းများဝယ်ကာ ဒေါ်အစ္စဘယ်လာကြီးနေထိုင်ရာ ကြို့ကုန်းသို့ သွား၍ ပေးကမ်းလေ၏။ ထိုသို့ပေးကမ်း၍ ယုံသလောက်ရှိလျှင် မသက်ရှည်သည် မာဂရက်အား ပြောသည့်အတိုင်း ဒေါ်အစ္စဘယ်လာကြီးအား ပြောလေ၏။ ဒေါ်အစ္စဘယ်လာကြီးကလည်း အစဉ်ထာဝရ မသက်ရှည်ဘက်က ရှိမည်ဖြစ်ကြောင်း ကတိပေးလိုက်လေ၏။

ထို့နောက် ဦးသက်တင်ကိုလည်း မသက်ရှည်သည် ပြန်လည်ချဉ်းကပ်လေ၏။ ထိုသို့ချဉ်းကပ်ပြီး ယခင်ယခင်က ပြောဆိုခဲ့သည်မှာ စိတ်လိုက်မာန်ပါ ပြောဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ယခုအခါတွင် မိမိမှာ အားကိုးရာမဲ့နေကြောင်း၊ မိမိနှင့်အိမ်ထောင်ကျဖူးသော ယောကျ်ားတစ်ယောက်သည် မိမိအား နိုင်လိုမင်းထက်ပြုကာ ပစ္စည်းများသိမ်းပိုက်ရန် အကြံရှိနေကြောင်း၊ ထို့ပြင် မိမိ၏အသက်ကိုပါ လုပ်ကြံမည်ဟု အခိုင်အမာသတင်းရထားကြောင်း၊ ထို့ကြောင့် မိမိအသက်နှင့် စည်းစိမ်ဥစ္စာကို ကာကွယ်ရန် အားကိုးရှာရာ ဦးသက်တင်ကြီးသာတွေ့ရကြောင်း၊ ထို့ကြောင့် မိမိအား ကာကွယ်ပေးပါရန်၊ ထိုသို့ ကာကွယ်ပေးရာ၌လည်း အလဟဿမဖြစ်စေရဘဲ ထိုက်ထိုက်တန်တန် ပူဇော်မည်ဖြစ်ကြောင်း၊ တစ်ခါက ဦးသက်တင်ကြီး လွန်စွာလိုချင်သော်လည်း လက်လွတ်သွားရသော ပတ္တမြားကြီး ဘစ်လုံးလည်း မကြာမီ၌





တိုင်းတစ်ပါး စော်ဘွားကြီးတစ်ဦး၏ တူမထံမှ မြန်မာပြည်သို့ ပြန်လည်ဝင်လာမည်ဖြစ်ကြောင်း၊ ထိုအခါ ဦးသက်တင်လက်သို့ ရောက်အောင် မိမိက တာဝန်ယူကြောင်းများကို ပြောလေ၏။

ထိုအခါ ဦးသက်တင်သည် အခြားအချက်အလက်များထက် မိမိလက်ထဲသို့ ပတ္တမြားကြီး ပြန်ရောက်လာမည်ဟူသော စကားတစ်ခွန်းတည်းနှင့်ပင် မသက်ရှည်၏ဘက်မှ ဘက်တော်သား ဖြစ်သွားလေတော့၏။

သို့ရာတွင် မိမိနှင့် ဦးသက်တင် အဆက်အသွယ်ရှိကြောင်း ပတ်ဝန်းကျင်က မသိမှသာလျှင် မိမိတို့လုပ်ငန်းသည် ပို၍အောင်မြင်မည်ဖြစ်ကြောင်း ပြောဆိုရာ ဦးသက်တင်က သဘောတူလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးဆက်သွယ်ရမည့် ပုံစံတစ်ခုကို စီစဉ်လေ၏။

"ကျုပ်ဆီကို စာတိုက်နဲ့ပဲဆက်သွယ်ပါ၊ တယ်လီဖုန်းတွေဘာတွေမသုံးနဲ့၊ စာတိုက်က မနက် စာမသိမ်းခင် ကျုပ်ဆီစာထည့်ရင် နေ့လည် ဆယ့်တစ်နာရီမထိုးခင် ကျုပ်ဆီရောက်မှာပဲ၊ ဒါပေမယ့် ကျုပ်လိပ်စာနဲ့ မထည့်နဲ့၊ ဦးသက်တင်ဆင်ဖြူတော်ကျောင်း ဗဟန်းဆိုပြီး ထည့်လိုက်"

ဟု ဦးသက်တင်က ပြောလေ၏။

ထိုအခါ မသက်ရှည်က. . .

"အဲ့ဒီအတိုင်းထည့်ရင် စာက ဗဟန်းဘုန်းကြီးကျောင်းကို ရောက်သွားမှာပေါ့"

ဟု ပြောလိုက်လေ၏။

"ဘယ်ဟုတ်မလဲ မသက်ရှည်ရယ်၊ စာတိုက်က စာပို့သမားကို ကျုပ်က ပိုက်ဆံပေးထားမှာပေါ့၊ အဲဒီလိပ်စာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည်တွေ့ရင် ကျုပ်ဆီကို အမြန်ဆုံးလာပို့လို့ မှာထားရင် သူတို့လား. . . က ပြီးတော့တောင် လာပို့သေးတာပေါ့"

ဟု ဦးသက်တင်က ပြောလေ၏။

ထို့နောက် မသက်ရှည်သည် ဦးသက်တင်အလို ရှိသော ဇတ်ဝင်ပတ္တမြားကြီးနှင့် ဦးသက်တင်အား မှားထားလိုက်လေ၏။ မသက်ရှည်၏ အထူးမှာကြားချက်မှာ မှာလိုက်သောနေ့၊ မှာလိုက်သောနာရီတွင် အတိအကျ ဆက်ဆက်လာစေရန်သာ မှာထားခြင်းဖြစ်၏။

ထို့နောက် မသက်ရှည်သည် မာမက်နှင့်ပြန်၍ ဆက်သွယ်၏။ မာမက်ကိုလည်း ယခင်ဖြစ်ပျက်ခဲ့သည်များကို အမှတ်မထားရန် အမျိုးမျိုး အဖုံဖုံ တောင်းပန်၏။ ဤသို့ မသက်ရှည်တောင်းပန်လျှင် မာမက်သည် ကျေနပ်သွား၏။

ထိုအခါ၌ မသက်ရှည်က. . .

"ဒီမှာ မာမက်၊ ငါဟာ ချမ်းသာလာပြီ၊ အဲဒီတော့ ငါဟာ ရန်တွေရှိနေတယ်၊ အဲဒီထဲမှာ အကြီးဆုံးရန်က ငါယူခဲ့ဖူးတဲ့ ယောကျ်ားပဲ၊ သူက ငါ့အသက်ကိုလုပ်ကြံပြီး ငါ့ပစ္စည်းတွေကို အပိုင်သိမ်းမလို့ ကြံနေတယ်"

ဟု ပြောလိုက်ရာ မာမက်က. . .

"ပဲခူးက လူလား"

ဟု မေးလိုက်လေ၏။

"အစစ်ပေါ့၊ အဲဒီလူအပြင် ဘယ်သူရှိဦးမှာလဲ၊ ငါက သူ့တော့ပြန်ပြီးမယူဘူး၊ ငါ အေးအေးဆေးဆေးဖြစ်ရင် နင့်ကိုပဲယူမယ်၊ ငါစဉ်းစားကြည့်ပြီးပြီ၊ နင်ကမှ ငါ့အန္တ အတာခံမှာ၊ အရေးအကြောင်းရှိလို့ ငါမှာလိုက်တာနဲ့ ငါပြောတဲ့နေရာကို နင်လာပေတော့၊ အဝတ်အစားလဲ

ဉာဏ်ဝင်းစာပေ



ကောင်းကောင်းဝတ်လာခဲ့၊ အဲဒီမှာ လူကြီးသုံးလေးယောက် ငါခေါ်ထားမယ်၊ နင်သိတဲ့ လူတွေလဲ ပါရင်ပါမှာပေါ့ဟယ်၊ အဲဒီလူကြီးတွေရှေ့မှာ နင်နဲ့ငါနဲ့ လက်ထပ်မယ်၊ ပြီးတော့ နင်ကငါ့ကိုတစ်ခါတည်း လွတ်ရာကိုခေါ်သွားပေတော့၊ ကျန်တဲ့ကိစ္စတွေကိုတော့ ငါ့လူတွေက ရှင်းထားလိမ့်မယ်၊ တစ်ချက်ကလေးအံချော်တာနဲ့ နင်လဲငါ့ကိုရမှာ မဟုတ်တော့ဘူး၊ ငါလဲသေမှာပဲ"

ဟု ပြောလေ၏။

ထို့နောက် မသက်ရှည်သည် မာမက်ထံသို့ အခေါက်ခေါက်အခါခါ သွား၍နှုတ်ရာ တဏှာရူး မာမက်သည် အယုံကြီး ယုံသွားလေတော့၏။

လူတို့သည် ပြောလွယ် ဆိုလွယ်၊ မေ့လွယ် ပျောက်လွယ် ပြုကျင့်ကြသည်က များ၏။ မသက်ရှည်တို့ကဲ့သို့ လူစားမျိုးကား တစ်ထောင် တစ်ယောက်၊ တစ်သောင်း တစ်ယောက် ရှိခဲလှ၏။

အထက်ကဆိုခဲ့သော မေ့လွယ် ပျောက်လွယ် လူစားမျိုးတို့သည် မသက်ရှည်တို့ကဲ့သို့သော လူမျိုးနှင့်တွေ့လျှင် ဒုက္ခဖြစ်တတ်လှပေ၏။

တစ်နေ့တွင် မသက်ရှည်သည် ဆရာကိုလှဖေ လာမည့်လမ်းတွင် မော်တော်ကားဖြင့် စောင့်နေ၏။ ကားကိုလည်း ကိုယ်တိုင်မောင်းခဲ့ခြင်းဖြစ်၏။

ကိုလှဖေကိုမြင်လျှင် မသက်ရှည်က ကားပေါ်မှ ဆင်း၍. . .

"ဒီမှာ ကိုလှဖေ"

ဟု ခေါ်ကာ ပြုံး၍ပြလိုက်လေ၏။ ထိုအခါ ကိုလှဖေက. . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"အလို. . သူဌေးမကြီး၊ ဘယ်ကနေ ဘယ်လို မျက်စိလည်ပြီး ဒီကိုရောက်လာတာလဲ၊ ကျုပ်ကတော့ ခရီးကြုံကားကြုံလေး ကပ်စီးဖို့ အခွင့်အရေးရပြီနဲ့တူပါရဲ့"

ဟု ခနိုးခနဲ့လေသံဖြင့် ပြောလိုက်လေ၏။ သို့ရာတွင် မသက်ရှည်က. . .

"ဒီလို မဟုတ်ပါဘူး အစ်ကိုလှဖေရယ်၊ အစ်ကိုလှဖေ သွားချင်တဲ့ဆီကိုပြောလေ၊ ကျွန်မလိုက်ပို့ပေးမှာပေါ့"

ဟု ဆိုကာ ကိုလှဖေကို ကားနှင့်တင်၍ခေါ်လာလေ၏။ ထို့နောက် လူရှင်းသောနေရာအရောက်တွင် ကားကို ရပ်ပြီးနောက်. . .

"ဒီလို အစ်ကိုလှဖေရဲ့၊ အခုအခါမှာ ကျွန်မဟာ ချမ်းချမ်းသာသာ ဖြစ်လာပြီဆိုတော့ ရန်တွေက သိပ်များတယ်၊ အထူးသဖြင့် ကျွန်မက ဘာကိုကြောက်သလဲဆိုတော့ သေနတ်ကိုကြောက်တယ်၊ ဓားလောက်ဆိုရင်တော့ ကျွန်မက မိန်းမဆိုပေမယ့် ရင်ဆိုင်ဝံ့သေးတယ်၊ သေနတ်ကိုတော့ ကြောက်တယ်ရှင့်၊ အဲဒါနဲ့ ကျွန်မလဲ သေနတ်ပြီးတဲ့ဆေး လိုက်ရှာလိုက်တာ ရောင်းတဲ့လူနဲ့တွေ့ပြီ၊ သူတို့ပစ္စည်းက မိုးကြိုးသွားဆိုပဲ၊ စမ်းပြီးမှ ဝယ်ပါတဲ့၊ အဲဒီတော့ ကျွန်မဝယ်ဖို့ စကားပြောထားတယ်၊ ငွေချေတဲ့အခါမှာ နောက်ဆုံးစမ်းခွင့် ရှိသေးတယ်တဲ့၊ အဲဒီတော့ ကျွန်မသေနတ်ယူလာမယ်၊ အစ်ကိုလှဖေက စမ်းပေး၊ ပြီးတော့မှ ငွေချေမှာ၊ ကျွန်မ တစ်ယောက်တည်းဆို သူတို့က လုချင်လုမှာ၊ ဒီတော့ အစ်ကို လှဖေက ကျွန်မနဲ့ အဖော်လိုက်ပေး၊ အဲဒီလို အဖော်လိုက် ပေးတဲ့အတွက်လဲ ကျွန်မက ငွေတစ်သောင်းပေးမယ်၊ တကယ် လို့ သူတို့က ဟိုကျမှ ယီးတီးယားတားလုပ်ရင် ဘယ့်နှယ် လုပ်မလဲ"



ဟု မသက်ရှည်က ပြောလိုက်ရာ ဆရာကိုလှဖေက. .

"စိတ်ချပါ ညီမရယ်၊ အစ်ကိုတို့က လူခြောက်ယောက် လောက်တော့ လုံပါတယ်၊ အစ်ကိုတတ်ထားတဲ့ သိုင်းပညာ မျိုးတတ်တာ အစ်ကိုနဲ့မှ သုံးယောက်ပဲရှိတယ်၊ အစ်ကို ဆရာရယ်၊ အစ်ကိုရယ်၊ အစ်ကိုနဲ့ ပညာညီအစ်ကိုတော် တစ်ယောက်ရယ် ဒါပဲရှိပါတယ်၊ မြန်မာပြည်မှာ သိုင်းတတ် ပါတယ်ဆိုလို့ မေးလိုက်ရင် ရှမ်းကြီးသိုင်း၊ ရှမ်းတရုတ်သိုင်း၊ မြန်မာသိုင်း ဒီလောက်ပဲသိကြတာ၊ အစ်ကိုတတ်ထားတဲ့ ဇောက်ထိုးမိုးမျှော်သိုင်းဆို ဘယ်သူမှကြားတောင်မကြားဖူးဘူး"

ဟု ပြောလိုက်လေ၏။

"ယုံပါတယ် အစ်ကိုရယ်၊ အစ်ကို တစ်ကိုယ်လုံးမှာ ဆေးတွေချည်းပဲဟာ၊ ဒါ သိုင်းတတ်လို့ ထိုးထားတာ မဟုတ်လား၊ ဒါက သိပ်အရေးမကြီးဘူး၊ အခု ပစ္စည်းဝယ်ဖို့က သူတို့ ချိန်းတဲ့နေ့၊ သူတို့ချိန်းတဲ့နာရီမှာရောက်လာမှ သူတို့က ရောင်းမှာတဲ့၊ ပြီးတော့လဲ ဝယ်တဲ့လူကလဲ အပိုလူအဖြစ် တစ်ယောက်ထက်ပိုပြီး မခေါ်ခဲ့ရဘူးတဲ့၊ အဲဒီတော့ အရောင်း အဝယ် လုပ်မယ့်နေရာကို ကျွန်မက အရင်ရောက်နေမယ်၊ အစ်ကိုလှဖေက ကျွန်မချိန်းတဲ့အချိန်ရောက်ရင် တော်ပါပြီ၊ အရောင်းအဝယ်လုပ်မယ့်နေရာတော့ အခုလိုက်ပြမယ်၊ အရောင်းအဝယ်လုပ်မယ့်နေ့နဲ့အချိန်ကို တစ်ရက်ကြိုပြီး ကျွန်မအကြောင်းကြားမယ်"

ဟု မသက်ရှည်ကပြောဆိုကာ ကားဖြင့်တင်၍ ခေါ်သွားလေ၏။

ထိုနေရာမှာ ငမိုးရိပ်ချောင်း၏ ကမ်းနဖူး တစ်နေရာ ပင်ဖြစ်၏။ အဒန်ဘီးဆိုသော ကုလားမီးခြစ်စက်သူဌေး

www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်ထားသည့် ကိုယ်ပိုင် ဘန်ဂလိုလေးဖြစ်၏။ ၄င်းမီးခြစ်စက်သူဌေးသည် တစ်လလျှင်မှ တစ်ခေါက် ထိုဘန်ဂလိုလေးသို့လာ၍ တစ်ရက်နှစ်ရက် အနားယူလေ့ ရှိ၏၊ ယခုမူ ထိုမီးခြစ်စက်သူဌေးသည် အိန္ဒိယသို့သွားပြီဖြစ်၏၊ ဟိုမှာ ခြောက်လခန့်နေမည်ဟု လူကုံထံအသိုင်းအဝိုင်းက သတင်းရထား၏။ ထိုဘန်ဂလိုကိုစောင့်သော အစောင့်မှာလည်း ရုတ်တရက် လေဖြတ်ထား၍ ဘန်ဂလိုသို့မလာနိုင်ချေ။ ၄င်း၏မိန်းမကသာ ဆယ်ရက်တစ်ခေါက် ထိုဘန်ဂလိုသို့လာ၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ဖုန်သုတ်ခြင်းလုပ်သည်ဟု မသက်ရှည်က သိထား၏။ ထို့ကြောင့် ဘန်ဂလိုသော့အတုလုပ်၍ ဖွင့်ကြည့်၏။ အစစအရာရာ အကွက်ချပြီးသောအခါ၌ ဤဘန်ဂလိုလေးအတွင်း သူ၏ သားကောင်ငါးကောင်အား တစ်နေ့တည်း တစ်ချိန်တည်း စုစည်းရန်အတွက် နေရာအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်၏။

မသက်ရှည်သည် ကိုလှဖေအား ထိုဘန်ဂလိုသို့ ခေါ်သွားပြီး. . .

"ဒီနေရာပဲ အစ်ကို၊ ကျွန်မကိုချိန်းထားတဲ့နေရာ၊ အဲဒီနေ့မတိုင်ခင် ကျွန်မတစ်ရက်ကြိုပြီး အစ်ကို့ဆီအကြောင်းကြားမယ်၊ တကယ်လို့ ကျွန်မချိန်းတဲ့နေ့မှာ ကျွန်မ မရောက်ခင် အစ်ကိုကကြိုရောက်နေရင် ဒီထဲကိုပဲ ဝင်စောင့်နေ၊ ကျွန်မမှာ သော့နှစ်ချောင်းရှိတယ်၊ ကိုလှဖေ တစ်ချောင်းယူထား"

ဟုဆိုကာ မသက်ရှည်သည် ကိုလှဖေအား သော့တစ်ချောင်းကို ပေးလိုက်လေ၏။

ထို့နောက် ပြန်ခဲ့လေ၏။



အပြန်လမ်းတွင် မသက်ရှည်က ဤအကြောင်းအား မည်သူ့ကိုမျှမပြောရန် အထူးသဖြင့် အန်တီစုကြီးအား မပြောရန် မှာကြားလိုက်လေ၏၊

"စိတ်ချပါ ညီမရယ်၊ မသိစေရပါဘူး၊ အစ်ကို့ကို စိတ်ချစမ်းပါ"

ဟု ကိုလှဖေက ပြော၏၊

ထို့နောက် မသက်ရှည်သည် ဆရာကိုလှဖေ ဆင်းလိုသောနေရာတွင် ကားကိုရပ်ပေးလိုက်ရာ ဆရာကိုလှဖေသည် ကားပေါ်မှ ပျော်ရွှင်မြူးတူးစွာ ဆင်းသွားလေတော့၏၊

ထို့နောက်တွင်ကား သူသည် စိန်ညိုနှင့်တွေ့ဆုံ၏၊ စိန်ညိုသည် တိုက်ကျွဲတစ်ကောင်ကဲ့သို့ ချိုသွေးနေ၏၊

"ဘယ်လိုလဲ အစ်မလေး၊ အဆင်သင့်ရှိပြီလား"

ဟု မေးလိုက်လေ၏၊

မသက်ရှည်က. . .

"အားလုံး အဆင်သင့်ရှိပြီ"

ဟု ပြောလိုက်လေ၏၊

"အစ်မလေး တကယ်နာကြည်းတာကိုး၊ တကယ့်ကို ဝဆောင်းတာပဲ၊ ဘယ်လိုများ စလိုက်သလဲ"

ဟု စိန်ညိုက မေးလိုက်လေ၏၊

ထိုအခါ မသက်ရှည်က. . .

"လူဆိုတာ ဝါသနာပါရာကိစ္စမှာ အကြ, နကြ တာပဲ၊ ထူကြတာပဲ၊ အဲဒီနည်းနဲ့ ဖမ်းလိုက်တာပေါ့"

ဟု ပြောလိုက်လေ၏၊

"ဘယ်လိုလဲ အစ်မလေး၊ ဝါသနာပါတဲ့ကိစ္စမှာ တတ်ကျွမ်းကြတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိန်ညိုက မေးရာ မသက်ရှည်က. . .

"မဟုတ်ဘူး ကိုစိန်ညို၊ ဝါသနာပါတဲ့ကိစ္စမှာ ထူးကြတာ၊ ဥပမာပြောမယ်ရှင်၊ အရက်လုံးဝ ဝါသနာမပါတဲ့လူကို ဘယ်ကိုလိုက်ခဲ့ပါ၊ နိုင်ငံခြားအရက်ကောင်းကောင်း ရပါမယ်လို့ပြောပြီး သူ့ကိုမျှားကြည့်ပါလား၊ သူ ဘယ်လိုက်မလဲ၊ သူမှ ဝါသနာမပါတာကိုး၊ အဲဒီလိုပဲ မိန်းမဝါသနာမပါတဲ့လူကို မိန်းမနဲ့မျှားကြည့်ပါလား၊ လိုက်မှာမဟုတ်ဘူး၊ အဂ္ဂိရတ် ဝါသနာမပါတဲ့လူကို ဓါတ်လုံးနဲ့မျှားကြည့်ပါလား၊ စိတ်တောင် ဝင်စားမှာမဟုတ်ဘူး၊ ဒါပေမယ့် အဂ္ဂိရတ်ဝါသနာပါတဲ့လူကိုတော့ ဓါတ်လုံးနဲ့မျှားကြည့်ပါလား၊ ကပြီးတောင် လိုက်လာဦးမယ်၊ အခုနေ ရှင့်ကို ဂျော့ဘုရင်ကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ တံဆိပ်ခေါင်းတစ်လုံးရှိတယ်လို့ ပြောကြည့်ပါလား၊ ရှင့်အနေနဲ့ လှုပ်တောင်လှုပ်မှာမဟုတ်ဘူး၊ ဒါပေမယ့် တံဆိပ်ခေါင်း စုဆောင်းတဲ့ ဝါသနာအိုးကို ပြောကြည့်ပါလား၊ ဘယ်မလဲ ဘယ်မလဲဆိုပြီး အတင်းထလိုက်လာမှာ၊ ကျွန်မက အဲဒီအချက်ကိုသိထားတော့ အဲဒီအချက်နဲ့ပဲ သူတို့ကိုခေါ်ယူဖို့ စီစဉ်တယ်၊ တစ်ယောက်ဆိုရင် ကျွန်မက သူ့ကို အဲဒီမှာ လက်ထပ်ပါမယ်ဆိုပြီးတောင် ပြောလိုက်ရတာ၊ အဲဒီလူဟာ နောက်တော့ ရှင်တွေ့ပါလိမ့်မယ်၊ မင်္ဂလာဆောင်တဲ့ သတို့သားလို ဂိုက်တွေ ဆိုက်တွေ လုပ်လာပါလိမ့်မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုစိန်ညိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက်တွင်ကား မသက်ရှည်သည် သူ၏ သားကောင်များအား တစ်နေ့တည်း တစ်ချိန်တည်း ရောက်ရှိ





စေရန်အတွက် နေ့စွဲနှင့် နာရီကိုသတ်မှတ်ကာ အကြောင်းကြားလိုက်လေတော့၏။ အဝေးဆုံးဖြစ်သောသူမှာ မာဂရက်ခေါ် မစ္စမကော်လေးဖြစ်၏။ သူ့အတွက် ခရီးသွား ရက်ကိုပါ ထည့်၍တွက်ရလေ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ချောက်မြို့တွင်နေသောကြောင့်ဖြစ်၏။ ကျန်လူများမှာမူ အားလုံးလိုလိုသည် ရန်ကုန်ကချည်းဖြစ်၏။

မသက်ရှည်သည် စိန်ညိုအား ထိုလုပ်ငန်းကို လုပ်ရမည့်နေ့နှင့် နာရီကိုမူ နီးကပ်သောကာလတွင်မှ ပြောလိုက်၏။ သို့သော် သွားရောက်လုပ်ကိုင်ရမည့် နေရာကိုမူ မပြောဘဲထား၏။ ထိုနေရာကို နောက်ဆုံးအချိန်နားကပ်မှ ပြောလိုက်မည်ဖြစ်၏။ ထိုသို့ပြောလိုက်မှပင် စိန်ညိုသည် ထိုနေရာသို့သွားကာ အဆင်သင့်စုဆောင်းထားသော လူငါးဦးအား မလွတ်တမ်း လုပ်ကြံသတ်ဖြတ်ရန်ဖြစ်၏။

ထိုသို့ သတ်ဖြတ်ရာတွင်လည်း လုဖေဆိုသော လူအားစောစီးစွာသတ်ဖြတ်ပစ်ရမည်ဟု မသက်ရှည်ကမှာထား၏။ လုဖေ၏အမည်ကိုလည်း ပြောပြမထားဘဲ ပုံသဏ္ဍာန်ကိုသာ ပြောပြထား၏။

"အဲဒီတစ်ယောက်ကတော့ ကိုစိန်ညိုအနေနဲ့ ဂရုတစိုက်လုပ်ရမှာပဲ၊ သူက သိုင်းတတ်တယ်"

ဟု မသက်ရှည်က ပြောလိုက်ရာ စိန်ညိုက ရယ်လေ၏။

"သိုင်းသမား တော်တော်များများနဲ့ ကျွန်တော် ရင်ဆိုင်ဖူးပါတယ်၊ ဒါပေမယ့် အပြောသိုင်းသမားတွေက များတယ်၊ တကယ့် သိုင်းသမားကရှားပါတယ်၊ အဲဒီတကယ့် သိုင်းသမားမဟုတ်တဲ့ အပြောသိုင်းသမားတွေဟာ ရှင်သူနဲ့



www.burmeseclassic.com

www.burmeseclassic.com

တကယ်တွေ့တဲ့အခါ သူတို့ရဲ့ သိုင်းကွက်တွေဟာ ဖောင်မလေး ကြောက်ပါပြီ ကွက်တွေဖြစ်ကုန်တာပဲ၊ အခု အစ်မလေး ပြောတဲ့ သိုင်းသမားဆိုတာလဲ ဒါမျိုးဖြစ်မှာပါ"

ဟု စိန်ညိုက ပြောလိုက်လေ၏။

"စိတ်ချမယ် ကိုစိန်ညို"

ဟု ပြောလိုက်ရာ. . .

"တစ်ယောက်မှ မလွတ်စေရဘူး"

ဟု စိန်ညိုက ပြန်၍ပြောလိုက်လေ၏။

မသက်ရှည်သည် စိန်ညိုအား ပြုံးပြလိုက်၏။

"တွန်မကာ ဘာပဲလုပ်လုပ် အဲဒီလို ပိုင်ပိုင်နိုင်နိုင်လုပ်မှ သဘောကျတာ"

ဟု မသက်ရှည်က ပြော၍ ပြန်သွားလေတော့သတည်း။

* * * * * * * * * * *

## နောက်ဆုံး ပြေရှင်းချက်

မသက်ရှည်သည် လူငါးဦးအား မိမိအပေါ် ကျူးလွန်ထားမှုအတွက် ယနေ့အဖို့ ဆုံးမမည့်နေ့ဟု သတ်မှတ်ထားလိုက်၏။ ထိုယနေ့ကို အတိအကျဆိုရပါမူ (၁၉၃၈ ခု ဇူလိုင်လ ၈ ရက်) နေ့ဖြစ်၏။ သူသည် ထိုလူငါးဦးအား ဆုံးမမည့် လုပ်ငန်းအတွက် တစ်ချိန်တည်း တစ်နေရာတည်းတွင် ဆုံးမနိုင်ရန်စီမံထား၏။ ယနေ့ ညနေလေးနာရီတွင် ထိုလူငါးဦးအား ကျကျနနကြီး သွန်သင်ဆုံးမရန် စိတ်၌ဆုံးဖြတ်ထား၏။

သူသည် ထိုသတ္တဝါငါးဦးအား တစ်ချိန်တည်း တစ်နေရာတည်းတွင် စုစည်းမိစေရန်လည်း စီမံထားပြီး ဖြစ်၏။ ထိုသတ္တဝါငါးဦးမှာမူ မိမိတို့၏သေတွင်းကို မတွေ့ကြ၊ မိမိတို့၏ အာခေါင်ကိုချိတ်ဆွဲမည့် သံချိတ်ကိုမမြင်ဘဲ ငါးစာ ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ဟပ်သည့်ငါးကဲ့သို့ မသက်ရှည်မှာသော ငါးစာကိုသာလျှင် အငမ်းမရ ဟပ်နေကြကုန်၏။

မသက်ရှည်သည် ထိုနေ့အဖို့ အလွန်ပျော်နေ၏။ ထို့ကြောင့် အိပ်ရာမှ အရုဏ်မတက်မီပင် နိုးခဲ့ရ၏။ အိပ်ရာမှ နိုးလျှင်နိုးချင်း ကိုယ်လက်သန့်ရှင်းခြင်း၊ ရေချိုးခြင်းကိုပြု၏။ ၄င်းအနှစ်သက်ဆုံးဖြစ်သည့် ခရမ်းရောင် ပရိုကိတ်လုံချည်ကို ဝတ်၏။ တဖျပ်ဖျပ်အရောင်ထနေသော စိန်ထည် လက်ဝတ်လက်စားများကို ထုတ်၍ဝတ်၏။ ခရမ်းရောင်ပုံတော် ကတ္တီပါဖိနပ်ကို စီးလိုက်၏။

ဒေါ်ပုသည် မသက်ရှည်အနီးသို့ရောက်လာပြီးလျှင်. . .

"မနက်စာအတွက် ဘာလုပ်ပေးရမလဲ"

ဟု မေးလိုက်၏။

မသက်ရှည်က. . .

"မနေ့က ထမင်းကြမ်းကျန်တယ် မဟုတ်လား၊ အဲဒါ ပဲပြုတ်နဲ့နယ်လိုက်"

ဟု ပြောလိုက်ရာ ဒေါ်ပုသည် မျက်လုံးပြူးသွားလေ၏။

ထို့နောက် ဒေါ်ပုက. . .

"ထမင်းအိုး အသစ်တည်လိုက်ရင်လဲ မကြာပါဘူး၊ ပဲပြုတ်ကလဲ ဈေးတင်ရပါတယ်၊ ကိုရင်ကို ခိုင်းလိုက်ရုံပေါ့"

ဟု ပြောလိုက်ရာ မသက်ရှည်က ခေါင်းကိုခါလိုက်လေ၏။

"မဟုတ်ဘူး ဒေါ်ပု၊ ထမင်းကြမ်းကိုပဲ စားချင်တယ်၊ ပူအောင်ဆိုပြီး နွေးတောင်မနွေးနဲ့၊ ထမင်းကြမ်း အေးအေးချည်းအတိုင်း စားချင်တယ်၊ ပဲပြုတ်မရရင်လဲ ဒေါ်ပုတို့စားတဲ့ ငါးပိရည် နည်းနည်းဆမ်းပြီး ငရုတ်သီးမှုန့်လေးပါ များများဖြူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

"မဟုတ်တာပဲ ကလေးရယ်၊ ထမင်းကြမ်းက စားလေ့စားထမရှိရင် ဗိုက်နာတတ်တယ်"

ဟု ဒေါ်ပုက ပြောလိုက်လျှင် မသက်ရှည်က. . .

"ကျွန်မ ဗိုက်နာချင်လို့ပါ"

ဟု ပြန်၍ပြောလိုက်လေ၏။

"ထမင်းကြမ်းက သိပ်ရင်ပြည့်တာ ကလေးမ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ကျွန်မ ရင်ပြည့်ချင်တယ် ဒေါ်ပု"

ဟု မသက်ရှည်က ပြောပြန်လေ၏။

"တော်တော်ကြာ အန်လိမ့်မယ်"

ဟု ဒေါ်ပုက နောက်ဆုံး သတိပေးပြန်လေ၏။ သို့ရာတွင် မသက်ရှည်က. . .

"ကျွန်မ အန်ချင်တယ် ဒေါ်ပု၊ ဒီနေ့ ကျွန်မအန်မယ့်နေ့ပဲ၊ စကားမရှည်ပါနဲ့ ဒေါ်ပုရယ်၊ ကျွန်မပြောတာသာ လုပ်ပါ၊ ဒီနေ့ကတော့ တစ်သက်လုံး မျိုသိပ်ထားရတာတွေကို အန်ထုတ်ပြမယ့်နေပဲ ဒေါ်ပု"

ဟု ပြောဆိုကာ မသက်ရှည်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

"ဟား. . ဟား. . . ဟား. . ဟား"

ဒေါ်ပုကလည်း ကပျာကယာ မီးဖိုထဲသို့ ပြေးဝင်သွားလေ၏။

မီးဖိုတွင်းသို့ရောက်လျှင် ကိုရင်အား. . .

www.burmeseclassic.com

www.burmeseclassic.com

"ဈေးကို မြန်မြန်ပြေးပြီး စားတော်ပဲပြုတ် ပြေးဝယ် စမ်းပါဦး"

ဟု ပြောလိုက်ရာ ကိုရင်က. . .

"စားတော်ပဲပြုတ်က ဘာလုပ်ဖို့လဲဟ"

ဟု မေးလေ၏။

"မိန်းကလေးက စားတော်ပဲပြုတ်နဲ့ ထမင်းကြမ်း နယ်ပြီး စားချင်တယ်ဆိုလို့ ကျုပ်က ရင်ပြည့်ပြီး အန်တတ်တယ်လို့ ပြောတော့လဲ ဒီနေ့ အန်မယ့်နေ့ပဲတဲ့၊ တစ်သက်လုံး မျိုသိပ်ထားရတာတွေ ဒီနေ့ အန်လိုက်မယ်တဲ့၊ မဟုတ်မှလွဲရော မိန်းကလေးမှာ ပယောဂ ရှိတယ်နဲ့တူတယ်၊ တစ်ယောက်ယောက်က ဘူးသွင်းထားလို့ ဒီနေ့ အဲဒါတွေ အန်ထုတ်လိမ့်မယ်နဲ့ တူတယ်"

ဟု ဒေါ်ပုက ပြောလိုက်ရာ ကိုရင်က. . .

"ဘာပဲဖြစ်ဖြစ်ကွယ်၊ သူစိတ်ချမ်းသာအောင် ဝယ်ပေးလိုက်မယ်"

ဟု ပြောကာ ဒေါ်ပုထံမှ ပိုက်ဆံတောင်း၍ ဈေးသို့ ထွက်သွားလေ၏။

မသက်ရှည်သည် အခန်းတွင်းသို့ ဝင်သွား၏။ ထို့နောက် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ကြည့်လိုက်ရာ ခရမ်းရောင်အဝတ်အစားနှင့် မိမိသည် ချောမောလှပ နေသည်ကို တွေ့မြင်လေ၏။

ထိုအခါ မသက်ရှည်၏စိတ်၌. . .

"ဒါ ငါ မဟုတ်ဘူး၊ ဒါ သက်ရှည်အစစ်မဟုတ်ဘူး၊ ပိုက်ဆံအလွန်ချမ်းသာတဲ့ မမိုးကောင်း၊ သက်ရှည်အစစ်က ဒီလိုမဟုတ်ဘူး၊ ဒီအိမ်ကြီးကို ရောက်လာတုန်းက ပိတ်အကျီ



အဖြူ၊ သရက်ထည်လုံချည်အနွမ်းနဲ့ ဖာစုတ်ကလေးပိုက်ပြီး ရောက်လာတာ"

ဟု တွေးပြီး ဝတ်ထားသော ခရမ်းရောင်အကျီကို ဆွဲဖြုပစ်လိုက်လေ၏။

ထို့နောက် ပိတ်အကျီဟောင်းလေး တစ်ထည်ကို မရမကရှာဖွေရာ အလွန်အင်မတန် ဟောင်းနွမ်းနေသော အကျီကလေးတစ်ထည်ကို တွေ့၍ ဝတ်ဆင်လိုက် ပြီးလျှင်. . .

"ဒါတောင် နည်းနည်းကောင်းနေသေးတယ်"

ဟု ပြောလိုက်ပြီးလျှင် ရေလဲလုပ်ရန်အတွက် ချုပ်ထားသော သရက်ထည်လုံချည်ကလေးကို လဲဝတ်ပြီး မှန်တွင်ကြည့်ကာ. . .

"ဒါမှ သက်ရှည်စစ်စစ် ဖြစ်သွားတာ၊ ဒီအိမ်ကြီးကို ရောက်တုန်းက ဒီလိုအဝတ်အစားတွေနဲ့ရောက်လာတာ၊ ဒါပေမယ့် ဖာကလေးတစ်လုံးလိုသေးတယ်"

ဟု ဆိုကာ ခေါင်းလောင်းကလေးကို တီးလိုက် လေ၏။

ထိုအခါ မီးဖိုချောင်အတွင်းမှ ဒေါ်ပုသည် ပြေးလာ ပြီးလျှင်. . .

"ဘာလဲ မိန်းကလေး"

ဟု အထိတ်တလန့် မေးလိုက်သည်။

"ဒေါ်ပု အဝတ်အစားထည့်တဲ့ ဖာကလေးပေးစမ်းပါ"

ဟု မသက်ရှည်က ပြောရာ ဒေါ်ပုလည်း ကြောင်၍ ရပ်နေလေ၏။

"ဒေါ်ပု ဘာကြောင်နေတာလဲ၊ သွားယူလေ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုမှပင် ဒေါ်ပုလည်း အိမ်နောက်ဖေးရှိ ၎င်း၏ အခန်းတွင်းသို့ပြေးသွားပြီးလျှင် ကွပ်ပျစ်အောက်မှ ဖာကလေးကိုထုတ်၍ အဝတ်အစားများကိုဖယ်ပြီး ဖာကလေးကို ယူလာပြီးလျှင် မသက်ရှည်အား ပေးလေ၏။

မသက်ရှည်လည်း ဒေါ်ပုလက်မှ ဖာကလေးကို အငမ်းမရလှမ်းယူလိုက်ပြီး ခါးစောင်း၌တင်ကာ မှန်ကိုကြည့်လိုက်ပြီး ပြုံးလိုက်လေ၏။

ဒေါ်ပုသည် မသက်ရှည်ကိုကြည့်၍ အံ့သြနေလေ၏။ မသက်ရှည်ကမူ...

"ဒေါ်ပုရေ့ အခုမှ ကျွန်မဖြစ်သွားတယ်"

ဟု ပြောလိုက်ရာ ဒေါ်ပုက...

"ဘာလဲ မိန်းကလေး"

ဟု မေးလိုက်လေ၏။

"ကျွန်မ မသက်ရှည်ဖြစ်သွားပြီ"

ဟု ပြောလိုက်ရာ ဒေါ်ပုသည် အံ့သြပြီး...

"မသက်ရှည်ဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်လေ၏။

"မသက်ရှည်ဆိုတာ ကျွန်မပေါ့"

ဟု မသက်ရှည်က ပြောလိုက်ရာ...

"ဟောတော့... မိန်းကလေးက မမိုးကောင်း မဟုတ်လား"

ဟု ဒေါ်ပုက ပြန်၍မေးလိုက်လေ၏။

"ဟုတ်တယ်၊ မမိုးကောင်းဆိုတာလဲ ကျွန်မပဲ၊ မသက်ရှည်ဆိုတာလဲ ကျွန်မပဲ၊ မမိုးကောင်းဖြစ်ကတည်းက မသက်ရှည်မဖြစ်ရတာကြာပြီ၊ ဒီကနေ့မှ မသက်ရှည် ပြန်ဖြစ်သွားတယ်၊ အဲဒါ ကျွန်မ မသက်ရှည်"





ဟု မသက်ရှည်က ပြောလိုက်ရာ...

"ဟောတော့... နားတော့ ဝက်ပါလှည့်နေပြီ၊ ထွက်ပေါက်မတွေ့တော့ဘူး"

ဟု ဒေါ်ပုက ပြောလိုက်လေ၏။ ထိုအခါ မသက်ရှည်က...

"ပြောလဲ ဒေါ်ပုနားလည်မှာမဟုတ်ဘူး၊ အဲဒီနေ့ ရွှေခဲလေးကို လွှတ်ရမယ့်နေ့ပဲ၊ ရွှေခဲလေးကို သွားလွှတ်ရဦးမယ်၊ ဘယ်မလဲ ထမင်းကြမ်းနဲ့ပဲပြုတ်"

ဟု ဆိုကာ မသက်ရှည်သည် ခါးစောင်းတွင် တင်ထားသော ဖာကို အောက်သို့ချလိုက်လေ၏။

ထိုအခါ ဒေါ်ပုလည်း...

"ရမယ် မိန်းကလေး"

ဟု ဆိုကာ မီးဖိုချောင်ထဲသို့ ပြေးသွားလေ၏။

များမကြာမီ၌ ဒေါ်ပုသည် ထမင်းကြမ်းနှင့် ပဲပြုတ်နယ်ကာ ငါးပိရည်ဆမ်းပြီး အပေါ်မှငရုတ်သီးမှုန့်များဖြူး၍ ကြက်သွန်ဥကြီးနှစ်လုံးကိုပါ ပန်းကန်ထဲတွင်ထည့်ပြီး ရေနွေးကြမ်း တစ်ကရားပါ အဆင်သင့်ပြင်ဆင်၍ တင်ထား ပေးလိုက်လေ၏။

မသက်ရှည်လည်း အိပ်ခန်းမှထွက်လာပြီးလျှင် ထမင်းစားပွဲသို့သွားလေ၏။ ထို့နောက် ငရုတ်သီးမှုန့်နှင့် ထမင်းကို နယ်ကာ ကြက်သွန်ဥများကို တကျွတ်ကျွတ်ကိုက်၍ ထမင်းကို အားရပါးရ စားလေတော့၏။ စပ်လွန်း၍ ချွေးများ ပြန်လာ၏။ ထိုထဲတွင် ရေနွေးကြမ်းဂူပူကို မှုတ်၍ သောက်သဖြင့် မျက်နှာတွင် ချွေးများသီးနေ၏။ မသက်ရှည်သည် ဤသို့စားရသည်ကို လွန်စွာကျေနပ်၍နေလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"အရင်က ငါ ဒီအတိုင်းစားခဲ့ရတာ၊ ငါ အရင်က အတိုင်း ပြန်ဖြစ်သွားပြီ၊ ဒီကနေ့ကတော့ အဟောင်းတွေ အသစ်ဖြစ်တဲ့နေ့ပဲ"

ဟု ရေရွတ်လိုက်လေ၏။

ထို့နောက် မသက်ရှည်သည် လက်ဆေး၏။ ပြီးလျှင် ရေနွေးကြမ်းတစ်ခွက် သောက်ပြီးနောက်. . . .

"ဒေါ်ပုရေ၊ စားလို့ကောင်းလိုက်တာ"

ဟု ပြောလိုက်လေ၏။

"မိန်းကလေးကောင်းဖို့ပဲ လိုပါတယ်၊ ဒါမျိုး နေ့တိုင်း စားချင်တယ်ဆိုရင်လဲ နေ့တိုင်းလုပ်ပေးရုံပေါ့"

ဟု ဒေါ်ပုက ပြောလိုက်ရာ မသက်ရှည်က. . .

"သိပ်ပြီးတော်တဲ့ ဒေါ်ပုပဲ၊ ဒီနေ့တော့ ဒေါ်ပုနဲ့ ဦးကိုရင်ကိုတော့ ဆုချရမယ့်နေ့ပဲ၊ တော်တော်ကြာ မာလီ ရောက်လာမယ်၊ သူ့ကိုခေါ်ထားလိုက်၊ သူ့ကိုလဲ ဆုချမယ်၊ ပြီးတော့ ဒေါ်ပုတို့လင်မယားလည်းရေချိုး၊ မာလီကိုလဲ ရေချိုးခိုင်းထား၊ အင်္ကျီအသစ်တွေလဲ ဝတ်ထား၊ ပြီးတော့ မသိန်းအေးလေးကိုလဲ ပြောလိုက်၊ အိမ်အလုပ်တွေလဲ ဘာမှမလုပ်ကြနဲ့၊ ငြိမ်ငြိမ်ကလေး ထိုင်နေကြ"

ဟု ပြောလိုက်လေ၏။

ဒေါ်ပုသည် စဉ်းစားနေ၏။ မိမိတို့အား အဝတ်အစားအသစ်များကို ဝတ်ခိုင်းပြီး သူကိုယ်တိုင်ကမူ အဝတ်အစား အဟောင်းအနွမ်းများကို ဝတ်ထား၏။ တစ်စုံတစ်ရာ ထူးခြားနေသည်ကိုတော့ ဒေါ်ပုအနေနှင့် ရိပ်မိ၏။ ထို့ကြောင့် ဒေါ်ပုသည် မယောင်မလည်နှင့် မီးဖိုချောင်ထဲသို့ဝင်ကာ ကိုရင့်အား ခေါ်ခဲ့၏။



ကိုရင်လည်း မလှမ်းမကမ်းတွင် ရပ်နေ၏။

ထိုအခါ မသက်ရှည်က. . .

"ဦးကိုရင်၊ ဒီနေ့ ရေချိုးရမယ်နော်၊ အဝတ်အစား သစ်တွေ ထုတ်ဝတ်ရမယ်၊ ဒရိုင်ဘာ ကိုမြကြီးရောက်လာရင် သူ့ကိုလဲ ရေချိုးခိုင်း၊ အဝတ်အစား အသစ်လဲဖို့လဲ ပြန်လွှတ်လိုက်"

ဟု ပြောလိုက်ရာ ဦးကိုရင်က. . .

"မိန်းကလေးက ချိုးဆိုတော့လဲ ချိုးရမှာပေါ့လေ"

ဟု ပြန်၍ပြောလေ၏။

"အားလုံး ရေချိုးရမယ်၊ ဟောဟိုမှာ အမွှေးဆပ်ပြာတွေ ယူကြ၊ ရေချိုးကြ၊ မသိန်းအေးတို့ ဒေါ်ပုတို့က သနပ်ခါးတွေ ဘာတွေလိမ်း အဝတ်အစားအသစ်တွေဝတ်၊ စားပွဲမှာလာထိုင်ကြ၊ စားချင်တာတွေကို ပြောကြ၊ ကျွန်မ ဒိုင်ခံချက်မယ်၊ ပြီးတော့ ကျွန်မက စားပွဲထိုးမယ်၊ ဒေါ်ပုတို့ ငါးယောက်လုံး တစ်သက်လုံး ဆင်းရဲလာတာ၊ ဒီမနက်ကစပြီး ချမ်းသာပြီလို့ မှတ်ကြပေတော့"

ဟု ပြောလိုက်ရာ ဦးကိုရင်က. . .

"နေပါဦး မိန်းကလေးရယ်၊ ကျုပ်တို့က ဘယ်လိုကနေ ဘယ်လို ဒီမနက်ကျမှ ချမ်းသာသွားရမှာတုန်း၊ ကျုပ်တော့ မိန်းကလေးစကားကြားရတာ ကြက်သီးထမိတယ်၊ ဆင်းရဲတဲ့သူ ချက်ချင်းချမ်းသာရင် သေရတတ်တယ်၊ ကျုပ်တို့များ သေနေ့စေ့ပြီလား မဆိုနိုင်ဘူး"

ဟု ပြောလိုက်ရာ မသက်ရှည်က. . .

"တောက်တီးတောက်တဲ့ ဦးကိုရင်ရယ်၊ ဘာဖြစ်လို့ သေနေ့စေ့ရမှာလဲ၊ ကျွန်မက ဦးကိုရင်တို့ ငါးယောက်လုံးကို



www.burmeseclassic.com

www.burmeseclassic.com

ငွေတွေအများကြီးပေးမှာ၊ ငွေတွေရရင် ကိုယ်ကြိုက်တာ လုပ်ကြပေတော့၊ အကောင်းဆုံးကတော့ ဒီအိမ်မှာမနေကြဘဲ တစ်ခြားမှာ သွားနေကြတော့၊ အားလုံးကို လွှတ်လပ်ခွင့် ပေးလိုက်ပြီ၊ ပထမဦးဆုံး လွှတ်လပ်ခွင့်ရရမှာတော့ ရွှေခဲ လေးပဲ၊ ရွှေခဲလေးကို သွားပြီးလွှတ်ရမယ်"

ဟုဆိုကာ မသက်ရှည်သည် လသာဆောင်သို့ တက်လာခဲ့လေ၏။ လှေကားမှပင်. . .

"ရွှေခဲရေ. . ရွှေခဲရေ၊ မမလာပြီ ရွှေခဲ၊ မင်းဒီနေ့ လွှတ်လပ်ပြီ၊ တောကိုပြန်ပြီး မင်းဖော်တွေနဲ့ ပျော်ပျော်ကြီး နေပေတော့"

ဟု ပြော၍ လာလေ၏။

လှေကားထိပ်သို့ရောက်သောအခါ ရွှေခဲ၏ လှောင်အိမ်ကို လှမ်း၍မြင်ရလေ၏။ မသက်ရှည်သည် စိတ်ထဲတွင် ထင့်ခနဲဖြစ်၍သွား၏။ ထို့ကြောင့် လှောင်အိမ်ဆီ သို့ ပြေး၍သွား၏။ အနီးသို့ရောက်သောအခါ လှောင်ချိုင့် အတွင်းမှ ရွှေခဲကလေးသည် ခြေထောက်တစ်ချောင်း မိုးပေါ် ထောင်လျက် ကျန်တစ်ချောင်းမှာ လှောင်အိမ်သံချောင်းကို ကုတ်လျက် သေဆုံးနေသည်ကို တွေ့ရလေ၏။ မသက်ရှည် သည် လှောင်အိမ်ကို ကပျာကယာဖွင့်လိုက်၏။ ရွှေခဲကလေး၏ အလောင်းကို နှိုက်ယူလိုက်၏။ ခြေထောက်တစ်ဖက် ကုတ်ထားသောကြောင့် ချောချောရှုရှုမပါလာဘဲ ရှိလေ၏။

သို့ရာတွင် မသက်ရှည်သည် ထိုကုတ်ထားသော ခြေထောက်ကို လက်တစ်ဖက်ဖြင့် ဖြေပေးလိုက်၏။ ရွှေခဲ ကလေးသည် ညကပင် သေဆုံးခဲ့သည်ဖြစ်ရာ တစ်ကိုယ်လုံး အေးစက်၍တောင့်တင်းနေ၏။ ပုရွက်ဆိတ်များပင် တက်နေပြီ





ဖြစ်၏။ မသက်ရှည်သည် ရွှေခဲ့ကိုယ်ပေါ်မှ ပုရွက်ဆိတ်များကို ခါချပစ်နေ၏။

ထို့နောက်. . .

"လွှတ်တာတောင် မလွယ်ပါလား ရွှေခဲရယ်"

ဟု ယူကျုံးမရသောအသံဖြင့် ရေရွတ်လိုက်လေ၏။

မသက်ရှည်သည် ရွှေခဲကိုကိုင်လျက် အဝေးသို့ ငေးမျှော်နေလေ၏။

ထိုသို့ငေးမျှော်ရင်း. . .

"သူမသေခင် ငါလွှတ်မိရင်ကောင်းမှာပဲ၊ သူသိပ် ပျော်ရွှင်ရှာမှာပဲ၊ သူဘာဖြစ်လို့ သေသွားတာလဲ၊ သူ့ကို ဘယ်သူက သတ်လိုက်တာလဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း အောက်သို့ ဆင်းလာလေ၏။ အောက်တွင် ထမင်းစားပွဲ၌ ဒေါ်ပုနှင့် ဦးကိုရင်ထိုင်နေ၏။ ကျန်လူများကို မတွေ့ရ။

"ဒေါ်ပု မသိန်းအေးကို ခုထိမတွေ့ရသေးပါလား၊ အိပ်နေတုန်းပဲလား၊ ဩော်. . ဒါနဲ့ပြောရဦးမယ်၊ ဒီမှာ ရွှေခဲလေးသေရှာပြီ၊ သူ့ကိုလွှတ်မယ်ဆိုကာမှ သူက လှောင်ချိုင့်ထဲမှာတင် သေသွားရှာပြီ"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ထို့နောက် မသက်ရှည်သည် ရွှေခဲလေးအား ဦးကိုရင်လက်သို့ ပေးလိုက်လေ၏။

"ကောင်းကောင်းမွန်မွန် မြှုပ်လိုက်ပါ၊ သတ္တဝါ ဆိုတာလဲ အဆန်းပဲနော်၊ ကိုယ်ကလွှတ်ပေမယ့် သူ့မှာက လွှတ်ဖို့ကံ မပါရှာဘူးကိုး၊ ဩော်. . . ဒါနဲ့ လူစုံအောင် ခေါ်ကြလေ၊ အားလုံးကိုပေးမှာ၊ ငွေတွေအများကြီးပေးမှာ၊ ဒေါ်ပု သွားခေါ်လေ"

www.burmeseclassic.com

ဟု မသက်ရှည်က ပြောလိုက်ရာ ဒေါ်ပုက မဝံ့မရဲဖြင့်. . .

"မိန်းကလေးရယ်၊ မိန်းကလေး ဒီကနေ့အိပ်ရာက အစောကြီးထတယ်၊ ပြတင်းပေါက်ဖွင့်တာကို ဒေါ်ပုနေရာက တွေ့လို့ ကိုရင်နဲ့အတူ ထလာတာ၊ မသိန်းအေးကိုတော့ သူ့အချိန် သူသိတယ်ဆိုပြီး မနှိုးဘဲထားလိုက်တာ၊ နောက်တော့လဲ အိပ်ရာကနိုးပြီး သူလုပ်စရာရှိတာ လုပ်နေတယ်လို့ အောက်မေ့တယ်၊ စောစောကမှ မသိန်းအေးလဲ ရေချိုးရမယ်၊ အဝတ်အစားသစ်တွေဝတ်၊ သနပ်ခါးလိမ်းရမယ်ပြောလို့ သူ့အခန်းထဲသွားရှာတော့လဲ မတွေ့၊ ခြံထဲရှာတော့လဲ မတွေ့ရဘူး၊ ဒါနဲ့ သူ့အခန်းဖွင့်ကြည့်တော့ သူ့ပစ္စည်းလေးတွေလဲမရှိ သူလဲမရှိတော့ဘူး၊ ကျောက်ဖျာပေါ်မှာတော့ ဒီစာရွက်ကလေး တင်ထားတာတွေ့တယ်"

ဟု ဒေါ်ပုကပြော၍ ဗလာစာအုပ်မှ ဖြဲထားသော စက္ကူခေါက်ကလေး တစ်ခေါက်ကို မသက်ရှည်လက်သို့ ပေးလိုက်လေ၏။

မသက်ရှည်သည် ထိုစာရွက်ကလေးကိုဖွင့်၍ ဖတ်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

မမ. . .

သိန်းအေးကိုခွင့်လွှတ်ပါ၊ သိန်းအေး ဦးမြကြီးနဲ့ လိုက်သွားပြီ။

အမိုက်မ
သိန်းအေး





မသက်ရှည်သည် ထိုစာကိုဖတ်ပြီးနောက် မျက်မှောင်ကြုတ်၍သွားလေ၏။

ထို့နောက်. . .

"သြော်. . . သင်းတို့နှစ်ယောက်လဲ ချမ်းသာဖို့ကံမပါပေဘူးကိုး. . .၊ ဒီနေ့ ချမ်းသာလောက်အောင် ပေးပါ့မယ်ဆိုမှ လိုက်ပြေးကြတယ်၊ အံ့သြဖို့ကောင်းလိုက်တာ၊ ဒရိုင်ဘာ ကိုမြကြီးကလဲ ပြောလိုက်တဲ့ တရားစကား၊ ပြီးတော့မှ ဘယ်လိုများ သိန်းအေးလို ငယ်ငယ်လေးကို နှူးသွားတယ်မသိဘူး၊ သိန်းအေးကိုလဲ လူတစ်လုံးသူတစ်လုံးဖြစ်အောင် သင်လိုက်ရတာ၊ ယောကျ်ားမယူဖို့ပြောလိုက်ရင်၊ အို. . . မမကလဲ ကျွန်မ ဘယ်တော့မှ ယောကျ်ားမယူဘူး အပျိုကြီးလုပ်မှာတဲ့၊ ပြီးတော့လဲ ဒီဒရိုင်ဘာ ကိုမြကြီးနဲ့ လိုက်ပြေးတယ်၊ ဟိုက သူ့အဖေလောက်ရှိတယ်၊ ရေရှည်မှာ သူစိတ်ချမ်းသာနိုင်ပါ့မလား၊ ဆင်းရဲပေဦးတော့ သိန်းအေးနဲ့ ကိုမြကြီးရေ"

ဟု ပြောလိုက်စဉ်၌ပင် ခြံရှေ့ လူခေါ်ခေါင်းလောင်း မြည်သံကြားလိုက်သဖြင့်. . .

"ဦးကိုရင်ရေ တံခါးသွားဖွင့်ပေးလိုက်ပါဦး၊ ဘယ်သူများလဲတော့ မဆိုနိုင်ဘူး"

ဟု မသက်ရှည်က ပြောလိုက်လေ၏။

ဦးကိုရင်လည်း ကပျာကယာပြေးထွက်သွား၏။ တစ်အောင့်မျှကြာလျှင် ပြန်၍ပြေးလာပြီးလျှင်. . .

"လုံမရေ၊ ကျုပ်တို့မာလိကြီးတော့ ညနှစ်နာရီကအနိစ္စရောက်သွားရှာပြီပဲ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မသက်ရှည်သည် ငိုင်၍သွားလေ၏။

"ဘယ်လိုဖြစ်ကြတာတုန်း. . . ငွေတွေရမယ့်နေ့မှ ထွက်ပြေးတဲ့လူတွေ ပြေးကြတယ်၊ သေတဲ့လူတွေ သေကြတယ်၊ အတော့်ကို ဆန်းပါလား"

ဟု မသက်ရှည်က ရေရွတ်လိုက်ရင်း တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားလိုက်လေ၏။

ထိုသို့စဉ်းစားလိုက်သောအခါ၌ ယနေ့အဖို့တွင် လူငါးဦးကို သတ်မည့်ကိစ္စသည် ကွင်းခနဲပေါ်လာလေ၏။

"ဒီလူတွေဟာ ငါသတ်လို့သေမှာဟုတ်ရဲ့လား၊ သူတို့ဟာသူတို့များ သေနေ့စေ့လို့ သေကုန်မှာလား၊ အို. . . ဒီလိုလဲ မဖြစ်နိုင်ပါဘူး၊ သတ်မှသေမှာပေါ့"

ဟု စိတ်ထဲတွင်ရေရွတ်ရင်း ရွှေတိဂုံဘုရားသို့ ထွက်လာလေ၏။

ထို့နောက် ဘုရားဖူးလေ၏။ ဘုရားဖူးပြီးလျှင် ဘုရားပေါ်မှဆင်းခဲ့၍ စောင်းတန်းတွင်ရှိသော အလှူခံပုဂ္ဂိုလ်များ၊ သူတောင်းစားများကို လှူဒါန်း၏။

ထို့နောက် အိမ်သို့ပြန်လာခဲ့ပြီးလျှင် မန်နေဂျာကို ခေါ်၍ ဘဏ်မှငွေများကို ထုတ်ခိုင်းလေ၏။ ထို့နောက် ဒေါ်ပုနှင့် ဦးကိုရင်အား ငွေနှစ်သိန်း ထုတ်ပေးလိုက်လေ၏။

ထိုအခါကျမှပင် ဒေါ်ပုနှင့် ဦးကိုရင်တို့သည် ငွေပုံကြီးကိုကြည့်၍ ဝမ်းလည်းသာကြ၏။ မည်သို့မည်ပုံ လုပ်ရမည်ကိုလည်းမသိ ဖြစ်နေကြ၏။

ဦးကိုရင်သည် ငွေများကိုကြည့်ကာ. . . .

"သေခါနီးအရွယ်ကျမှ ဒီလောက်များများရတော့ တယ်လဲအကြောင်းမထူးတော့ပါဘူး ရှင်မရယ်. . . ဒါကြီး



စောင့်ရလို့ အိပ်ရေးပျက်တာကလွဲပြီး ဘာမှအကျိုးထူးမှာ မဟုတ်ပါဘူး၊ ခုလဲ လုံမလေးကို တောက်တိုမယ်ရလေး ဝိုင်းလုပ်လဲ ထမင်းလေးနှစ်နပ်တော့ မှန်မှန်စားနေရသားပဲ၊ နေဖို့လဲ ပေးထားတယ်ဆိုတော့ ကျုပ်တို့အတွက် အဲဒီလောက် များများစားစားကြီးဟာ လိုမှလိုအပ်ပါ့မလား"

ဟု ပြောလိုက်ရာ မသက်ရှည်က. . . .

"ဦးကိုရင် တကယ်ပဲ ဒီငွေကိုမလိုချင်ဘူးလား"

ဟု မေးလိုက်လေ၏။

ထိုအခါ ဦးကိုရင်သာမက ဒေါ်ပုကပါ. . .

"ကိုရင့် စိတ်ထဲမှာတော့ ဘယ်လိုရှိတယ် မသိဘူး၊ လုံမလေးရေ. . . ဒေါ်ပုစိတ်ထဲမှာတော့ ဘုရားပေးပေး၊ ကျမ်းပေးပေး ဒီလောက်များများကြီး မလိုချင်ဘူး၊ ထမင်းလေး နှစ်နပ်မှန်မှန်စားပြီး နေမကောင်းလို့ ဆေးလေးဘာလေး ကုသွားနိုင်ရင် တော်ပြီ၊ ဒီလောက်များများကြီး ဘာလုပ်မလဲ"

ဟု ပြောလိုက်လျှင် ဦးကိုရင်ကပါ. . .

"ကျုပ်က သာပြီးမလိုချင်သေးတယ်၊ တစ်သက်လုံး ဆင်းဆင်းရဲရဲ နေရလို့ ဆင်းရဲသားကျနေပြီ၊ ခုလို ရုတ်တရက် ချမ်းသာလာရင် ဒုက္ခတွေ့လိမ့်မယ်၊ လုံမလေးတို့ ဓါတ်ဘူးလို ပေါ့ကွယ်၊ အမြဲတမ်း ရေနွေးထည့်နေတာ ဘာမှမဖြစ်ဘူး၊ ရုတ်တရက် ရေအေးထည့်လိုက်ရင် ကွဲသွားတတ်တယ် မဟုတ်လား၊ ဒါမှမဟုတ် ဓါတ်ပျက်သွားတယ် မဟုတ်လား၊ အခုလဲ ဒီလိုပဲ ကျုပ်တို့ဘာသာကျုပ်တို့ ဆင်းရဲတာ ဘာမှ မဖြစ်ဘူး၊ လုံမလေးလုပ်လိုက်မှ ကျုပ်တို့ ဓါတ်ပျက် သွားပါ ဦးမယ်၊ ဒီငွေတွေ ပြန်ယူပါ လုံမလေးရယ်"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မသက်ရှည်၏ဦးနှောက်သည် အနည်းငယ် လည်၍သွားလေ၏။ မိမိက ဤအဘိုးကြီး အဘွားကြီးအား ငွေပေးလိုက်လျှင် အလွန်ဝမ်းသာလိမ့်မည်ဟု ထင်မှတ်ခဲ့၏။ သို့ရာတွင် မိမိ၏ထင်မှတ်ချက်သည် ထင်မှတ်ချက်သာဖြစ်၏။ အမှန်မဟုတ်၊ ဦးကိုရင်နှင့် ဒေါ်ပုတို့သည် ငွေများရသောအခါ ဝမ်းမသာသည့်အပြင် စိတ်ညစ်နေပုံရလေ၏။

ထို့ကြောင့် မသက်ရှည်သည် မန်နေဂျာအား ငွေများကိုဘဏ်တွင် သွင်းပေးရန် လစဉ် ဘဏ်တိုး ထုတ်ယူနိုင်အောင် စီစဉ်ပေးရန် ညွှန်ကြားပြီး ဦးကိုရင်နှင့် ဒေါ်ပုတို့အား မြို့ထဲသို့ခေါ်သွား၍ အဝတ်အထည် ဆေးဝါးများ ဝယ်ပေးရန် ညွှန်ကြားလိုက်လေ၏။

မန်နေဂျာလည်း အဘိုးကြီး အဘွားကြီး လင်မယားအား မြို့ထဲသို့ခေါ်သွားလေ၏။ ထိုအခါ မသက်ရှည် တစ်ယောက်တည်းသာ ထိုအိမ်ကြီးပေါ်တွင် ကျန်ရစ်ခဲ့လေတော့သတည်း။

* * * * * * * * * *

## ယဇ်ပလ္လင်ကို ဖျက်ဆီးပစ်ခြင်း

မသက်ရှည်သည် ထိုင်နေရာမှ ပန်းခြံအတွင်းသို့ လျှောက်သွား၏။ မာလီ၏ကျေးဇူးကြောင့် လှပနေသော ပန်းခြံကိုတွေ့ရ၏။ အရိပ်ကောင်းသော သရက်ပင်များ၊ ကံ့ကော်ပင်များ အားလုံးကိုတွေ့နေရ၏။ မသက်ရှည်သည် ခြံ၏အစွန်သို့သွား၍ အိမ်ကြီးကိုကြည့်လိုက်လေ၏။ အိမ်ကြီးသည် ခံ့ညားလှဘိ၏။ ပြန်လည်၍ ခြယ်သထားသောကြောင့်လည်း လှပနေ၏။ ဤအိမ်ကြီးသို့ မိမိဖခင်က ခေါ်လာပုံ၊ ဤအိမ်ကြီးတွင် ငရဲကျခဲ့ရသည့်ပမာ ညှဉ်းဆဲနှိပ်စက်ခံရပုံ၊ ယခုတစ်ဖန် မိမိသည် ဤအိမ်ကြီး၏ အရှင်သခင်ဖြစ်နေပုံတို့ကို စဉ်းစားရင်း လူ့ဘဝ၌ လူအဖြစ် ရပ်တည်နေရခြင်း၏ အနက်အဓိပ္ပာယ်ကို စဉ်းစားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ စဉ်းစားနေစဉ်၌ပင် ကိုညိုယဉ်၏ပုံသည် ပေါ်လာ၏။ ထိုသို့ပေါ်လာပြီး နောက်တစ်ဖန် ပြန်၍ ပျောက်သွား၏။ ကိုညိုယဉ်သည် သူ၏ကျေးဇူးရှင်ဖြစ်ခဲ့ဖူး၏။ သူနားမလည်သော ချစ်ခြင်းမေတ္တာ၏ အနက်ရှိုင်းဆုံး၊ အသိမ်မွေ့ဆုံး အရာကိုလည်း သင်ပြပေးခဲ့သူဖြစ်၏။ သို့ရာတွင် အစ်ကိုညိုယဉ်အား သူသည်ယူ၍မဖြစ်။

ကိုညိုယဉ်နှင့် ဘဝတစ်ခုလုံး အတူလျှောက်သွားရန် ဆိုသော ရည်ရွယ်ချက်မှာလည်း သူ့အဖို့မဖြစ်နိုင်၊ သူသည် အိမ်ထောင်ရှင်မ ဖြစ်လိုစိတ်မရှိ။ သူ၌ အချစ်ရှိသော်လည်း ဇနီးမယားအဖြစ် ခံယူလိုစိတ်မရှိ။ သူသည် မည်သူ၏ ဇနီးမယားမှ မဖြစ်လို။

ထိုသို့စဉ်းစားရင်း ပန်းခြံထောင့်မှ ပန်းခြံ၏အလယ်သို့ လျှောက်၍လာ၏။ ပန်းခြံ၏အလယ်တွင် ရေကန်ကလေး တစ်ကန်ရှိ၏။ ရေကန်၏အလယ်တွင် ရေပန်းကလေးများ ရေများတဖွားဖွား ကျနေ၏။ ထိုရေပန်းကလေးမှ ရေမှုန်ရေမွှားတို့ပေါ်တွင် နေရောင်ကြောင့် ခုနစ်ရောင်ခြယ်သော သက်တန့်သည် တဖျပ်ဖျပ်ပေါ်နေ၏။ ထိုသက်တန့်ကိုကြည့်ကာ. . .

"လူ့ဘဝသည် ထိုသက်တန့်နှင့်တူသည်"

ဟု စိတ်၌ ထင်မှတ်လိုက်မိလေ၏။

ထိုသက်တန့်သည် မျက်စိဖြင့်မြင်တွေ့ရသော်လည်း အမှန်တကယ်ရှိသော အရာမဟုတ်။ အရိပ်အယောင်မျှသာ ဖြစ်၏။ ထို့နောက် သူသည် ဆက်၍လျှောက်လာရာ ပန်းခြံ၏ အခြားအစွန်ဘက်တွင်ရှိသော ရေကန်ကလေးအတွင်း၌ မိမိကိုယ်တိုင် အလှမွေးထားသော ငန်းဖိုမတစ်စုံသည် ငြိမ့်ငြိမ့်ကလေး ရွေ့လျားနေလေ၏။





မသက်ရှည်သည် ရေကန်အနီးသို့ လျှောက်သွားပြီးလျှင် ရေကန်အနီး သရက်ပင်ကိုမှီကာ ရေကန်ကိုငုံ့ကြည့်လိုက်လေ၏။ သူ၏မျက်နှာသည် ရေပြင်၌ပေါ်နေ၏။ သူသည် သူ၏မျက်နှာကို စိုက်၍ကြည့်၏။ ထို့နောက် ရေထဲမှ သူ၏မျက်နှာသည် အခြားသူတစ်ဦးဖြစ်နေသည်ဟု ခံစားလိုက်ရ၏။ ထိုအခြားသူသည် မည်သူတစ်စုံတစ်ယောက် ဖြစ်နေသနည်းဟု ထပ်မံစဉ်းစားလိုက်၏။

ထိုသို့ စဉ်းစားလိုက်သောအခါ၌ မိမိအား ဤအိမ်ကြီး၌အပ်နှံ၍ ပျောက်ခြင်းမလှ ပျောက်သွားရှာသော မိမိဖခင် ဦးကျော်နိုကို အမှတ်ရမိသွားလေတော့၏။ မိမိဖခင်နှင့် မိမိ မတွေ့ရသည်မှာ နှစ်ပေါင်းအတော်ကြာသွားပြီ မဟုတ်ပါလော။ မိမိဖခင်သည် လူ့လာက၌ ရှိသေးသလော။ သို့မဟုတ် လူ့လောကကို စွန့်ခွာသွားပြီလော ဟူသည်ကိုမူ မိမိ အတပ်မသိ။ မိမိဖခင်က မိမိအား ဤအိမ်ကြီးတွင်အပ်နှံ၍ စွန့်ခွာသွားသည့်နေ့မှစ၍ မိမိသည် တစ်ကောင်ကြွက် ဖြစ်သွားရသည်ကို တွေးမိ၏။ ထို့နောက် ဘဝမျိုးစုံကို ကျင်လည်ခဲ့ရ၏။

ယခုတစ်ဖန် ဤအိမ်ကြီး၌ မိမိသည် တစ်ကောင်ကြွက် ပြန်၍ဖြစ်နေရပြန်၏။ ယခင်က ဆင်းရဲသော တစ်ကောင်ကြွက်၊ ယခုမူ ချမ်းသာသော တစ်ကောင်ကြွက်၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းသာကွာ၍ တစ်ကောင်ကြွက် ဖြစ်ခြင်းမှာ အတူတူပင်ဖြစ်၍နေ၏။

မသက်ရှည်သည် ယခုနောက်ပိုင်းတွင် တွေ့ကြုံဖြစ်ပျက်ခဲ့သော အကြောင်းများကို ခြုံငုံ၍စဉ်းစားလိုက်၏။

မိမိသည် ကိုညိုယဉ်၏အိမ်သို့ သွားခဲ့၏။ နောက်ဆုံး အကြိမ်တွေ့ခဲ့ရသော အချိန်၌ ကိုညိုယဉ်သည် မိမိအား



www.burmeseclassic.com

www.burmeseclassic.com

အစွမ်းကုန်ချစ်ပြခဲ့၏။ မိမိသည် လူချမ်းသာအသိုက်အဝန်းသို့ ရောက်လာသောအခါ၌ လူချမ်းသာအသိုက်အဝန်း၏ ကိရိယာများဖြစ်သော အမည်အမျိုးမျိုးပေးထားသော ပါတီပွဲများ၊ သေသောက်ကြူးသော ယောကျ်ားများ ပါဝင်သည့် ညှိခံပွဲများ၊ မိန်းမရော ယောကျ်ားပါ ရောပြွမ်းနေသော လူကုံထံဖဲဝိုင်းများ အားလုံးသို့ရောက်ခဲ့ရ၏။

မသက်ရှည်သည် လူငါးယောက်တည်း စက္ကူဖဲချပ်ကလေး ဆယ်ချပ်စီမျှသာရသော ကစားဝိုင်းတွင် အဖိုးတန်များစွာတန်သောအိမ်ကြီး အိမ်ကောင်းများ၊ ခြံကြီး ခြံကောင်းများရှုံးပစ်ခဲ့၏။ ထိုအတူ နိုင်လည်းနိုင်ခဲ့ဖူး၏။ အရှုံးအနိုင်ကစားပွဲများ၏ ရင်တထိတ်ထိတ် အသည်းတဖိုဖို ကစားပွဲများ၏အရသာကို မသက်ရှည်ကောင်းစွာခံစားခဲ့ရ၏။ ထိုအရာများကို နှစ်လည်းနှစ်သက်၏။ ရင်ထဲတွင် နွေးခနဲ နွေးခနဲဖြစ်တတ်သော အရှုံးအနိုင် လောင်းကစားပွဲများ၏ အထွတ်အထိပ် အရသာကို မသက်ရှည်ကောင်းစွာသိ၏။

သူသည် တစ်ခါက သူတစ်ပါးအိမ်တွင် အနှိပ်စက်အညှင်းပန်းခံရသော အိမ်စေမကလေးတစ်ဦးသာလျှင် ဖြစ်ခဲ့၏။ ထို့နောက် သူသည် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တစ်ဦးဖြစ်ခဲ့ပြန်၏။ အပ်ချုပ်သည်မ တစ်ဦးဖြစ်ခဲ့ပြန်၏။ ထမင်းဆိုင်ရှင်တစ်ဦး ဖြစ်ခဲ့ပြန်၏။ အဆောက်အအုံကန်ထရိုက်တာလည်း ဖြစ်ခဲ့၏။ ထို့အပြင် စိန်ပွဲစားတစ်ဦး၏ လက်ထောက်လည်းဖြစ်ခဲ့၏။ ကိုယ်တိုင်လည်း ပွဲစားဖြစ်ခဲ့၏။

ထိုဖြစ်ပျက်ခဲ့သောအရာများကို ဖြတ်ကျော်ပြီးနောက် သူသည် ချမ်းသာကြွယ်ဝသော အဖြစ်သို့ ရောက်ရှိခဲ့၏။ တစ်ခါက အိမ်စေအဖြစ်ဖြင့် သူနေခဲ့ရသော အိမ်ကြီးနှင့် ခြံကြီးကို အပိုင်ဝယ်လိုက်နိုင်၏။ မဝံ့မရဲချစ်ခဲ့ရသော





ချစ်သူတစ်ဦးအား ပြောင်ပြောင်တင်းတင်း ချစ်ခွင့်ရခဲ့၏။ ချစ်ထမ်းကစားခွင့်ရခဲ့၏။ သို့မဟုတ် သူတပေးခဲ့၏။

ယခုအခါတွင် သူ၌ငွေများစွာရှိ၏။ စိန်ရွှေရတနာများစွာရှိ၏။ အောင်မြင်နေသောလုပ်ငန်းရှိ၏။ သူ့အိမ်၌ အခြံအရံများရှိ၏။ သူသွားလျှင် နေရာတိုင်းက ဦးညွှတ်ကြ၏။ ဂုဏ်နှင့် ပကာသနဆိုသော အရာများသည် သူနှင့် သူ့အရိပ်ပမာ တစ်သားတည်းကပ်ပါနေ၏။ သူ့အား အများက သူဌေးမကြီး ဒေါ်မိုးကောင်းဟု သိ၏။ သူ့ထက်ငယ်သူများက "မမိုး" ဟု ခေါ်၏။ သူ့ထက်ကြီးသော ရင်းနှီး သူများက 'အမိုး' ဟု ခေါ်၏။

ထိုအရာများအားလုံးသည် ယခုအခါ၌ သူ၏အာရုံတွင် တဖျပ်ဖျပ်ပေါ်နေ၏။ ထိုအရာများအားလုံးကို အပေါ်စီးမှ ကြည့်ရှုနေသည့်အလား အလုံးစုံတွေ့မြင်နေရ၏။ ထိုအရာများအားလုံး "လူ့ဘဝ" ဟုဆိုလျှင် ထိုလူ့ဘဝဆိုသည်မှာ အဓိပ္ပာယ်မဲ့သော အရာများဟု တစ်ခဏချင်း၌ပင် သဘောပေါက်သွား၏။

ထို့နောက် သူသည် ယနေ့ညနေ၌ လူငါးဦးအား တစ်နေရာတည်း တစ်ချိန်တည်း၌ ဝိဝိန်ကြွေသွားအောင်၊ သေဆုံးသွားအောင် ပြုလုပ်မည့် အစီအစဉ်ကိုပြန်၍ တွေးမိလေ၏။ ထိုလုပ်ကြံမှုကြီးသည်လည်း လူ့ဘဝမဖြစ်တန်ရာ၊ ဘဝရည်မှန်းချက် မဖြစ်တန်ရာ၊ လက်တုံ့ပြန်ခြင်းသည် လူ့ဘဝဟုဆိုလျှင် လူ့ဘဝဆိုသည်မှာ ငြိုးမှတ်ထားသော အကုသိုလ်မှုကြီး တစ်ခုမှလွဲ၍ အခြားမဖြစ်နိုင်။

"သူတို့ငါးယောက်ကို ငါသတ်ရတော့မယ်၊ ဒီလိုသတ်ဖို့ဟာ ငါ့ဘဝရဲ့ အချိန်တော်တော်များများကို အရင်းအနှီးအဖြစ် ပေးခဲ့ရတယ်။ တကယ်လို့သာ သူတို့မှာ ဒီနေရာ



www.burmeseclassic.com

ဒီအချိန်မှာသေဖို့အကြောင်း မလုံလောက်ဘူးဆိုရင် ငါသတ်လို့ရော သင်းတို့သေပါ့မလား၊ ငါသတ်လို့ သေကုန်ကြတယ်ဆိုရင်လဲ သင်းတို့ငါးယောက်စလုံးဟာ သေဖို့အကြောင်း လုံလောက်လို့ပေါ့၊ ဒါဖြင့်ရင် သေခြင်းနဲ့ရှင်ခြင်းမှာ ငါက အပိုသက်သက်ချည်းဖြစ်နေပါလား”

ဟု တွေးမိသည့်တစ်ခဏ၌ သူရပ်နေသည့် မြေကြီးသည် ချာချာလည်သွားလေ၏။

ထို့နောက် သူ့အားပထမဆုံး ဆရာအဖြစ် သင်ကြားပေးခဲ့သော ဦးချစ်ကောင်း၏မျက်နှာသည် ကွက်ခနဲပေါ်လာ၏။ ထို့နောက် ဦးချစ်ကောင်း၏တဲကလေးတွင် ဘုရားရှိခိုးခဲ့ပုံ၊ ဆုတောင်းခဲ့ပုံတို့ကို သတိရလာလေ၏။

သို့ရာတွင် ထိုအဓိပ္ပာယ်မဲ့သော ဆုတောင်းတို့ကိုလည်း အလေးအနက်မထားနိုင်တော့ပေ။

သူသည် အဓိပ္ပာယ်မဲ့စွာ ဘဝကိုဖြတ်သန်းလာခဲ့ခြင်းဖြစ်ကြောင်း ယခုမှပင် ရိပ်မိသွားလေတော့၏။ ထို့နောက် သူ့ဘဝ၏အနှစ်သာရမဲ့ပုံကိုလည်း သဘောပေါက်သွား၏။

ထို့နောက် သူသည် အိမ်ကြီးကိုလည်းကောင်း၊ ကျယ်ဝန်းသော ဥယျာဉ်ကြီးကိုလည်းကောင်း ကြည့်၍ ထိုအရာများကို စက်ဆုပ်သွား၏။ ထို့နောက် သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ သူသည် ဤနေရာ၌ အချိန်တော်တော်ကြာကြာ ရပ်နေခဲ့ကြောင်း သတိပြုမိခဲ့လေ၏။

ထို့နောက် ထိုနေရာနှင့် ထိုအရာအားလုံးကို အပြီးအပိုင် ဖြတ်ချလိုက်လေတော့၏။

ပြီးလျှင် မော်တော်ကားကိုမျှအသုံးမပြုဘဲ ခြေဦးတည်ရာသို့ ထွက်လာခဲ့လေတော့၏။ လမ်းထွင် စိတ်ကူး



တစ်ခုပေါ်သဖြင့် ပရိက္ခရာဆိုင်သို့ ဝင်လေ၏။ သူ့အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူ၏။ သို့မဟုတ် ဘဝကူးရန် ပစ္စည်းများ ဝယ်ယူ၏။ ဝယ်ယူ၍မရသောပစ္စည်းများကို ထိုပရိက္ခရာဆိုင်ကို အကူအညီတောင်း၍ချုပ်လုပ်ခိုင်း၏။ သူသည် ခြေဦးတည့်ရာသို့သွားရာ၌ ဤအဝတ်အစားအတိုင်း သွားလျှင် အန္တရာယ်များလှသည်ကို သတိပြုမိ၏။

ထို့ကြောင့် အမျိုးသမီးသူတော်စင်တို့၏ အဆောင်အယောင်ကို ဝယ်ယူလိုက်ခြင်းဖြစ်၏။ ပြီးလျှင် ထိုပစ္စည်းတို့ကို သယ်ဆောင်၍ ခြေဦးတည့်ရာသို့သွား၏။

ဤသို့သွားခဲ့ရာ ချောင်းတစ်ခုကိုရောက်ရှိခဲ့၏။ ထိုချောင်းကို ကူးတို့သမားတစ်ဦး၏ အကူအညီဖြင့် ဖြတ်ကျော်ခဲ့၏။ သူသည် အေးချမ်းတိတ်ဆိတ်သော ဇရပ် သို့မဟုတ် ကျောင်းသင်္ခမ်းကို သူကိုယ်တိုင် မသိသောစိတ်တစ်ခု၏ အားကိုးဖြင့် ရှာဖွေနေပုံရ၏။

ထိုချောင်းကိုဖြတ်ကာ ကမ်းပါးတစ်ခုကိုတက်၍ အနည်းငယ်လျှောက်သွားလိုက်လျှင် လွန်စွာမကြီးသော ဘန်းကြီးကျောင်းကလေး တစ်ကျောင်းကိုတွေ့လိုက်ရ၏။ ထိုကျောင်း၏ပတ်ဝန်းကျင်သည် တိတ်ဆိတ်အေးချမ်းလှ၏။ ထိုကျောင်း၏ရှေ့ခုံတန်းကလေးပေါ်၌ ဝါအတော်အထန်ရရှိနေပြီဖြစ်ဟန်ရှိသော ဘုန်းကြီးတစ်ပါးသည် အဝေးသို့မျှော်၍ ငေးမောကြည့်ရှုနေသည်ကို တွေ့ရလေ၏။

သူသည် ထိုကျောင်း၏အနီး၌ ခေတ္တမျှဖြစ်စေ၊ မှီခို၍ အေးချမ်းစွာနေလို၏။ ထို့ကြောင့် ထိုကျောင်း၏ ဆရာတော်ထံချဉ်းကပ်၍ သီလရှင်ဝတ်ရန် ဆုံးဖြတ်လိုက်လေ၏။ ထို့ကြောင့် ထိုကျောင်းသို့ဝင်သွားလေ၏။ ကျောင်းရှေ့

www.burmeseclassic.com

ခုံတန်းပေါ်တွင်ထိုင်နေသော ဘုန်းကြီးမှာ သူဝင်လာသည်ကိုပင် ဂရုပြုမိပုံမရပေ။

ထိုဘုန်းကြီးသည် အဝေးမှတံတားကြီး ို ငေးမျှော်ကြည့်ရှုနေပုံရ၏။ သူသည် ကျောင်းပေါ်သို့တက်သွား၏။ ဆရာတော်အား ဦးချလိုက်လေ၏။ ထို့နောက် သီလရှင်အဖြစ်ချီးမြှင့်ပေးရန် တောင်းပန်လိုက်၏။ သူတွင် ပါလာသော ငွေအနည်းငယ်ကိုလည်း ဆရာတော်ကြီးအား ကပ်လှူလိုက်၏။

ဆရာတော်ကြီးသည် အစဉ်သနားသည်ကို အကြောင်းပြု၍ သူ (သို့မဟုတ်) သူဌေးမကလေး မမိုးကောင်း (သို့မဟုတ်) မသက်ရှည်အား သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ချီးမြှင့်ပေးလိုက်လေ၏။

ထိုသို့ချီးမြှင့်လိုက်သည့်အချိန်၌ပင် ကျောင်းရှေ့ခုံတန်းကလေးပေါ်တွင် ဘုန်းကြီးတစ်ပါးထိုင်၍ ငေးကြည့်နေသော ချောင်းကိုဖြတ်ကူးထားသည့် တံတားတြီးသည် ရုတ်တရက် ဝုန်းခနဲကျိုးကျသွားလေ၏။

ထိုကျိုးကျသွားသော တံတားကြီးပေါ်၌ ယနေ့အဖို့ သူသတ်မည့် (သို့မဟုတ်) လက်တုံ့ပြန်ရေး ယဇ်ပလ္လင်၌ စတေးပစ်မည့် ယဇ်ကောင်ငါးကောင် (သို့မဟုတ်) လူသား ငါးဦးတို့ ပါဝင်ကာ သေဆုံးသွားကြသည်ကိုမူ မသက်ရှည် တစ်ယောက် မသိလိုက်ရှာပေတကား။

* * * * * * * * * * * *

## သတ်မည့်သူမရှိ၊ သေမည့်သူမရှိ

မသက်ရှည်ချိန်းဆိုခဲ့သော ယဇ်ကောင်ငါးကောင် (သို့မဟုတ်) လူသားငါးဦးအနက် ဆေးဆရာကိုလှဖေသည် ၁၉၃၈ ခု၊ ဇူလိုင်လ (၈) ရက်နေ့ ညနေ လေးနာရီ မထိုးမီအချိန်ကလေး၌ အာဒန်ဘိ၏ ဘန်ဂလိုသို့ ရောက်ရှိလာ၏။ သူသည် သော့ဖွင့်၍ ဘန်ဂလိုထဲသို့ဝင်၏။ သူသေရမည့်သချိုင်းကို သန့်ရှင်းနေ၏။ ငှက်မွေး တံမြက်စည်းဖြင့် ဖုန်သုတ်ပေးနေ၏။ သူသည် ဤနေရာ၌ မကြာသော အချိန်ကာလတွင် သေဆုံးရမည်ကို မသိရှာပေ။ ကောင်းမွန်စွာလည်းကျင်းနေ၏။ ဤကိစ္စပြီးလျှင် ငွေတစ်သောင်းရမည်ကိုလည်း တွေး၍ပျော်နေ၏။

၁၉၃၈၊ ၇ ၊ ၈ ဟူသော နေ့စွဲမှာ စပ်စပ်စုစု ကြည့်တတ်လျှင် တစ်စုံတစ်ရာထူးခြားနေ၏။ ခု၊ လ၊ ရက် အားလုံးကို ပေါင်းပါက ရှစ်ဂဏန်းရ၏။ နေ့စွဲတစ်ခုတည်းကို ကြည့်လျှင်လည်း ရှစ်ဂဏန်းဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၄င်းအား သေကြောင်းကြံသော မသက်ရှည်၏ မွေးရက်မှာ (၂၆) ရက်ဖြစ်၏။ ထိုရက်သည်လည်း (၈) ဂဏန်းပေါင်းဖြစ်၏။ မသက်ရှည်၏အသက်သည်လည်း ယခုအခါ နှစ်ဆယ့်ငါးနှစ်ကျော်ပြီဖြစ်၍ (၂၆) နှစ်ဟု ဆိုနိုင်၏။ ထို့ကြောင့် (၈) ဂဏန်းပေါင်းဖြစ်၏။

ဆရာကိုလှဖေသည် တံမြက်စည်းလှည်းနေ၏၊ ဖုန်ခါနေ၏။ ကုလားထိုင်များကို နေရာတကျ ချနေ၏။ တစ်နည်းဆိုရပါမူ သူ၏သချိုင်းကို ပြင်ဆင်နေခြင်းဖြစ်၏။

ထိုအချိန်၌မှာပင် ဒေါ်အစ္စဘယ်လာနှင့် မာဂရက်တို့ ရောက်ရှိလာ၏။

ထိုအခါ ဒေါ်အစ္စဘယ်လာက ကိုလှဖေကိုမြင်လျှင်.

"မသက်ရှည် မရောက်သေးဘူးလား"

ဟု မေးလိုက်လေ၏။

ကိုလှဖေက. . .

"မရောက်သေးဘူးခင်ဗျ"

ဟု ဖြေလေ၏။

"ရှင်က မသက်ရှည်ဘက်က လူနော်"

ဟု မာဂရက်က မေးလေ၏။

"ဟုတ်ပါတယ်၊ ကျုပ်က မသက်ရှည်ဘက်ကပါ၊ ကျုပ်ကို စိတ်ချစမ်းပါ"

ဟု ကိုလှဖေက ပြောလိုက်လေ၏။

ထိုအခါ မာဂရက်က. . .

"ကိစ္စက သိပ်အရေးကြီးတယ်၊ တစ်ချက်ကလေး ချော်သွားလို့မရဘူး"

ဟု ပြောလိုက်ရာ ကိုလှဖေက. . .



"သိပ်ဟုတ်တာပေါ့ဗျာ၊ ငွေတွေ သေနတ်တွေ ပါနေတဲ့ဥစ္စာပဲ"

ဟု ပြောလိုက်ရာ မာဂရက်တို့သားအမိသည် မိမိတို့ဘာသာ မိမိတို့အဓိပ္ပာယ်ကောက်ယူကာ အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုကြလေ၏။

၄င်းတို့ပြောသောစကား၏ အနက်အဓိပ္ပာယ်မှာ. . .

"မသက်ရှည်ရဲ့ယောကျာ်းဟောင်းဆိုတာက သေနတ်တွေဘာတွေ အသုံးပြုမယ်ဆိုတာပဲ၊ ငွေဆိုတာက မသက်ရှည်ရဲ့ ငွေတွေကိုလိုချင်လို့ပဲ"

ဟူ၍ ဖြစ်လေ၏။

ထို့နောက် မာဂရက်က ကိုလှဖေအား. . .

"တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲရှင်"

ဟု မေးလိုက်ရာ. . .

"အဲဒီအတွက် ကျုပ်စဉ်းစားထားပြီးသားပါ၊ လူခြောက်ယောက်လောက်တော့ ကျုပ်တစ်ယောက်တည်းနဲ့ တိုက်ခိုက်ဝံ့ပါတယ်"

ဟု ကိုလှဖေက ပြန်၍ဖြေလိုက်လေ၏။

ထိုအချိန်၌မှာပင် ဦးသက်တင်ရောက်လာလေ၏။

ထိုအခါ ဒေါ်အစ္စဘယ်လာကြီးက. . .

"ရှင်ရော မသက်ရှည်ရဲ့ လူလား"

ဟု မေးပြန်လေ၏။

ထိုအခါ ဦးသက်တင်က. . .

"မှန်ပါတယ်၊ မသက်ရှည်လူပါ"

ဟု ပြောလျှင် မာဂရက်က. . .

"ကိစ္စက သိပ်ပြီးအရေးကြီးတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

ဟု စကားကိုတောက်လိုက်ရာ ဦးသက်တင်က. . .

"အရေးကြီးပြီလားဗျာ၊ တော်ဝင် ပတ္တမြားကြီးတစ်လုံးတည်းနဲ့ကို အရေးကြီးတယ်၊ ဒါမျိုးက တစ်ခါတစ်လေ အသက်နဲ့ရင်းရတဲ့ အဖြစ်မျိုးဗျ"

ဟု ပြောလိုက်ရာ မာဂရက်တို့၏စိတ်ထဲ၌ 'ဟုတ်ပေပြီ' ဟု ထင်မှတ်သွားလေ၏။

သို့ရာတွင် ကိုလှဖေကမူ အူကြောင်ကြောင် ဖြစ်သွားလေ၏။

ထိုအချိန်၌မှာပင် ကုလားမာမက်သည် ဥရောပဝတ်စုံကို ဂိုက်ဆိုက်ကျကျ ဝတ်ဆင်လာလေ၏။

ထိုအခါ အစ္စဘယ်လာက. . .

"မင်းကကော မသက်ရှည်ရဲ့လူပါနော်"

ဟု မေးလိုက်ရာ မာမက်က. . .

"ဟုတ်ပါတယ် အန်တီ၊ မသက်ရှည်ရဲ့ လူအစစ်ပါပဲ"

ဟု ပြန်၍ပြောလေ၏။

"စိတ်မဆိုးပါနဲ့ကွယ်၊ ကိစ္စက အရေးကြီးတော့ မေးရတာပေါ့"

ဟု ဒေါ်အစ္စဘယ်လာက ပြောလိုက်လေ၏။

"အရေးကြီးတာပေါ့ အန်တီရယ်၊ ကိစ္စတစ်ခုမှာ အိမ်ထောင်ရေးပါလာရင် အရေးကြီးပြီ မှတ်ပေတော့"

ဟု ပြန်၍ပြောလေ၏။

ထို့နောက် ၎င်းတို့သည် အချင်းချင်း စကားစမြည် ပြောဆိုနေကြလေ၏။

ထိုအခါ ကိုသက်တင်သည် မာမက်အား. . .



"မာမက်ရေ. . . မသက်ရှည်ဟာ တို့တွေကို ဘယ်လောက်ပဲကန်ကန် တကယ့်တကယ် အရေးအကြောင်း ကျရင် တို့တွေကိုပဲ အားကိုရတာ မဟုတ်လား"

ဟု ပြောလိုက်ရာ. . .

"ဒါတွေမပြောပါနဲ့တော့ဗျာ၊ သူက စိတ်မြန်လက်မြန် မဟုတ်လား၊ ကျုပ်နဲ့ရှုပြီးရင်တော့ အဲဒါကလေးတွေ ပြုပြင်ပေးလိုက်ရင် ကမ္ဘာပေါ်မှာ အကောင်းဆုံးမိန်းမ ဖြစ်သွားမှာပဲ"

ဟု မာမက်က ပြောလိုက်လေ၏။

ထိုအခါ ဦးသက်တင်က. . .

"ဘယ်လိုကနေဘယ်လို မသက်ရှည်နဲ့ မင်းနဲ့ ရရမှာလဲ"

ဟု ပြောလိုက်ရာ မာမက်က. . . .

"အခုပဲ မသက်ရှည်နဲ့ကျုပ်နဲ့ ဒီမှာလက်ထပ်မယ် လေဗျာ ခင်ဗျားတို့လူကြီးတွေကို ခေါ်ထားတာ အဲဒီကိစ္စပဲ မဟုတ်လား၊ ဒီမှာ ကျုပ်ကိုကြည့်ဦး၊ မင်္ဂလာဆောင်မှာမို့ ကျုပ်ဒီလိုဝတ်လာတာပေါ့ဗျ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးသက်တင်က. . .

"တစ်ခုခုတော့ ဖြစ်ပြီထင်တယ်၊ အတော့်ကို ထူးခြားတာပဲ၊ ငါ့ကိုချိန်းထားတာက အဲဒီကိစ္စမဟုတ်ဘူး၊ တော်ဝင်ပတ္တမြားကြီးကိစ္စကွ"

ဟု ပြောလိုက်လေ၏။

ထိုအခါ မာမက်က. . .

"ကျုပ်ကိုချိန်းထားတာက သူနဲ့မင်္ဂလာဆောင်ဖို့၊ ခင်ဗျားတို့ လူကြီးစုံရာရှေ့မှာ မင်္ဂလာဆောင်မယ်ဆိုပြီး ချိန်းထားတာ"

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုလှဖေက. . .

"ကျုပ်ကိုချိန်းထားတာက သေနတ်ပြီးဆေး ဝယ်ဖို့ကိစ္စဗျ၊ တစ်ခုခုတော့ သက်ရှည်ဆိုတဲ့ကောင်မ ကျုပ်တို့ကို ကြံပြီထင်တယ်၊ ဒီကောင်မက မမိုးကောင်းလုပ်လိုက်၊ မသက်ရှည်လုပ်လိုက်နဲ့ အတော့်ကို ညာဏ်နီညာဏ်နက်များတဲ့ကောင်မ၊ သူကြံရင်လဲ သေးသေးကြံမှာမဟုတ်ဘူး၊ ပိုင်အောင်ကြံမှာ၊ အဲဒီတော့ ကျုပ်တို့သွားကြမှဖြစ်မယ်၊ ဒီနေရာမှာ မကြာခင် အန္တရာယ်တစ်ခုခု ကျလာနိုင်တယ်၊ ပြန်ရင်လဲ လာလမ်းအတိုင်း ပြန်လို့မဖြစ်ဘူး၊ တစ်ခြားလမ်းက ပြန်ရမယ်၊ အကောင်းဆုံးကတော့ ဒီကနေလျှောက်သွားရင် တံတားကြီးတစ်ခုရှိတယ်၊ ဒီကနေဖြတ်ပြီး အေးရွာဘက်ကနေ ပြန်ရမယ်"

ဟု ပြောလိုက်ရာ. . .

ဒေါ်အစ္စဘယ်လာတို့သားအမိသည် အရင်ထ၍ သုတ်ခြေတင်လေတော့၏။

၄င်းတို့နှင့်အတူ ကုလားမာမက်လည်း လိုက်ပါသွားလေ၏။

ထိုအခါ ကိုလှဖေက. . .

"ဟေ့ကုလား. . . မင်းက ဒီအန်တီကြီးကိုလက်ဆွဲပြီး ခပ်သုတ်သုတ်သွား၊ မင်းက တာဝန်ယူ၊ ဒီမိန်းကလေးကို ငါနဲ့ဟောဒီက လူကြီးနဲ့က တာဝန်ယူမယ်"

ဟု ပြောလေ၏။

မာမက်သည် ဒေါ်အစ္စဘယ်လာကြီးကို လက်ဆွဲ၍ တံတားကြီးဘက်ဆီသို့ ခပ်သုတ်သုတ်သွား၏။ ထို့နောက်





တံတားကိုဖြတ်လေ၏။ တံတား၌ အတော်အတန် သွားပြီးသောအခါ ဒေါ်အစ္စဘယ်လာကြီးက. . .

"အိုးဂေါ့. . . ဘန်ဂလိုထဲမှာ အန်တီ့ပိုက်ဆံအိတ် ကျန်ခဲ့ပြီ၊ အဲဒီထဲမှာ လက်ဝတ်ရတနာတွေ ပါတယ်၊ အိမ်ကို စိတ်မချလို့ ယူလာတာ၊ ပြန်ယူဦးမှ"

ဟု ပြောလေ၏။

ထိုအခါ မာမက်က. . .

"ကျွန်တော်သွားယူပေးမယ်၊ အန်တီ ဒီကစောင့်"

ဟု ပြောလေ၏။

ဒေါ်အစ္စဘယ်လာသည် မာမက်ကိုမယုံချေ။

"စိတ်တော့ မဆိုးပါနဲ့ကွယ်၊ မယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အန်တီလဲလိုက်မယ်၊ အဲဒီထဲမှာ အန်တီ့ရှိသမျှ ပစ္စည်းအကုန်ပဲ"

ဟု ဒေါ်အစ္စဘယ်လာကပြောရာ မာမက်သည် ဒေါ်အစ္စဘယ်လာကြီးအားခေါ်၍ တံတားကြီးကို တစ်ဖန် ပြန်၍လျှောက်ရလေ၏။

ထိုအချိန်၌မှာပင် ဦးသက်တင်၊ ဆရာကိုလှဖေနှင့် မာဂရက်တို့သည် တံတား၏အခြားတစ်ဖက်မှ ဖြတ်လာပြီဖြစ်၏။

သူတို့ငါးဦးစလုံးသည် မည်သည့်အရပ်က ထွက်ပေါ်လာမည်မသိသော အန္တရာယ်အတွက် ထိတ်လန့်လျက်ရှိကြလေ၏။ သူတို့၏မနောဝိညာဉ်များသည် ထိတ်လန့်မှုကြောင့် ညစ်နွမ်းနေ၏။ သူတို့သည် ရေးကြီးသုတ်ပျာဖြစ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သုံးဦးကတစ်ဖက်၊ နှစ်ဦးကတစ်ဖက် မျက်နှာချင်းဆိုင် တံတားကြီးကိုဖြတ်ကြလေ၏။ သူတို့ငါးဦး ဆုံမိသွားကြ၏။

ထိုအချိန်၌မှာပင် ကံကြမ္မာဆိုးကြီး ပေါ်ပေါက်ခဲ့လေတော့သတည်း။

* * * * * * * * * * *

## ကိုစိန်ညို ဘယ်လိုဖြစ်သွားသလဲ

ထိုအချိန်၌ စိန်ညိုတည်းဟူသော အကုသိုလ်ဖိစီးနေသည့် လူသတ်သမားသည် ခေါင်းကိုကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူ၏အိမ်အပေါ်ထပ်၌ ဂနာမငြိမ် လမ်းလျှောက်နေ၏။

"နာရီကနိုးနေပြီ၊ ဒီအစ်မလေးက ဘာပြုလို့မလာသေးတာလဲ၊ တစ်ခုခုများ ဖြစ်နေပြီလား"

ဟု တွေးတောရင်း စိတ်စောလျက်ရှိ၏။

ထို့နောက် စိန်ညိုသည် ငြိမ်၍မနေနိုင်တော့ဘဲ လျှောက်မြဲလျှောက်နေ၏။

"ဘာပဲဖြစ်ဖြစ်၊ သူ့အိမ်ကို ငါသိသားပဲ၊ သူ့အိမ်လိုက်သွားပြီး ကြည့်ဖို့လိုမယ် ထင်တယ်"

ဟု တွေးလိုက်သည့်တစ်ခဏ၌ပင် ကားဟွန်းသံတစ်ခုကို ကြားလိုက်ရသည်။ ထိုကားမှာ မသက်ရှည်၏ကားမဟုတ်။ အခြားသောကားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိန်ညိုသည် လှသတ်ရန် စိတ်စောနေသူ ဖြစ်ရာ. . .

"ဟော. . အစ်မလေးရဲ့ကား လာပြီ"

ဟု ရေရွတ်ကာ လှေကားဆီသို့ ရုတ်တရက်ရောက် သွား၏။

စိန်ညို၏ခြေလှမ်းများသည် ပုံမှန်မရှိချေ။ အရက် မသောက်ပါဘဲလျက် အရက်သမားကဲ့သို့ ဖြစ်နေ၏။ သူသည် အကုသိုလ်စိတ် ဖိစီးထားသောကြောင့် လူတစ်ဦးနှင့်မတူဘဲ သရဲသဘက်ကဲ့သို့ ဖြစ်နေ၏။ သို့မဟုတ် သရဲသဘက် မကောင်းဆိုးဝါးတစ်ကောင် သူ၏ကိုယ်၌ ပူးကပ်နေသည့် အလား ဖြစ်နေ၏။ သူသည် ဒယိမ်းဒယိုင်ဖြင့် အလျင်စလို လှေကားဆီသို့ လျှောက်သွားရာ လှေကားထိပ်သို့ရောက်လျှင် သူ၏ဓားကိုင်ထားသောလက်သည် လှေကားလက်ရန်း တိုင်ထိပ်နှင့် တိုက်မိကာ လက်ထဲမှဓားသည် လွတ်ထွက် သွားလေ၏။

ဓားသည် လှေကားတစ်လျှောက် ရိုက်ခတ်ကာ ကျသွား၏။ စိန်ညိုက ယောင်ယမ်းက ဓားကိုလှမ်းဆွဲ၏။ ဓားကိုမမိ၊ အရှိန်လွန်သွား၏။ ဟန်ချက်ပျက်သွား၏။ လှေကား ပထမထစ်ကိုကျော်၍ နင်းမိလိုက်၏။ ဖောက်ထိုးကျသွား၏။ သူ၏ဓားသည် လှေကား၏အလယ်လောက်တွင် ဓားဦးကို သူဘက်သို့လှည့်၍ စောင့်ကြိုနေသည့်အလား လှေကား၏ လက်ရန်းတွင် ညပ်၍ထောင်နေ၏။ သူ့အတ္တဘောကြီးသည် ဓားဦးပေါ်သို့ မှောက်လျက်သားကျ၏။ စိန်ညိုသည် အော်မှု ပင်မအော်နိုင်၊ သိတ်၌အသီခံရသော ဖားကဲ့သို့ ကားကားကြီး အသက်ပျောက်သွားလေတော့၏။



ထိုအချိန်သည် လှသတ်သမားငါးဦး တံတားကြီး ကျိုးကျသွားသည့်အချိန်နှင့် တစ်ချိန်တည်း ဖြစ်နေလေတော့ သတည်း။

* * * * * * * * * * *

မသက်ရှည်သည် မမိုးကောင်းဖြစ်ခဲ့၏။ ယခုအခါ၌မူ သီလရှင်မလေး ပုဏ္ဏရိက ဖြစ်သွားပြီဖြစ်၏။ သူသည် ဘုန်းကြီးကျောင်းဘေးအနီး၌ တဲကလေးတစ်လုံးထိုး၍ နေ၏။ တဲရှေ့တွင် လျှောက်နေ၏။ ရေတာသွင်သွင်စီးသော ချောင်းကို ကြည့်နေ၏။ ထိုအချိန်၌ ခံတောင်းကြီးကိုရွက်၍ အဒေါ်ကြီး တစ်ဦးဝင်လာ၏။ ခံတောင်းကြီးထဲတွင် ဘူးသီးများပါလာ၏။ ထိုအဒေါ်ကြီးက ပုဏ္ဏရိကအား. . .

"ကြားတော့ ကြားလိုက်တယ်၊ ဒီနားမှာ သီလရှင် မလေးတစ်ယောက် ရောက်လာတယ်ဆိုတာ ချက်ချင်းမလာ နိုင်ဘူး၊ သားတစ်ယောက်သေလို့ ရုတ်တရက်သွားရတယ်"

ဟု ခရီးရောက်မဆိုက်ပြောရင်း မြေကြီးပေါ်တွင် ထိုင်ကာ သီလရှင်မလေးအား ထိုင်၍ကန်တော့လိုက်၏။ ထိုအခါ သီလရှင်မလေး ပုဏ္ဏရိက , က သူ၏ဝါးဇရပ်ကလေး ပေါ်တွင် ဖျာလေးတစ်ချပ်ခင်းပေး၏။

"ထိုင်ပါ"

ဟု ပြော၏။

ထိုအခါ အဒေါ်ကြီးက. . .

"ဆိုးလှမိုက်လှတဲ့သား ဇာတ်သိမ်းသွားရှာပြီ၊ သားဆို တော့လဲ သေပြီဆိုတော့ အမေက သွားရတာပဲ၊ သားသေသွား

www.burmeseclassic.com

www.burmeseclassic.com

တာပဲ ခပ်ကောင်းကောင်း၊ သူမသေရင် ဘယ်သူသေမလဲ မဆိုနိုင်ဘူး၊ သူ့မှာကလဲ ဓားကြီးတကိုင်ကိုင်လုပ်နေတာ၊ တစ်ပတ်လောက်ရှိပြီလို့ အိမ်နီးချင်းတွေက ပြောတယ်၊ တစ်ယောက်ယောက်ကိုသတ်ဖို့ အားထုတ်နေတာပဲဖြစ်ရမယ်၊ အဲဒီနေ့က ဟောဒီနားက တံတားကြီးလဲကျိုးကျပြီး လူ(၅) ယောက်သေသွားတယ်၊ အဲဒီအချိန်လောက်ပဲ ဖြစ်မှာပါ၊ ကျွန်မသားလဲ သေသွားတယ်၊ သားကလေးတစ်ယောက် ရှိပါတယ်၊ နာမည်က ငကျွဲတဲ့၊ ငကျွဲဆိုတဲ့အတိုင်း တစ်ခတ်တည်း ခတ်နေတော့တာပဲ၊ သူ့ကိုတော့ သူတို့လူဆိုးလူမိုက် လောကမှာ စိန်ညိုလို့ခေါ်တယ်"

ဟု ပြောလိုက်သည့်တစ်ခဏ၌ ပုဏ္ဏရိကသည် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"စိန်ညိုတဲ့လား၊ ဘယ်လိုဖြစ်ပြီး သေတာလဲ"

ဟု မေးလိုက်လေ၏။

"သူများကို သူသတ်မလို့ ဓားကြီးတကိုင်ကိုင်လုပ် နေရာက လှေကားပေါ်ကကျပြီး သူ့ဓားနဲ့သူထိုးမိပြီး သေသွားတာ"

ဟု ပြောလိုက်လေ၏။

ပုဏ္ဏရိကသည် သားရှင်အဒေါ်ကြီး၏မျက်နှာကို သေချာစွာကြည့်လိုက်ရာ ကောင်းစွာမှတ်မိသွား၏။ တစ်ခါက ပဲခူးမှအပြန်တွင် ခရီးဖော်ဖြစ်ခဲ့သော အဒေါ်ကြီးဖြစ်၏။ ထိုအချိန်ကလည်း သူ့သား ငကျွဲ ဆိုးပုံတေပုံကို ပြောခဲ့ဖူး၏။

"စိတ်မကောင်းစရာပဲ အဒေါ်ကြီးရယ်၊ ကျွန်မနဲ့ အဒေါ်ကြီးက တစ်ခါ ပဲခူးကပြန်လာတုန်းက ကားပေါ်မှာ တွေ့ခဲ့ကြတာလေ၊ အဲဒီတုန်းက အဒေါ်က အဒေါ့်သား





ပဲခူးဂိတ်မှာ အချုပ်ခံနေရလို့ သွားတွေ့ပြီး အပြန်မှာ ကျွန်မနဲ့ တွေ့တာလေ"

ဟု ပုဏ္ဏရိက, က ပြောလိုက်လေ၏။ ထိုအခါ အဒေါ်ကြီးက. . .

"ဩော်. . . အဲဒီ ကလေးမကိုး၊ မှတ်မိပြီ. . . မှတ်မိပြီ၊ ပြန်ပြီးရေစက်ဆုံတာကိုး၊ ဝမ်းသာလိုက်တာ"

ဟု ပြောလေ၏။

"သားတစ်ယောက် ရုတ်တရက်ဆုံးသွားတာဆိုတော့ စိတ်ထိခိုက်ရှာမှာပဲ"

ဟု ပုဏ္ဏရိက က ပြောလိုက်ရာ အကြော်သည် အဒေါ်ကြီးက. . .

"သေတာကို ဒီလောက်စိတ်မကောင်းမဖြစ်ပါဘူး၊ မသေခင် တစ်ပါတ်လောက်မှာ ငကျွဲက ကျွန်မဆီလာပြီး အလွန်စိတ်ကောင်းရှိတဲ့ သူ့ရဲ့ကျေးဇူးရှင် အမျိုးသမီးတစ်ဦး အတွက် ကျေးဇူးဆပ်ခွင့်ရပြီလို့ ပြောရှာတယ်၊ အဲဒါ အခုလို သူသေသွားတော့ ကျေးဇူးဆပ်ခွင့်မှ ရရဲ့လား မသိပါဘူးကွယ်"

ဟု ပြောလိုက်ရာ ပုဏ္ဏရိက မျက်မှောင်ကြုတ်သွား၏။

ထို့နောက် အဒေါ်ကြီးက ဆေးလိပ်ကိုမီးညှိ၍ မီးတရဲရဲဖွာလေ၏။ ထိုသို့ဖွာပြီးနောက်. . .

"ဆရာလေးရေ၊ တံတားကြီး ကျိုးကျတာကတော့ လူငါးယောက် သေသွားတာပဲ၊ မိန်းမကနှစ်ယောက်၊ ယောကျ်ားက သုံးယောက်၊ ပုလိပ်ဘက်က အေးရှာသူကြီး ဆီမှာ လာပြီးပြောတာကတော့ ကုလားတစ်ယောက်လဲ ပါတယ်တဲ့၊ ကုလားတလဲ ဝတ်ထားတာ အကျအနဆိုပဲ"


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လျှင် သီလရှင်မလေး ပုဏ္ဏရိက သည် မျက်လုံးပြူးသွားလေ၏။ ထို့နောက် ပုဏ္ဏရိကနှင့် အကြော်သည် အဒေါ်ကြီးတို့သည် စကားစမြည်ပြောဆိုနေကြလေ၏။ ပုဏ္ဏရိက က အကြော်သည် အဒေါ်ကြီးအား. . .

"အဖော်မရှိဘဲ တစ်ယောက်တည်း နေရမယ့်အတူတူ ဆရာလေးနဲ့လာနေပါလား"

ဟု ပြောလိုက်လေ၏။ အကြော်သည် အဒေါ်ကြီးကလည်း သဘောတူလေ၏။ ထို့နောက် ဆရာတော်အား ခွင့်ပန်ကာ ဘုန်းကြီးကျောင်းနှင့် များစွာမဝေးသော ကတိုးဆိပ်နေရာကလေးအနီးတွင် သီလရှင်ဇရပ်ကလေးဆောက်ကာ တစ်ဦးကိုတစ်ဦး အမှီပြု၍ နေထိုင်ကြလေတော့၏။

ပုဏ္ဏရိကသည် စာတစ်စောင်ကိုရေး၍ အကြော်သည် အဒေါ်ကြီးအား ပဲခူးတွင်ရှိသော ကိုညိုယဉ်ထံသို့ ပို့ခိုင်းလေ၏။ ထိုသို့ပို့ရာတွင် ဒရဝမ်အား စာပေး၍ ပြန်လာခဲ့ရန်ပါ မှာကြားလိုက်၏။ ထိုစာတွင် ပစ္စည်းအားလုံးကို ကိုညိုယဉ်အား ပေးကြောင်း ဖော်ပြထားသည့်အပြင် ဖြစ်နိုင်ပါက ဦးချစ်ကောင်းဆိုသူအားရှာ၍ တစ်ဝက်ခွဲပေးရန်လည်း ထိုစာ၌ပါ၏။

အကြော်သည် အဒေါ်ကြီးသည် ပုဏ္ဏရိက၏စာကို ယူသွားပြီးလျှင် ကိုညိုယဉ်၏အိမ်သို့သွားပြီး ဒရဝမ် ဂေါ်ရခါးကြီးအား ထိုစာကိုပေး၍ ပြန်ခဲ့လေတော့၏။ ထိုနောက်တွင်ကား အကြော်သည်အဒေါ်ကြီးနှင့် ပုဏ္ဏရိက တို့သည် ငြိမ်းချမ်းစွာနေကြလေ၏။

* * * * * * * * * * *



ဇာတ်ပေါင်းပြီ

ပုဏ္ဏရိကသည် သီလရှင်တစ်ဦးဖြစ်သည်။ သူ သီလရှင်ဝတ်ထားခြင်းမှာလည်း ပတ်ဝန်းကျင်မှ အနှောင့်အယှက် မပေးနိုင်ရုံမျှသာ ဝတ်ထားခြင်းဖြစ်၏။အမှန်စင်စစ် သူသည် သီလရှင်မဟုတ်၊ သူ၏စိတ်သည်လည်း သီလရှင်စိတ်မဟုတ်။ သူသည် ရိုးရိုးမိန်းမတစ်ဦးမျှသာ ဖြစ်၏။ အခြားသော သီလရှင်တို့သည် ကျင့်ဝတ်နှင့်အညီ နေထိုင်ကြ၏။ ပုဏ္ဏရိက ကမူ ထိုကျင့်ဝတ်များ၏ အပြင်ဘက်တွင် နေ၏။ သီလရှင်တို့သည် ညစာစားလေ့မရှိ။ ပုဏ္ဏရိကသည် ညစာ၊ နံနက်စာ ဟူ၍မရှိ၊ ဆာလာသောအခါ၌စား၏။ မဆာလျှင် ညစာကို မဆိုထားဘိ၊ နံနက်စာကိုပင် မစားချေ။ အခြားသော သီလရှင်များသည် အဖိတ်၊ ဥပုသ်နေ့များတွင်မှ ဆန်ခံထွက်၏။ ပုဏ္ဏရိက, ကမူ အဖိတ်၊ ဥပုသ်ကို အမှတ်မထား။ စားစရာမရှိလျှင် ဆန်ခံထွက်၏။ စားစရာရှိလျှင် လာ၍လှူသည်ကိုပင် ပြန်၍ပေးလိုက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

သူသည် လောကကြီးအား ရိုးရိုးကလေးကြည့်မြင်၏။ ထိုသို့ကြည့်ရာ၌လည်း သူ၏အလိုများကို ထည့်၍မကြည့်၊ ပကတိအတိုင်း ကြည့်၏။ ကြည့်ကျင့် ရလာသောအခါ၌ လောက၏လျှို့ဝှက်ချက်ကို သိလာ၏။ လောကသည် မာယာ ဟူ၍လည်းကောင်း၊ လောက၏အရသာသည် ခါးသည်၊ စက်ဆုပ်ဖွယ် ကောင်းသည်ဟူ၍လည်းကောင်း၊ လောကသည် ချိုမြိန်သည်ဟူ၍လည်းကောင်း ထင်မှတ်ခြင်းမရှိတော့ပေ။

လောကသည် လောကသာဖြစ်၏။ သူ၌ ကောင်းဆိုး မရှိ၊ ကောင်းသည်ဆိုးသည်ဟူ၍မရှိ၊ လူတို့ကသာ ကောင်းဆိုး များဆည့်၍ ရှုမြင်သုံးသပ်နေကြခြင်းမျှသာ ဖြစ်သည်ဟု သဘောပေါက်၏။

ထိုသို့ သဘောပေါက်သောအခါ လောကပေါ်၌ မုန်းတီးခြင်းမဖြစ်တော့၊ ထို့ပြင် ပုဏ္ဏရိကသည် မည်သည့် တရားဓမ္မကိုမျှလည်း ရှာခြင်းမပြုတော့။ သူ့၌ ရည်ရွယ်ချက်၊ မျှော်လင့်ချက်ဟူ၍မရှိ။ ရှာလည်းမရှာ၊ မျှော်လင့်ချက်လည်း မထားသောကြောင့် ခဏတိုင်းတွင် ပြည့်စုံနေ၏။ သူသည် ရှေးယခင်က အရာဝတ္ထု တော်တော်များများကို မုန်းတီးခဲ့၏။ မနာလို ဝန်တိုစိတ်ရှိသောသူများ၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်တတ်သော မိန်းမများ၊ တဏှာခိုးတဏှာငွေ့များ ထွက်နေသည့် ယောကျ်ားတော်တော်များများ၏ မျက်လုံးများ၊ အတင်းအဖျင်း ပြောသူများ၊ အကြောင်းမဲ့ စိတ်ကြီးဝင်နေသူများ၊ ကုလားဖြူ မိစ္ဆာဒိဋ္ဌိများ၏ မယားငယ်ဖြစ်ရသည်ကို ဝမ်းနည်းရ ကောင်းမှန်းမသိ သွေးနားထင်ရောက်နေသူများ၊ သူသည် ထိုအရာများကို ကျကျနနကြီး စက်ဆုပ်၏။ မုန်းတီး၏။



သို့သော် ယခုအခါ၌မူ အားလုံးကို သဘောပေါက် သွားပြီဖြစ်၏။ ထိုအရာများသည် လောက၏ လိုအပ်ချက် များဖြစ်သည်ကို သူ၏နှလုံးသားက လက်ခံသွားပြီဖြစ်၏။ ထို့ကြောင့် သူသည် လောကကြီးနှင့် ငြင်းခုံရန် အကြောင်း မရှိတော့ပေ။

သူသည် မည်သည့်အရာက ကောင်းသည်၊ မည်သည့် အရာက ဆိုးသည်၊ မည်သူက ကောင်းသည်၊ မည်သူက ဆိုးသည်ဟူ၍ မရှိတော့။ အချင်းချင်း ခွင့်လွှတ်နိုင်မှု၊ မေတ္တာ ရှေ့ထားမှုသာလျှင် လိုအပ်ချက်ဖြစ်ကြောင်း သဘောပေါက် သွား၏။

သူ၏မနော အကြည်ဓါတ်ကလေးသည် စမ်းရေကဲ့သို့ တသွင်သွင်စီးနေ၏။ သို့တည်းမဟုတ် တိမ်လွှာကဲ့သို့ လွင့်မျောနေ၏။ သူ၌ သိမ်းပိုက်ထားသော အရာဝတ္ထုဟူ၍မရှိ၊ အရာဝတ္ထုကိုမဆိုထားနှင့် ဆုပ်ကိုင်၍မရသော သဘောတရား တစ်ခုခုပင် မရှိပေ။

သူ၌ ရည်ရွယ်ချက်မရှိ။ အကယ်၍ ရည်ရွယ်ချက် ရှိသည်ဆိုလျှင်လည်း ထိုရည်ရွယ်ချက်မှာ ရည်ရွယ်ချက်မရှိဘဲ နေထိုင်သွားခြင်းသာလျှင် သူ၏ရည်ရွယ်ချက် ဖြစ်တန်ရာ၏။

သူ၏စိတ်သည် ပွင့်လင်းနူးကြားနေ၏။ သစ်ပင်မှ ကြွေကျသော သစ်ရွက်ခြောက်ကလေးသည်ပင် လောက၏ လိုအပ်ချက်၊ လောက၏အလှဖြစ်သော နေတွေ၊ လတွေ လောက်နီးနီး တန်ဖိုးရှိသော လောကတန်ဆာပလာဟု ထင်မှတ်၏။

ထို့ကြောင့် သူ့အဖို့ အရာအားလုံးသည် လှနေ၏။ မည်သည့်အရာများနှင့်မျှ ဆန့်ကျင်ဘက်မဖြစ်။

www.burmeseclassic.com

ဤလောကတွင် အကျည်းတန်သောအရာဟူ၍မရှိ။ အားလုံးလှနေ၏။ အဘယ့်ကြောင့်ဆိုသော ဤလောက၌ ရှိသော လှပါသည်ဆိုသည့်အရာများသည် အကျည်းတန်သောအရာပေါ်၌ လုံးစမှီခိုနေရ၏ဟု သဘောပေါက်ထား၏။ အကျည်းတန်သော အရာဟူ၍မရှိလျှင် သူ၏ဆန့်ကျင်ဘက်လှသောအရာဟူ၍လည်း မရှိနိုင်။

ထို့ပြင် သူသည် လောကကို အထင်းသား၊ အကွင်းသားမြင်ထား၏။ အရိုးဆုံး၊ အရှင်းဆုံး၊ အလွယ်ကူဆုံး မြင်ထား၏။ ထို့ကြောင့် သူ၌ ဟုတ်မှုဟုတ်ပါ့လေစဟူသော သဘောသည်မရှိတော့။

မည်သည့်အယူကိုမျှလည်း မယူထားသောကြောင့် အယူမှားခြင်းဟူ၍လည်းမရှိနိုင်။

ထို့ပြင် သူ့အဖို့ လောကသည် အစဉ်ထာဝရ ပြည့်စုံမှုများရှိနေသည်ဟု ယူဆထားသောကြောင့် မနာလိုဝန်တိုမှုများ မရှိတော့ပေ။ သူသည် ဓလေ့ထုံးတမ်းများကို အလေးအနက်မထား။ ယခုမူ ဓလေ့ထုံးတမ်းတို့၏ အပြင်ဘက်သို့ ရောက်နေ၏။ အစဉ်အလာ ပြောပြချက်များအားလုံးသည် သူနှင့် မပတ်သက်သကဲ့သို့ရှိ၏။

သူသည် အရာရာမှလွတ်မြောက်နေ၏။ ထို့အတူ အရာရာနှင့်ပတ်သက်နေ၏။ ပတ်သက်လျက် လွတ်နေ၏။ ထို့ကြောင့် သူ၏မျက်နှာသည် တိမ်တိုက်ကင်းကွာနေသသော လမင်းကဲ့သို့ကင်းစင်နေ၏။

သူ၏အသံသည် ငြိမ်းချမ်းမှု၏သြဇာဓာတ်များ ပါနေ၏။ သူနှင့်တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးသူသည် သူ့ကို လေးစားသွား၏။ ထိုသူတို့၌လည်း အေးချမ်းမှုများ ကူးစက်

ဉာဏ်ဝင်းတာပေ



သွား၏။ သို့မဟုတ် အေးချမ်းမှုများ ကူးစက်သွားသည်ဟု ခံစားလိုက်ရ၏။

ပိုးဖလံတို့သည် မီးအနီး၌ တရစ်ဝဲဝဲ လုပ်နေချင်သကဲ့သို့ သူနှင့်တွေ့ပြီးသူများသည် သူ၏အနီးတွင် တရစ်ဝဲဝဲနေလိုကြ၏။ မီးသည် တရစ်ဝဲဝဲလုပ်သော ပိုးဖလံတို့အား လောင်မြိုက်ပစ်လိုက်သကဲ့သို့ သူ့နားတွင် တရစ်ဝဲဝဲလုပ်နေသူများ၊ သူ့ထံသို့လာသူများ၏ စိတ်နှလုံး ယောက်ယက်ခတ်မှုများ၊ အလိုမကျမှုများ၊ ရှာဖွေဆည်းပူးမှုများအားလုံးကို လောင်မြိုက်ပစ်လိုက်သည်ချည်း ဖြစ်၏။

သူ၏ခေါင်းတုံးဆံပင်သည် ရှည်လာ၏။ သူသည် ရိတ်ဖြတ်ခြင်းမပြုတော့။ သူ၏ သီလရှင်အဝတ်များသည် အရောင်လွင့်၍ဖြူလာ၏။ သူသည် အဖြူအတိုင်းဝတ်ထား၏။

သူ၏ လက်ကလေးတစ်ချက် မြှောက်လိုက်ခြင်းသည် စကားလုံးပေါင်း အရာအထောင် ပြောလိုက်သကဲ့သို့ လေးနက်သွား၏။

သူသည် သီလရှင်မဟုတ်တော့။ သူနှင့်တွေ့ဖူးသူတိုင်း အားလုံးလိုလိုက တစ်မျိုးတစ်စားတည်းခေါ်ကြ၏။

## သူတော်စင်မလေး ပုဏ္ဏာရိက

သူတို့သည် သူတော်စင်မလေး ပုဏ္ဏာရိကထံသို့ ရောက်လာကြ၏။ တရားနာရန်မဟုတ်။ ပုဏ္ဏာရိကကလည်း တရားမဟော။ သို့သော် တစ်စုံတစ်ခုရသွားကြ၏။ ထို[illegible]စုံ

ဉာဏ်ဝင်းတာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမှာ ရည်ရွယ်ချက်မဲ့စွာ နေထိုင်သွားတတ်ကြခြင်းပင် ဖြစ်၏။

တစ်နေ့သ၌ သူတော်စင်မလေး ပုဏ္ဏရိက၏သတင်းကို ကြားသဖြင့် လူသားလေးဦးတို့သည် ငမိုးရိပ်ချောင်းအား ကူးတို့သမ္ဗာန်ဖြင့် ဖြတ်ကူးလာကြ၏။ သူတို့သည် ဝေးလံသော အရပ်ဆီမှ တကွဲတပြားစီ လာကြခြင်းဖြစ်၏။ ကူးတို့သမ္ဗာန် စီးရန် အခြားသောဘက်ကမ်း၌ လေးဦးသားဆုံမိသွားခြင်း ဖြစ်၏။

ထိုသို့ ဆုံမိသွားရာတွင် နှစ်ပေါင်းများစွာ ကွဲကွာနေသောသားအဖသည် တွေ့ဆုံခွင့်ရသွား၏။ ထိုသားအဖ အပြင် ကူးတို့သမ္ဗာန်ပေါ်တွင် သီလရှင်တစ်ပါးပါ ပါ၏။ ထိုသီလရှင်၏ ဘွဲ့မှာ ကုမာရီ ဟူ၍ဖြစ်၏။ ထို့ပြင် ကြီးမားသော လွယ်အိတ်ကြီးကို လွယ်ထားသည့် လွန်စွာစုတ်နုတ်နွမ်းပါးလှသော သင်္ကန်းများကို ဆင်မြန်းထားသည့် ကိုရင်ကြီး တစ်ပါးလည်းပါ၏။

ထိုကိုရင်ကြီး၏ ရုပ်သဏ္ဌာန်မှာ မီးလောင်ထားသော သစ်ကိုင်းခြောက်ကြီးနှင့်တူ၏။ ထိုကိုရင်ကြီး၏အမည်မှာ ဦးကျော်နိုဟူ၍ဖြစ်၏။ သူတို့လေးဦးသည် သူတော်စင်မလေး ပုဏ္ဏရိက၏ ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ၌ လွန်စွာ အံ့အားသင့်သွားကြ၏။

သီလရှင် ကုမာရီမှာ သူတော်စင်မလေး ပုဏ္ဏရိက၏ သူငယ်ချင်းဖြစ်ခဲ့ဖူး၏။ သီတင်းသုံးဖော်ဖြစ်ခဲ့ဖူး၏။



သားအဖနှစ်ဦးအနက် သားဖြစ်သူသည် သူတော်စင် မလေး၏ ချစ်သူဖြစ်ခဲ့ဖူးသော ကိုညိုယဉ်ဖြစ်၏။

ဖခင်ဖြစ်သူမှာ သူတော်စင်မလေး ပုဏ္ဏရိက ဒုက္ခရောက်စဉ်က ကူညီခဲ့သော လက်ဦးဆရာ ဦးချစ်ကောင်း ဖြစ်၏။

ကိုရင်ကြီး ဦးကျော်နိုမှာ သူတော်စင်မလေး ပုဏ္ဏရိကအား ညီမဖြစ်သူ အစ္စဘယ်လာ၏အိမ်တွင် အပ်နှံကာ ထွက်သွားခဲ့သော ပုဏ္ဏရိက၏ဖခင်ရင်းဖြစ်၏။

သူတို့လေးဦးသည် မသက်ရှည် (သို့မဟုတ်) ကျောက်မျက်ရတနာ သူဌေးမလေး မမိုးကောင်းကို ရှာဖွေရန် လာကြသည်မဟုတ်။ သူတော်စင်မလေး ပုဏ္ဏရိကနှင့် တွေ့ဆုံရန် (သို့မဟုတ်) ငြိမ်းအေးမှုကိုရှာဖွေရန် ရောက်ရှိလာကြခြင်းဖြစ်၏။

ပုဏ္ဏရိကသည် သူတို့လေးဦးအား ပြုံး၍ပြလိုက်၏။

ထို့နောက်. . .

"လေးယောက်စလုံး အခုအထိဘာမှတွေ့မှာ မဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှာကြတာကိုး၊ လေးယောက်စလုံး ဘာမှဖြစ်ကြဦးမှာ မဟုတ်သေးဘူး၊ လုပ်ကြတာကိုး"

ဟု လေးနက်၍အေးချမ်းသော အသံဖြင့် ပြောလိုက်လေ၏။

ထိုလူသား လေးဦးသည် ကြောင်၍နေကြ၏။

ထိုအခါ ပုဏ္ဏရိက, က. . .

"ဘာမှမလုပ်တဲ့အလုပ်ကို လုပ်ကြရင်ကောင်းမယ်၊ ထမ်းထားတဲ့ဝန်ထုပ်ဝန်ပိုးကို ပေါ့သွားဖို့ကိစ္စမှာ ထမ်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထုပ်ဝန်ပိုးကို အောက်ကိုပစ်ချလိုက်ရုံပဲ တာဝန်ရှိတယ်၊ ဒီထက်ပေါ့တဲ့အထုပ်ကို ပြန်ပြီးထမ်းဖို့မလိုတော့ဘူး”

ဟု ပြောဆိုပြီးလျှင် သူတော်စင်မလေး ပုဏ္ဏရိကသည် ၎င်း၏ကျောင်းသင်္ခမ်းရှေ့ရှိ ရေကန်ထဲမှ ကြာဖြူပွင့်ကလေး တစ်ပွင့်ကို ချိုးယူလိုက်လေ၏။

ထို့နောက် ထိုကြာဖြူပွင့်ကလေးကို သူ၏ရင်တွင် ညင်သာစွာကပ်ထားလိုက်လေ၏။

ထို့နောက် ထိုလေးဦးအနက် မည်သူ့ကိုပေးရမည်ကို ကြည့်လိုက်လေ၏။

တစ်ဦးစီ၏မျက်နှာကို ပြုံး၍ကြည့်သွား၏။

ထို့နောက် လေးဦး၏အပြင်ဘက်တွင်ရပ်နေသော အကြော်သည်အဒေါ်ကြီးကို လှမ်း၍မြင်လိုက်ရ၏။

ထိုအကြော်သည် အဒေါ်ကြီးသည် ရိုးသော၊ ပွင့်လင်းသော၊ ပကတိဖြစ်သော၊ ကောင်းမှုဆိုးမှုမပါသော နှလုံးသားဖြင့် ပြန်၍ပြုံးပြပြီးလျှင် ကြာပွင့်ကလေးကိုယူရန်အတွက် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်လေ၏။

သူတော်စင်မလေး ပုဏ္ဏရိကကလည်း ကြာပန်းကိုင်ထားသောလက်ကို ဆန့်တန်း၍ အကြောပြိုင်းပြိုင်းထ၍နေသော ထိုအကြော်သည်မကြီး၏လက်သို့ ကမ်းပေးလိုက်လေ၏။

ရှာဖွေသော လူသားလေးဦးသည် မတွေ့မမြင်ဘဲရှိလေ၏။



မရှာဖွေသော အကြော်သည်အဒေါ်ကြီးသည် တွေ့မြင်ရရှိသွား၏။

ထိုအရာကား သန့်ရှင်းစင်ကြယ်သော ကြာပန်းကလေး သို့မဟုတ် သဒ္ဓမ္မပုဏ္ဏရိက ဟု ခေါ်ပေသတည်း. . .။

www.burmeseclassic.com